ညီမင်းညို
စီစဉ်သည်

# ဒီစာကိုရေးတဲ့မန်းချိုကား
သို့မဟုတ်
# အမှတ်တရညပုံဆွဲ

# မြေလတ်မောင်မြင့်သူ

လေးမြိုင်၊ မြတ်ထန်၊ ကြံခင်းစိုးလွင်၊ နုယဉ်၊
ညွှန့်ဝေ(ကသာ)၊ မောင်ဆုရှင်၊ မောင်ဆွေတင့်၊ မောင်ယဉ်မျှူး၊
ဗန်းမော်ညိုန္ဒွဲ၊ ကြည်အောင်၊ မောင်စိမ်းနီ၊ အောင်ပြည့်၊
မောင်ရင့်မာ(ကျောင်းကုန်း)၊ လေးကိုတင်၊ မင်းချမ်းမွန်၊
မောင်ရည်မှန်း၊ ညီမင်းညို၊ ဦးဝိမလ၊ ဒွေးလေးခင်စော၊
မောင်ညိုမှိုင်း(ဇင်းကျိုက်)၊ ညိုသစ်၊

(ဒုတိယအကြိမ်)

graphic design by artist aung kyaw @ 2020

**ခရမ်းပြာ**

စာအုပ်- ၃၁


ဖြန့်ချိရေး

**စိတ်ကူးသစ်စာပေ**

ရုံး- အမှတ် ၁၄၉၊ ပထမထပ် (ယာ)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း-၃၉၁၃၂၂
အမှတ် ၂၅၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၅၁၃၉၂၆၄

ညီမင်းညို
စီစဉ်သည်

# စိတ်ကိုရေးတဲ့ပန်းချီကား

[ သို့မဟုတ် ]

# အမှတ်တရရှုပ်ပုံလွှာ

မြေလတ်မောင်မြင့်သူ

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| **စီစဉ်သူ** | - | ညီမင်းညို |
| **စာအုပ်အပြင်အဆင်** | - | မြေလတ်မောင်မြင့်သူ |
| **ထုတ်ဝေသူ** | - | ဦးမျိုးညွန့်အောင်<br>စွယ်တော်စာပေ (၀၀၅၇၉)<br>အမှတ် (၁၂၆)၊ ဂလွှာ (B)၊ ၅၁ လမ်း (အလယ်)<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| **ပုံနှိပ်သူ** | - | ဦးတင်အောင်ကျော်<br>စွယ်တော်ပုံနှိပ်တိုက် (၀၀၄၁၁)<br>အမှတ် ၁၄၇၊ ၅၁ လမ်း (အထက်)<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| **မျက်နှာဖုံးဒီဇိုင်း** | - | ပန်းချီအောင်ကျော် |
| **ထုတ်ဝေသည့်အကြိမ်** | - | **ဒုတိယအကြိမ်**၊ အုပ်ရေ ၁၀၀၀<br>၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ<br>**ပထမအကြိမ်**၊ အုပ်ရေ ၁၀၀၀<br>၂၀၁၅ ခုနှစ်၊ ဇူလိုင်လ |
| **တန်ဖိုး** | - | ၃၅၀၀ ကျပ် |

**ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း** (CIP)

မြေလတ်မောင်မြင့်သူ ၈၀၈-၈၃
စိတ်ကိုရေးတဲ့ပန်းချီကား (သို့မဟုတ်) အမှတ်တရရုပ်ပုံလွှာ
မြေလတ်မောင်မြင့်သူ။ ရန်ကုန်
စာ ၂၆၂၊ ၁၃× ၂၁ စင်တီ
(၁) စိတ်ကိုရေးတဲ့ပန်းချီကား (သို့မဟုတ်) အမှတ်တရရုပ်ပုံလွှာ

## မာတိကာ


- စိတ်ကို အက္ခရာဖြင့် ခြယ်မှုန်းခြင်း ၇
- စာရေးသူ၏ ကျေးဇူးတုံ့လွှာ ၁၁

၁။ စံပယ်ဖွေးဖွေး နှလုံးသားနဲ့ မောင်ယဉ်မှူး ၁၃

၂။ အမှတ်တရ အယ်ဒီတာ (၁) [သို့မဟုတ်] ၂၃
ဆရာအောင်ပြည့်

၃။ အမှတ်တရ အယ်ဒီတာ (၂) [သို့မဟုတ်] ၃၅
အလွမ်းရင့်ရောင် ချယ်ရီတစ်ပွင့်

၄။ အမှတ်တရ အယ်ဒီတာ (၃) [သို့မဟုတ်] ၄၃
ဆရာဦးလေးမြိုင်

၅။ ဝေးဝေးက ငေးခဲ့ရသော တောင်တန်း [သို့မဟုတ်] ၅၅
ဆရာမောင်ဆုရှင်

၆။ နှင်းဆီပုံပြင် [သို့မဟုတ်] ရှုမဝ ကြယ်တစ်ပွင့် ၆၅

၇။ ခေတ်မီတဲ့ ဂန္ထဝင် ကဗျာကြယ်တစ်ပွင့် [သို့မဟုတ်] ၇၉
ဆရာညွန့်ဝေ (ကသာ)

၈။ သူ့စာ သူ့ကဗျာတွေကပြောတဲ့ ဆရာဇန်းမော်ညိုနွဲ့ ၈၉

၉။ အဖော်မင်တဲ့ အမေ့သား [သို့မဟုတ်] ၁၀၁
အက်ဆေးဆရာ သူငယ်ချင်း

၁၀။ လေးကိုးတစ် [သို့မဟုတ်] ကြီးမှအရတော်တဲ့ အဖော်မွန် ၁၁၃
၁၁။ တီရှပ်တံဆိပ်နဲ့ မင်းချမ်းမွန် ၁၂၇
၁၂။ ကျွန်တော့်ကို ကိုရွှေဘလို့ခေါ်တဲ့ ကဗျာဆရာ ၁၄၁
၁၃။ ကဗျာတောင်ပံနဲ့ ကောင်းကင်ထဲ ပျံဝဲနေတဲ့ ငှက်တစ်ကောင် [သို့မဟုတ်] စကားပြောကောင်းတဲ့ စက်ကလေး ၁၅၃
၁၄။ ငယ်နာမည် ရွှေသိုက် [သို့မဟုတ်] ကျွန်တော့်ထွေးလေး ဦးဝိမလ ၁၆၇
၁၅။ အမှတ်တရ အယ်ဒီတာ (၄) [သို့မဟုတ်] သူ့စွမ်းသူ့အင်နဲ့ ကြံခင်းစိုးလွင် ၁၇၉
၁၆။ လမင်းတစ်ရာ အလင်းရှင် [သို့မဟုတ်] ဆရာကြည်အောင် ၁၉၁
၁၇။ ဒွေးလေးမေမေ ၂၀၃
၁၈။ ဆရာမကြီး ဒေါ်နုယဉ် [သို့မဟုတ်] ကျွန်တော်နှင့်ကဗျာအမေ ၂၁၇
၁၉။ ကဗျာအစ်ကိုကြီး [သို့မဟုတ်] မောင်စိမ်းနီ ၂၂၉
၂၀။ မောင်ညီမှိုင်း (ဇင်းကျိုက်) [သို့မဟုတ်] စကြဝဠာ တည်စေသတည်း ၂၄၁
၂၁။ ချိုတေးသံထပ်ခိုးခန်းလေးထဲက မိုးဝေအယ်ဒီတာ [သို့မဟုတ်] စာရေးဆရာ ကဗျာဆရာ ညီသစ် ၂၅၃

❒

## စိတ်ကို အက္ခရာဖြင့် ခြယ်မှုန်းခြင်း

ပထမဆုံး ရုပ်ပုံလွှာ အဖွဲ့အနွဲ့တွေကို စတင်ဖတ်ရှုဖြစ်ခဲ့သည်မှာ ဆရာဒဂုန်တာရာ၏ **လူကိုလေ့လာခြင်း** ရုပ်ပုံလွှာများ။ **အောင်ဆန်း** သို့မဟုတ် **အရိုင်း၊ ဗဟိန်း** သို့မဟုတ် **ကဗျာ။ ကိုဗဆွေ** သို့မဟုတ် **လျှို့ဝှက်သောအပြုံး** စသည်များ။ ၁၉၄၆ ဒီဇင်ဘာမှ စတင်ရေးသားပြီး ၁၉၅၄ ခုနှစ်အထိ ရှစ်နှစ်အတွင်း (၁၀) ပုဒ်ခန့် ရေးသားခဲ့ခြင်း ဖြစ်သည်။ စိတ်ပြင်းပြလျှင် ပြင်းပြသလို၊ ရေးချင်စိတ်ရှိလျှင်ရှိသလို ရေးခဲ့ခြင်း ဖြစ်သည်။

**အောင်ဆန်း** သို့မဟုတ် **အရိုင်း**တွင်…

**သူသည် ရိုင်း၏၊ ကြမ်း၏၊ ကြောင်၏၊ ကိစ္စမရှိ။ သူသည် ညှို့ခန်းဆောင်မှ ဂုဏ်သရေရှိ လူကြီးလူကောင်း မဟုတ်။ တစ်ခုတည်းသော ယုံကြည်ချက်နှင့် တစ်ခုတည်းကိုသာ မဲ၍လုပ်နေသော သတ္တဝါ ဖြစ်၏။ ထို့ကြောင့် ကိစ္စမရှိ။**

၁၉၄၆ ဒီဇင်ဘာထုတ် တာရာမဂ္ဂဇင်းတွင် လူကိုလေ့လာခြင်း ခေါင်းစဉ်ဖြင့် ရေးသားခဲ့ပြီး ၁၉၅၅ ခုနှစ်တွင် လုံးချင်းအဖြစ် ထုတ်ဝေသော အခါ **ရုပ်ပုံလွှာအမည်ဖြင့်** ထုတ်ဝေခြင်း ဖြစ်သည်။ ၁၉၇၀ ဝန်းကျင်မှာ ကျွန်တော်တို့ စတင်ဖတ်ရှုခဲ့ရခြင်း ဖြစ်သည်။ ဖတ်ပြီးပြီးချင်း ရုပ်ပုံလွှာ အရေးအဖွဲ့ကို စွဲမက်ခဲ့ရခြင်း ဖြစ်သည်။

**ခရမ်းပြာ**

နောင်အခါ ဆရာနတ်နွယ်၏ **တောအကြောင်း တောင်အကြောင်း** ဖတ်ကြရသည်။ အမှန်ပြောရလျှင် စာရေးဆရာ အတော်များများက ရုပ်ပုံလွှာ အရေးအဖွဲ့ကို လက်တွန့်ကြသည်။ အင်မတန် ချိန်ဆရသော ဂရုစမ္မကြီးကြီး ထားရသော ထို့အပြင် အလင်းအမှောင် ညီညွတ်မျှတရသော အရေးအဖွဲ့မျိုး ဖြစ်မှ ဖတ်ရသူလည်း အာလျှတစ်ခု ပြည့်စုံကျေနပ်မှုဖြစ်ရသလို အဖွဲ့ခံ ပုဂ္ဂိုလ်အတွက်လည်း ချစ်ခင်နှစ်သက်ဖွယ် အမူအရာကို စာဖတ်သူက မြင်ယောင်၊ ကြားယောင်ပြီး ချစ်ခင်နှစ်သက်လာစေသော အရေးအသား ပုံစံသစ် ဖြစ်သည်။

ယခု ဆရာမြေလတ်မောင်မြင့်သူ၏ ရုပ်ပုံလွှာ အရေးအဖွဲ့စာတမ်း များ ဖြစ်သည့် **စိတ်ကိုရေးတဲ့ပန်းချီကား** အမှတ်တရ ရုပ်ပုံလွှာ စာအုပ်သည် မြန်မာစာပေလောက၏ လစ်ဟာနေသော ကွက်လပ်ငယ်တစ်ခုကို ဖြည့်ဆည်း ပေးလိုက်ခြင်းအတွက် ဝမ်းသာအားရ ကြိုဆိုကြရမည်သာ ဖြစ်သည်။

စာရေးသူ၏ အဖွဲ့ခံပုဂ္ဂိုလ်များသည် စာပေလောက၌ လူသိများ ထင်ရှားသူတွေဖြစ်သည်လည်း တစ်ကြောင်း၊ သူ၏ မှန်ကန်တိကျသော အကဲဖြတ်ချက်၊ ဘာသာစကားကို ထိန်းကျောင်းသုံးစွဲရာတွင် ကျွမ်းကျင် လိမ္မာမှုတို့ကြောင့် အဖွဲ့ခံပုဂ္ဂိုလ်သည် စာဖတ်သူရှေ့မှောက်၌ ကိုယ်တိုင် ရောက်ရှိလာသလို ခံစားရလိမ့်မည် ထင်သည်။ ဥပမာ **အက်ဆေးဆရာ သူငယ်ချင်း**တွင် တစ်ခုသော နွေရာသီတွင် အမေ့ကို သတိရလို့ ကျွန်တော် ရွာပြန်သွား၏။ ရွာမရောက်ခင် အောင်လံတွင် တစ်ထောက်နားရင်း သူ့ဆီ ဖုန်းလှမ်းဆက်တော့ အေး··· အေး။ ကောင်းတယ်။ ကောင်းတယ်။ ခင်ဗျား ဗျာ စောစောကတော့ ကြိုမပြောဘူး။ အခု အောင်လံမှာပဲ ရှိသေးတယ် မို့လား။ ခင်ဗျား အမေအတွက် လိုအပ်တဲ့ ဆေးဝါးနဲ့ အာဟာရတွေ သုံးဆောင်းဖို့ ဝယ်သွားပြီး ကန်တော့ခဲ့ပါ။ ခင်ဗျား ရန်ကုန် ပြန်ရောက်ရင် အဲဒီငွေသုံးသောင်း ကျွန်တော် ပို့ပေးမယ် ဟူ၍ အက်ဆေးဆရာက လှိုက်လှဲ ထက်သန်စွာ ပြောလိုက်သည်။ သွေးရင်းသားရင်းများထံမှပင် မကြားရဖူး သော စကားတစ်ခွန်း။ အမှန်တော့ အက်ဆေးဆရာက အမေ့ကို တန်ဖိုးထား

ချစ်မြတ်နိုးသူမို့ အမေချင်းစာနာပြီး မိတ်ဆွေအပေါ် မျှဝေခံစားယူခြင်း။ ထိုစာတမ်းတွင်ကား အလင်းရောင်တွေဖြင့် ဝင်းလက် တောက်ရှန်းနေတော့သည်။

အလင်းအမှောင်ချိန်ဆရာတွင် မျှတညီညွတ်သော အဖွဲ့ကို **လေးကိုးတစ်**တွင် ဖတ်ရသည်။ **လေးကိုတင်**ကို ရေးခြင်းဖြစ်သည်။ စာမျိုးစုံရေးသူ၊ ဝတ္ထုတိုကလေးတွေ၊ ကဗျာကလေးတွေ ဘာသာပြန်သူ အစုအဆောင်း အသိမ်းအဆည်း ကောင်းသော်လည်း ဘဝပေးအခြေအနေကြောင့် ရုံဖန်ရံခါ သုတေသီတွေ ပညာရှင်တွေနှင့် ငြင်းခုံရသည်လည်း ရှိသည်။ လူပုဂ္ဂိုလ်အနေဖြင့် စိတ်ရှည်သည်းခံသူ၊ စိတ်ရင်းဖြူစင်သူ၊ မစ္ဆရိယနည်းသူ၊ လောဘ မရှိသူအဖြစ် လူချစ်လူခင်များသူ ဖြစ်သည်။ အမှောင်ဘက်ခြမ်းအနေနှင့် ကတိတွေပေးပြီး လျှပ်တစ်ပြက် အခြေအနေတွေကြား မလူးသာ မလွန့်သာ အကျပ်အတည်းတွေ မကြာခဏ ဖြစ်တတ်လေ့ရှိသူ။ စာရေးသူက **လေးကိုတင်**၏ ရုပ်ပုံလွှာကို ကွင်းကွင်းကွက်ကွက် ခြယ်မှုန်းပြပါသည်။ စိတ်တိုစရာ။ ရယ်မောစရာ။

ပြောရလျှင် ကျန်သော အဖွဲ့တွေလည်း စာရေးသူက အရှုတ္တထဲထိ နှင့်နှင့်နဲနဲ ဝင်ရောက်ကြည့်ရှုခြင်းများ ရှိပါသည်။ **မင်းချမ်းမွန်**အကြောင်း ဆိုလည်း အင်မတန် ရုပ်လုံးကြွပါသည်။ သုံးဘက်မြင် ရုပ်ရှင်ကြည့်ရသလိုပင်။

ရုပ်ပုံလွှာ အဖွဲ့အနွဲ့ရေးရာတွင် ရုရှားစာရေးဆရာကြီး **အီလျာအီရင်ဘာတ်**၏ လူများ၊ သက္ကရာဇ်များ ဘဝ (အမှတ်ရချက်များ) စာအုပ်ကြီးထဲတွင် သူနှင့်ခေတ်ပြိုင် စာရေးဆရာများ အကြောင်းကို ရေးဖွဲ့ခဲ့သည်။ မာယာကော့ဖ်စကီးနှင့် ပတ်သက်၍ သူ့မှာ အသံနှစ်ခု ရှိသည်။ ယောက်ျားချင်း ပြောသော စကားသံက တစ်မျိုး။ ငယ်ရွယ်ချောမောသော မိန်းမပျိုကလေးများနှင့် ပြောသောအခါ အသံက ချိုမြပြီး ကြည်လင်နေသည် ဟူ၍ ရေးခဲ့ဖူးသည်။

ခုနောက်ပိုင်း ကမ္ဘာတွင် ရေးကြသော ရုပ်ပုံလွှာတွေကတော့

ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းပင်။ ဥပမာ အင်္ဂလန်နိုင်ငံသား ကမ္ဘာကျော် အဆိုတော်ကြီး **အယ်လ်တန်ဂျွန်** (Elton John) ကို **လူက** ဘဝင်ခပ်မြင့်မြင့် ရယ်။ ဒါပေမဲ့ လေးနက်တည်ငြိမ်တဲ့ လူစားမျိုးပါ။ ပြီးတော့ သူဟာ **အိမ်ထောင်ရှိ မိန်းမလျာတစ်ယောက်** ဖြစ်ပါတယ်တဲ့။ ရေးသူက The Reader ဇာတ်ကားနှင့် အော်စကာရခဲ့သူ ဒါရိုက်တာ **စတီဖင်ဒယ်ဒရိုင်း** (Stephen Daldhy) ဖြစ်လေသည်။ ၂၀၁၀ ခုနှစ်မှာ ရေးခဲ့ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ်တွင် အယ်လ်တန်ဂျွန်မှာ လိင်တူချင်း လက်ထပ်ခဲ့လေသည်။

ထားတော့။

စာရေးသူ ဆရာမြေလတ် မောင်မြင့်သူကား သူနှင့် ရင်းနှီးချစ်ခင် ဆက်ဆံခဲ့ရသော သူတို့၏ ဘဝကို ခြယ်ရေးရာတွင် အတွင်းသားကို နှိုက်နှိုက်နှဲနှဲ ဆုပ်ကိုင်မိစေရန် အားထုတ်ကြိုးပမ်းသွားသည်ကို တွေ့မြင် ခံစားရလေသည်။ မြင်ကွင်းအားလုံးကတော့ အနီးကပ် ရိုက်ချက်များပင်။

ဩဂက်စတြော တီးဝိုင်းကို အထူးတန်းမှ ကြည့်ရှုနားဆင်နေရသည်နှင့် တူတူသေးတော့။

မောင်ခိုင်လတ်
၂၅-၄-၂၀၁၅

## စာရေးသူ၏ ကျေးဇူးတုံ့လွှာ

စာရေးဆရာ ကဗျာဆရာ တစ်ယောက်အတွက် စာတစ်အုပ် ကဗျာတစ်အုပ်ဖြစ်ဖို့ဆိုသည်မှာ ကြီးစွာသော ဒုလ္လဘဟု နားလည်ထားပြီး ဖြစ်ပါသည်။ သို့သော်လည်း စာတစ်ပုဒ် ကဗျာတစ်ပုဒ် ရေးပြီးတိုင်း စာတစ်အုပ် ကဗျာတစ်အုပ် ဖြစ်ချင်ကြသည်မှာလည်း ဓမ္မတာပဲ ဖြစ်ပါ၏။ သည့်အတွက် တော့ဖြင့် အပြစ်မဆိုသာဟု ကျွန်တော် မြင်သည်။

ကျွန်တော်သည် ဤရုပ်ပုံလွှာ စာစုများကို လွန်ခဲ့သော ဆယ်နှစ်ခန့်မှစ၍ မဂ္ဂဇင်း စာမျက်နှာများပေါ်တွင် ထုံ့ပိုင်းထုံ့ပိုင်း ရေးဖြစ်ခဲ့သည်။ ဤစာစုများတွင် နှစ်ငါးဆယ်ကျော် ခြောက်ဆယ်ခန့်က ကျွန်တော် ကျင်လည်ရာဘဝတွင် ကျေးဇူးရှိခဲ့သော ကျေးဇူးရှင်များပါသလို နှစ်လေးဆယ်ကျော် ဖြတ်သန်းခဲ့သော စာပေလောကမှ အထင်ကရ အယ်ဒီတာများ၊ စာပေကျေးဇူးရှင်များနှင့် ချစ်စွာသော စာပေရောင်းရင်းများ ပါဝင်ပါသည်။

ဘဝတစ်ကွေ့ တွေ့ကြကြုံကြ ဆုံကြရာတွင် ကျွန်တော် ထိတွေ့ရင်ခုန်မိသမျှ ထိုသူတို့ထံက အမှတ်မထင် ကောက်ရမိသော စိတ်အပိုင်းအစလေးများကို ကျွန်တော် စွမ်းသမျှ နှလုံးသား ခံစားမှုဖြင့် အမှတ်တရ ပုံဖော်ကြည့်မိခြင်း ဖြစ်သည်။ ခြယ်ရေးကြည့်မိခြင်း ဖြစ်သည်။ ထိုအတွေးဖြင့် 'စိတ်ကိုရေးတဲ့ ပန်းချီကား' ဟု ကျွန်တော် တင်စားဖြစ်ပါသည်။

ဤနေရာတွင် အမှတ်မထင် ကျွန်တော် ကောက်ရခဲ့သော စိတ်အပိုင်းအစတို့၌ အနှာစင်သော အပိုင်းအစလေးများ ပါဝင်သလို အနည်းငယ်

အနာမစင်သော အပိုင်းအစလေး အချို့လည်း ပါဝင်ပါသည်။ မည်သို့ပင် ဖြစ်စေ ကျွန်တော် ကောက်ယူသိမ်းဆည်းထားမိသမျှကိုတော့ အတူတူ ချစ်မက်စွာ တန်ဖိုးထားမိသည်ချည်း ဖြစ်ပါသည်။

သည်အထဲကမှ ရင်တစ်ခုန်စာ ပုံဖော်ခြယ်ရေးမိသော ရုပ်ပုံလွှာများကို စာတစ်အုပ်အဖြစ် စုစည်းတင်ဆက်ကြည့်ခြင်း ဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် ပုံဖော်၍ မခြယ်ရေးဖြစ်သေးသော စိတ်အပိုင်းအစများလည်း ကျန်ရှိနေပါသေးသည်။

ဤရုပ်ပုံလွှာ စာစုများကို ကနဦး ဖော်ပြပေးခဲ့ကြသော မဂ္ဂဇင်းများကို လည်းကောင်း၊ မဂ္ဂဇင်း အယ်ဒီတာများကို လည်းကောင်း၊ လိုလိုလားလား ထုတ်ဝေပေးသည့် ဆရာညီမင်းညို့နှင့် ဒေါက်တာသင်းသင်းမင်း (ခရမ်းပြာ) တို့ကို လည်းကောင်း၊ မျက်နှာဖုံး ဖန်တီးပေးသော ဗဂျီလင်းဝဏ္ဏကို လည်းကောင်း၊ အမှာစာ မြန်မြန်ဆန်ဆန် ရေးပေးပါသော ဆရာ မောင်ခိုင်လတ်ကို လည်းကောင်း ကျေးဇူးအထူးတင်ရှိပါကြောင်း လေးစားဂုဏ်ယူစွာ ဖော်ပြအပ်ပါသည်။

မေတ္တာဖြင့်
မြေလတ်မောင်မြင့်သူ
၉-၅-၂၀၁၅

စံပယ်မွှေးမွှေး နှလုံးသားနဲ့
မောင်ယဉ်မျိုး

“ ကျုပ်တို့ ကိုယ်ညိုမှူးကတော့ဗျာ၊
သူတစ်ပါးစိတ်ချမ်းသာအောင် ပြောတဲ့နေရာမှာ
ကြိုးစင်တက်ရမယ့်သူကိုတောင်မှ နှီးပတ်နဲ့
က တက်ချင်အောင် ပြောတတ်တဲ့ ဆရာဗျ ”

## စံပယ်မွှေးမွှေး နှလုံးသားနဲ့ မောင်ယဉ်မှူး

"လူတစ်ယောက်က လူတစ်ယောက်အကြောင်းကို ပြောတဲ့အခါ အကောင်းချည်းပဲ မဟုတ်သလို အဆိုးချည်းလည်း မဟုတ်ဘူးဗျ။ အကောင်းအဆိုးတော့ တွဲနေတာချည်းပဲ။ ဒါပေမဲ့ ကိုယဉ်မှူးပြောတဲ့ မြေလတ်မောင်မြင့်သူ အကြောင်းကတော့ ကြားရသမျှ အကောင်းချည်းပဲဗျာ"

အထက်ပါ စကားကို ကျွန်တော့်အား ပြန်ပြောပြသူမှာ နာမည်ကျော်စာရေးဆရာ လင်းရောင်တင် ဖြစ်ပါသည်။ တစ်နည်းသော် ဂမ္ဘီရ စာရေးဆရာ လင်းရောင်တင် မှတ်ချက်ပေးသည့် ကျွန်တော့်အပေါ် အကောင်းမြင်လေ့ရှိသော ဆရာမောင်ယဉ်မှူးအကြောင်း နိဒါန်းဟုဆိုလျှင်လည်း ရလိမ့်မည် ထင်ပါသည်။

ပြန်တွေးကြည့်လျှင် ကျွန်တော်နှင့် ကိုယဉ်မှူးတို့ ရင်းနှီးဆက်နွှယ်ခဲ့သည်မှာ ဆယ်စုသုံးစုမကပင် ရှိရော့မည်။ ဤနေရာတွင် ကျွန်တော်သည် သူ့ကလောင်နာမည်အတိုင်း ဆရာမောင်ယဉ်မှူးဟု တစ်ခါမျှ မခေါ်ခဲ့ဖူးပါ။ သူ့ကလောင် နာမည်ရှေ့တွင် 'မောင်' ပါသည် ဆိုဦးတော့၊ ကျွန်တော့်ထက် ဆယ်နှစ်တိတိကြီးသူကို ကျွန်တော့်နှုတ်က မောင်ထည့်ခေါ်ရမှာ အလွန်ဝန်လေး၍ ဖြစ်ပါသည်။

ဒါကြောင့် လွယ်လွယ်နှင့် ရင်းရင်းနှီးနှီး ခေါ်ဖြစ်ခဲ့သည်မှာ ကိုယဉ်မှူး၊ ကျွန်တော်ခေါ်သော ကိုယဉ်မှူးဆိုတဲ့ အမည်နာမထဲတွင်

ညီအစ်ကို သံယောဇဉ်၊ ညီအစ်ကို မေတ္တာသဘော သွေးနှောပြီးသား ဖြစ်သည်ဟူ၍ ခံစားမိလို့လည်း ဖြစ်ပါသည်။

ကျွန်တော့်ထက် ဆယ်နှစ်ကြီးသော သူကလည်း ကျွန်တော့်အား မောင်မြင့်သူဟု ဘယ်တုန်းကမျှ မခေါ်ခဲ့ပါ။ ကိုမြင့်သူလို့ခေါ်ပြီး ကျွန်တော်နှင့် ခင်ဗျားနှင့် ပြောလေ့ရှိပါသည်။

တကယ်တော့ ကိုယဉ်မျိုးသည် ကိုယ့်ကိုယ်ကိုယ် နှိမ့်ချသည့်နေရာတွင် သော်လည်းကောင်း၊ သူတစ်ပါးကို စိတ်ချမ်းသာအောင် ပြောဆိုရာတွင် လည်းကောင်း စံထားလောက်အောင် နူးညံ့သိမ်မွေ့သူ ဖြစ်ပါသည်။ အေးဆေးသူ ဖြစ်ပါသည်။ ကိုယဉ်မျိုး စိတ်ဆိုးဒေါသ ထွက်နေသည့်အခါဟူ၍ ကျွန်တော်ဖြင့် မကြုံဖူးပါ။

တစ်ဖက်သားကို စိတ်ချမ်းသာအောင် ပြောတတ်တာနှင့် ပတ်သက်၍ ကိုယဉ်မျိုးအပေါ် ကဗျာဆရာတစ်ဦးက အခုလို မှတ်ချက်ချဖူးတာကိုလည်း ကျွန်တော် သတိရနေသည်။

'ကျုပ်တို့ ကိုယဉ်မျိုးကတော့ဗျာ၊ သူတစ်ပါး စိတ်ချမ်းသာအောင် ပြောတဲ့နေရာမှာ ကြိုးစင်တက်ရမယ့်သူကိုတောင်မှ ဒိုးပတ်နဲ့ ကတက်ချင်အောင် ပြောတတ်တဲ့ ဆရာဗျ'

ကိုယဉ်မျိုးကို ကျွန်တော် စတွေ့တော့ အယ်ဒီတာ ဘဝနှင့်ဖြစ်သည်။ ၃၂ လမ်း၊ မြဝတီတိုက်မှာ ဖြစ်၏။ ထိုစဉ်က လူငယ်ဂျာနယ် အယ်ဒီတာဟု ထင်ပါသည်။ နောက်တော့ ငွေတာရီမဂ္ဂဇင်းမှာပါ တာဝန်ခံ အယ်ဒီတာအဖြစ် တာဝန်ထမ်းခဲ့သူ ဖြစ်ပါသည်။

ပြီးတော့ စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူ ဦးအုံးဖေ စာမူဆုတွင် ကျွန်တော် သုံးနှစ်ဆက်တိုက် ကဗျာပထမဆုတွေချည်း ရလိုက်သောအခါ အေးဆေးနူးညံ့သော မျက်နှာနှင့် မလိုက်ဖက်စွာ နှုတ်ခမ်းမွေးကားကားကြီးနှင့် ပြုံး၍ 'ခင်ဗျား ကဗျာကျော်ဟိန်း ဖြစ်သွားပြီဗျ' ဟု မိန့်မိန့်ကြီး ပြောတတ်ခဲ့သူမှာလည်း ကိုယဉ်မျိုးပင် ဖြစ်ပါ၏။

သူသည် ထိုစဉ်ကတည်းက အယ်ဒီတာလည်း လုပ်၏။ ကဗျာ

လည်း ဖွဲ့၏။ ဝတ္ထုလည်း ရေး၏။ သီချင်းလည်း စပ်၏။ တယောလည်း ထိုး၏။ အထူးသဖြင့် သူ့ကဗျာတွေက သူများနှင့် မတူပါ။ ဟန်တစ်မျိုး၊ အမြင်တစ်မျိုး ဖြစ်သည်။ မြန်မာမှုကို အခြေခံသော ဆန်းသစ်တီထွင်မှုမျိုး ဖြစ်သည်။

သူ့ကဗျာများကို ဂန္ထဝင်ဟန်ဖြင့် ရေးသော်လည်း ကာရန်နောက် မလိုက်။ ပါဒတွေ မဖွာ။ အသံအနက်နှင့် နိမိတ်ပုံကို ဦးစားပေးသည်။ စကားလုံးကို ဦးစားပေးသည်။ ခဲကတ်သော ကာရန်ကို အသံပျော့ဖြင့် အရချိတ်ကာ အတွေးလှအောင် ရေးသည်။ ထိုအလှ၌ အမာခံသတ္တိကို တွေ့ရ၏။ အပျော့ထဲကအမာဟု တင်စားရမည်လား မသိပါ။

သူသည် စာပေကဗျာသာမက ဂီတတွင်လည်း နှံ့စပ်သူ ဖြစ်၏။ သူ့ဂီတအကြောင်းပြောလျှင် မြန်မာ့အသံက နံနက်ခင်းတိုင်း မကြာခဏ ကြားရတတ်သော 'ရွှေတိဂုံဘုရားဈေးသူ' သီချင်းမှာ သူရေးစပ်သော သီချင်းဖြစ်၏။ ကဗျာအကြောင်း ပြောလျှင်လည်း မြဝတီမဂ္ဂဇင်းတွင် ပါသွားသော 'အိမ်နီးနားချင်း လက်တို့ချင်သည်' ကဗျာကို မေ့ထား၍ မဖြစ်ပါ။ ကဗျာရေးဖွဲ့ပုံ ကျစ်လျစ်ထူးခြား၍ ဖြစ်သည်။ ဝတ္ထုတိုအကြောင်း ပြောမည်ဆိုလျှင်လည်း 'ကချေသည် မကတတ် ဝါးလက်ခုပ်နဲ့ညပ်' ဝတ္ထုလေးကိုလည်း ချန်ထား၍ မဖြစ်ပြန်။ တစ်မျိုးတစ်ဖုံ ဆန်းသစ်မှုနှင့် မြင်တတ်၊ ကြည့်တတ်လို့ ဖြစ်ပါသည်။ တွေးတတ်လို့၊ ကြားတတ်လို့ ဖြစ်ပါသည်။

သူသည် ကလေးကဗျာ ရေးရာတွင် လှပသူဖြစ်၏။ သီချင်းသမား မို့လားမသိ။ သူ့ကလေးကဗျာလေးများမှာ အသံသာသလို၊ အတွေးဆန်း၊ အလှဆန်းလေးတွေ ဖြစ်သည်ကို သတိထားမိပါသည်။ စေတနာလှ၍လည်း ဖြစ်မည် ထင်ပါသည်။

ကိုယဉ်မှူးနှင့် ပတ်သက်၍ ကျွန်တော့်အပေါ် သူ့ကျေးဇူး ရှိခဲ့ပုံလေး တစ်ခုကိုလည်း မေ့ထား၍မဖြစ်ပါ။ ကိုယဉ်မှူးနှင့် မရင်းနှီးမီက ကျွန်တော်သည် ဘုရားသွား၍ ပုတီးစိပ်တာမျိုးတွေ၊ ဘာတွေ မလုပ်ဖူး

ပါ။ သူနှင့်ကျွမ်းဝင် ပြီးတော့မှ ဘုရားသွား၍ အဓိဋ္ဌာန်ပုတီးတွေ၊ ဘာတွေ စိပ်ဖြစ်တာ ဖြစ်ပါသည်။ ပရိတ်လည်း ရွတ်ဖြစ်သည်။ ပဋ္ဌာန်းလည်း ရွတ်ဖြစ်သည်။ အခက်အခဲ၊ အတားအဆီးတွေနှင့် ရင်ဆိုင်ရလျှင် ပွင့်လင်းသွားစေရန် ဆရာမင်းသိခ်၏ နည်းအရ အဓိဋ္ဌာန် ပုတီးသွားစိပ်ရမည့် ဘုရားခုနစ်ဆူကိုလည်း သူပြော၍ သိရတာ ဖြစ်ပါသည်။ ထို့အတူ ကြာသပတေးသားကျွန်တော့်အတွက် ကံကောင်းထောက်မစေရန် တောင်တွင်း ဆရာတော်ခင်ကြီးဖျော်ရဲ့ ယတြာချေနည်းကိုလည်း သူရှာပေးလို့ ကျွန်တော် လုပ်ဖြစ်တာ ဖြစ်ပါသည်။ ပြောရလျှင် သူသည် ကျွန်တော့်အား ဘာသာရေးနှင့် နီးစပ်အောင် လုပ်ပေးခဲ့သည့် ပထမဆုံး ကျေးဇူးရှင် ဖြစ်ပါသည်။

သည်အထဲက သူညည်းတွား ပြောဆိုခဲ့ဖူးသည့် စကားတစ်ခွန်းအတွက်တော့ ထိုစဉ်က ကျွန်တော် နားမလည်ခဲ့ပါ။

'မိုလ်မြင့်ရေ၊ ခုနေအခါမှာ ကိုယ်ကတော့ စာမူတွေ၊ စာဖောင်တွေ၊ ပရုတွေ၊ ဒန်ဘီတွေ၊ ဖလက်တွေ၊ ဖလင်တွေနဲ့ နပန်းလုံးရတဲ့ အယ်ဒီတာအလုပ်ကို လုပ်ဖို့မပြောနဲ့၊ ကြားတောင် မကြားချင်တော့ဘူး' တဲ့။

အယ်ဒီတာဘဝမှာ နှစ်များစွာ ဘယ်လို ခါးသီးခဲ့လို့လဲ။ လူတာကာကအယ်ဒီတာအလုပ်ကို ငွေထုပ်ကြီးပိုက်ပြီး အဟုတ်ကြီးမှတ်ချိန်တွင် သူကလွယ်လွယ်နှင့် စွန့်ခဲ့သည်။ ထို့ပြင် တယောလေး ထိုးလိုက်၊ ကဗျာလေးရေးလိုက်နှင့် ဘဝကို ကျေနပ်ရောင့်ရဲစွာ နေပျော်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်သည်။ သူ့စကားအဆန်းကို ကြားစက 'ဒီလူ့နှယ်ကွာ' ဟု ကျွန်တော် ထင်ခဲ့မိပါသေးသည်။ ကျွန်တော်ကိုယ်တိုင် အယ်ဒီတာလောက ဘဝမျိုးစုံကို ဖြတ်သန်းစိတ်ပျက်ဖူးတော့မှပဲ သူ့စကားကို နားလည် စာနာနိုင်ခဲ့ပါသည်။

ကျွန်တော် ပြောချင်သည်မှာ သူနှင့် ဆက်နွှယ်နေသော ကဗျာအကြောင်း၊ စာအကြောင်းလည်း မဟုတ်ပါ။ အယ်ဒီတာ အကြောင်းလည်း မဟုတ်ပါ။ ဂီတအကြောင်းလည်း မဟုတ်ပါ။ သူ့ထံက အမှတ်မထင် ဖျတ်ခနဲ ကျွန်တော် ရရှိလိုက်သော သူ့စိတ် တစ်စွန်းတစ်စ အကြောင်းပင် ဖြစ်ပါသည်။

သူနှင့် ကျွန်တော် ပိုပြီး ရင်းနှီးသွားရသည့် အကြောင်းထဲတွင် တစ်မြို့နယ်တည်း အတူနေဖြစ်ကြသည်ကလည်း အကြောင်းတစ်ခု ဖြစ်လိမ့်မည် ထင်ပါသည်။ အလုပ်လုပ်ကြတော့လည်း အတူတူ မြို့ထဲမှာဖြစ်သည်။ ညနေ အလုပ်ဆင်းချိန်တွင် ကျွန်တော်က သူ့ထံသွားခေါ်၍ အိမ်ကို နှစ်ယောက်သား လမ်းလျှောက်ပြန်ကြသည်။ ထိုစဉ်က စကားတပြောပြောနှင့် လမ်းလျှောက်ပြန်ရသည်မှာ အရသာရှိလှသည်။

ထင်ရှားသည့် မြို့နယ်ပေါင်းစုံ ကဗျာရွတ်ဆိုပြိုင်ပွဲတွေမှာ အကဲဖြတ်ဒိုင် လုပ်ကြတော့လည်း အတူတူ ဖြစ်သည်။ ထိုစဉ် ၁၉၈၇ ခုနှစ်၏ တစ်ခုသောနေ့တွင် ဖြစ်ပါသည်။ နှစ်ယောက်စလုံး မြို့နယ် ကျောင်းပေါင်းစုံ ကဗျာရွတ်ပြိုင်ပွဲ တစ်ခုတွင် အကဲဖြတ်လုပ်ကြရင်း အားလပ်ချိန်တွင် စကားစမြည် ပြောကြပါသည်။

'ဗိုလ်မြင့်၊ ဒီနှစ် ကဗျာစာအုပ် ထုတ်ဖို့များ အစီအစဉ် ရှိသေးသလား' သူ့စကား အသွားအလာက တိုင်းတိုင်းဆဆ။

'ရှိတယ်ဗျ၊ ကြက်တောင်စည်းနဲ့ မစံပယ် ထုတ်မယ်ဗျာ။ ဘယ်သူနဲ့တွေ့တွေ့ ထုတ်ဖြစ်အောင် ထုတ်မယ်ဗျာ'

ကျွန်တော့်စကားက လူငယ်ပီပီ ယတိပြတ်သဘော ဆောင်နေပါသည်။ သည်တော့မှ သူက တွေးတွေးဆဆနှင့် ဖြည်းဆေးအေးမြစွာ စကားအလှကို ဆိုရှာပါသည်။

'အေးဗျာ၊ တိုက်တိုက်ဆိုင်ဆိုင် မိတ်ဆွေတစ်ယောက်ကလည်း ဒီနှစ်မှာပဲ ကျွန်တော့် ကလေးကဗျာစာအုပ်ကို ထုတ်ဖို့ လုပ်နေတယ်။ ဒါပေမဲ့ ဗိုလ်မြင့်ရာ၊ ကျွန်တော်တို့ နှစ်ယောက်တော့ ဒီတစ်နှစ်တည်းကို အတူတိုက်မထုတ်ချင်ဘူးဗျာ။ ဘာပြုလို့လဲဆိုတော့ ဆုကတစ်အုပ်တည်း ရွေးမှာဗျ။ ဗိုလ်မြင့် ဒီနှစ်ထုတ်။ ကျွန်တော်က နောက်နှစ်မှ ထုတ်မယ်'

သူသည် တစ်ခါတည်း ပြောသလို၊ တစ်ပါတည်း ဆုံးဖြတ်လိုက်ပုံရပါ၏။

သူ့စကားနှင့် ပတ်သက်ပြီး အပြီးသတ် ယုံကြည်ထားပုံရသလို၊

ဘယ်တော့မှ နောင်တရစရာ မလိုသည့် ပကတိ ရင့်ကျက်ဟန်အသွင် ပေါက်နေပါသည်။

တကယ်ပဲ ကြက်တောင်စည်းနှင့် မစံပယ် ကလေးကဗျာစာအုပ်ကို ၁၉၈၇ ခုနှစ်တွင် ကျွန်တော် ထုတ်ဖြစ်ပါသည်။ ထို့အတူ ကိုယဉ်မှူး၏ စံပယ်မွှေးမွှေးကလေးဖို့ ကလေးကဗျာ စာအုပ်ကလည်း ၁၉၈၈ ခုနှစ် ဆန်းပိုင်းတွင် ထွက်ရှိလာခဲ့ပါသည်။

ကျွန်တော်နှင့် ကိုယဉ်မှူးသည် စံပယ်အိပ်မက် ကိုယ်စီဖြင့် တစ်ဦးနှင့် တစ်ဦး စိတ်ကူးတွေ အပြန်အလှန် ဝတ်မှုန်ကူးနေမိကြပါသည်။ ကိုယဉ်မှူးသည် သူ့အိပ်မက်ထက် ကျွန်တော့် အိပ်မက်ကို ပိုပြီးစိတ်ဝင်စားနေပါသည်။ ထိုအခိုက် မမျှော်လင့်သော ၈၈ အပြောင်းအလဲကြီးက အရာအားလုံးကို ပြောင်းလဲပစ်လိုက်ပါတော့သည်။ ၈၈ ခုနှစ်သာ ကုန်သွားပါသည်။ ကျွန်တော်တို့ အိပ်မက်များ အစရှာ မရတော့ပါ။

၈၉ ခုနှစ်ထဲတွင်မှ ကျွန်တော်တို့ အိပ်မက်များ အကောင်အထည်ပေါ်ရန် ဖန်လာပါတော့သည်။ ၈၇ နှင့် ၈၈ အတွက် အမျိုးသားစာပေဆုတွေပေးရန် အဖွဲ့တွေ ဖွဲ့လိုက်ကြောင်း သတင်းစာထဲ ပါလာခဲ့ပါပြီ။ မှတ်မှတ်ရရ ကိုယ်ယဉ်မှူးနှင့် ကျွန်တော်သည် ဘုရားတွေ တစ်ဆူပြီး တစ်ဆူ လှည့်၍ ပုတီးတွေစိပ်ခဲ့သည်။ ပရိတ်တွေ ရွတ်ခဲ့သည်။ ဂုဏ်တော်တွေ ရွတ်ခဲ့သည်။

တစ်သက်နှင့်တစ်ကိုယ် သည်လို ဘာသာရေး ဆန်သော အလုပ်တွေကို ပထမဆုံးအကြိမ် လုပ်ဖူးခြင်းလည်း ဖြစ်ပါသည်။ ပြောရလျှင် ကိုယဉ်မှူး၏ ကျေးဇူးကြောင့်သာ ကျွန်တော် အခုလို ဘာသာရေးနှင့် ယဉ်ပါးခြင်း ဖြစ်ပါသည်။

၁၉၈၉ ခုနှစ်တွင် ၁၉၈၇ နှင့် ၁၉၈၈ ခုနှစ်အတွက် အမျိုးသားစာပေဆုကို တစ်ပေါင်းတည်း ကြေညာပါသည်။ ကိုယဉ်မှူး၏ မှန်ကန်သော ဆုံးဖြတ်ချက်နှင့် မှန်ကန်သော စေတနာတို့ အကျိုးပေးသည်ဟု ပြောရပါမည်။ နှစ်ယောက်စလုံး အမျိုးသားစာပေဆု ရ၍ ဖြစ်ပါသည်။

ကျွန်တော်က 'ကြက်တောင်စည်းနှင့် မစံပယ် ကလေးကဗျာများ' စာအုပ်ဖြင့် ၁၉၈၇ ခုနှစ်အတွက် အမျိုးသားစာပေဆု ရသည်။ ကိုယဉ်မှူးက 'စံပယ်မွှေးမွှေး ကလေးဖို့' ကလေးကဗျာ စာအုပ်ဖြင့် ၁၉၈၈ ခုနှစ်အတွက် အမျိုးသားစာပေဆုရသည်။

စံပယ်နှစ်ပွင့်သည် တိုက်တိုက်ဆိုင်ဆိုင်၊ တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ထည်ထည်နှင့် တစ်နေ့တည်း တစ်ချိန်တည်းတွင် ဆုစင်မြင့်ပေါ်သို့ အတူတူတက်ခွင့် ရရှိခဲ့ပါသည်။

အကယ်၍ ကိုယဉ်မှူးသာ ကျွန်တော့်စိတ်လို ဘယ်သူနဲ့တွေ့တွေ့ ထုတ်ဖြစ်အောင် ထုတ်မယ်ဗျာဟု သဘောထား၍ ကျွန်တော်နှင့် တစ်နှစ်တည်း စာအုပ်ပြိုင်တူ ထုတ်ဖြစ်ခဲ့မည်ဆိုလျှင် တစ်ယောက်ယောက်တော့ နစ်နာမှာ သေချာပါသည်။

တကယ်တော့ သူရော၊ ကျွန်တော်ပါ ဘယ်သူမှ ပေါများလို့ စာအုပ်ထုတ်နိုင်ကြတာ မဟုတ်ပါ။ သူလည်း သူများထုတ်ပေး၍ ထုတ်ဖြစ်တာ။ ကျွန်တော်လည်း ရသမျှ စာမူခတွေကို နှစ်ပေါင်းများစွာစုပြီးမှ ခြစ်ခြစ်ကုတ်ကုတ် ထုတ်ရတာ ဖြစ်ပါသည်။

ကျွန်တော်တို့လို လူတန်းစားတွေအတွက် စာတစ်အုပ်၊ ပေတစ်အုပ်ဖြစ်ဖို့ဆိုသည်မှာ ကြီးစွာသော ဒုလ္လဘ ဖြစ်ပါသည်။ ဒါကြောင့် ဘယ်သူမဆိုရတောင့်ရခဲ ဒုလ္လဘမျိုးကို အခွင့်အရေးပေးတုန်းမှာ အရထုတ်ချင်ကြသူတွေချည်း ဖြစ်ပါသည်။ လက်လွှတ်ခံမည် မဟုတ်ပါ။

သို့သော် ကိုယဉ်မှူးသည် ထိုရတောင့်ရခဲ အခွင့်အရေးအတွက် သူ့အတ္တကို ရှေ့တန်းမတင်ခဲ့ပါ။ ထိုအခွင့်အရေးကို သူ့စိတ်နှင့် လဲခဲ့သည်။ သူ့စေတနာနှင့် လဲခဲ့သည်။ သူ့ရောင့်ရဲမှုနှင့် လဲခဲ့သည်။ သူ့စိတ်၊ သူ့အလှကသူ့ဘဝကို ပြဋ္ဌာန်းခဲ့ရုံသာမက ကျွန်တော့်အောင်မြင်မှု၏ တစ်စိတ်တစ်ဒေသကိုပါ ပြဋ္ဌာန်းပေးခဲ့သည်ဟု ကျွန်တော် ယုံကြည်နေမိပါသည်။

ကျွန်တော့်မှာသာ ထိုစဉ်က ကိုယဉ်မှူးအား 'ဟာဗျာ… ခင်ဗျားကသူများဆန္ဒရှိတုန်း သူများငွေနဲ့ ထုတ်ရတာမို့ ခင်ဗျား အရင်ထုတ်ပါ။

ကျွန်တော်က ကိုယ့်ငွေနဲ့ကိုယ်မို့ နောက်မှ ထုတ်ပါ့မယ်' လို့ ဟန်ဆောင်၊ ပန်ဆောင်တောင်မှ ပြန်ပြောမထွက်ခဲ့သည်ကို ခုမှရှက်နေမိပါသည်။ ခုမှ အားနာနေမိပါသည်။

လူဆိုသည်မှာ အတ္တ၏ သားကောင် ဖြစ်ပါသည်။ သူများနှင့် ယှဉ်လာလျှင် ကိုယ့်အတ္တကိုသာ ဦးစားပေးတတ်သည့် သတ္တဝါဖြစ်သည်။

ထိုသတ္တဝါ၏ သားကောင်ထဲတွင် ကျွန်တော်သည်လည်း အပါအဝင် ဖြစ်ခဲ့ပါပကောဟု အခုမှ တွေးမိ၊ ဆင်ခြင်မိပါသည်။

လောက၌ တစ်စုံတစ်ယောက်သော သူသည် မိမိအတ္တနှင့် ယှဉ်လာသောကိစ္စတွင် သူတစ်ပါးအတ္တကို ဦးစားပေး၍ သူတစ်ပါးကိစ္စကို ရှောင့်ရဲမှုဖြင့် အလှဆင်ကာ ဘဝကို ဖြတ်သန်းခဲ့၏။

ထိုသူကား အခြားမဟုတ်။ ကဗျာလည်း ဖွဲ့သော၊ ဝတ္ထုလည်း ဖွဲ့သော၊ သီချင်းလည်း စပ်ဆိုသော၊ တယောလည်း ထိုးသော၊ အငြိမ်းစား အယ်ဒီတာလည်း ဖြစ်ပေသော ကဗျာဆရာ မောင်ယဉ်မှူးပင် ဖြစ်ပါသည်။

ကျွန်တော်သည် စံပယ်တွေပွင့်တိုင်း၊ စံပယ်ပွင့်တွေကို မြင်တိုင်း တစ်ခါက စံပယ်တွေနှင့် ပတ်သက်၍ အမှတ်မထင် ဖျတ်ခနဲ တွေ့ခွင့်ရလိုက်သော ဆရာမောင်ယဉ်မှူး၏ စံပယ်စိတ်အလှကို တသသ သတိရနေမည်သာ ဖြစ်ပါသည်။

❐

# အမှတ်တရ အဃ်ဒီတာ (၁)

[သို့မဟုတ်]

**ဆရာအောင်ပြည့်**

66 ကျွန်တော်တို့ ဌာနရဲ့
စာကြည့်တိုက် ရုံးခန်းလေးထဲမှာ ဆုံကြတော့၊
ကိုမောက်က "ဒါ ဆရာအောင်ပြည့်၊
ဒါက မြေလတ်မောင်မြင့်သူ" လို့
မိတ်ဆက်ပေးရင်း "တိုက်တိုက်ဆိုင်ဆိုင်ဗျာ
ဆရာပြည့်ကလည်း ခင်မောင်မြင့်။
ကိုမြင့်သူကလည်း ခင်မောင်မြင့်" ဆိုပြီး
အပိုဆောင်းပေးလိုက်တာကြောင့်လား မသိ။
လက်ချင်းအထိ မျက်လုံးချင်းအကြည့်
အပြုံးချင်းပါငြိပြီး အပြန်အလှန်
သွေးကြောတွေ စီးသွားကြတယ် ထင်ပါရဲ့။ 99

# အမှတ်ရ အယ်ဒီတာ (၁)

[သို့မဟုတ်]

**ဆရာအောင်ပြည့်**

'အဘယ်မိန်းမ
လှသောရုပ်နှင့်၊ ကျွန့်ပ်ကိုမြူ
မကြည်ဖြူနှင့်။
သည်မူကိုယ်ကား
သင်ပြုစား၍
အမှားများခဲ့သူပေတည်း'။ ။

(နောင်)

ဒီကဗျာကို အလွတ်ရခဲ့တာ နှစ်ပေါင်းလေးဆယ်ခန့် ရှိပြီ။ ကဗျာ ခေါင်းစဉ်က အမှားများသူတဲ့။ တစ်ခါဖတ်ရုံနှင့် အလွတ်ရခဲ့တာ ဖြစ်၏။ ဒီနေ့အထိ ဘယ်အချိန်ထရွတ်ရွတ် ကျွန်တော် အလွတ်ရတဲ့ ကဗျာဆို၍ ဒီတစ်ပုဒ်တည်း ဖြစ်ပါသည်။

ဒီကဗျာကို စတင်ဖတ်ရှုရစဉ်က ကျွန်တော့် အသက်သည် ၁၇ နှစ်၊ ဟိုက်စကူးဖိုင်နယ် အောင်ပြီးခါစ၊ ပန်းချီကျောင်း တက်မည်ဟူသော အတွေးဖြင့် ရန်ကုန်စုန်ခဲ့၏။ လက်တွေ့တွင် ဘာပန်းချီကျောင်းမှ မတက်ဖြစ်။

အစိုးရဌာနတစ်ခုတွင် နေ့စားဘဝဖြင့် ယောင်ချာချာ။ ပြီးတော့ နေနတ်သား ဘုန်းကြီးကျောင်းမှာ သောင်တင်နေသောကာလ။

တစ်နေ့။ ပန်းဆိုးတန်း ကုန်သည်လမ်း၊ ပလက်ဖောင်းပေါ်တွင် ချရောင်းသော စာအုပ်ဟောင်းတစ်ဆိုင်ကို ဝင်ငေးရာက မျက်နှာဖုံးပန်းချီနှင့် ဝတ္ထုခေါင်းစဉ်ကို ကြိုက်၍ ဝယ်ခဲ့သော စာအုပ်၊ တစ်အုပ်မှ သုံးကျပ်ပဲ ပေးရ၏။ ဝတ္ထုရေးဆရာ၏ အမည်ကိုလည်း တစ်ခါမျှ မကြားဖူးပါ။ ဖတ်လည်း မဖတ်ဖူးပါ။

ဝတ္ထုအစကို ဖတ်ကြည့်လိုက်တော့ ဒီကဗျာလေးနှင့် ဖွင့်ထားတာကို တွေ့ရလို့ စိတ်ဝင်စားပြီး တစ်ခါတည်း ဆုံးအောင် ဖတ်ဖြစ်လိုက်၏။ ဆုံးသွားတော့မှပဲ ဟင်းခနဲ အလုံးကြီးကျသွားကာ ရင်ထဲလွမ်းမောမော ကြီး ကျန်ခဲ့သည်။

ကျွန်တော် ပြောပါမည်။
ဝတ္ထုအမည်မှာ ပြုံမှာလေလားမိုးရဲ့။
ဝတ္ထုရေးဆရာ အမည်မှာ အောင်ပြည့်။
သြော် ဆရာပြည့်ရယ်။

* * *

ကျွန်တော့် အမှတ်သညာတွင် ဝတ္ထုတိုဖြစ်စေ၊ လုံးချင်းဝတ္ထု ဖြစ်စေ တစ်ပုဒ်တည်း တစ်အုပ်တည်း ဖတ်မိရုံဖြင့် တစ်ခါတည်း အသည်းစွဲ ကြိုက်သွားသည့် စာရေးဆရာမှာ သိပ်များများ မရှိလှပါ။ လက်ချိုးရေလို့ ရပါ၏။ ဤလက်ချိုး ရေလို့ရသည့် ရှားရှားပါးပါးထဲတွင် ဆရာပြည့်သည် ရှေ့တန်းကဖြစ်၏။ ထို့အတူ အယ်ဒီတာ အညွှန်းကို စာညွှန့်လို အက်ဆေးလို လှလှပပ ဖွဲ့ဖွဲ့နွဲ့နွဲ့နှင့် လေးလေးစားစား ရေးသားသည့် အယ်ဒီတာထဲတွင် လည်း ဆရာပြည့်သည် ရှားပါးအယ်ဒီတာ ဖြစ်ပါ၏။

ကျွန်တော်နှင့် ဆရာပြည့်တို့ တွေ့ဆုံသိကျွမ်းရပုံကို ပြန်တွေးကြည့် တော့ ဘာမှ အဆန်းတကျယ် မရှိလှပါ။ ဝတ္ထုလည်း မဆန်ပါ။ ကဗျာ

လည်း မဆန်ပါ။ ပီတိ တကယ့်ရိုးရိုးလေး။ တိတိကျကျ ပြောရလျှင် ပြိုမှာလေလားမိုးရဲ့ကို စွဲလမ်းမိရာက ရှုမဝတွင် ဖတ်မိသမျှ ဝတ္ထုတိုတွေ ကိုလည်း ကြိုက်နှစ်သက်ခဲ့သည်ချည်း ဖြစ်ပါ၏။ 'တိုင်ကလေး စိုက်ထား သည်' ဆိုတဲ့ ဝတ္ထုလေးကိုတော့ ပို၍ အမှတ်တရ အရှိဆုံးပင်။ အဲသလို စာတွေထဲက ကျွမ်းနှင့်ပြီးသော ဆရာပြည့်ကို ကျွန်တော်သည် (၁၇) နှစ် ကြာမှ လူချင်းတွေ့ဖူး၏။ ၁၉၈၄ ခုနှစ်ပေါ့။

မှတ်မှတ်ရရ ကွယ်လွန်သူ ကဗျာဆရာ မောင်မောက် (ဥက္ကလာ) နှင့် ပတ်သက်ပြီး သိရတွေ့ရခြင်း ဖြစ်၏။ မောင်မောက် (ဥက္ကလာ) နှင့် ကျွန်တော်မှာ တစ်ဌာနတည်း ဘဝတူလုပ်ဖော်ကိုင်ဖက်တွေ ဖြစ်၏။ ထိုအချိန်က ကျွန်တော်သည်လည်း မြဝတီ၊ ငွေတာရီ၊ ရှုမဝ၊ သွေးသောက်၊ သပြေနှင့် ပေဖူးလွှာတို့တွင် ဝတ္ထုတို၊ ဆောင်းပါးကဗျာတွေ ရေးနေတဲ့ ကဗျာဆရာပေါက်စ ဖြစ်နေပါပြီ။ ကျွန်တော်တို့ ဌာနရဲ့ စာကြည့်တိုက် ရုံးခန်းလေးထဲမှာ ဆုံကြတော့ ကိုမောက်က 'ဒါ ဆရာအောင်ပြည့်၊ ဒါက မြေလတ်မောင်မြင့်သူ' လို့ မိတ်ဆက်ပေးရင်း 'တိုက်တိုက်ဆိုင်ဆိုင်ဗျာ ဆရာပြည့်ကလည်း ခင်မောင်မြင့်။ ကိုမြင့်သူကလည်း ခင်မောင်မြင့်' ဆိုပြီး အပိုဆောင်းပေးလိုက်တာကြောင့်လားမသိ။ လက်ချင်းအထိ မျက်လုံးချင်း အကြည့် အပြုံးချင်းပါငြိပြီး အပြန်အလှန် သွေးကြောတွေ စီးသွားကြတယ် ထင်ပါရဲ့။ ဒါ့ထက် ကြာသပတေးသားချင်းပါ တူနေတယ် ဆိုတာကိုတော့ ထိုစဉ်က သူရော ကျွန်တော်ပါ မသိခဲ့ကြပါ။

ထိုအချိန်က ချယ်ရီမဂ္ဂဇင်းကို ဆရာပြည့် တာဝန်ခံ အယ်ဒီတာ အဖြစ်နဲ့ စတင်ထုတ်ဝေဖို့ တာစူနေချိန်။ စိုင်းပြင်းနေချိန် ဖြစ်၏။ အဲဒီနေ့ က တွေ့တွေ့ချင်း သိသိချင်း ဆရာပြည့် ကျွန်တော့်ကို စာမူတောင်းပုံ လေးမှာ ရိုးရိုးလေး။

"ကဗျာတစ်ပုဒ်ပေး၊ ကောင်းကောင်းလေးပေး" တဲ့။ အပိုအလို မပြော။ လိုအပ်တာပဲ ပြော၏။ ကွက်တိ။

ကျွန်တော်ကလည်း ရေးသမျှထဲက အကောင်းဆုံးလို့ ထင်တဲ့ ကဗျာ

ကို ရွေးပေးလိုက်သည်။ ချယ်ရီမဂ္ဂဇင်း (၁၉၈၄) ဩဂုတ်လထုတ် အတွဲ (၁) အမှတ် (၁) ထွက်လာတော့ ကျွန်တော့်ကဗျာ ပါလာသည်။ ဝမ်းသာလိုက်တာ ပြောမပြတတ်တော့။ ကျွန်တော့်ဘဝမှာ အတွဲ (၁) အမှတ် (၁) ပွဲဦးထွက် မဂ္ဂဇင်းတွင် ပါဝင်ခွင့်ရတာ ဒါပထမဆုံး ဖြစ်ပါ၏။ အမှတ်တရပါပဲ။

သည်လိုနှင့် ဆရာပြည့်ရဲ့ ချယ်ရီမဂ္ဂဇင်းတွင် ကျွန်တော်သည် ကဗျာငါးပုဒ်၊ ဝတ္ထုတစ်ပုဒ်၊ အချစ်ကဗျာခံစားမှု ဆောင်းပါးတစ်ပုဒ် ပါဝင်ရေးသားဖြစ်ခဲ့၏။ ပါဝင်ခွင့်ရခဲ့သမျှ စာမူများအတွက် အခုအထိ ကျွန်တော်ကျေနပ်ပါသည်။ ဒါလည်း ဆရာပြည့် ကျေးဇူးပါပဲ။ ကျွန်တော်ကတော့ ဒီလိုပဲ အောက်မေ့သည်။ ဘဝတွင် လက်ညှိုးထိုးမလွဲ ကျေးဇူးရှင်တွေများခဲ့လေတော့ ကြံဖန်ပြီး ကျေးဇူးတင်တတ်သည်မှာ ကျွန်တော်၏ အကျင့်တစ်ခုလို ဖြစ်နေပါပြီ။

ဟုတ်တယ်လေ။ ဆရာပြည့် ကျွန်တော့်စာမူကို ထည့်ချင်တဲ့စိတ်နဲ့တောင်းသည်။ ဒါကို ကျွန်တော်က လိုလိုလားလား တောင်းတာလို့ခံယူသည်။ သည်တော့ အခွင့်ရေးကောင်းကို ကျွန်တော်က လက်လွှတ်မခံ။ စာမူကို အကောင်းဆုံးဖြစ်အောင် ရေးသည်။ အားထုတ်သည်။ အကောင်းဆုံးဖြစ်ပြီဆိုမှ စာမူကို ပေးသည်။ ဒါကြောင့် ဆရာပြည့်နှင့် ကျွန်တော့်အကြားအပယ်ခံရတာမရှိ။ ပေးသမျှရွေး၏။ ပါ၏။ အခုအထိ ဘယ်အယ်ဒီတာကတောင်းတောင်း ကျွန်တော် ဒီလိုပဲ ကျင့်သုံးသည်။ အယ်ဒီတာနှင့် စာရေးသူကြား ထားရှိအပ်သော သဘောထား၊ ကျွန်တော် နားလည်သော တောင်းစာမူဆိုသည်မှာ ဒါပဲဖြစ်သည်။ တကယ်တော့လည်း တောင်းစာမူဆိုတာ ဒီလိုပဲဖြစ်သင့်ပါသည်။ သို့မှသာ တောင်းစာမူဆိုပြီး ပြန်ပေးတာ မကြိုက်မှာစိုးလို့ပေါ့ပေါ့တန်တန် ရေးပေးသော စာမူကို အောင့်သက်သက်နှင့် ထည့်ပေးရသည့် အယ်ဒီတာ ဒုက္ခမျိုးက ကင်းလွတ်နိုင်မည်။ ဒါကြောင့် ကျွန်တော်ရရှိသော စာရေးသူဘဝနှင့် ပတ်သက်၍ ကျေးဇူးတင်ထိုက်သူတွေထဲမှာ ဆရာပြည့်ပါသည်ဟု ရဲရဲတင်းတင်း ဆိုဝံ့ခြင်း ဖြစ်ပါသည်။

**ခရမ်းပြာ**

ဆရာပြည့်ရဲ့ အယ်ဒီတာ သက်တန်းကာလ တစ်လျှောက်တွင် ကိုင်သမျှ မဂ္ဂဇင်းစာစောင်အတွက် ကျွန်တော့်ထံမှ အမှတ်တရ စာမူ တောင်းလေ့ ရှိပါသည်။ တောင်းတဲ့အခါတိုင်း 'ကောင်းကောင်းလေးနော်' ဆိုတာကလည်း အဆစ်ပါစမြဲ ဖြစ်ပါ၏။ ဒါကြောင့် ကျွန်တော်သည် ဆရာပြည့်ရဲ့ နှင်းဆီတို့ ဝါနီပြာတို့တွင် ပါဝင်ခွင့်ရခဲ့ပါသည်။ ဤသို့ ဆရာပြည့်နှင့် ကျွန်တော်သည် စာမူဆက်ဆံရေးတွင်သာ ရင်းနှီးကျွမ်းဝင်ပြီး လူမှုဆက်ဆံရေးမှာတော့ ပုံမှန်ပဲ ဖြစ်ပါသည်။ ဆရာပြည့်နှင့် ကျွန်တော် သည် ထမင်း အတူတူ မစားဖူး။ လက်ဖက်ရည် အတူတူ မသောက်ဖူး။ အရက် အတူတူ သောက်ဖို့ဆိုတာ ဝေလာဝေး။

သို့သော် အမှတ်တရ ပြဖူးတာလေး တစ်ခုတော့ ရှိပါ၏။ ဆရာ မြတ်ထန်ရဲ့ ချယ်ရီနဲ့ ဆရာပြည့်တို့ လမ်းခွဲချိန်၊ ဆရာပြည့် တစ်ယောက် ဘာစာစောင်မဂ္ဂဇင်းမှ မကိုင်ဘဲ ခပ်ယောင်ယောင် ဖြစ်နေချိန်ထင်ပါရဲ့။ အမှတ်မထင် ကျွန်တော်နဲ့ ၃၇ လမ်းထဲမှာတွေ့တော့ လူပုံက ညှဉ်းသိုးသိုး။ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတွေကလည်း မရိပ်မသင်။ ပေစုတ်စုတ် ဦးထုပ် ကြီးလည်း ဆောင်းလိုက်လို့။ ညာလက်မှာက ပတ်တီးကြီးနဲ့။ ပတ်တီးနဲ့ ညာလက်ကို သေသေချာချာ ကြည့်လိုက်တော့ လက်ဖဝါးပေါ်မှာ ဒဏ်ရာနဲ့ အတူ အနာကြီးကရင်းလို့။ ရောင်လို့။ 'ဘာဖြစ်တာလဲ' ဆိုတော့ ထုံးစံ အတိုင်း ကွမ်းစားထားတဲ့ သွားတွေပေါ်အောင် ရယ်ကျဲကျဲနဲ့ 'ဒီလိုပါပဲ နည်းနည်းပါးပါးပါ' တဲ့။

'ဟာ… ဆရာပြည့်ကလည်း ဒီလိုပေမနေပါနဲ့ဗျာ။ စာရေးဆရာ စာရေးတဲ့ညာလက် အနာပေါက်မှတော့ သေပြီပေါ့ဗျာ။ ကြည့်ရတာ သေသေချာချာလည်း ဆေးမကုဘူးထင်တယ်။ ကျွန်တော့်ကို ဘယ်လိုမှ မထင်နဲ့ ဆရာပြည့်ရာ။ ဒီညနေ ဆေးခန်းသွားပြပါ။ ဒီလက်ကို မြန်မြန် ပျောက်အောင် ကုစမ်းပါ'

ပြောပြောဆိုဆို ကျွန်တော့် အိတ်ကပ်ထဲက အရွက်ကြီး နှစ်ရွက်ကို ဆွဲထုတ်ပြီး သူ့အိတ်ကပ်ထဲ ထည့်ပေးလိုက်၏။ သူ မငြင်းပါ။ ဘာမှလည်း

ပြန်မပြောပါ။ ညှိုးရော်ရော် မျက်ဝန်းလေးနဲ့ ကျွန်တော့်ကို ရယ်ကျဲကျဲကြည့်ပြီး လူချင်းခွဲခဲ့ကြပါသည်။ ပြန်ပြောရလျှင် ကျွန်တော်၏ လူမှုဆက်ဆံရေး ခပ်ညှံ့ညှံ့ထဲက အမှတ်တရလေးတစ်ခု ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်။

အဲသည်ကတည်းက ကျွန်တော်တို့ချင်း ဝေးသွားလိုက်တာ ဆရာပြည့် ဖတ်စရာ ကိုင်တော့မှပဲ ပြန်ဆုံဖြစ်ကြ၏။ ဆရာပြည့်လည်း မငယ်တော့ပြီ။ ကျွန်တော်လည်း မငယ်တော့ပါ။ ခြောက်ဆယ်ကျော် ဆရာပြည့်ကိုကြည့်ပြီး ငါးဆယ်ကျော် ကျွန်တော်က အားမရ။ ဒါပေမဲ့ ဆရာပြည့်ကတော့ အားနှင့်မာန်နှင့်အပြည့်။ ဆရာပြည့်လက်ထက် ဖတ်စရာတွင် ကဗျာလေးပုဒ်နှင့် ဆောင်းပါးတစ်ပုဒ် ရေးဖြစ်ခဲ့၏။ ပထမဦးဆုံး ပေးပို့သော ကဗျာကို မျက်နှာဖုံးထိပ်မှာ ဖော်ပြခဲ့သလို ပထမဦးဆုံး ဆောင်းပါးကိုလည်း မျက်နှာဖုံးကျောကပ်တွင် ဖော်ပြပေးခဲ့၏။ ကျွန်တော့်ဘဝတွင် ပထမဦးဆုံးရေးပြီး ပထမဦးဆုံး ပါဝင်ခွင့်ရတဲ့ တစ်ပုဒ်တည်းသော ဂျာနယ် ဆောင်းပါးအဖြစ် အမှတ်တရပါပဲ။

ဆောင်းပါး စကားပြေနဲ့ ပတ်သက်ပြီး ဆရာပြည့် ဘာမှမပြောပေမယ့် ကဗျာနဲ့ ပတ်သက်ပြီး ပြောသွားတဲ့ စကားလေးကိုတော့ ကျွန်တော် မမေ့ပါ။ ဘယ်တော့မှ မေ့နိုင်မှာလည်း မဟုတ်ပါ။

'ကဗျာကို လူနားလည်အောင် ရေးပေးစမ်းပါ။ အယ်ဒီတာက ထည့်ချင်လွန်းလို့ စောင့်နေတာနော်' တဲ့။

ခါတိုင်းလို ကွမ်းစားထားတဲ့ သွားတွေပေါ်အောင် ရယ်ကျဲကျဲ ပြောတာမဟုတ်။ အတည်ပေါက်မျက်နှာနှင့် ပြောခြင်း ဖြစ်၏။ အခုနောက်ပိုင်း ခေတ်ပေါ်ဟန်ဘက် အားသန်သွားသော ကျွန်တော်၏ ကဗျာအရေးအသားအပေါ် ဆရာပြည့်၏ ထင်မြင်ချက်။ ကျွန်တော် ဘာမှ ပြန်မပြောပါ။ ပြုံးရုံသာ ပြုံးပြလိုက်ပါ၏။ ကျွန်တော့်စာပေနဲ့ ပတ်သက်ပြီး ပထမဦးဆုံး ပြောသောစကား။ သို့တည်းမဟုတ် ကျွန်တော့် ကဗျာနဲ့ ပတ်သက်ပြီး နောက်ဆုံးပြောသွားတဲ့ စကားလားမသိ။

နောက်တစ်ခေါက် ဂျာနယ်တိုက်ရောက်တော့ ဆရာပြည့် အလုပ်မဆင်းနိုင်၊ ကျန်းမာရေး မကောင်းလို့ သဃ်္ဃန်းကျွန်းက ကိုဝဏ္ဏအိမ်မှာ

အနားယူနေတယ်တဲ့။ သဃ်န်းကျွန်းအိမ်မှာ ကျန်းမာရေး သတင်းမေးရင်း စာမူလည်းတောင်းရင်း ကျွန်တော်နှင့် အယ်ဒီတာအဖွဲ့ နှစ်ခေါက် သုံးခေါက် ရောက်ပါသည်။ လူပုံပျော့သော်လည်း အားနှင့်မာန်နှင့် ပြောနေသော ဆရာပြည့်အသွင်ကြောင့် ကြံဖန်ပြီး အားတက်ခဲ့ရပြန်ပါသည်။

သောင်းပြောင်းထွေလာတွင် 'စာရေးဆရာ အလွှာလွှာနှင့် ဝါနီပြာ တွက်ချင့်စာညီလာရှက်လွှင့်' အခန်းဆက် ဆောင်းပါး လေးလ ရေးသွား၏။ လေးပုဒ်၊ ငါးပုဒ်မြောက် စာမူတောင်းရန် သွားမယ်ကြံတော့ သဃ်န်းကျွန်းတွင် မရှိတော့။ ဒဂုံမြောက်ရှိ ၄၃ ရပ်ကွက်က အစ်မအိမ် ရောက်သွားပြီဆိုလို့ ကျွန်တော် လိုက်သွားသည်။ အောက်ဆီဂျင် ပိုက်တန်းလန်းနှင့် ဖြစ်နေပြီ။ လေသံလည်း ပျော့သွားပြီ။ ရေးပြီးသား စာမူရခဲ့ပေမယ့် ကျွန်တော် အားမရှိချင်တော့ပါ။ ဒီကြားထဲက နောက်စာမူဆက်ရေးဖို့ ပါပြီးသား မဂ္ဂဇင်း စာအုပ်တောင်းလို့ မတ်လထဲတွင် ဆရာပြည့်ထံ တစ်ခေါက် ထပ်ရောက်သေးသည်။ အောက်ဆီဂျင်ပိုက် တန်းလန်းနှင့် အစာ သိပ်မဝင်တော့ပါ။ ကျွန်တော်နှင့် ဆရာမောင်မောင်စနေတို့ ဆရာပြည့်ထံ ထပ်သွားရန် ကြိုးစားကြသော်လည်း အထမမြောက် ဖြစ်ခဲ့ပါ။ ကျွန်တော်သာ ဖတ်စရာဂျာနယ်သွားရင်း သူ့တပည့်ကျော်တွေထံမှာပဲ ဆရာပြည့် သတင်းကို ကြားနာနေရတော့သည်။

၂၀၀၆၊ ဧပြီ ၂၅ ဖတ်စရာ အယ်ဒီတာအညွှန်းမှာ သူ့ကိုယ်သူ မသေနိုင်တဲ့ကောင်။ မသေကောင် အောင်ပြည့်ရယ်လို့ ကြုံးဝါးသံ ကြားလိုက်ရတော့ ငါ့ဆရာ တယ်ဟုတ်ပါလားလို့ တွေးလိုက်မိပါရဲ့။ ဒါပေမဲ့ ကျွန်တော့်အတွေးဟာ ကြာကြာမခံလိုက်ပါ။ ဧပြီ ၂၆ ရက် အကူးမှာတော့ ကြားဖူးနေကျ စကားဖြစ်သော်လည်း မယုံချင်ဘဲနဲ့ ယုံလိုက်ရပါတော့သည်။ ဆရာပြည့်ဆုံးပြီ။

* * *

ဆရာပြည့် ဆုံးပြီတဲ့။ ပြီးသွားပြီလား မိုးရယ်။

ခရမ်းပြာ

ဒီလောကမှာ ဆုံးပြီဆိုတိုင်း ဆုံးရမှာလား။ ပြီးပြီဆိုတိုင်း ပြီးရမှာလား။ ကျွန်တော့် အမြင်မှာတော့ မဆုံးသေးတာတွေ မပြီးသေးတာတွေ ရှိနေပါသေးသည်။ ဆုံးခြင်းပြီးခြင်း ဆိုသည်မှာ ဆုံးချင်ပြီးချင်သူတို့နှင့်သာ ဆိုင်မည်ထင်ပါသည်။ ထို့အတူ ကျွန်တော် ဖြတ်သန်းခဲ့ ဖြတ်သန်းဆဲ ဖြစ်သော စာပေခရီး အကွေ့များစွာမှ အတွေ့များစွာတို့သည်လည်း မပြီးဆုံးသေးသော ပန်းချီကားချပ်များပမာ အစီအရီ ရှိနေပါသည်။ ဒီအထဲတွင် ကျွန်တော် ဖြတ်သန်းခဲ့ရသော အယ်ဒီတာပုံရိပ် ရှားရှားပါးပါးတို့သည်လည်း ဆေးသားမခြောက်သေးပါ။ ရေးမယ်ရေးမယ်ဆိုပြီး ဘယ်ဟာမှ မစတင်နိုင်သေးပါ။

ယခုမူ လွန်ခဲ့သော သုံးလေးနှစ်ကတည်းက စိတ်နှင့် အကြိမ်ကြိမ် ရေးခဲ့ပြီး စာလုံးမဖြစ်နိုင်ခဲ့သော ဤအမှတ်တရ အယ်ဒီတာများ ခံစားမှုစာစုကို ဆရာပြည့်နှင့် အမှတ်ရ စတင်ရေးဖြစ်သွားသည်မှာလည်း တကယ့်အမှတ်တရပါပဲ။ အဲသလိုတွေးရင်း ဆရာပြည့်အတွက် အမှတ်တရ ရေးဖြစ်ခဲ့တဲ့ ကဗျာထဲက စာသားအချို့က ရင်ထဲမှာ တရစ်ဝဲဝဲ။

၂၀၀၆၊ ဧပြီ၊ ၂၅  
ဖတ်စရာမှာ  
ရေးသွားတာလား  
ရေးထားခဲ့တာလား  
ငါမသေဘူး ရေကူးနေတယ်တဲ့။  
အဲဒီ  
နောက်ဆုံး စကားတစ်ခွန်းဟာ  
လွမ်းသူ့မျက်ရည်ကို  
ဓားသွားပေါ်တင်သွေး  
မနက်ဖြန်ကို ဟစ်ကြွေးလိုက်တဲ့ ညာသံပဲ။  
မပြည့်စုံခြင်းတွေ အပြည့်နဲ့

ရှိခြင်းထဲ
ရှိတော့ ရှိတယ် ရှားတယ်ဆိုတဲ့ အလင်းပွင့်ဟာ
နှလုံးသားကောင်းကင်မှာ ဘယ်တော့မှ
ကြယ်မကြွေဘူး။ ။

သောင်းပြောင်းထွေလာ ရယ်စရာ မဂ္ဂဇင်း၊
၂၀၀၆ ခု

❐

# အမှတ်တရ အယ်ဒီတာ (၂)

[သို့မဟုတ်]

# အလွမ်းရင့်ရောင် ချယ်ရီတစ်ပွင့်

“ဆရာ့ အပြောအဆိုနှင့် အမူအရာမှာ
လူကြီးလူကောင်းဆန်ရုံမျှမက
ယဉ်ကျေးသိမ်မွေ့မှုတွင်
ရိုးသားပွင့်လင်းသော
အဖြူထည်စေတနာကိုပါ
ကျွန်တော် တွေ့လိုက်ရ၏။
ထိုစေတနာအဖြူထည်သည်
ဝတ္ထုတိုလေးတစ်ပုဒ်အပေါ်ထားသော
ဆရာ၏ လေးနက်မှုတန်ဖိုးလား။
ဘာမဟုတ်သည့် ကလောင်နုလေး
တစ်ယောက်အပေါ်ထားသည့်
ဝါရင့်သမ္မာရင့် ကလောင်တစ်ဦး၏
မျှဝေခံစားမှုလား။”

## အမှတ်တရ အယ်ဒီတာ (၂)

[သို့မဟုတ်]

## အလွမ်းရင့်ရောင် ချယ်ရီတစ်ပွင့်

(၁)

'မေတ္တာညှော်သည်…
လာချင်တယ်ဆို၊ အို… လာပါဝင်ပါ
ကြင်နာဆပွား၊ နှလုံးသားက
တံခါးဖွင့်လျက်…'

မေ ၂ ရက် ၃ ရက် မှန်တိုင်းက ရိုင်းစိုင်းရက်စက်စွာ ကျွန်တော့် အိမ်ခေါင်မိုးကို ဆွဲလှန်ပစ်လိုက်သောအခါ ရေတံခွန်တွေ သွန်ကျလာသလို တစ်အိမ်လုံး ရွှဲရွဲနစ်သွား၏။ ဒေါသနှင့် ကြေကွဲမှုကို ခါးကြားထိုးရင်း ရွှဲရွဲစိုသွားသည့် စာအုပ်များကို တစ်အုပ်ချင်း တစ်ရွက်ချင်း လေသလပ် အောင် လှန်ပေးလိုက်စဉ် အမှတ်မထင် တွေ့လိုက်ရသော ကဗျာတစ်စ၊ စာတစ်စ။

ထိုခဏမှာပင် မှတ်ဉာဏ်က အလိုအလျောက် ထွင်းဖောက်သွား ၏။ ၁၉၈၄ ခုနှစ်၊ ဩဂုတ်လထုတ် အတွဲ (၁)၊ အမှတ် (၁) ချယ်ရီ မဂ္ဂဇင်းမှာ ကျွန်တော် ရေးခဲ့သည့် ကဗျာ။ ဤကဗျာကို အကြောင်းပြု၍

ကျွန်တော်သည် ချယ်ရီနှင့် ရင်းနှီးခဲ့၏။ ကျွမ်းဝင်ခဲ့၏။ သံယောဇဉ်လည်း တွယ်ခဲ့၏။

ကျွန်တော့်၏ စာပေဘဝ တစ်လျှောက်တွင် ဘယ်လိုမှ မေ့ပျောက်လို့ မရနိုင်သော ရှားရှားပါးပါး အတွေ့အကြုံတွေထဲမှာ ချယ်ရီတစ်ပွင့် ပါသည်ဆိုလျှင်။

ထို ချယ်ရီတစ်ပွင့်သည်…။

(၂)

ဆိုရလျှင် ကျွန်တော် ညွှန်းလိုသော ချယ်ရီတစ်ပွင့်သည် အမှန်ပင် ဆရာမြတ်ထန် ဖြစ်ပါ၏။

ဆရာမြတ်ထန်ဟု ဆိုလိုက်သည်နှင့် "နှောင်းတမြေ့မြေ့" သည် အလိုလို ဒွန်တွဲပေါ်လာ၏။ နှောင်းတမြေ့မြေ့သည် ၁၉၆၉ ခုနှစ်အတွက် စာပေဗိမာန် ပထမဆုရ ဝတ္ထုရှည် ဖြစ်၏။ ထိုစဉ်က ကျွန်တော်သည် စာရူးပေရူး။ လျှပ်စစ်ဌာနက စာရေးပေါက်စ။ ဆယ်တန်းအောင်ဖို့ ဘဝကို ရုန်းကန်ရင်း ထမင်းနပ် မမှန်တာကို စိတ်ကူးယဉ်ပြီး စာရေးဆရာ ဖြစ်ချင်နေသူ။ စာတိုပေစတွေ ဖတ်ရှုရာက နှောင်းတမြေ့မြေ့ကို ဖတ်ရင်း မြတ်ထန်ကို အလွတ်ရသွား၏။

စာတစ်အုပ် သို့မဟုတ် စာတစ်ပုဒ်ကို ဖတ်ရင်း အကြိုက် စာရေးဆရာ စာရင်းတွင် ဆရာမြတ်ထန်လည်း ပါသည်။ ကျွန်တော့်အကြိုက်တွင် ၁၅ နှစ်ကျော်ကျော် မွေ့လျော်ပြီးခါမှ ဆရာမြတ်ထန်သည် ချယ်ရီ မဂ္ဂဇင်းကို စတင်ထည်ထောင်ကာ အယ်ဒီတာချုပ် ဖြစ်လာသည်။ ဆရာ့ ကလောင်ကလည်း အရှိန်ကောင်းနေပြီ။

ကျွန်တော်နှင့် ချယ်ရီကို စစ်တမ်းထုတ်လျှင် မောင်မောက် (ဥက္ကလာ) ပါမှ ဖြစ်မည်။ မောင်မောက် (ဥက္ကလာ) မိတ်ဆက်ပေးလို့ ဆရာပြည့် (ဆရာအောင်ပြည့်) နှင့် စတင်သိခွင့်ရသည်။ သိသိချင်း ဆရာပြည့်က ကဗျာတောင်းသည်။ ထိုကဗျာအမှတ် (၁) မှာ ပါလာသည်။

**စာရှမ်းမြာ**

ကျွန်တော်က စာမူတွေ ဆက်ပို့သည်။ ဆရာပြည့်၏ တာဝန်ခံအယ်ဒီတာ သက်တမ်းတစ်လျှောက် ချယ်ရီမှာ ကျွန်တော့်ကဗျာ လေးငါးပုဒ်အပြင် ကဗျာဆောင်းပါးတစ်ပုဒ်နှင့် ခံစားမှုဝတ္ထုတစ်ပုဒ် ပါခွင့်ရခဲ့သည်။

မှတ်မှတ်ရရ ထိုခံစားမှုဝတ္ထုတို တစ်ပုဒ်သည်...။

(၃)

တစ်နေ့။

ကျွန်တော်သည် ချယ်ရီမဂ္ဂဇင်းတိုက်သို့သွား၍ ကျွန်တော် ပို့ထားသည့် ဝတ္ထုတိုလေးကို စုံစမ်းသည်။ ထိုစဉ်က စာမူထိန်းလုပ်နေသူမှာ ကိုထွဋ်မှု (နောင်သောအခါ သုခုမအယ်ဒီတာတစ်ဦး ဖြစ်လာသူ) ဖြစ်၏။ ကိုထွဋ်မှုက ကျွန်တော့်ကို မြင်တာနှင့် ပျာပျာသလဲ ဆီးပြောသည်။

'ဟာ... ကိုမြင့်သူ လာတာ အတော်ပဲ။ ခင်ဗျားကို အယ်ဒီတာချုပ် ဆရာမြတ်ထန်က တွေ့ချင်လို့တဲ့။ စာမူမှတ်ပုံတင် စာအုပ်မှာ မှတ်ချက်ရေးထားတယ်။ လာရင် သူ့ဆီ လွှတ်ပေးပါတဲ့။ ကျွန်တော် သွားအကြောင်းကြားလိုက်ဦးမယ်'

ပြောပြောဆိုဆိုပင် ကိုထွဋ်မှုသည် အပေါ်ထပ်သို့ တက်သွား၏။ ခဏနေ ပြန်ဆင်းလာတော့ ကျွန်တော့်ကို ပြုံးပြပြီး မေးထိုးပြသည်။ အပေါ်ထပ် တက်သွားလိုက်တော့ ဆိုတဲ့ သဘော။

ကျွန်တော်သည် အပေါ်ထပ်သို့ လှေကားလေးအတိုင်း တက်လာပြီး ဆရာ့အခန်းတံခါးကို အသာတွန်းဖွင့်၍ ဝင်ခဲ့သည်။ လေအေးစက်၏ ညင်သာသောအငွေ့နှင့် ပထမဆုံး ကျွန်တော် နှာဝကို ထိတွေ့လိုက်ရသော ပရုတ်မွှေးရနံ့မှာ ကျွန်တော် တစ်ခါမျှ မရှူရှိုက်ဖူးသော ရနံ့ဖြစ်၏။ တစ်ခန်းလုံး ခင်းထားသည့် ကော်ဇောကြီးကလည်း နူးညံ့အိစက်နေ၏။ ပြီးမှ တောက်ပြောင်ခန့်ညားသော စားပွဲကြီးတစ်လုံးနှင့် ဆရာ့ကို အခန့်သား တွေ့လိုက်ရ၏။

အသားဖြူဖြူ၊ ဆံပင်အနက်၊ မျက်ခုံးစိမ်းစိမ်း၊ မျက်လုံးတောက်

တောက်၊ အရပ်အနည်းငယ် ပျပ်သယောင် ရှိသော်လည်း အနေတော် ခန္ဓာကိုယ်နှင့် လိုက်ဖက်စွာ ဝတ်ဆင်ထားသည့် ရှပ်ရှည်အဖြူ လည်ကတုံးကို လည်ပင်းကြယ်သီး တတ်ထားသော အသွင်အပြင်နှင့် ဖော်ရွေသော အပြုံးတို့ကြောင့် တွေ့စမှာပင် ကျွန်တော့်ရင်ထဲ အေးသွား၏။

ဆရာ ခွင့်ပြုသည့် ကုလားထိုင်မှာ ဝင်ထိုင်ရင်း မျက်နှာချင်းဆိုင်လိုက်မိစဉ် ဆရာက ဦးစွာစကား ညင်သာစွာဆိုသည်။

"တခြားမဟုတ်ပါဘူး မောင်မြင့်သူရဲ့။ မောင်မြင့်သူရဲ့ ဝတ္ထုလေးကို ဆရာဖတ်ကြည့်တယ်။ ဝတ္ထုလေးက ပေးစာတွေနဲ့ချည်း ဇာတ်ကို သရုပ်ဖော်ထားတာလေ။ အမှန်အတိုင်းပြောရရင် ပထမတစ်မျက်နှာ နှစ်မျက်နှာဖတ်ကြည့်တော့ စိတ်ထဲသိပ်မစွဲဘူး။ ဒါပေမဲ့ ဆရာစဉ်းစားတယ်။ တာဝန်ခံအယ်ဒီတာဆီက တက်လာတဲ့ စာမူဆိုတော့ အကြောင်းတော့ ရှိရမယ်ဆိုပြီး ဆရာဆက်ဖတ်လိုက်တာ အဲဒီတော့မှ စာမူက တစတစနဲ့ ဆွဲခေါ်သွားလိုက်တာ ဆုံးတဲ့အထိပဲ။ ဝတ္ထုလေးက ကောင်းလိုက်တာ မောင်မြင့်သူရယ်။ ဒါပေမဲ့ ဇာတ်သိမ်းပိုင်းကို ဆရာ သဘောမတူချင်ဘူး။ ဒီလောက်လှတဲ့ အချစ်ဝတ္ထုလေးကို ဇာတ်သိမ်းကျမှ ဘာလို့ ဟားတိုက်ပြီး ဇာတ်သိမ်းလိုက်ရတာလဲ။ အဲဒီလို လှတဲ့ အချစ်လေးကို ခံစားမှုလှလှလေးနဲ့ ဇာတ်သိမ်းလိုက်ရင် ပိုမကောင်းဘူးလား။ မောင်မြင့်သူ လုပ်နိုင်မှာပါ။ အေးအေးဆေးဆေး ပြန်စဉ်းစားကြည့်ပါဦး"

ဆရာက အေးအေးဆေးဆေး နွေးနွေးထွေးထွေး ပြောသည်။ ဆရာ့အပြောအဆိုနှင့် အမူအရာမှာ လူကြီးလူကောင်း ဆန်ရုံမျှမက ယဉ်ကျေးသိမ်မွေ့မှုတွင် ရိုးသားပွင့်လင်းသော အဖြူထည်စေတနာကိုပါ ကျွန်တော်တွေ့လိုက်ရ၏။ ထိုစေတနာအဖြူထည်သည် ဝတ္ထုတိုလေးတစ်ပုဒ်အပေါ်ထားသော ဆရာ၏ လေးနက်မှု တန်ဖိုးလား။ ဘာမဟုတ်သည့် ကလောင်နုလေး တစ်ယောက်အပေါ် ထားသည့် ဝါရင့်သမ္ဘာရင့် ကလောင်တစ်ဦး၏ မျှဝေခံစားမှုလား။ ဒါမှမဟုတ် မိမိအယ်ဒီတာ စားပွဲပေါ် ရောက်ရှိလာသည့် အရည်အသွေး မီသော်လည်း အနာမစင်သည့် စာမူကျောက်ရိုင်းတုံးလေး

တွေကို အနှာစင်အောင်သွေးပြီး လက်တွဲခေါ်ယူလိုသည့် ရှားရှားပါးပါး အယ်ဒီတာ စိတ်ထားလား။

ကျွန်တော့်မှာ အံ့အားလည်းသင့်၊ အံ့လည်းအံ့သြ။ ဘာပြန်ပြောရမှန်းလည်း မသိ။

'ကျေးဇူးပါပဲ ဆရာ၊ လောလောဆယ်တော့ ကျွန်တော့် စိတ်ထဲမှာ ရှိတဲ့အတိုင်း ရေးလိုက်တာပါ။ ဆရာပြောသလို ကျွန်တော် ကြိုးစားကြည့်ပါ့မယ် ဆရာ'

ဆရာက ပြုံးနေ၏။ ဆရာ့အပြုံးထဲတွင် ဝင်းလဲ့နေသော မျက်လုံးများမှာ အရောင်တောက်နေ၏။ ဆရာ့ကို နှုတ်ဆက်ပြီး လှေကားပေါ်က ဆင်းလာတော့ ကျွန်တော့်ကိုယ်သည် ပေါ့ပါးနေ၏။ ကျွန်တော့် ခြေထောက်တို့သည် မြေကြီးနှင့်မှ ထိရဲ့လားမသိ။ ဤခံစားမှုသည် ကျွန်တော့် အသွေးအသားတွင် ခွန်အားဖြစ်၏။ ကျွန်တော့် အနာဂတ်တွင် အလင်းရောင်ဖြစ်၏။

ကျွန်တော် စဉ်းစားကြည့်သည်။

မြတ်ထန်ဆိုသော စာရေးဆရာသည် ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်ဆိုတာ ဟုတ်မှဟုတ်ပါရဲ့လား။ ကျွန်တော် တွေ့ဖူးသော ယူနီဖောင်းချွတ်လူတန်းစားထဲတွင် ဆရာသည် အနူးညွတ်ဆုံးနှင့် အသိမ်မွေ့ဆုံး ဖြစ်လိမ့်မည်ထင်၏။ ဘာကြောင့်လဲ။ ဆရာရဲ့ ပင်ကိုယ်စိတ်ကြောင့်လား။ ရသကိုတန်ဖိုးထားတဲ့ စာရေးဆရာ နှလုံးသားကြောင့်လား။

သို့နှင့်အဆိုပါ ဝတ္ထုလေးကို တော်တော်နှင့် ပြန်မပြင်ဖြစ်။ ကိုးလဆယ်လကြာမှ ပြင်ဖြစ်သွားသည်။ ပြင်ပြီးတာနှင့် ချယ်ရီမဂ္ဂဇင်းတိုက်သို့ ပြေးပို့လိုက်၏။

၁၉၈၇ ခုနှစ် အောက်တိုဘာလထုတ် ချယ်ရီမဂ္ဂဇင်းတွင် 'အနိုင်အရှုံး နှလုံးသားပုစ္ဆာ' အမည်ဖြင့် ခံစားမှု ဝတ္ထုတိုကဏ္ဍ၌ ပါလာသည်။ ကာလအားဖြင့် နှစ် ၂၀ ကျော်ခဲ့ပါပြီ။ ထိုဝတ္ထုလေးကို ယနေ့ပြန်ဖတ်ကြည့်ရာ ကျွန်တော့်ရင်ထဲ ကျေနပ်နေဆဲ နှစ်သက်ဆဲ ဖြစ်ပါသည်။

ထိုစိတ် ထိုသံယောဇဉ်ကြောင့် ချယ်ရီကို စဉ်ဆက်မပြတ် ရေးခဲ့ရာ ယနေ့ကာလအထိ ဖြစ်ပါ၏။ ကျွန်တော် ခံယူကြည့်ပါသည်။ စာရေးဆရာ ကဗျာဆရာ တစ်ယောက်၏ အောင်မြင်မှု တစ်စိတ်တစ်ပိုင်းသည် အယ်ဒီတာကောင်းတို့ကို မဖြတ်ကျော်ဘဲနှင့် မရနိုင်ပါ။

ထိုအသိဖြင့် အယ်ဒီတာတို့၏ ကျေးဇူးကို အောက်မေ့မိလေတိုင်း ဆရာမြတ်ထန်ကို အထူးသတိရစမြဲ ဖြစ်၏။ လွမ်းဆွတ်မိစမြဲလည်း ဖြစ်ပါ၏။ ထိုအခါ ကျွန်တော့် နှလုံးသား ပန်းကုံးတစ်နေရာတွင် သီတွဲထားသော အလွမ်းရင့်ရောင် ချယ်ရီတစ်ပွင့်က တစ်စုံတစ်ရာ ပြောပြနေသလိုလည်း ခံစားလိုက်မိပါသည်။

တကယ်တော့ ကျွန်တော်နှင့် ဆရာမြတ်ထန်သည် ထိုတစ်ကြိမ်သာ တွေ့ဖူးခြင်းဖြစ်၏။ သည့်နောက် ဆရာကွယ်လွန်သည်အထိ မတွေ့မဆုံ ဖြစ်တော့။ တကယ်ဆို ဝတ္ထုလေး ပါလာစဉ်တုန်းက ဆရာ့ကို ဝင်တွေ့ခဲ့ဖို့ ကောင်း၏။ လူမှုဆက်ဆံရေး အတတ်ပညာတွင် ညံ့လွန်းသော ကျွန်တော့် အပြစ်ကိုသာ ယိုးမယ်ဖွဲ့ရုံမှအပ ဘာမျှ မတတ်နိုင်တော့ပါ။ သို့သော် ဆရာ့အကြောင်း မကြာခဏ သတိရလေတိုင်း ကျွန်တော့်ခေါင်းထဲသို့ မေးခွန်းနှစ်ခုကလည်း အလိုလို ရောက်လာစမြဲ ဖြစ်ပါသည်။

အယ်ဒီတာ ဆိုတာ ဘာလဲ။

အယ်ဒီတာကောင်း စိတ်ဓာတ် ဆိုတာ ဘာလဲ။

ချယ်ရီမဂ္ဂဇင်း၊
၂၀၀၈ ခု၊ ဩဂုတ်လ

❐

# အမှတ်တရ အဃ်ဒီတာ (၃)

[သို့မဟုတ်]

**ဆရာဦးလေးမြိုင်**

“ ငွေတာရီမဂ္ဂဇင်းသည်
ကျွန်တော့်အပေါ် ကျေးဇူးရှိခဲ့သည်ဆိုလျှင်
ဆရာဦးလေးမြိုင်နှင့်တကွ
အယ်ဒီတာအပေါင်းအား ကျေးဇူးတရားကို
ကျွန်တော် ဘယ်သောအခါမှ
မေ့ဖို့မသင့်သည်မှာလည်း
အမှန်တရားတစ်ခု ဖြစ်ပါသည်။
ထိုစိတ်နှင့် အတိတ်ကို စောင်းငဲ့၍
သတိသံဝေဂ ယူလိုက်မိသောအခါ
ဆရာဦးလေးမြိုင်နှင့် ကျွန်တော့်အကြား
သံယောဇဉ်တံတား ထိုးပေးခဲ့သည့်
ကဗျာတစ်ပုဒ်က
ကျေးဇူးသိ နှလုံးသားကို
တံခါးလာခေါက်နေပါတော့သည်။ ”

## အမှတ်တရ အယ်ဒီတာ (၃)

[သို့မဟုတ်]

## ဆရာဦးလေးမြိုင်

(၁)

အမှန်အတိုင်းဆိုရလျှင် ကျွန်တော်၏ အမှတ်တရ အယ်ဒီတာ စာစုကို ပထမဦးဆုံး ဆရာဦးလေးမြိုင်နှင့် စဖွင့်ဖို့ ဖြစ်ပါသည်။ ပြီးမှ ဆရာဦးတင့်တယ်၊ ဆရာမြတ်ထန်၊ ဆရာမြသန်းတင့် စသည်ဖြင့် ကျွန်တော် ဖြတ်သန်းမှု နံပါတ်စဉ်အတိုင်း ရေးသွားရန် ရည်ရွယ်ခဲ့ပါသည်။

သို့သော် စကားပြေ ရေးသားရာတွင် ထုံ့ပိုင်းထုံ့ပိုင်းနှင့် အင်မတန် လက်နှေးတတ်သော ကျွန်တော်သည် စိတ်ကသာ အခါခါရေး၏။ လက်က တကယ်မရေးဖြစ်ခဲ့ပါ။ ဤတွင် မထင်မှတ်ဘဲ ဆရာအောင်ပြည့်က ဖြုန်းဆို ဆုံးသွားသောအခါ ကျွန်တော် မရေးဘဲ မနေနိုင်တော့ပါ။ မူလ ကျွန်တော် ရေးမည့် အမှတ်တရ အယ်ဒီတာထဲတွင် ဆရာအောင်ပြည့်လည်း အပါအဝင် ဖြစ်နေသဖြင့် ရေးစရာတွေက အရေးပေါ် သွေးကြွလာပါသည်။

သို့ဖြင့် အမှတ်တရ အယ်ဒီတာ (၁) ကို ဆရာအောင်ပြည့်နှင့် စဖွင့်ခဲ့ပါသည်။

သည့်နောက် အမှတ်တရ အယ်ဒီတာ (၂) ကို ဆရာဦးလေးမြိုင် အကြောင်း ရေးဖြစ်အောင် ရေးမည်ဟု ကြုံးဝါးလိုက်မိပြန်ပါ၏။ လက်တွေ့

တွင် အက္ခရာစာမတင်ဖြစ်ခဲ့။ သည်တွင် ချယ်ရီဝိုင်းတော်သားများနှင့် စကားဝိုင်းဖွဲ့ဖြစ်ရာက ၂၀၀၈ ခု၊ ဩဂုတ်လတွင် ငွေရတုအကြို အထိမ်းအမှတ် ချယ်ရီထုတ်မည်ဖြစ်၍ ဆရာမြတ်ထန်အကြောင်း အမှတ်တရလေး ရေးပေးပါဆိုသဖြင့် ဆရာမြတ်ထန်သည် ကျွန်တော်၏ အမှတ်တရ အယ်ဒီတာ (၂) ဖြစ်သွား၏။

ယခု အမှတ်တရ အယ်ဒီတာ (၃) ကျမှ ဆရာဦးလေးမြိုင်အကြောင်း ခေါင်းတည်ရပါတော့သည်။ အမှန်ကတော့ ကျွန်တော်၏ စကားပြေအရေးအသား အားနည်းမှုကြောင့် ဆရာ့ပုံရိပ်ကိုပေါ်အောင် မဖော်နိုင်မှာကို စိုးရိမ်နေတာလည်း ပါပါသည်။ သည့်အတွက် တည်ငြိမ်ပြည့်ဝသည့် ဆရာက ဘာမှမပြောမည် မဟုတ်သော်လည်း ကျွန်တော့်စိတ်ထဲမှာတော့ ဆရာ့ကို အခါခါ တောင်းပန်နေမိသည်။

ခွင့်လွှတ်ပါ ဆရာ။

## (၂)

ကျွန်တော်၏ စာပေဘဝမှတ်တမ်းကို ရေးသားမည်ဆိုပါက ငွေတာရီမဂ္ဂဇင်းမပါလျှင် ပြည့်စုံမည် မဟုတ်ပါ။ ငွေတာရီမဂ္ဂဇင်းအကြောင်း ပြောလျှင်လည်း ဆရာဦးလေးမြိုင်ပါမှ ပြည့်စုံမည် ဖြစ်ပါသည်။

မှန်ပါသည်။ ကျွန်တော့်၏ စာပေဘဝကို ငွေတာရီမဂ္ဂဇင်းနှင့် စခဲ့သူဖြစ်၏။ တိတိကျကျ ဆိုရလျှင် ၁၉၇၃ ခုနှစ်၊ ဧပြီလထုတ် ငွေတာရီမဂ္ဂဇင်းပါ "နွေစေတနာ" ကဗျာဖြင့် စာပေလောကထဲ စတင်ခြေချခဲ့သူဖြစ်ပါသည်။ ထို့ထက်ပို၍ အမှတ်တရဆိုရလျှင် ကျွန်တော်၏ ပထမဦးဆုံး ပုံနှိပ်စာလုံးဝတ္ထုသည်လည်း ငွေတာရီမဂ္ဂဇင်း ဖြစ်၏။ ထို့အတူ ပထမဦးဆုံး ပုံနှိပ်စာလုံး စာပဒေသာ (ရသစာတမ်းငယ်) သည်လည်း ငွေတာရီမဂ္ဂဇင်းပဲ ဖြစ်ပါသည်။ ထိုစဉ်က ငွေတာရီနှင့် မြဝတီမဂ္ဂဇင်းကို ချုပ်ကိုင်ဦးဆောင်သူမှာ ဆရာမင်းယုဝေ ဖြစ်၏။ ဆရာ မင်းယုဝေ၏ စီစဉ်မှုဖြင့် ဆရာဦးလေးမြိုင်က ငွေတာရီမဂ္ဂဇင်းကို ဒုတိယပဲ့ကိုင်သူအဖြစ်

တာဝန်ယူရသည်။ ထို့ကြောင့် ငွေတာရီမဂ္ဂဇင်းသည် ဆရာဦးလေးမြိုင်၏ လက်ထွက်၊ ဆရာဦးလေးမြိုင်၏ ပုံရိပ်ဟု ပြောလို့ရပါ၏။

ကျွန်တော်ကလည်း ငွေတာရီမဂ္ဂဇင်းကိုပဲ ဖိရေးသည်။ ဘာရေးရေး ငွေတာရီမဂ္ဂဇင်းကိုပဲ ဦးစားပေးပို့သည်။ ငွေတာရီ မဂ္ဂဇင်းက ပယ်မှ တခြားမဂ္ဂဇင်းသို့ ဆက်ပို့သည်။ ပြင်တန်တာ ပြင်သည်။ ဖြတ်တန်တာ ဖြတ်သည်။ ထိုစဉ်က ငွေတာရီမဂ္ဂဇင်း၏ စာပေဟန်၊ စာပေပုံသဏ္ဌာန်ကို ဆရာတင်သလို ရှုမဝမဂ္ဂဇင်း၏ ရသဟာန်နှင့် ဒဿန အတွေးကို အလေး ထားသည်။ ဆိုရလျှင် ငွေတာရီနှင့် ရှုမဝမဂ္ဂဇင်းကို ခေါင်းအုံးအိပ်ခဲ့သူ ပါတည်း။

ထိုစဉ် ကျွန်တော့်တွင် လက်ကိုင်ပြုစရာ ကျမ်းကြီးကျမ်းငယ် ဟူ၍ ဘာမျှမရှိပါ။ ဝယ်လည်း မဝယ်နိုင်ပါ။ ဖတ်လည်း မဖတ်နိုင်ပါ။ ကျွန်တော် နှလုံးပိုက်သည်မှာ ငွေတာရီမှာ ပါချင်လျှင် ငွေတာရီကို နာနာဖတ်။ ရှုမဝမှာ ရေးချင်လျှင် ရှုမဝကို များများဖတ်။ ထိုဖွဲဖြင့် ကျွန်တော့်စိတ်ကို ကျွန်တော် ထွန်ယက်ခဲ့သည်။ တောင်တွေ ကျော်ခဲ့သည်။ မြစ်တွေ ဆန်ခဲ့ သည်။ ကြယ်တွေကိုပါ ရေတွက်ခဲ့သည်။

သည်လိုနှင့် ကျွန်တော်နှင့် ဆရာဦးလေးမြိုင်သည်။

(၃)

မှတ်မှတ်ရရ။ ၁၉၈၃ ခုနှစ်၊ ဧပြီလ။

တစ်နေ့တွင် ကျွန်တော်က ထုံးစံအတိုင်း ငွေတာရီ မဂ္ဂဇင်းအတွက် ဆရာကြဲခင်းစိုးလွင်ထံ ကဗျာတွေ သွားပို့သည်။ ဤတွင် ဆရာကြဲခင်း စိုးလွင်နှင့် တစ်ခန်းတည်းထိုင်သော အယ်ဒီတာပေါက်စ ရေနံ့မြေ မောင်မောင်ကြည်က ကျွန်တော့်ကို ထူးဆန်းစွာ စကားတစ်ခွန်း ခေါ်ပြော သည်။

"ကိုမြင့်သူ ခင်ဗျားကို ဆရာဦးလေးမြိုင်က တွေ့ချင်လို့တဲ့ဗျာ။ ခင်ဗျားလာရင် သူ့ဆီလွှတ်ပေးပါတဲ့"

ကျွန်တော့်ရင်ထဲ ဖိုခနဲဖြစ်သွားသည်။ အထူးအဆန်းပါလား။ ဆရာက ဘာလို့ တွေ့ချင်တာပါလိမ့်။ ဘာအကြောင်းပါလိမ့်။ ကျွန်တော် စဉ်းစားမရ။ ကျွန်တော့်စိတ်ထဲ ဝမ်းသာမှုနှင့်အတူ လေးစားကြောက်ရွံ့တာလည်း ပါသည်။

အဘာယ်ကြောင့်ဆိုသော် ဆရာ့ဟန်ပန်က တည်ငြိမ်သည်။ ရင့်ကျက်သည်။ စကားနည်းသည်။ အပြုံးအရယ် ပါးလျားသည်။ ဣန္ဒြေကြီးသည်။ လူဟန်မပေါက်၊ ဘုန်းကြီးဟန်ပေါက်နေသည်။ ဝါတော်လေးငါးဆယ်ရ ပုဂ္ဂိုလ်ကြီးလိုပင်။ ဒီကြားထဲ အသားဖြူဖြူ၊ အရပ်ရှည်ရှည်၊ ရှပ်ရည်ခန့်ခန့်တွင် လည်ကတုံး ရှပ်အင်္ကျီအဖြူနှင့် ပင်နီတိုက်ပုံကို အမြဲဝတ်ဆင်ထားပြီး ဆံပင်ကို ပြောင်နေအောင် လှန်ဖြီးကာ ဆေးပြင်းလိပ်တိုကို အမြဲခဲထားသည့်ဆရာ။ အပြင်ဟန်ပန်ကြောင့် ဆရာ့ကို စကားပြောဖို့ ရွံ့နေတာလည်း ဖြစ်ပါလိမ့်မည်။

ကျွန်တော် အရဲကိုးကာ ဆရာ့အခန်းထဲသို့ ဝင်လိုက်သည်။ ဆရာ့ရှေ့မှာ ရိုကျိုးစွာ မတ်တတ်ရပ်ရင်း ဆရာ့ကို နှုတ်ဆက်လိုက်ပါသည်။ ဆရာက ကျွန်တော့်ကို ပြုံးယောင်ယောင် တစ်ချက်ကြည့်ကာ…

"ဩော်… မောင်မြင့်သူ ထိုင်ကွယ်၊ ထိုင်ပါ" ဟု ဆရာ ခွင့်ပြုတော့မှ သင့်လျော်ရာထိုင်ခုံတွင် ကျွန်တော် ဝင်ထိုင်သည်။ ကျွန်တော် ဘာမှ စကားဦးမသန်းမိပါ။ ဆရာ ဘာပြောမလဲ ဆိုတာကိုသာ ငံ့လင့်နေမိပါသည်။ ဆရာက အသင့်သိမ်းထားဟန်ရှိသော စာရွက်တစ်ရွက်ကို ဖိုင်ကြားက ဆွဲထုတ်လိုက်ပါသည်။ သေသေချာချာ ကြည့်လိုက်တော့ ကျွန်တော် ပို့ထားသည့် ကဗျာစာရွက်။ ကျွန်တော့်ကဗျာ။

ပြီးမှ သူ့နှုတ်ခမ်းဝက ဆေးပြင်းလိပ်တိုတိုကို ခဏအနားပေးကာ ချိုသာပျူငှာစွာ စကားဆိုသည်။

"ဒီလိုကွဲ့ မောင်မြင့်သူရဲ့။ မောင်မြင့်သူကို ခေါ်တာ တခြား မဟုတ်ပါဘူး။ ဟောဒီ "အလှရှာသူသို့" ကဗျာလေးကို ဆရာ သေသေချာချာ ဖတ်ပြီးပြီ။ အတွေးလေးက ကောင်းတယ်။ ဒါပေမဲ့ ဒီအတွေးကို

ရောက်အောင် ရေးဖွဲ့တဲ့နေရာမှာ ကဗျာအောက်ဆုံး အပိုဒ်လေးက နည်းနည်း အားနည်းနေတယ်။ မောင်မြင့်သူ စိတ်လောနေလို့ ဖြစ်လိမ့်မယ်။ အေးအေး ဆေးဆေး ပြန်ရေးရင် အလှလေးတစ်ခု ဖြစ်လာမှာပါ။ ဆရာ့အနေနဲ့ ဒီ အတွေးလေးကို ပယ်ပစ်လိုက်ရမှာ နှမြောလို့ပါ"

ဆရာက သာယာညင်းပျောင်းစွာ ရှင်းပြရင်း ကျွန်တော့် ကဗျာ စာရွက်လေးကို လေးလေးစားစား ပြန်ပေးပါသည်။ ကျွန်တော်သည် ပညာ ဉာဏ်ကြီးသူတို့၏ စိတ်ထားနှင့် လေးနက်သိမ်မွေ့သော နှလုံးသား အရိပ် အောက်တွင် ကျွန်တော့် ကိုယ်စိတ်နှလုံးတို့သည် ပကတိ ဝါဂွမ်းစလေးနှယ် ဖြူစင်နူးညံ့စွာ ပေါ့ပါးသွားသလို ခံစားလိုက်ရ၏။ ကဗျာလေးတစ်ပုဒ် အပေါ် အလေးထားသော အယ်ဒီတာကောင်း တစ်ယောက်၏ အနှိုင်းမဲ့ တန်ဖိုးကို စိတ်နှင့် ရှိခိုးရင်း ဆရာ့ကို ပြုံးပြပြီး နှုတ်ဆက်လိုက်မိပါ၏။ ဘယ်လောက် လေးစားစရာ ကောင်းသလဲ။

(၄)

နှစ်လခန့်ကြာမှ ကဗျာကို ပြင်လို့ ပြီးသွားသည်။ ပြီးသည်နှင့် ငွေတာရီမဂ္ဂဇင်းသို့ ပြန်ပို့လိုက်၏။ မှတ်မှတ်ရရပါပဲ။ ၁၉၈၃ ခု၊ အောက်တိုဘာလထုတ် ငွေတာရီမဂ္ဂဇင်း ထွက်လာသောအခါ ကျွန်တော့် ကဗျာ ပါလာသည်။ ရိုးရိုးအဖွင့် ကဗျာအဖြစ် ပါလာခြင်း မဟုတ်ဘဲ စာအုပ် ဖွင့်လျှင်ဖွင့်ချင်း နံပါတ်တစ် စာမျက်နှာတွင် လေးရောင်ခြယ် ပန်းချီကားဖြင့် ခန့်ခန့်ညားညား ကြွားကြွားဝင့်ဝင့် ပါလာခြင်း ဖြစ်ပါသည်။ ထိုခေတ် ထိုအခါက ငွေတာရီမဂ္ဂဇင်းတွင် ထိုသို့ ကဗျာပါရခြင်းမျိုးသည် ကဗျာဆရာအတွက် ထူးခြားသော ဂုဏ်တစ်ခုဖြစ်ပါသည်။ ပါရခဲဘိခြင်း။

ဤသည်က အစပြု၍ ကျွန်တော်နှင့် ဆရာဦးလေးမြိုင်အကြား အမှတ်ထင်ထင်ကလေးများသည် တစ်ခုပြီးတစ်ခု ဖြစ်ခဲ့ရပါ၏။ ကျွန်တော့် သူငယ်ချင်းအညာသား စာစီဆရာ ကိုထိန်ဝင်းကို အကြောင်းပြု၍ ဆရာ့ အိမ်ဝင်ထွက်ရင်း ဆရာနှင့်လည်း ပိုပြီး ရင်းနှီးခွင့်ရခဲ့ပါ၏။ ဆရာနှင့်

ရင်းနှီးခွင့်ရလေလေ ဆရာ့ အယ်ဒီတာနှလုံးသားကိုလည်း ပို၍ သိခွင့်ရလေလေ ဖြစ်ပါသည်။

တစ်ခါသော် ကျွန်တော့် သူငယ်ချင်းကြည်ခန့်၏ ဝတ္ထုလေးကို ဆရာ ဘာလို့ ပယ်လိုက်ရကြောင်း ခေါ်ယူရှင်းပြပုံမှာလည်း လေးစားအတုယူစရာ ကောင်းသလို တန်ဖိုးမဖြတ်နိုင်သော အသိတစ်ခု ရခဲ့လို့ ဖြစ်ပါသည်။

ဆရာက ရှင်းပြပါသည်။

"ကိုကြည်ခန့် ဝတ္ထုလေးက အရေးအဖွဲ့ရော၊ အချိတ်အဆက် အလှည့်အပတ်လေးပါ ဘာမှပြောစရာ မရှိပါဘူး။ ဝတ္ထုတိုတစ်ပုဒ်အနေနဲ့ သာမန်သုံးမယ်ဆိုရင် သုံးနိုင်တဲ့ ဝတ္ထုလေးပါ။ အေး··· ဒါပေမဲ့ ဝတ္ထုအတတ်ပညာအရ ဝတ္ထုမြောက်အောင် ဖန်တီးထားတဲ့ လှည့်ကွက်လေးက အဲဒီခေတ်ရဲ့ စာဖတ်သူ လူတန်းစားတစ်ရပ်ကို မသိမသာ အတုခိုးမှားအောင် သင်ပေးလိုက်သလို ဖြစ်သွားစေတဲ့ အတွေးက ကြောက်စရာကောင်းတာပဲ ကိုကြည်ခန့်ရဲ့။ ဒါကြောင့် တို့စာရေးဆရာနဲ့ အယ်ဒီတာဆိုတာ အဲဒီစာကဗျာအပေါ်က တဒင်္ဂရတဲ့ ရသလောက်နဲ့တင် မဆုံးဖြတ်ဘဲ ရေရှည်အကျိုးအပြစ်ကိုပါ ကြိုမြင်ပြီး စိစစ်ဆုံးဖြတ်သင့်တယ်"

ဆရာ ခုလို ပြောလိုက်တော့မှတော့ပင် စာရေးသူတို့၏ ဆောင်ရန်ရှောင်ရန်များနှင့် အယ်ဒီတာတို့၏ ဆင်ခြင်တိုင်းထွာ ဉာဏ်အရှည်အလျားကို သဘောပေါက်မိပါတော့သည်။

ဆရာသည် ငွေတာရီမဂ္ဂဇင်းမှ အခါသင့်၍ အနားယူသွားသော်ငြား အခြားသော ဓမ္မစာစောင်နှစ်ခုတွင် စီစဉ်လမ်းညွှန်ရင်း စာပေအမှုကို စွမ်းသမျှ ပြုနေသူ ဖြစ်ပါသည်။

ဘဝပေး အခြေအနေတွေအရ ကိုယ်စီလှုပ်ရှားရင်း ဆရာနှင့် မကြာခဏ မတွေ့ဆုံဖြစ်တော့သော်လည်း ဆရာ့စိတ်ထား နှလုံးသားနှင့် ဆရာ့စကားတို့ကို စံနမူနာအဖြစ် လေ့ကျင့်အတုယူရင်း စာပေလောကထဲ တိုးဝင်နေဆဲ ဖြစ်ပါသည်။

ခရမ်းပြာ

ဆရာဦးလေးမြိုင်နှင့် ပတ်သက်၍ ကျွန်တော့်အပေါ် အလေးဂရုပြုခဲ့သည့် အမှတ်တရလေးများကလည်း မမေ့နိုင်အောင် ရှိခဲ့ပါသည်။

မှတ်မှတ်ရရ။ မြဝတီစာပေတိုက်မှ မူးယစ်ဆေးဝါး ပညာပေး အထူးစာအုပ် ထုတ်ဝေစဉ်က ဖြစ်ပါသည်။ ဆရာနှင့် ကျွန်တော်သည် မထင်မှတ်ဘဲ ၃၂ လမ်းထိပ်နှင့် အနော်ရထာလမ်းထောင့်က လက်ဖက်ရည်ဆိုင်တွင် ခေတ္တတွေ့လိုက်ရခြင်း ဖြစ်သည်။ တကယ်တော့ ဆရာ လက်ဖက်ရည်ဆိုင် ထိုင်ခဲပါသည်။ တိုက်တိုက်ဆိုင်ဆိုင် တွေ့ရခြင်းပါ။ ကျွန်တော်က ဆိုင်ထဲဝင်၍အထိုင်၊ ဆရာက စားပွဲမှထအလာ ကြုံရတာ ဖြစ်ပါသည်။ ကျွန်တော့်ကို တွေ့သည်နှင့်…

"မောင်မြင့်သူရေ… ဆရာတို့ မူးယစ်ဆေးဝါး ပညာပေး အထိမ်းအမှတ် စာအုပ်ထုတ်မယ်။ မင်းဆီက ဝတ္ထုတစ်ပုဒ်ကို လိုချင်တယ်။ တစ်လလောက်တော့ အချိန်ရသေးတယ်။ မင်း လုပ်နိုင်ပါတယ်ကွာ။ လုပ်ကြည့်လိုက်ပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျေးဇူးပါ"

ဆရာက ကျွန်တော့်ကို ပြုံးကြည့်ပြီး ဆိုင်ထဲက ထွက်သွားပါသည်။ ကျွန်တော်လည်း ကြိုးစားရေးလိုက်ပါသည်။

"အမိုက်လွယ်၍ အရှိုက်ကြွယ်ရခြင်း" ဟူ၍ ထိုစာအုပ် ထွက်လာသောအခါ "မည်သူမှားသနည်း"ခေါင်းစဉ်ဖြင့် ကျွန်တော့် ဝတ္ထုကို ပန်းချီဇော်မင်းက ရုပ်ပြဆွဲထားပါသည်။ ကျွန်တော့် စကားပြေကို အပြည့်နီးပါး သရုပ်ဖော်ထားပါသည်။ ပြီးတော့ မာတိကာတွင် ကျွန်တော့်အပေါ်က သူရဇော်၊ ကျွန်တော့်အောက်က မောင်သက်ကြူ ဖြစ်နေပါသည်။

ထိုမာတိကာကို ကဗျာဆရာ မောင်ရည်မှန်းက ကြည့်ပြီး "ကိုမြေလတ်တို့ ကံကောင်းပုံများ၊ အပေါ်အောက် အမျိုးသားစာပေဆုတွေ ရံထားပုံအရ ကြိုတင်နိမိတ် ပြနေပြီပဲဗျ" ဟု ကျွန်တော့်အား အမျိုးသားစာပေဆု ရစေချင်သော စိတ်ဖြင့် ထောမနာပြုပါသည်။ ထိုစာမူခကလည်း ဘဏ်တွင် ချက်ဖြင့် သွားထုတ်ရသော အမှတ်တရ စာမူခ ဖြစ်ပါသည်။

နောက်တစ်ခါ ဆရာ့အိမ်သို့ ကိစ္စတစ်ခုနှင့် ရောက်သွားတော့ စာအုပ်တစ်အုပ် ထုတ်မယ်ဆိုပြီး ခမ္ဘရုံသီလေးငါးအုပ်ပေးလိုက်ပါသည်။ ထိုစာအုပ် မျက်နှာဖုံးတွေကို ခံစားပြီး ကဗျာရေးပေးရန် ဖြစ်သည်။ ကျွန်တော်လည်း အလုပ်များသည့်ကြားက ကဗျာနှစ်ပုဒ်ရေးပြီး သွားပို့တော့ ဆရာက လေးလေးစားစား ခရီးဦးကြိုပြုကာ စာမူခနှစ်ပုဒ်စာ ချက်ချင်းပေးလိုက်ပါသည်။ ဆရာ့အမူအရာမှာ "ငါတင်ပေးလိုက်တဲ့ တပည့်" ဟူသော အမူအရာမျိုးမဟုတ်ဘဲ တကယ် နှစ်နှစ်ကာကာ လေးစားသည့် ခေတ်ပြိုင်စာရေးဆရာတစ်ဦးအပေါ် ဆက်ဆံသည့် ကျိုးနွံပုံမျိုး ဖြစ်ပါသည်။ ယဉ်ကျေးပုံမျိုး ဖြစ်ပါသည်။ ကျွန်တော်ပင် နေရထိုင်ရ ခက်လှပါသည်။ မှတ်မှတ်ရရ ထိုအမူအရာ အယဉ်အကျေးမျိုးကို ဆရာမောင်ဆုရှင်ထံမှာလည်း တွေ့ရဖူးပါသည်။ ပညာကြီးသူတို့၏ အနှစ်ပြည့်စပါးနှံ့ အမူအရာကား လေးစားဖွယ်၊ အတုယူဖွယ် ကောင်းပါဘိ။

"မျက်လုံးအဖွင့်" ဟူသော ဆရာစီစဉ်သည့် စာအုပ်ထွက်လာသောအခါ အံ့သြဝမ်းသာမှုနှင့်အတူ နောက်ထပ် ထူးခြားမှု တစ်ခုကိုပါ တွေ့မြင်လိုက်ရပါသည်။ မာတိကာတွင် ကဗျာဆရာများကို နေရာထားရာ၌ ဆရာဇော်ဂျီ၏ အောက်တွင် ကျွန်တော့်နာမည်ကိုထား၍ ကျွန်တော့်ထက် ဝါရင့်သော၊ ရှေ့ကျသော ကဗျာဆရာများကို ကျွန်တော့်အောက်မှ တန်းစီထားတာ တွေ့လိုက်ရလို့ ဖြစ်ပါသည်။ သတိကြီးသော အယ်ဒီတာတို့သည် မာတိကာတွင် စာရေးဆရာတို့၏ အမည်များကို အကြောင်းမဲ့ ထားချင်သလို ထားလေ့မရှိပါချေ။

(၅)

လောကကြီးက အဆန်းတကြယ်။ အဖြစ်အပျက်တွေက အံ့သြဖွယ်ရာ။ မမြဲခြင်းတွေသာ မြဲနေသော လောကဓံပါ။ ဘဝဆိုတာ တစ်ခဏဟု သမုတ်လျှင် ရှည်လျားသော သံသရာဆိုတာလည်း တိုတိုလေးပါပဲ။ သို့ဆိုပါလျှင် စာပေလောကဆိုသော သမုဒ္ဒရာကရော ဘယ်လောက်

ကျယ်လို့လဲ။ တကယ် တွေးကြည့်လျှင် လက်ဖဝါးပေါ်တင်ကြည့်တဲ့ ရေတစ်ပေါက်မျှသာသာ။

အရေးကြီးသည်က ကိုယ့်အလှည့်မှာ ကိုယ်အနေတတ်ဖို့ပဲ လိုပါသည်။ ယခုလတ်တလော အခြေအနေအရ ကျွန်တော်ကိုယ်တိုင် အယ်ဒီတာ ဖြစ်နေပြန်ပြီ။ ကိုယ်တိုင်စာရေးတဲ့ အယ်ဒီတာဘဝတွင် ဘာတွေ ပြုပြင်သင့်သလဲ။ ဘာတွေ ဆင်ခြင်သင့်သလဲ။ အတော် သတိထားရပါသည်။

အထူးသဖြင့်တော့ ကိုယ်တိုင် ကဗျာဆရာ ဖြစ်ပါလျက် ကျွန်တော့် ကဗျာကို သုံးမှာပါဟု အိတ်ကပ်ထဲ လွယ်လွယ်ထည့်ထားပြီး နှစ်နှစ်ကျော် ကြာသည်အထိ ကဗျာကိုမသုံးဘဲ မေ့ချင်ယောင် ဆောင်နေသော အယ်ဒီတာ မျိုး မဖြစ်အောင် ရှောင်ကြဉ်ရမှာ ဖြစ်ပါသည်။

ထို့အတူ ကျွန်တော့် အက်ဆေးတစ်ပုဒ်ကိုလည်း “ဆရာတို့ကို ပယ်လို့ ဖြစ်မလားဗျာ။ သုံးပေးမှာပါ” ဆိုပြီး မဂ္ဂဇင်း ၁၀ အုပ်မပြည့်ခင် ရပ်နားသွားသည်ထိ စာမူကပါမလာ။ လူက နောက်မဂ္ဂဇင်း ပြောင်းနေချိန် အထိ ထိုစာမူကို ထားခဲ့ရသည်ဟုလည်း မပြော။ လက်ရှိ မဂ္ဂဇင်းမှာ ဆက်သုံးဖို့ ယူလာတယ်ဟုလည်း မဆို။ လူတွေ့လျှင် ဘာမှမဆိုင်သလို အိုက်တင်မျိုးနှင့် သူ့ကိုယ်သူ ဂျာနယ်ကျော် ဦးချစ်မောင်လောက်နီးနီး အထင် ရောက်နေရှာပုံရသော အယ်ဒီတာမျိုး မဖြစ်အောင်လည်း ဆင်ခြင်ရမှာ ဖြစ်ပါသည်။

အယ်ဒီတာ ကတိမတည်မှုသည် စာမူအကြိမ်တစ်ရာလောက် အပယ် ခံရတာထက် အခံရခက်ပါသည်။

သို့ကလို တောင်တောင်အီအီ အယ်ဒီတာမျိုးတွေနှင့် ကြုံရသော အခါ ကျွန်တော်တို့ငယ်စဉ်က စာရေးသက်နုစဉ်က ကျွန်တော်တို့အပေါ် နားလည်မှုအပြည့်ဖြင့် ဖေးမခဲ့သော လမ်းပြခဲ့သော လက်တွဲခေါ်ခဲ့သော ကျွန်တော်တို့ရှေ့က အယ်ဒီတာ ဆရာသမားတို့၏ စိတ်ထားနှလုံးသားကို ပို၍ လေးစားကြည်ညိုမိပါသည်။ တစ်ဆက်တည်းမှာပင် ကျွန်တော့် အယ်ဒီတာ စားပွဲပေါ်တွင် ရောက်ရှိလာသော စာမူရှင်များကိုလည်း

ကျွန်တော့်ဆရာ အယ်ဒီတာကြီးများလို နှလုံးသားမျိုးဖြင့် အလေးပေး ဆက်ဆံဖြစ်အောင် ကြိုးစားလေ့ကျင့်ရပါဦးမည်။

ဤသည်မှာ အယ်ဒီတာကောင်း ဆရာသမားတို့ထံက အမှတ်မထင် ကျွန်တော် ဆက်ခံရရှိလိုက်သော ကောင်းမွေလက္ခဏာ ဖြစ်ပါသည်။ ပညာဉာဏ်ကြီးသူတို့ထံက ကောင်းမွေကို ဆက်ခံတတ်ဖို့ ဆိုသည်မှာ ပညာ၏တန်ဖိုးကို ဆင်ခြင်ဉာဏ် ချဲ့ထွင်လိုသော နှလုံးသားပိုင်ရှင်မျိုးနှင့်သာ ထိုက်တန်သည်ဟု ကျွန်တော် ယူဆပါသည်။ ဤသည်မှာ ကျွန်တော်ပြလို သော နိမိတ်ပုံလည်း ဖြစ်ပါသည်။ ကျွန်တော် ပေးလိုသော ဒဿနလည်း ဖြစ်ပါသည်။

ဤအံတွေးနှင့်အတူ ငွေတာရီမဂ္ဂဇင်းသည် ကျွန်တော့်အပေါ် ကျေးဇူး ရှိခဲ့သည်ဆိုလျှင် ဆရာဦးလေးမြိုင်နှင့်တကွ အယ်ဒီတာအပေါင်း၏ ကျေးဇူး တရားကို ကျွန်တော် ဘယ်သောအခါမှ မေ့ဖို့မသင့်သည်မှာလည်း အမှန် တရားတစ်ခု ဖြစ်ပါသည်။

ထိုစိတ်နှင့် အတိတ်ကို စောင်းငဲ့၍ သတိသံဝေဂ ယူလိုက်မိသော အခါ ဆရာဦးလေးမြိုင်နှင့် ကျွန်တော့်အကြား သံယောဇဉ်တံတား ထိုးပေး ခဲ့သည့် ကဗျာတစ်ပုဒ်က ကျေးဇူးသိ နှလုံးသားကို တံခါးလာခေါက် နေပါတော့သည်။

**Family မဂ္ဂဇင်း**

❐

# ဝေးဝေးက ငေးခဲ့ရသော တောင်တန်း

[ သို့မဟုတ် ]

**ဆရာမောင်ဆုရှင်**

“ တချို့သော ပုဂ္ဂိုလ်များဟာ
တာဝန်တွေ မတရားပိနေတဲ့အတွက်
အလိုလို စိတ်တွေတိုနေတတ်ကြတယ်။
သူတို့မျက်နှာကြည့်ရင်လည်း
မသက်မသာ နဖူးကြောကြီးတွေ ရှုံ့ပြီး
လက်အောက်ငယ်သားကိုပဲ
ဖိဟောက်နေတတ်တယ်။
ဆရာဦးမျိုးသန့်ကတော့
ဒီလိုမျိုး မဟုတ်ဘူး။ ”

## ဝေးဝေးက ငေးခဲ့ရသော တောင်တန်း

[သို့မဟုတ်]

## ဆရာမောင်ဆုရှင်

မြန်မာစကား၌ သေသောသူ ကြာလျှင်မေ့ဟု ဆိုလေ့ရှိသလို သေသူကို ရှင်သူကတာဟုလည်း ဆိုကြပါသေးသည်။ ကာလများစွာ ကွယ်လွန်သွားတာ ကြာပြီဖြစ်သည့်တိုင် မကြာခဏ မဟုတ်လျှင်သော်မှ အခါအားလျော်စွာ တိုက်ဆိုင်လာတိုင်း သတိတရ လွမ်းဆွတ်မိရသူတွေလည်း ရှိတတ်ကြစမြဲ ဖြစ်ပါသည်။

ကျွန်တော့်ဘဝတွင် အဲသည်လို တိုက်ဆိုင်မှုတွေနှင့် သတိရလွမ်းဆွတ်တသမိသူတွေထဲမှာ ဆရာမောင်ဆုရှင်လည်း အပါအဝင် ဖြစ်ပါသည်။ တစ်ခုတော့ ရှိပါသည်။ သတိရလို့ လွမ်းဆွတ်သည်ပဲဖြစ်စေ၊ လွမ်းဆွတ်မိလို့ သတိရသည်ပဲဖြစ်စေ အကြောင်းမဲ့ တိုက်ဆိုင်မှုချည်း သက်သက်ကြောင့်တော့ဖြင့် မဟုတ်တန်ရာပါ။

သေချာသည်မှာ လွမ်းလောက်စရာရှိသော အကြောင်းကောင်းတွေကို အရင်းခံပါမှ သတိရခြင်း အကျိုးကလည်း တန်ဖိုးရှိမည်သာ ဖြစ်ပါသည်။

ဆရာ့နာမည်ကို ကြားဖူးစက ကျွန်တော့်အရွယ်သည် အလယ်တန်းကျောင်းသားအရွယ်မျှသာ ရှိမည်ဟု ထင်ပါသည်။ ဆရာ့ရဲ့ မြတ်ဘုရား

ရွှေတိဂုံစာအုပ် ထွက်ရှိချိန်မှာ ကျွန်တော့်အရွယ် ရောက်စပြုပြီး၊ စာရှူး ပေရှူး ဘဝနှင့် မြန်မာ့လျှပ်စစ်လုပ်ငန်းတွင် အလုပ်ဝင်နေပြီ။

မြတ်ဘုရား ရွှေတိဂုံနှင့် ပတ်သက်၍ ဆရာ့ကို ကျွန်တော် ကျေးဇူး တင်တာ တစ်ခုရှိပါသည်။ တခြား မဟုတ်ပါ။ "လေးဆူဓာတ်ပုံ ရွှေတိဂုံ" ဟူသောစကားနှင့် ပတ်သက်ပြီး ကျွန်တော့်တွင် လွဲမှားစွာ အတွေးခေါင်ခဲ့ ကြောင်ခဲ့ဖူးလို့ ဖြစ်ပါသည်။ လေးဆူဓာတ်ပုံ ဆိုသော ဝေါဟာရကို ကျွန်တော်က "ဓာတ်ပုံလေးပုံနှင့် ရွှေတိဂုံ" ဟု ကျွန်တော့်ဘာသာ အဓိပ္ပာယ်ဖွင့်၍ ကြောင်တိကြောင်တောင် အတွေးခေါင်ခဲ့မိလို့ ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော် နားလည်မိသော ဓာတ်ပုံမှာ (photograph) တစ်ခု တည်း ဖြစ်ပါသည်။ မိမိအတွေးကြောင်ပုံကို အဓိပ္ပာယ်တော့ သိပ်မရှိဘူးလို့ ထင်မိပေမယ့် ရှက်တာနှင့် ဘယ်သူ့ကိုမှ ဖွင့်မပြောခဲ့သလို ဘယ်သူ့ကို မှလည်း မမေးမိခဲ့ပါ။

ဆရာ၏ မြတ်ဘုရား ရွှေတိဂုံထဲတွင် "ဤဘဒ္ဒကမ္ဘာ၌ ပွင့်ခဲ့ ပြီးသော ဘုရားလေးဆူတို့၏ ဝတ္ထုပစ္စည်းများနှင့် ဆံတော်ဓာတ်တို့ ကိန်း အောင်းရာ ဖြစ်သောကြောင့် လေးဆူဓာတ်ပုံ ရွှေတိဂုံဟူ၍ ခေါ်ဝေါ်ကြခြင်း ဖြစ်သည်" ဟု ဖတ်လိုက်ရတော့မှ ကျွန်တော် ကြောင်ကွက်များ ရှင်းသွား ပါတော့သည်။

* * *

ဆရာ့ရုပ်ရည်က တစ်ခါမြင်ဖူးရုံနှင့် ဘယ်တော့မှ မမေ့နိုင်သည့် ရှားရှားပါးပါး ရုပ်ရည်မျိုး ဖြစ်သည်။ ကျွန်တော် အလုပ်လုပ်ရာ ဌာနက လည်း ဆရာရုံးထိုင်ရာ စာပေဗိမာန်နှင့် မလှမ်းမကမ်းမှာမို့ စာစောင်တွေ ထဲတွင် တွေ့ဖူးသော ဆရာ့ရုပ်ပုံကို ဖြတ်သွားဖြတ်လာ မကြာခဏတော့ တွေ့ဖူးပါသည်။ မျက်လုံး၊ မျက်ခုံး၊ အရပ်အမောင်းနှင့် ကိုယ်နေကိုယ်ဟန် သည် မြန်မာဝတ်စုံ ဝတ်ထားသော အင်္ဂလိပ်ဇာတ်လိုက် မင်းသားနှင့်ပင် တူသည်ဟု ဆိုချင်သည်။ သည့်အထဲ အမြဲတမ်း သန့်စင်အေးမြသော

အပြုံးငွေ့ငွေ့ သန်းထားပုံက ဆရာ့ရှိရင်းစွဲ ဣန္ဒြေကို ပိုခန့်စေသည်။ အက်ဆေးဆရာ မောင်ရင့်မာ စကားငှားပြောရလျှင် ထိုစဉ်က ဆရာသည် ကျွန်တော် ဝေးဝေးက လှမ်းငေးခဲ့ရသော တောင်တန်းတစ်ခုဟု ဆိုသော် လွန်အံ့မထင်ပါ။

အဲသည်လိုနှင့် ဌာနဆိုင်ရာမှာ အလုပ်လုပ်ရင်း ကျွန်တော် ဆယ်တန်း အောင်သည်။ လုပ်သားကောလိပ် တက်ရင်း စာပေပိုးက နှစ်ဆတိုးပြီး ရှပိုးထိုးသဖြင့် ကဗျာလေး၊ စာလေး တစ်ထွာတစ်ညို ရေးရင်း ငွေတာရီ မဂ္ဂဇင်း ကျေးဇူးကြောင့် စာပေလောကသို့ ရောက်ခဲ့သည်။ ငွေတာရီမှစကာ၊ မြဝတီ၊ တို့ကျောင်းသား၊ တေဇ၊ ရွှေသွေး၊ ရှုမဝ၊ သပြေ၊ သွေးသောက်၊ စန္ဒာ စသည်ဖြင့် ကျွန်တော့် ကဗျာဝတ္ထု ဆောင်းပါးလေးများ စဉ်ဆက် မပြတ် ပါလာခဲ့ပါသည်။ သို့ဖြင့် စာပေလောကရောက်လို့ ၁၅ နှစ်အကြာ ၁၉၈၇ ခုနှစ်တွင် ဆရာရှုမဝ မောင်ဆွေတင့် ကျေးဇူးဖြင့် "ကြက်တောင် စည်းနဲ့ မစံပယ်" ကလေးကဗျာ စာအုပ်လေး ထုတ်ဖြစ်သည်။ ထိုစာအုပ် ကလေးကြောင့် ကျွန်တော် ဆရာနှင့် ပထမဆုံးအကြိမ် တွေ့ဖူး၊ ဆုံဖူး၊ စကားပြောဖူးခြင်း ဖြစ်ပါသည်။

ကြက်တောင်စည်းနဲ့ မစံပယ် ကလေးကဗျာ စာအုပ်ဖြင့် ကျွန်တော့် အမျိုးသား စာပေဆုရသောအခါ စာပေဗိမာန်သို့ သတင်းသွားပို့ရပါသည်။ မောင်နှမလို ရင်းနှီးသည့် စာရေးဆရာမ ချိုမြနွယ်တို့ စီမံဌာနကို ရောက် တော့ ဆရာမချိုမြနွယ်က ဆရာ့ကိုလည်း သွားနှုတ်ဆက်လိုက်ဦးဆိုပြီး ဆရာ့အခန်းသို့ လိုက်ပို့ပါသည်။ ဆရာ့ကို အရိုအသေပေးပြီး ကျွန်တော့် နာမည်ကို မိတ်ဆက်လိုက်တော့ ဆရာက ဝမ်းသာအယ်လဲ ပြုံးရွှင်ဖော်ရွေ စွာ ဂုဏ်ပြုနှုတ်ဆက်ပြီး မျက်နှာချင်းဆိုင် ထိုင်ခုံမှာ ထိုင်ခွင့်ပြုပါသည်။ ခုမှ တွေ့ဖူးသော်လည်း ဆရာသည် ကျွန်တော့်အား မောင်မြင့်သူလို့ မခေါ်ဘဲ ကိုမြင့်သူလို့ ခေါ်ဝေါ်ဆက်ဆံပြောဆိုပြီး သိဟောင်းကျွမ်းဟောင်း လိုသာမက တန်းတူစာရေးဆရာကြီးကဲ့သို့ အလေးထား ဆက်ဆံပုံမှာ ကျွန်တော့်အရွယ်နှင့် အားနာစရာတောင် ကောင်းလှပါသည်။ ဆရာ ပြောဆို

ဆက်ဆံပုံက လုပ်ငန်းအရ ဟန်လုပ်ပြီး ပြောဆိုနေပုံမျိုး မဟုတ်ပါ။ တကယ့် အူထဲအသည်းထဲက စိတ်ရောကိုယ်ပါ ရင်းနှီးပုံမျိုး ဖြစ်ပါသည်။ အဲသည် ကတည်းက ဆရာ့ကို ကျွန်တော် တစ်သက်စာ လေးစားကြည်ညိုမိခဲ့ ပါသည်။

သည့်နောက် စာပေဗိမာန် စာမူဆုများ၊ ပခုက္ကူ ဦးအုန်းဖေ စာပေ ဆုများနှင့် ပတ်သက်ပြီး စာပေဗိမာန်တွင် မကြာခဏ ဝင်ထွက်ရသော အကြောင်းများကြောင့် ဆရာနှင့် မကြာခဏ ဆုံခွင့်ရပါသည်။ ဆရာက တော့ ထုံးစံအတိုင်း ပြုံးရွှင်မြဖော်ရွေမြပင်။ ဒါကြောင့် စာပေလုပ်သား အဖွဲ့တွင် ဆရာဥက္ကဋ္ဌဖြစ်တော့ ဒီရာထူးဟာ ဆရာနှင့် အလိုက်ဖက်ဆုံးပဲဟု ကျွန်တော့် တစ်ကိုယ်ရည် သဘောအရ အလွန်ပဲ ဝမ်းသာပီတိ ဖြစ်ခဲ့ ရပါသည်။ ဆရာ့အတွက်လည်း ဂုဏ်ယူမိပါသည်။

မှတ်မှတ်ရရ ပြောရလျှင် တစ်ခုသောနှစ်တွင် ဖြစ်သည်။ စာဆိုတော် နေ့နှင့် သက်ကြီးပူဇော် ကန်တော့ပွဲကို မြို့တော်ခန်းမတွင် ကျင်းပရာ ဆရာက ကန်တော့ကျိုးစာလွှာကို ဖတ်ကြားပါသည်။ ဆရာ့အသံသြဇာ နှင့် ကန်တော့ကျိုးပါစာသားများ ကောင်းမွန်လိုက်ဖက်ရုံမျှမက ကျက်သရေ ရှိလိုက်ပုံမှာ ကျွန်တော့်တစ်သက် မမေ့နိုင်စရာပါ။ ထိုကန်တော့ကျိုး စာလွှာကို ကျွန်တော် လိုချင်လွန်းသဖြင့် လိုက်လံစုံစမ်းရာ ယနေ့တိုင် မရရှိသေးပါ။

ဆရာနှင့် ဆက်ဆံရာတွင် မမေ့နိုင်စရာ ပြောချင်တာ တစ်ခုလည်း ရှိပါသေးသည်။ ကျွန်တော် Revenue ဂျာနယ်နှင့် ပန်းအလင်္ကာမဂ္ဂဇင်း တွင် အယ်ဒီတာလုပ်ခဲ့စဉ်က ဖြစ်ပါသည်။ ဆရာ့ဆီ စာမူသွားတောင်းတိုင်း ဘယ်တော့မှ ရက်ချိန်းပေးလေ့ မရှိ။ ဆရာ့မှာ အမြဲတမ်း အဆင်သင့်။ စာလည်း တကယ်ရေးနိုင်သည်။ ကျွန်တော် တွေ့ဖူးသမျှ ဆက်ဆံဖူးသမျှ စာရေးဆရာထဲတွင် ဆရာထံက စာမူတောင်းခံရတာသည် စိတ်အချမ်းသာ ဆုံးဟု ဆိုလိုက်ချင်ပါသည်။

ကျွန်တော် ဒီလိုပြောရတာ အကြောင်းရှိလို့ ဖြစ်ပါသည်။ တစ်ခါက

ကျွန်တော်၏ ပထမဦးဆုံးသော ကလေးကဗျာ စာအုပ်ထုတ်ဝေရာ ကျွန်တော် အလွန်ကြည်ညိုသော ကဗျာဆရာကြီး တစ်ဦးထံတွင် အမှာစာ သွားတောင်း ပါသည်။ ကျွန်တော့်ကို ရေးပေးမည်ဆိုပြီး ၂ လခန့် ချိန်းလိုက်သည်။ ရက်စေ့လို့ သွားယူသောအခါ အမှာစာမရသည့်အပြင် ကျွန်တော့် လက်ရေးမူ ကဗျာစာအုပ်ပါ ပျောက်သွားလို့ အတော် ဦးနှောက်စားသွားခဲ့ရပါသည်။ မိတ္တူစက်တွေကလည်း မပေါ်သေးလို့ လက်ခံလည်း မရှိပါ။ နောက်တော့ အဲဒီကဗျာဆရာကြီးနှင့် ရင်းနှီးသည့် ကျွန်တော့်မိတ်ဆွေ မြင်းခြံသား တစ်ယောက်ကို အကူအညီတောင်းပြီး ထိုကဗျာဆရာကြီး၏ ရုံးခန်းကို မွှေနှောက်ရှာဖွေတော့မှ ရုံးဖိုင်တွေကြားက ပြန်တွေ့ပါသည်။ ဒါတောင် အမှာစာမရေးဘဲ ပြန်ပေးလို့ မနည်းတောင်းပန်တော့မှ စာအုပ်ထဲက ကဗျာ တစ်ပုဒ် နှစ်ပုဒ် ဖတ်ပြီး အပြီးစလွယ် ရေးပေးလိုက်ပါသည်။ အမှာစာ တောင်းရမည်ကို သေမလောက် ကြောက်သွားစေခဲ့သည့် အနာတရတစ်ခု ဖြစ်ပါသည်။

အချို့ကလည်း ရက်ချိန်းလေးငါးခါ သွားတောင်းသည်အထိ စာမူ မရဘဲ အားမနာပါးမနာ ထပ်ချိန်းပါသည်။ တချို့ကျတော့လည်း စာမူခ ကြိုတင်ပေးထားပါလျက် တာဝန်ယူသည့် မဂ္ဂဇင်းသာ ထွက်သွားရော ဘာစာမူမှမရသည့် အဖြစ်မျိုးတွေနှင့်လည်း ကြုံဖူးလို့ ဖြစ်ပါသည်။

သို့ကလို ကျွန်တော် တွေ့ကြုံဆက်ဆံဖူးသော စာရေးဆရာ၊ ကဗျာ ဆရာများနှင့် နှိုင်းယှဉ်လိုက်သောအခါ ဆရာ့သဘောထား သိမ်မွေ့နူးညံ့ ပုံတွေ၊ ယဉ်ကျေးပျူငှာပုံတွေ၊ လူကြီးလူကောင်းဆန်ပုံတွေမှာ ဆီနှင့်ရေလို၊ မိုးနှင့်မြေလို အကွာကြီး ကွာနေသည်က အထင်အရှား ဖြစ်ပါသည်။ ဤသည်ကလည်း ဆရာ့ပင်ကိုယ် နှလုံးသားအဖြူခံကြောင့်သာဟု ကျွန်တော် ရဲရဲ ယုံကြည်ပါသည်။

ဒါကြောင့်ပင် ဆရာမ မနှင်းဖွေးက နှလုံးလှဆရာသို့ တမ်းချင်း ဆောင်းပါးထဲတွင် သူ့ဆရာနှင့် ပတ်သက်၍ "တချို့သော ပုဂ္ဂိုလ်များဟာ တာဝန်တွေ မတရားပိနေတဲ့အတွက် အလိုလိုစိတ်တွေ တိုနေတတ်ကြ

တယ်။ သူတို့မျက်နှာ ကြည့်ရင်လည်း မသက်မသာ နဖူးကြောကြီးတွေ ရှုံ့ပြီး လက်အောက်ငယ်သားကိုပဲ ဖိဟောက်နေတတ်တယ်။ ဆရာဦးမျိုးသန့်ကတော့ ဒီလိုမျိုး မဟုတ်ဘူး။ အဲဒီလို လူတွေနဲ့ ဆန့်ကျင်ဘက်ပဲ။ ဘယ်လောက် အလုပ်များများ၊ ဘယ်လောက် အလုပ်ရှုပ်ရှုပ် ဆရာ လုံးဝ စိတ်မတိုတတ်ဘူး။ လုံးဝ မညည်းညူတတ်ဘူး။ လုံးဝ အပြုံးမပျက်ဘူး။ အဲဒါ ဆရာ့ရဲ့ ထူးခြားတဲ့ စရိုက်လက္ခဏာပဲ'' ဟု ဆိုခဲ့ခြင်း ဖြစ်မည်။

ပြီးတော့ ဆရာနှင့် ပတ်သက်သည့် ဝိသေသတစ်ခုကိုလည်း တစ်ပါတည်း ထည့်ပြောချင်ပါသေးသည်။ ဆရာက ဘာသာပြန် အရေးအသားသာမက မြန်မာစာ အရေးအသားပါ နိုင်နင်းသူဖြစ်သလို အဟောအပြောဘက်မှာလည်း ကျွမ်းကျင်သူ ဖြစ်ပါသည်။ ဆရာ့ ဟောပြောချက်များသည် ပရိသတ် လက်ခုပ်သံကြားဖို့ သက်သက်မျှ မဟုတ်မူဘဲ ပရိသတ်နားထဲသာမက နှလုံးသားထဲပါ စွဲသွားအောင် ဟောနိုင်ပြောနိုင်ပုံမှာ သင်ခန်းစာတစ်ခု ပို့ချလိုက်သလို ပီရိသေသပ်လှပါသည်။ ယုတ်စွအဆုံး စာအုပ်မိတ်ဆက်ပွဲတွင် အမှတ်တရ စကားပြောတာက အစ သိုင်းသိုင်းဝိုင်းဝိုင်းနှင့် သေသေသပ်သပ် ပြောသွားပုံမှာ ဆောင်းပါးကောင်းတစ်ပုဒ် ဖတ်ရသလို အက်ဆေးကောင်းတစ်ပုဒ် ဖတ်ရသလို အရသာ ရှိပါဘိသည်။

ထို့အတူ ၂၁ ရာစု လူမှုဝေါဟာရများကို အတွဲ ၅ တွဲ ရေးခဲ့ပြီး စတုတ္ထအတွဲကျမှ ထိုအရေးအသားများသည် အက်ဆေးဖြစ်ကြောင်း၊ ဖွင့်ဟခဲ့သည့်ဆရာက နိုင်ငံတော်စာပေဆုများတွင် ဘာကြောင့် အက်ဆေးစာပေဆု မရှိရတာလဲ ဟူသော ကျွန်တော့် မိတ်ဆွေအက်ဆေးဆရာ တစ်ဦး၏ မေးခွန်းကို ဆရာဖြေပြသွားပုံမှာ အတော်မှတ်သားစရာ ကောင်းသည်ဟု ဆိုပါသည်။

၂၀၁၀ ခုနှစ်တွင် ကျင်းပခဲ့သော ဆရာဝန်တင်ရွှေ စာပေဆုတွင် မောင်ရင့်မာ၏ ''မောင်ငယ်ငယ်က ခရေဦး'' ရသစာတမ်း စာအုပ်ကို ဆုအဖြစ် ရွေးချယ်ချီးမြှင့်နိုင်ခဲ့ခြင်းသည် ဆရာမောင်ဆုရှင်လို ရသစာတမ်းချစ်သည့် ဆရာက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သော ဆုရွေးချယ်ရေး

အဖွဲ့၏ သဘောထား စေတနာကြောင့်သာဟု ကျွန်တော် တွေးထင်နေမိပါသည်။

အက်ဆေးချစ်သော ဆရာ၏ နောက်ပိုင်းလက်ရာဟု ထင်ရသည့် ၂၀၀၉ ခုနှစ်ထုတ် ''မြောက်ဥက္ကလာပမြို့တည် ရွှေရတု မော်ကွန်း'' စာအုပ်တွင် ငမိုးရိပ်ချောင်းကမ်းဘေးမှ ကန်စွန်းခင်း၏ လောကအမြင် အက်ဆေးအရေးအသားတွင် ခံ့မွအတွေးတို့ပါ ကပ်ငြိနေသည်မှာ သံဝေဂ အလွမ်းဆန်လှပါသည်။

*''ဆင်ခြေဖုံးမှ မြို့သို့ နေ့စဉ်တက်သောသူများကို ခေါက်ပြန်သမား များ (commuters) ဟု အမည်ဆန်းဆန်းဖြင့် မှည့်ခေါ်ထားကြလေသည်။ ကိုယ်လည်း ခေါက်ပြန်သမားတစ်ဦး ဖြစ်တော့မည်။*

*ထိုသို့ ခေါ်လို့ခေါ်စေ တစ်နေ့တာ၏ အစပိုင်းနှင့် တစ်နေ့တာ၏ အဆုံးပိုင်းတို့တွင် ဆင်ခြေဖုံးသို့ ပြန်လည်ခိုဝင် နားနေရသောအခါ မိမိအဖို့ ဤနေရာတွင် ကွင်းလေကို ရှူရမည်။ သစ်ပင်စိမ်းစိမ်းတို့ကို မျက်စိ အေးအောင် ကြည့်ရမည်။ ညအခါ လရောင်ကို အချိန်အခါလိုက်၍ မြင်ရမည်။ မိုးရိပ်တိမ်တောင်တို့ ဆင်သည်ကို အဆီးအတားမရှိ မြင်နိုင်ဦးမည်။ မြို့ပြနေ လူသားအဖြစ် မိုးကုတ်စက်ဝိုင်း၏ အနားစွန်းကို လှမ်းမျှော်ကြည့်ခွင့် မရသည်မှာ ကြာပြီ။*

*ဤမြင်ကွင်းကျယ်ကိုပင် ဘယ်မျှ ကြာသောအချိန်၌ မြို့ပြဝန်းကျင်က ဝါးမျိုပစ်လေဦးမည် မသိ။ ရှိဆဲ ခဏ၊ ဖြစ်ဆဲ ခဏတို့ကိုပင် အမိအရ ထား၍ ခံစားတတ်သလို ခံစားအပ်သည်ပင် မဟုတ်ပါလော''*

တကယ်တော့ ရှိဆဲဖြစ်ဆဲဘဝကို ခဏနှင့် တွဲမြင်တတ်ဖို့ ခံစားတတ်ဖို့ ဆိုသည်မှာ…။

* * *

ဆရာနှင့် ပတ်သက်၍ မမေ့နိုင်သော အမှတ်တရများတွင် ကျွန်တော့် ကိုယ်ကျွန်တော် ခွင့်မလွှတ်နိုင်တာ တစ်ခုလည်း ကျန်ရှိနေပါသေးသည်။

ကျွန်တော့်ရွာက ဦးပဥ္စင်းလေးတစ်ပါး သာသနဓဇဓမ္မာစရိယ စာမေးပွဲ အောင်မြင်သဖြင့် ရွာတွင် ဂုဏ်ပြုပွဲလုပ်စဉ်က ဖြစ်ပါသည်။ ဦးပဥ္စင်းလေးနှင့် ပတ်သက်သည့် အမှတ်တရ စာအုပ်ကို ဓမ္မဒါနအဖြစ် ထုတ်ဝေခဲ့ပါသည်။ ထိုစာအုပ်တွင် ဆရာ့ဆောင်းပါး တစ်ပုဒ်ကို ဆရာ့ဆီက ခွင့်ပြုချက်မတောင်းခင် ပြန်လည်ဖော်ပြခဲ့ပါသည်။ စာအုပ်ပြီးမှ ဆရာ့အား မေတ္တာလက်ဆောင်နှင့် စာမူခပါပေးရင်း ခွင့်တောင်းမည်ဟု ပြုလုပ်လိုက်မိတာ ဖြစ်ပါသည်။

သို့သော် ကံဆိုးချင်တော့ လူကြီးသူမများထံ သွားရန် အင်မတန်တုံ့နှေးတတ်သော ကျွန်တော့် ညံ့ဖျင်းမှုကြောင့် ဆရာ ကွယ်လွန်သွားသည်အထိ ကျွန်တော် မရောက်ဖြစ်ခဲ့ပါ။

ထိုသို့ မရောက်ဖြစ်သော ကာလတစ်ခုအတွင်း စတုတ္ထအကြိမ်မြောက် ရွှေအမြုတေ စာပေဆုပေးပွဲတွင် ဆရာနှင့် တွေ့တော့ ဆရာက ကျွန်တော့်အား ပြုံးရွှင်စွာဖြင့် "ကိုမြင့်သူ ဆုယူဦးမလို့လား" ဟု နှုတ်ဆက်နိမိတ်ဖတ်ခဲ့ပါသေးသည်။ ထိုညက တကယ်ပဲ ကျွန်တော် ရွှေအမြုတေ အက်ဆေးဆု ရရှိခဲ့ပါသည်။ ထိုဆုပေးပွဲပြီးလို့ ရက်အနည်းငယ်မှာပင် ဆရာ ကွယ်လွန်သွားခဲ့ပါသည်။

ဆရာ့နောက်ဆုံးခရီးကို ကျွန်တော် လိုက်မပို့ဖြစ်ခဲ့ပါ။ သည့်အတွက် ဒုတိယအကြိမ် ထပ်ပြီး စိတ်မကောင်း ဖြစ်ရပြန်ပါသည်။ ဆရာ့ကို သတိရလို့ ဆရာ့အကြောင်း ပြန်ပြောင်းတွေးမိတိုင်း ကျွန်တော့်အား ဆရာနောက်ဆုံးနိမိတ်ဖတ်သွားသည့် နှုတ်ဆက်စကားသံလေးကိုသာ မကြာခဏ ကြားယောင်နေမိပါသည်။ ထိုသို့ ကြားယောင်မိလေတိုင်း ဆရာ့အပေါ် တာဝန်မကျေပွန်ခဲ့သော ကျွန်တော့် အမှားတစ်ခုအတွက်လည်း နောင်တရလို့မဆုံးပါ။ ဆရာရောက်လေရာ တစ်စုံတစ်ခုသော ကောင်းကင်ဘုံက ခွင့်လွှတ်နေမည် ဆိုတာ ကျွန်တော် သိပါသည်။

သို့သော်...။

FACES မဂ္ဂဇင်း

❐

**နှင်းဆီပုံပြင်**

[ သို့မဟုတ် ]

**ရှုမဝကြယ်တစ်ပွင့်**

“ ညီလေး၊ မင်းသင်စင်က နီးပြီလား။
မင်းသင်စင်ယူပြီးရင်ပြော။
ဟောဟိုမှာ အယ်ဒီတာစားပွဲတစ်ခုံ လွတ်နေတယ်။
အဲဒါ မင်းအတွက်ပဲ။
ထိုခေတ်က ရှမဝမဂ္ဂဇင်းမှာ
အယ်ဒီတာဖြစ်ခွင့် မပြောနှင့်
ရှမဝစာမျက်နှာပေါ်မှာ
ကဗျာကြေညာချက် ပါရှုံနှင့်ပင်
ရင်ခုန်ကြည်နူးခဲ့ရသည့် ဘဝတွေ ဖြစ်ပါသည်။
ထိုစဉ်က ရှမဝစာမျက်နှာတွင်
ကဗျာအခွင့် ပါခွင့်ရဖို့ဆိုတာ
ဒုလ္လဘတစ်ခု ဖြစ်ပါသည်။ ”

## နှင်းဆီပုံပြင်

[သို့မဟုတ်]

## ရှမဝကြယ်တစ်ပွင့်

(၁)

မောင်နမ်းခဲ့တဲ့
ပန်းလေးနှစ်ပွင့်။
ပါးနှင့်နှုတ်ခမ်း
နှင်းဆီပန်းရောင်။
ယုံတမ်းစကားလား
ထားလိုက်မမေးနှင့်။
မပြောကြစတမ်း
ချစ်သူလွမ်းအောင်။

ဆရာမောင်ဆွေတင့်အကြောင်း အတွေးရှက်လွင့်လိုက်မိသည်နှင့် တစ်ပြိုင်နက် ခေါင်းထဲ အရင်ရောက်လာတတ်သည်က အထက်ပါ နှင်းဆီပုံပြင် ကဗျာလေးပဲ ဖြစ်ပါသည်။ ၁၉၈၆ ခု၊ ဇူလိုင်လထုတ် ရှမဝမဂ္ဂဇင်းမှာပါသည့် ကဗျာဖြစ်၏။ ခံစားမှု နှလုံးသားချင်းက ထပ်တူကျနေလို့လား

မသိ။ ကျွန်တော် အလွန်ကြိုက်သည့် ကဗျာ။ ရင်နှင့်အမျှ ကြိုက်သည့် ကဗျာ။

ကြိုက်လွန်းလို့ ၂၇ နှစ်ကျော်မျှ နှုတ်ငုံရွရွ အလွတ်ရအောင် ကျက်ခဲ့၏။ ရွတ်ခဲ့၏။ ဒါ့ကြောင့် အခုလို အမှတ်တရချရေးနိုင်တာ ဖြစ်၏။ ကဗျာ စာသားတွေကို အမှတ်တရချရေးရင်း ကဗျာထဲ စိတ်ရောက်သွားသောအခါ အနှစ်နှစ်အလလ အလွမ်းတစ်မျှင်နှယ် ကျွမ်းဝင်ခဲ့ဖူးသော ကဗျာဆရာ၏ ရုပ်ပုံလွှာသည်…။

(၂)

ကျွန်တော် ဆယ်တန်း မအောင်ခင်ကတည်းက စွဲစွဲလမ်းလမ်း ဖတ်ခဲ့သော မဂ္ဂဇင်း နှစ်အုပ်ရှိ၏။ ရှုမဝမဂ္ဂဇင်းနှင့် ငွေတာရီမဂ္ဂဇင်း ဖြစ်၏။ ရှုမဝကို ရသကြိုက်၍ ဖြစ်၏။ ငွေတာရီကိုတော့ စာပေနှင့် ယဉ်ကျေးမှု ကြိုက်လို့ဖြစ်၏။ ထိုမဂ္ဂဇင်း နှစ်အုပ်ကို ခေါင်းအုံးအိပ်ရင်းက ကျွန်တော့်ရင်ထဲ စာပေမျိုးစေ့ သန္ဓေတည်ခဲ့ခြင်း ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းမှာ ကျွန်တော့်ကဗျာ စပါတော့ ၁၉၇၃ ခု ဧပြီလ။ ရှုမဝမှာ ကဗျာစပါတော့ ၁၉၇၉ ခု၊ ဖေဖော်ဝါရီလ၊ မှတ်မှတ်ရရ ရှုမဝသို့ ၂ နှစ်ကျော်ကျော် ကြိုးစားပမ်းစား ကဗျာတွေပို့ပြီးမှ ကဗျာပါခွင့်ရသွားတာ ဖြစ်၏။

ထိုသို့ ရှုမဝသို့ လစဉ်မပြတ် ကဗျာတွေပို့ရင်း ဝင်ထွက်ရင်းနှင့် ကျွန်တော့်သူငယ်ချင်း ကဗျာဆရာ မောင်ရည်မှန်းကို အကြောင်းပြု၍ ကဗျာဆရာ မောင်ဇော်ယုနှင့် စတင်ခင်မင်ခွင့်ရပါသည်။ မောင်ဇော်ယုဆိုတာ ဆရာမောင်ဆွေတင့်၏ ညီဖြစ်သည်။ ရှုမဝမှာ ကဗျာတွေလည်းပါ။ မောင်ဇော်ယုနှင့်လည်း တတွဲတွဲ ခင်မင်နေမှန်း သိရာက ဆရာမောင်ဆွေတင့်နှင့်ပါ ကျွမ်းဝင်သွားခြင်း ဖြစ်သည်။

ထိုစဉ်က ဆရာမောင်ဆွေတင့်၏ အရှိန်အဝါမှာ မသေးလှ။ ရှုမဝ၏ အယ်ဒီတာချုပ်။ ကဗျာလည်း ရေးသည်။ ဝတ္ထုလည်း ရေးသည်။

ပန်းချီလည်း ဆွဲသည်။ ရုပ်ရှင်ဒါရိုက်တာလည်း လုပ်သည်။ အရပ်အနည်းငယ် ပုသော်လည်း အသားဖြူသည်။ မျက်လုံးမျက်ဖန် ကောင်းသည်။ မျက်ခုံးထူသည်။ ရယ်လိုက်လျှင် သွားတက်ကလေးနှင့် သွားလေးတွေက ဖွေးနေသည်။ စကားပြောလျှင် မရယ်ဘဲနှင့် ပြုံးရောင်သန်းနေပုံက နှစ်လိုဖွယ် ဣန္ဒြေဖြစ်သည်။

ဒါကြောင့်မို့လားမသိ။ ကျွန်တော်တို့ ငယ်ရွယ်စဉ်က အပယ်ကြီးသော အချို့သော အယ်ဒီတာကြီးတွေနှင့် ထိတွေ့ဆက်ဆံရာတွင် တစ်စုံတစ်ရာ ရင်ခုန်လှုပ်ရှားမှုမျိုး ရှိခဲ့သလောက် ဆရာ မောင်ဆွေတင့်နှင့်ကျတော့ ပေါ့ပါးရင်းချာစိတ်က ပိုသည်ဟု ကျွန်တော် ထင်သည်။

ထိုအရင်းခံစိတ်ကြောင့်ပဲ ဖြစ်မည်။ ထိုစဉ်က ဆရာမောင်ဆွေတင့်ကို ကြီးသော စာရေးဆရာကြီးတွေက မောင်ဆွေဟု ခေါ်သလို ရွယ်တူ စာရေးဆရာတွေက ကိုဆွေဟု ခေါ်ကြ၏။ ငယ်ရွယ်သူ အတော်များများကတော့ ဆရာလို့ ခေါ်ကြသည်။ ကျွန်တော်ကတော့ ဆရာဟုမခေါ်။ အစ်ကိုဟုပဲ ခေါ်ခဲ့၏။ ကျွန်တော့် မိသားစု ညီအစ်ကို မောင်နှမထဲတွင် ကျွန်တော်က အကြီးဆုံးသားဖြစ်၍ ကျွန်တော် တရိုတသေ အစ်ကိုခေါ်ရသူ ရှားရှားပါးပါးထဲတွင် ဆရာမောင်ဆွေတင့် ပါသည်။

သူကလည်း ကျွန်တော့်နာမည်ကို ခေါ်ရာ၌ ရိုးသားသည် အများသူငါတွေလို မောင်မြင့်သူ၊ ကိုမြင့်သူဟု ဘယ်တော့မှမခေါ်။ ညီလေးတဲ့။ ကျွန်တော့်ရင်ထဲမှာမူ ကျွန်တော်က သူ့ကို အစ်ကိုလို့ ခေါ်ရသော အရသာနှင့် သူ့ဆီက ညီလေးဟု အခေါ်ခံရသော အရသာသည် အတူတူပဲ ဖြစ်သည်ဟု ခံစားရတာ အမှန်ပဲ ဖြစ်သည်။

သို့ဖြင့် ကျွန်တော်နှင့် ဆရာမောင်ဆွေတင့်၏ ရင်းချာမှုသည်…။

(၃)

'ညီလေး… ကြည်အေး ကဗျာတွေ များများဖတ်ကွ။ ဒဂုန်တာရာ ကဗျာတွေလဲဖတ်၊ ပြီးတော့ ရကန်ကဗျာတွေလည်း ဖတ်ပေး။ လွတ်လပ်

တဲ့ အရေးအဖွဲ့နဲ့ စကားလုံးအတွဲအစပ် အသစ်တွေကို တိုးတက်လာပါ လိမ့်မယ်'

ကျွန်တော် ရှုမဝမဂ္ဂဇင်းတိုက်သို့ ရောက်တိုင်း သူ အလုပ်အား နေတာမျိုးနှင့်ကြုံလျှင် ကျွန်တော့်အား မကြာခဏ ပြောလေ့ရှိသော ကဗျာ ဆိုင်ရာ စကားအချို့ပဲ ဖြစ်ပါသည်။ သူ့စကားထဲ၌ ရင်းချာနွေးထွေးရုံမျှ မက ထူးချွန်တိုးတက်စေလိုသော အယ်ဒီတာတစ်ဦး၏ စေတနာတွေလည်း ပါသည်။

သူကိုယ်တိုင်ကလည်း ဆရာမကြည်အေး၏ ကဗျာတွေ ဝတ္ထုတွေ အပေါ် တိမ်းညွတ်ပုံရသည်။ သူ့ကဗျာတွေထဲတွင် ဆရာမကြည်အေးအပေါ် စာချင်းသာမက၊ လူချင်းလည်း သံယောဇဉ် အမျှင်တန်းပုံရသည်။ ဆရာ မောင်ဆွေတင့် ရေးခဲ့သော ကဗျာတစ်ပုဒ်တွင် တစ်စွန်းတစ်စ ခံစားရ သည်။ သူငယ်ချင်းမ တစ်ဦးထံ ရေးတာမျိုးထက် မောင်တစ်ဦးက အစ်မ (နှမ) တစ်ဦးထံ တဖွဲ့တနွဲ့ ရေးသလို ခံစားရသည်။

၁၉၈၂ ခု၊ စက်တင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းတွင် ရေးခဲ့သော အိတ်ဖွင့်ပေးစာ ကဗျာတွင် တွေ့နိုင်သည်။ ရေခြားမြေခြား အဝေးရောက် နှမထံစေသည့် ကဗျာသဝဏ်လွှာဟု ပြောလျှင်လည်း ရနိုင်မည်ထင်သည်။

အချစ်ရယ် ...
ဘယ်မှာလဲ မင်းအခု။
နိုင်ငံရပ်ခြား ထွက်သွားတာ
နှစ်များစွဲပဲ ကြာခဲ့ပြီ။
မောင်တို့ပြည်မှာ
ကြိုးကြာငှက်လဲ ရှိတယ်
စံပယ်ထုံသင်း
လမင်းလဲပိုလှတယ်
မွေ့ရာကြီး၊ သဇ္ဈာညို

တုမရ အာနန္ဒာ
စဥ္စပြာမှန်ကူကွက်
စိမ်းညက်ညီအစ်မလဲရှိတယ်။
ထနောင်းရွက်သုပ်၊ ဆူးပုပ်ပဲကြီး
ပုန်းရည်ကြီးလဲရှိတယ်။
လိမ္မော်နံ့သင်း၊ လေပြည်ညင်း
မင်း အခု၊ ထင်းရှူးမြိုင်ထဲ
ထည်လဲအင်္ကျီ၊ ဆီဦးထောပတ်
ယောဂတ်နို့ဆဲ၊ နီရဲသစ်သီး
စားပြီးပျော်မွေ့၊ တွေ့သလားအရသာ
တမာချဥ်ရွက်
ငါးဖျဥ်းသလက်ငါးပိ
စွဲငြိခြင်း ပျောက်ပြီလား။
အချစ်ရေ…ပြန်လာခဲ့
ဘာလို့ စိတ်ဆင်းရဲခံသလဲ
နှင်းသည်းထန်ပိတ်
မှောင်ရိပ်များစွာ
ဒါဟာ လွတ်လပ်သလား
ဓားသွေးကျောက်မရှိ
လယ်ကွင်းမရှိ
ရေနွေးကြမ်းမရှိ
တရားတိတ်ခွေမရှိ
ကွမ်းကော်ပိတောက်မရှိ
အငြိမ့်ဈေးပွဲမရှိ
မောင်သိသည်ကား
လုံဖြားချွန်မြ၊ စကားလှတွေ

ရေမြေကွဲပြား၊ အသားမတူ
လူချင်းခွဲခြား
သူတို့ပြည်သားမှ မဟုတ်တာ။
နှင်းဆီဖြူနီဝါ
တို့ဆီမှာ ဖူးဆဲ
မင်းလဲ သိသားပဲ
ပျံလွှားတို့ရှိတဲ့နေရာ
ကောင်းကင်ပြာပြာ
သည်မှာ လေပိုသန့်ရှင်းတယ်။
ပြန်လာခဲ့
ကဗျာတွေ ပြန်စပ်ပေါ့
ဝတ္ထုတွေ ပြန်ရေးပေါ့
ရေးတတ်တယ် မဟုတ်လား။

သည်ကဗျာကို ဖတ်ရတော့ ကျွန်တော့် ရင်ထဲမကောင်း၊ မလာနိုင်မှန်း သိလျက်နှင့် လာနိုးငယ်မျှော် စောင့်ခေါ်သူ ကဗျာဆရာကို သနားသည်။ သို့သော် အမြတ်တစ်ခုတော့ ရလိုက်ပါသည်။

ကိုယ့်မြေကိုယ့်ရေ၏ အလှကို မြင်တတ်ရုံမက ကိုယ့်မြေကိုယ့်ရေ၏ သဘာဝကို မင်တတ်သူအဖြစ် ကဗျာဆရာကို မြင်လိုက်ရလို့ ဖြစ်ပါသည်။ ကိုယ့်မြေ ကိုယ့်ရေ၏ အရသာကို ခံစားတတ်ရုံမက၊ ကိုယ့်မြေကိုယ့်ရေပေါ်ရှိ သယံဇာတကိုပါ ချစ်တတ်သူအဖြစ် ကဗျာဆရာကို တွေ့လိုက်ရလို့ ဖြစ်ပါသည်။

ကဗျာ၏ ဦးတည်ချက်သည် အပေါ်ယံတွေးလျှင် ပုဂ္ဂလိက ဆန်သယောင် ထင်ရသည်။ ပုဂ္ဂလိက ခံစားမှုထဲက အလိုလိုထွက်ကျလာသည့် ဇဟုခံစားမှု အနုပညာကြောင့် ကဗျာ၏ အလှက ရုပ်လုံး ပိုကြွလာကာ ကဗျာကပေးသော အရသာက ပို၍ထိရှချိုမြလာသည်ကို တွေ့ရသည်။

ကဗျာရေးသူ အနုပညာရှင်၏ ကိုယ့်မြေကိုယ့်ရေကို ချစ်သည့် နှလုံးသားက ဘာတူညီဝတ်စုံမျှ ဝတ်ပြစရာမလိုသလို အနုပညာဆန်ဆန် ချစ်မက်မှုက ရှားပါးသော တန်ဖိုးတစ်ခု ဖြစ်သည်ဟု ကျွန်တော် ခံစားရသည်။ သည့်အတွက် ဆရာမောင်ဆွေတင့်ကို လေးစားမှု ပိုရသည်။

'ညီလေးရာ ကဗျာဆိုတာ တကယ်ကောင်းလာပြီဆိုရင် ဒီကဗျာ ဘာပုံစံနဲ့ ရေးတာလဲ။ ဘယ်လိုနည်းစနစ်နဲ့ ရေးတာလဲ ဘယ်သူမှ ပြော မနေပါဘူးကွာ'

၁၉၈၃ ခုနှစ်၊ ဇန်နဝါရီလထုတ် ရှုမဝမဂ္ဂဇင်းတွင် ပါသွားသော စာရေးဆရာမဂျူး၏ သက်တန့်ကဗျာကို ရည်ညွှန်းခြင်း ဖြစ်ပါသည်။

ထိုခေတ်က ကျွန်တော်တို့ စာပေလောကတွင် စာပေကျောင်းကြီး နှစ်ကျောင်းရှိသည်ဟု တင်စားကြသည်။ တစ်ကျောင်းက ရှုမဝဖြစ်၍ တစ်ကျောင်းက မိုးဝေမဂ္ဂဇင်း ဖြစ်သည်။ ထိုအချိန်က မိုးဝေ ကဗျာတို့မှာ လွတ်လပ်ကာရန်ကဗျာများ ဖြစ်သည်။ ရှုမဝကဗျာကတော့ လွတ်လပ်ကာရန်မသုံး။ ရိုးရာကဗျာပုံစံ ရိုးရာကဗျာဟန် ဖြစ်သည်။ သို့သော် လေးသုံးနှစ်မှ သုံးချက်ညီမှ ဆိုသော ဂန္ထဝင် အစွန်းရောက် ကဗျာမျိုးတွေ မဟုတ်။ ကာရန်နောက်လိုက် ကဗျာမျိုးတွေ မဟုတ်။ ကဗျာ၏ အတွေး အခေါ် အယူအဆကို လိုက်၍ လေးလုံးစပ်ကို ချဲ့တန်တာချဲ့သလို စကားလုံး အတွဲအစပ်တို့ကို ပိုတန်တာပိုသုံးတာမျိုး တွေ့ရသည်။

မောင်ဆွေတင့် ကိုယ်တိုင်လည်း အဲဒီလိုပဲ ရေးသည်။ အခြား ကဗျာဆရာတွေ ဖြစ်သည့် နောင်၊ နွယ် (စစ်တွေ)၊ ညွန့်ဝေ (ကသာ)၊ နှင့် မောင်ကိုကို (အမရပူရ) စသည်တို့ဖြစ်သည်။ အခု ရှုမဝမှာ ထည့်လိုက်သော ဂျူး၏ကဗျာမှာ လွတ်လပ်ကာရန် ဆန်သော ကဗျာဖြစ်သည်။ ဤသည်မှာ အယ်ဒီတာ ကဗျာဆရာ မောင်ဆွေတင့်၏ ကဗျာဆိုင်ရာ အယူအဆလည်း ဖြစ်သည်။ ကဗျာခံယူချက်လည်း ဖြစ်သည်။ ဒါကြောင့် ရှုမဝကဗျာတွေ တစ်ခေတ်ထခဲ့တာတည်း ဖြစ်သည်။

မောင်ဆွေတင့်၏ ကဗျာတွေအကြောင်း ပြောလျှင် ချန်ထားလို့

မရသော ကဗျာတစ်ပုဒ် ရှိပါသေးသည်။ 'ခရေကောက်' ဖြစ်သည်။ ထိုခရေကောက် အမည်ဖြင့် ဆရာမောင်မြင့်မြတ်နှင့် အတူတွဲ၍ ကဗျာစာအုပ် ထုတ်ခဲ့သေးသည် ထင်ပါသည်။ မှားလျှင်လည်း ခွင့်လွှတ်ပါ။

ဟေး ကြည့်စမ်းမောင်
ဟိုလမ်းပေါ်မှာ
ဘာတွေပါလိမ့်
မိုးရွာတုန်းက
မတွေ့ရဘူး။
ခုမှ ကြွေတဲ့ခရေပန်း။
သွားကောက်ရအောင်
အို မောင်ကလဲ
အရေးထဲမှ
လာပါမောင်ရဲ့
ခြင်းယူခဲ့လေ
ကောက်ထည့်စရာပါမှပေါ့။
မလိုက်ချင်ရင်
နေချင်နေခဲ့
ခရေပွင့်ကောက်
ပြန်လို့ရောက်မှ
ကျွန်မခေါင်းမှာ
ပန်လို့လာတဲ့
ပွင့်လွှာဖြူဖွေး
မောင်မမွေးနဲ့
ထွက်ပြေးမှာပဲ သိရဲ့လား။

ကဗျာက ရင်နှူးစရာ ကောင်းသည်။ ကြည်မြူးစရာ ကောင်းသည်။

ခရမ်းပြာ

ဘယ်အချိန်ဖတ်ဖတ် ကျေနပ်သည့် ရင်ခုန်မှုမျိုး ရသည်။ ကဗျာကောင်းတို့မည်သည် ဘယ်အချိန်ဖတ်ဖတ် အရသာရှိစမြဲ ဖြစ်သည်။ ကဗျာက ဖတ်ကောင်းသလို ကဗျာထဲက ပွင့်လင်းချစ်မက်စရာကောင်းသည့် ချစ်သူလုံမပျို၏ မူနွဲ့နွဲ့ ခရာတာတာ အသွင်ကလည်း ထင်သာမြင်သာလာသည်။ ဒါ့ကြောင့် မောင်ဆွေတင့်ကို ကဗျာဆရာအဖြစ် ကျွန်တော် လေးစားသည်။

## (၄)

ဆရာမောင်ဆွေတင့် အကြောင်းတွေရေးရင်း ကျွန်တော့် သူငယ်ချင်း ကဗျာဆရာ မောင်ရည်မှန်းကို သတိရသည်။ သတိရစရာ အကြောင်းကလည်း ရှိသည်။ ရှုမဝမဂ္ဂဇင်းတိုက်တွင် မူတစ်ခုရှိသည်။ မဂ္ဂဇင်းထွက်လျှင် မောင်နှမတစ်တွေ စာအုပ်မေတ္တာ လက်ဆောင်ပေးရာတွင် သူ့ကိုတာ ကိုယ့်ကိုတာ ကိုယ်စီခွဲ၍ ပေးကြသည်။

လစဉ် ကျွန်တော့်အားပေးသည့် မေတ္တာလက်ဆောင် စာအုပ်ကို မောင်ဆွေတင့်ကိုတာထဲမှ ပေးခြင်းဖြစ်သည်။ ဒါကို မောင်ရည်မှန်းက သိတော့ 'အေးပေါ့ဗျာ ခင်ဗျားတို့ချင်းက ဗိုလ်ပုချို ညီအစ်ကိုတွေဆိုတော့ သွေးစည်းတာပေါ့ဗျာ' ဟု အရပ်အနည်းငယ်စီ ပုသည့် ကျွန်တော်တို့ကို ချစ်စနိုးလှောင်သည်။

ဒါတွင်မက။ နောက်တစ်ခါ ကျွန်တော်နှင့် ဆရာမောင်ဆွေတင့် အကြောင်းက ပြောစရာလို ဖြစ်ရပြန်ပါသည်။ မှတ်မှတ်ရရ ဆရာမောင်ဆွေတင့်က ရှုမဝမဂ္ဂဇင်းတွင် ဝတ္ထုတစ်ပုဒ်ရေးသည်။ ၁၉၈၉ ခု မေလထုတ် ရှုမဝတွင် ဖြစ်သည်။ ဝတ္ထုခေါင်းစဉ်က မိုးလင်းချင်စိတ်။ ဝတ္ထုက ဘာဇာတ်လမ်းမျှမရှိ။ အိပ်မရလို့ အစောကြီး နိုးနေသည့် အယ်ဒီတာတစ်ယောက် မိုးလင်းချင်စိတ်နှင့် မဂ္ဂဇင်း စထွက်သည့်နေ့မှ တစ်လအတွင်း သူ့မဂ္ဂဇင်းတိုက်သို့ လာတတ်လေ့ရှိသူ စာရေးဆရာကဗျာဆရာ ပန်းချီဆရာ ကာတွန်းဆရာတို့၏ အကြောင်းတွေ ရေးပြတာဖြစ်၏။ ထိုအထဲတွင် ကျွန်တော့်နာမည်လည်း ပါ၏။ ကျွန်တော့်အရင် ရှုမဝမှာရေးပြီး ရှုမဝသို့

ဝင်ထွက်နေသည့် ကျွန်တော်နှင့် တွဲနေသူတွေ အချို့၏ နာမည်များမပါပေ။ မောင်ရည်မှန်းလည်း မပါပေ။ ဒါကြောင့် ကျွန်တော့်အား 'ကိုမြင့်သူတို့များဗျာ။ နေတတ်ထိုင်တတ်နဲ့ တောက်ကြွားလိုက်ပုံများ ပြောပါတယ်။ ကျုပ်တို့တစ်တွေ အတူတူ တွဲဝင်ထွက်နေတာတောင် ကိုဆွေတင့်က သူ့ဝတ္ထုထဲမှာ ကိုမြင့်သူတစ်ယောက်ပဲ ထည့်ရေးတယ်ဗျာ' ဟု ကဗျာဆရာ မောင်ရည်မှန်း ပြောခဲ့တာကို ကျွန်တော် ယနေ့တိုင် မမေ့ပေ။

'ညီလေး မင်းပင်စင်က နီးပြီလား။ မင်း ပင်စင်ယူပြီးရင်ပြော။ ယောဟိုမှာ အယ်ဒီတာစားပွဲတစ်ခုံ လွတ်နေတယ်။ အဲဒါ မင်းအတွက်ပဲ' ဟု ဆရာမောင်ဆွေတင့် ကျွန်တော့်အား ခဏခဏ ပြောခဲ့တာကို မောင်ရည်မှန်း ကြားလျှင် ကျွန်တော့်ကို ဘယ်လို ကောင်းချီးပေးဦးမည် မသိပါ။

ထိုခေတ်က ရှုမဝမဂ္ဂဇင်းမှာ အယ်ဒီတာဖြစ်ခွင့် မပြောနှင့် ရှုမဝ စာမျက်နှာပေါ်မှာ ကဗျာကြေညာချက် ပါရုံနှင့်ပင် ရင်ခုန်ကြည်နူးခဲ့ရသည့် ဘဝတွေ ဖြစ်ပါသည်။ ထိုစဉ်က ရှုမဝ စာမျက်နှာတွင် ကဗျာအဖွင့်ပါခွင့် ရဖို့ဆိုတာ ဒုလ္လဘတစ်ခုဖြစ်ပါသည်။ ထိုဒုလ္လဘကို မစောင့်နိုင်လို့ ရှုမဝကို စွန့်ခွာသွားသူတွေ၊ ဌာနေပြောင်းသွားသူတွေ အများအပြား ရှိခဲ့သည်။

ကျွန်တော်ကတော့ ရှုမဝကို နောက်ဆုံးအချိန်ထိ လက်တွဲခဲ့သူ ဖြစ်သည်။ ဒါကြောင့်မို့လည်း ရှုမဝစာမျက်နှာသမိုင်းတွင် အတွင်းကဗျာ၊ ကလေးကဗျာတွေသာမကဘဲ ချစ်ကိုယ်တွေ့တစ်ပုဒ်၊ ဝတ္ထုတိုတစ်ပုဒ်နှင့် အဖွင့်ကဗျာ ၆ ပုဒ် ဖော်ပြခံခဲ့ရဖူးသည်။ ကျွန်တော်၏ စာရေးဆရာဘဝအတွက် ကြည်နူးစရာဖြစ်လို့ ကျေနပ်စရာလည်း ဖြစ်သည်။ ဝမ်းမြောက်စရာလည်း ဖြစ်သည်။ ဂုဏ်ယူစရာလည်း ဖြစ်ပါသည်။

သို့သော် ကျွန်တော့်ကံက ဆိုးသည်လား။ ရှုမဝ၏ ဇာတာက ညှိုးသည်လား။ မပြောတတ်နိုင်ပါ။ ကျွန်တော် ပင်စင်မယူခင်မှာပဲ ရှုမဝက တစ်ဇာတ်သိမ်းသွားခဲ့ပါသည်။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော့်ဘဝတွင် ရာဇပလ္လင်ဖင်မပါလို့ ရှုမဝ အယ်ဒီတာဖြစ်ခွင့်နှင့် မဆုံဆည်းရသော်လည်း ကျွန်တော် ကျေနပ်ပါသည်။

ခရမ်းပြာ

အကြောင်းမှာ ရှုမဝချစ်သူဘဝတွင် ဆရာမောင်ခွေတင့်နှင့် ရင်းနှီးကျွမ်းဝင် သံယောဇဉ် အမျှင်တန်းပုံက ဘယ်တော့မှ မေ့မရနိုင်အောင် အမှတ်ထင်ထင် ဖြစ်နေမည်မှာ သံသယဖြစ်စရာ မလိုသောကြောင့် ဖြစ်ပါသည်။

ဝိတောက်ပွင့်သစ်မဂ္ဂဇင်း
၂၀၁၄၊ မတ်လ

❐

# ခေတ်မီတဲ့ ဂန္ထဝင် ကဗျာကြယ်တစ်ပွင့်

[ သို့မဟုတ် ]

**ဆရာညွန့်ဝေ (ကသာ)**

“ အေးကွာ၊ မောင်မြင့်သူ
ဘာလုပ်နေတယ်။
ဘာရေးနေတယ် ဆိုတာ
ဆရာ သဘောပေါက်ပါတယ်။
ခေတ်ပေါ်ကဗျာဆိုတာ
ကာရန်တွေကို ဇွတ်ရိုက်ချိုးပစ်မှ
ရေးလို့ရတာ မဟုတ်ပါဘူးကွာ။
ဘောင်ထဲစည်းထဲကနေပြီး
အတွေးသစ်အမြင်သစ်ကို
ခေတ်နဲ့အပြိုင် တီထွင်ဆန်းစစ်
ရေးနေရင်လည်း ခေတ်ပေါ်ပါပဲကွာ။
မောင်မြင့်သူ ဆက်လုပ်ပါ။
ဆရာ အားပေးတယ်။ ”

## ခေတ်မီတဲ့ ဂန္ထဝင် ကဗျာကြယ်တစ်ပွင့်

[သို့မဟုတ်]

**ဆရာညွန့်ဝေ (ကသာ)**

'ကျွန်တော်တို့အပေါ် လေးစားချစ်ခင်ပြီး နားလည်တဲ့ လူကြီးလူကောင်းတွေကျ အသက်မရှည်ကြဘူးဗျာ။ စောစောစီးစီး ကွယ်လွန်ကြတယ်။ ဒါလည်း ကျွန်တော်တို့ရဲ့ ကံအကျိုးပေး နည်းလို့ပဲလို့ အောက်မေ့ရမှာပေါ့'

ကဗျာဆရာ တင်ခင်ရီအောင်ခေါ် ပြည်နယ်တရားသူကြီးချုပ် တစ်ဦး ကွယ်လွန်တော့၊ ကျွန်တော့်မိတ်ဆွေ အက်ဆေးဆရာကို ပြောမိသော ကျွန်တော့် စကားတစ်ခွန်း ဖြစ်ပါသည်။ စိတ်မကောင်းလိုက်တာ။ နမြောစရာကောင်းလိုက်တာ။

အဝေးရောက် မိတ်ဆွေ အက်ဆေးဆရာကို အကြောင်းပြု၍ ကဗျာဆရာ တင်ခင်ရီအောင်နှင့် သိခွင့်ရသည်။ သူ့ကဗျာစာအုပ်ကိုပင် ကျွန်တော် စီစဉ်ဆောင်ရွက်ပေးရုံမျှမက သူ့ကဗျာစာအုပ်အတွက် အမှာစာပင် ရေးပေးလိုက်ရသည်။ ကဗျာစာအုပ် ထွက်ပြီးတာပင် ဘာမှမကြာသေး။ တစ်နှစ်ကျော်ခန့်ပင် ရှိသေး၏။ လူချင်းမူ မတွေ့ဖူးလိုက်။ ဖုန်းနှင့်စာနှင့်သာ ခင်မင်ခွင့်ရခဲ့သော အဝေးရောက် မိတ်ဆွေတစ်ဦး။

ဟော… တစ်လောက ဆုံးပြီတဲ့။ သူ့အသက် ဘာရှိဦးမလဲ။

အလွန်ဆုံးရှိလှ ငါးဆယ်ကျော်ပေါ့။ လူချင်းမတွေ့လိုက်ရသည့် မိတ်ဆွေကို နှမြောတသ သတိရလို့မှ မဆုံးသေးခင် နောက်ထပ် စိတ်မကောင်းစရာ သတင်းက ကြားလိုက်ရပြန်ပြီ။

'ဆရာညွန့်ဝေ (ကသာ) ဆုံးပြီ' တဲ့။

နောက်ထပ် နှမြောစရာ လူတစ်ယောက် သွားပြန်ပြီ။ မတရားသော လောကသည် ဘာကြောင့် နှမြောစရာလူတွေကိုချည်း ရွေးခေါ်နေရတာလဲ

တကယ်တော့ ဆရာညွန့်ဝေ(ကသာ)သည်လည်း ကျွန်တော့်အပေါ် ကောင်းခဲ့သော၊ လေးစားနားလည်မှု ရှိခဲ့သော ကဗျာဆရာကြီး တစ်ယောက် ဖြစ်ပါသည်။

ဆရာညွန့်ဝေ (ကသာ)သည် ထင်ရှားကျော်ကြားသော ကဗျာဆရ တစ်ဦးဖြစ်၏။ ဆရာ့ကို စသိခြင်းမှာ ရှုမဝမဂ္ဂဇင်း တစ်ခေတ်ကတည်းက ရှုမဝကဗျာတွေနှင့် စတင်သိကျွမ်းခဲ့ခြင်း ဖြစ်ပါသည်။ ထိုစဉ်က ရှုမ မဂ္ဂဇင်း ရှေ့တန်း ကဗျာစာရင်းသည် အမြဲတမ်း ပုံသေနည်းပါးဖြစ် ကျွန်တော်တို့ အလွတ်ပင်ရခဲ့သည်။ ဆရာညွန့်ဝေ (ကသာ)သည် ထိုစဉ်က ရှုမဝမဂ္ဂဇင်းတွင် ပုံမှန်ရေးနေကြသော နောင်၊ ဂုဏ်ဝင်း၊ နွယ် (စစ်တွေ တို့နှင့် တစ်ခေတ်တည်း ဖြစ်ပါသည်။

ဆရာသည် မြန်မာကဗျာဆရာတစ်ဦး အဖြစ်သာ ကျော်ကြားခြ မဟုတ်ပါ။ ဆေးပညာ လောကတွင်လည်း အစားထိုးပြုပြင် ခွဲစိတ်မှုန မျက်နှာမေးရိုးခွဲစိတ်ကု ဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးသိန်းညွ အဖြစ် ထင်ရှားသူ ဖြစ်ပါသည်။

ဆရာ့အမည်ရင်းက ဒေါက်တာသိန်းညွန့်။ ကလောင်အမည် ညွန့်ဝေ (ကသာ)။ ဆရာ့ကို ၁၉၃၂ ခုနှစ် ဩဂုတ်လ (၁၂) ရက် (သောကြာနေ့)တွင် တောအုပ်ကြီး ဦးလေးမောင်၊ ဒေါ်အိမ်တို့မှ မွေးဖွ သည်။ မွေးချင်း ခြောက်ဦးအနက် တတိယသားဖြစ်သည်။ ဇာတိချ မြို့ပ်မှာ တောင်တွင်းကြီးမြို့ ဖြစ်သော်လည်း ကသာမြို့တွင် ကြီးပြ ခဲ့သည်။

အသက် ၁၅ နှစ် ရှစ်တန်း ကျောင်းသားဘဝတွင် ပထမဆုံး ပုံနှိပ်ကဗျာအဖြစ် သတင်းစုံဂျာနယ်တွင် ပါခဲ့သည်။ ပဒေသာ၊ ရှုမဝ၊ မြဝတီ၊ ငွေတာရီ သွေးသောက် စသည့် မဂ္ဂဇင်းများတွင် ပါဝင်ရေးသားပြီး ကဗျာစာပေလောကတွင် ခြေချခဲ့၏။ အိမ်ထောင်ဖက်မှာ တရားရုံးချုပ်ရှေ့နေ ဒေါ်ဝေဝေလွင် (ကွယ်လွန်) ဖြစ်၏။ သားနှစ်ယောက် ထွန်းကားခဲ့သည်။

ထုတ်ဝေခဲ့သော စာအုပ်များမှာ သိမှတ်ဖွယ်ရာ ဆေးပညာ (ပညာ အလင်းစာပေ) ၁၉၆၇ ခုနှစ်၊ 'ဇော' ဆေးပညာပေး ဝတ္ထုရှည် (စာပေ ဗိမာန်)။ စိတ်ပြတင်းကဗျာများ (ဂုဏ်ထူး) စာပေ ၁၉၉၈။ လည်ပြန်အငဲ့ ကဗျာစာအုပ်၊ ၂၀၀၉ ခုနှစ်တို့ဖြစ်သည်။

စိတ်ပြတင်း ကဗျာစာအုပ်ဖြင့် အမျိုးသားစာပေဆု (ကဗျာ) ကို ၁၉၉၂ ခုနှစ်အတွက် ရရှိခဲ့သည်။ ၂၀၀၈ ခုနှစ်တွင် ဝိဇ္ဇာပညာ ထူးချွန်ဆု (ဒုတိယအဆင့်) ချီးမြှင့်ခြင်းခံရပြီးသည့်နောက် ပခုက္ကူ ဦးအုန်းဖေ တစ်သက် တာ စာပေဆုလည်း ရခဲ့သေးသည်။ အစားထိုးပြုပြင် ခွဲစိတ်မှုဆိုင်ရာ ပါမောက္ခ ဆရာဝန်ကြီးအဖြစ် နိုင်ငံတာဝန်ထမ်းရင်း အငြိမ်းစားယူခဲ့သည်။ လေးစားစရာကောင်းသည်မှာ နောက်ဆုံးအချိန်အထိ ခွဲစိတ်ဓားနှင့် ကလောင် ကို ကိုင်သွားခဲ့သူ ဖြစ်သည်။

ဆရာညွန့်ဝေ (ကသာ)နှင့် ကျွန်တော်တို့ လူချင်းတွေ့ဆုံပုံကလည်း ကဗျာမဆန်ပါ။ ရိုးရိုးလေးပဲ ဖြစ်ပါသည်။

ဆရာညွန့်ဝေ (ကသာ)နှင့် ကျွန်တော်တို့ လူချင်းစသိတော့ မှတ်မှတ် ရရ ဆူးလေစေတီ ရင်ပြင်တော်ပေါ်မှာ ဖြစ်သည်။ ဆူးလေ စေတီတော် သမိုင်းပြုစုရာတွင် ကဗျာဆရာတွေပါ ပါဝင်စေချင်သဖြင့် ဂေါပကအဖွဲ့ (ဆူးလေစေတီတော် သမိုင်းပြုစုရေးအဖွဲ့)က အစည်းအဝေး ခေါ်ထားသည့် နေ့ပင် ဖြစ်သည်။

ကဗျာဆရာ ဇော်နောင်က မိတ်ဆက်ပေးသဖြင့် ဆရာနှင့် ပထမ ဆုံးအကြိမ် သိခွင့်ရသလို စကားပြောခွင့်ရခြင်း ဖြစ်သည်။ ဆရာက 'မောင်မြင့်သူ အခုဘာတွေလုပ်နေတုန်း' ဟုမေးရာ၊ 'ကျွန်တော်ကတော့

အလုပ်က များပါတယ်ဆရာ။ ဒါပေမဲ့ အားတာနဲ့ ကဗျာတွေတော့ လိုမ့်ရေး ဖြစ်နေပါတယ်' ဟု ဖြေလိုက်မိပါသည်။ ဆရာက တည်တည်ငြိမ်ငြိမ် ပြုံးကြည့်ပြီး–

'အေးကွ၊ မောင်မြင့်သူ ဘာလုပ်နေတယ်။ ဘာရေးနေတယ် ဆိုတာ ဆရာ သဘောပေါက်ပါတယ်။ ခေတ်ပေါ်ကဗျာဆိုတာ ကာရန်တွေကို ဖွတ်ရိုက်ချိုးပစ်မှ ရေးလို့ရတာ မဟုတ်ပါဘူးကွာ။ ဘောင်ထဲစည်းထဲ ကနေပြီး အတွေးသစ်အမြင်သစ်ကို ခေတ်နဲ့အပြိုင် တီထွင်ဆန်းစစ် ရေး နေရင်လည်း ခေတ်ပေါ်ပါပဲကွာ။ မောင်မြင့်သူ ဆက်လုပ်ပါ။ ဆရာ အားပေးတယ်'

ဆရာ့စကားက တော်တော်ထူးခြားသည်။ ဂန္ထဝင်ကဗျာ ဆရာတွေ ထဲက ကြားရခဲသော စကားမျိုးဖြစ်သည်။ ဆရာ့လို ပညာရှင်က မြန်မာ ဂန္ထဝင် ကဗျာအပေါ်ထားသော ကျွန်တော့်စေတနာ၊ ကျွန်တော့် အားထုတ် ချက်ကို နားလည်လက်ခံသဖြင့် ဝမ်းသာမိပါသည်။ ထိုစဉ်က ဆရာသည် ကဗျာပညာရှင်အဖြစ် အဖွဲ့အစည်းတစ်ခုခုတွင် တာဝန်တစ်ရပ် ထမ်းဆောင် နေသည် ထင်ပါသည်။

ပြောရလျှင် ကျွန်တော်ကလည်း ၁၉၈၇ ခုနှစ်အတွက် 'ကြက်တောင် စည်းနှင့် မစံပယ်' ကလေးကဗျာစာအုပ်ဖြင့် အမျိုးသားစာပေဆု ရရှိဖူး သော်လည်း နောက်ပိုင်း ကဗျာတွေသာ ရေးပြီး စာအုပ်မထုတ်နိုင်ခဲ့ပါ။ ကျန်တာ ဘာစာပေပြိုင်ပွဲမှလည်း ဝင်မပြိုင်ခဲ့ပါ။

၁၉၉၂ ခုနှစ် စာပေဗိမာန်စာမူဆုတွင် 'ကဗျာဆု' ပါဝင်လာတော့မှ ဝင်ပြီး လက်ရည်စမ်း ဖြစ်ပါသည်။ ဆုကြေညာတော့ ၁၉၉၂ ခုနှစ်အတွက် စာပေဗိမာန်ကဗျာ ပထမဆုရပါသည်။ ၁၉၉၃ ခုနှစ်အတွက် ဆက်ပြိုင် ပါသည်။ ကျွန်တော်ပဲ ကဗျာပထမဆု ရပါသည်။ ၁၉၉၄ ခုနှစ်အတွက် တစ်အုပ်ရေးဖြစ်ပြန်ပါသည်။ စာပေဗိမာန်ချည်း သုံးနှစ် ဆက်ပြိုင်လျှင် မကောင်းတော့။ စဉ်းစားရပါတော့သည်။ သို့ဖြင့် ထိုစာမူကို ပခုက္ကူ ဦးအုန်းဖေ စာပေဆု စာမူပြိုင်ပွဲသို့ ပြောင်း၍ တင်လိုက်ပါတော့သည်။

ထိုပခုက္ကူ ဦးအုန်းဖေ စာပေဆုတွေ မထွက်မီ တစ်လအလိုတွင် ဆူးလေဘုရားပေါ်မှာ ဆရာနှင့်တွေ့၍ ဆရာထံက အထက်ပါ ထူးဆန်းသောစကားကို ကြားရတော့ ကဗျာဆရာ ကိုဇော်နောင်က ကျွန်တော့်ကို အဓိပ္ပာယ်ပါပါ ပြုံးကြည့်ပါသည်။ တကယ်ပါပဲ။ ပခုက္ကူ ဦးအုန်းဖေ စာပေဆု ထွက်လာသောအခါ ကျွန်တော်ပဲ ကဗျာပထမဆု ရပါသည်။ ပြောရလျှင် သုံးနှစ်ဆက်တိုက် ကဗျာသုံးအုပ်ရေး။ သုံးခါ ပထမရခဲ့ခြင်းပဲ ဖြစ်ပါသည်။

ပြောရလျှင် ပခုက္ကူစာပေဆုပေးပွဲ ညဘက်စင်မြင့်တွင် ဟောပြောခဲ့သလို ကျွန်တော် တော်လို့ မဟုတ်ပါ။ သို့သော် ကျွန်တော့် ကြိုးစားမှု တစ်ထွာကို ပညာရှင်တို့က တစ်ထောင်မြင်လို့သာ ဖြစ်ပါသည်။ ထိုအထဲတွင် ဆရာညွှန့်ဝေ(ကသာ)လည်း အပါအဝင်တစ်ဦး ဖြစ်ပါသည်။

သည်ကနေ့ ကဗျာလောကတွင် ဆုရကဗျာတွေကို ဂန္ထဝင်လက်ရိုးတွေ ဟူသော အမြင်နှင့် လူငယ်တွေ အရေးမလုပ်သော ကာလမို့ ကျွန်တော်က မြန်မာဂန္ထဝင် ကဗျာကို ဘောင်ထဲစည်းထဲက သစ်အောင် လုပ်ပြခဲ့တာဖြစ်သည်။ ကျွန်တော့် အားထုတ်မှုကို ဂန္ထဝင် အရိုးစွဲ အယူသီးသူ အနည်းငယ်မှလွဲ၍ ဆရာတို့လို ပညာရှင်များက လက်ခံနားလည်သည့်အတွက် ကျေးဇူးတင်ရပါသည်။

သည့်နောက် မြန်မာဆာဗီးယား ချစ်ကြည်ရေးအတွက် နှစ်ဘာသာဖြင့် ထုတ်ဝေမည့် မြန်မာကဗျာပြုစုရေးအဖွဲ့တွင် ကျွန်တော် ပါဝင်ခွင့်ရတော့ ဆရာနှင့်ပိုပြီး နီးစပ်ရင်းနှီးကြရပြန်ပါသည်။ ထီလာစစ်သူက အဖွဲ့ခေါင်းဆောင် ဖြစ်သည်။ အဖွဲ့ဝင်များမှာ မင်းယုဝေ၊ ညွှန့်ဝေ (ကသာ)၊ သူရဇော်၊ ဖျာပုံ မောင်ဆွေနွယ်၊ ဘာသာပြန်ဆရာ အမေ့သားတို့ ဖြစ်သည်။

သည်ချစ်ကြည်ရေး ကဗျာပြုစုရေး အဖွဲ့ကလေး အမည်ကို 'မြကန်သာ ကဗျာအဖွဲ့' ဟု အမည်ပေးထားပါသည်။ ဒါ့ကြောင့် ဆရာထံက 'လည်ပြန်အငဲ့' ကဗျာစာအုပ် လက်ဆောင်ရတော့ စာအုပ်အဖွင့်တွင် ဆရာ့လက်ရေးမူရင်းဖြင့် "မြကန်သာ" မြေလတ်မောင်မြင့်သူသို့ ခင်မင်

ရင်းဖြင့် အမှတ်တရ မေတ္တာလက်ဆောင်ဟု ဆရာကိုယ်တိုင် လက်မှတ်ရေးထိုးထားပါသည်။

ဆရာ့လည်ပြန်အငဲ့ စာအုပ်ကို ကျွန်တော် 'မီးအိမ်သစ်' ကလောင်ဖြင့် ခံစားမှု ဖတ်ညွှန်းလေး ရေးဖြစ်ပါသည်။ ဆရာ့ကို ရှမဝ ခေတ်ပြိုင်ထဲတွင် ထင်ရှားသူဖြစ်ကြောင်း။ ဆရာ့ဂန္ထဝင် ဟန်က လေးသုံးနှစ်လက်ရိုးဟန်မျိုး မဟုတ်ကြောင်း။ ကာရန် အသံနောက်မလိုက်ဘဲ စကားလုံးခွန်အားနှင့်အတူ အနက်လှ အတွေးသစ် အရေးသစ်မျိုး ဖြစ်ကြောင်း။ ဂန္ထဝင်ကဗျာဆရာ ဆိုသော်လည်း ပုံစံဟောင်းကြီး မဟုတ်ဘဲ တိုးတက်ခေတ်မီသော အတွေးသမား အရေးသမား ဖြစ်ကြောင်း ညွှန်းခဲ့ပါသည်။

မြကန်သာ ကဗျာဝိုင်းတွင် တစ်လ တစ်ခါ ဆိုသလို တွေ့ကြတော့ ဆရာက အားရဝမ်းသာ ဆိုပါသည်။

'မောင်မြင့်သူ ရေးတဲ့ ကိုယ့်ကဗျာစာအုပ် ဖတ်ညွှန်းလေး ဖတ်ပြီးပြီ။ ကွက်တိပဲ။ ဒီစာအုပ်နဲ့ ပတ်သက်ပြီး ရေးကြသမျှ ဖတ်ညွှန်းတွေထဲမှာ မောင်မြင့်သူရေးတာ အကြိုက်ဆုံးပဲ။ ကဗျာ ဖတ်ညွှန်းဆိုတာ အဲဒီလိုမှပေါ့'

ဆရာ့ရဲ့ 'လည်ပြန်အငဲ့' ကဗျာစာအုပ်နှင့် ပတ်သက်၍ ဆရာပါရဂူ၏ အမြင်ကလည်း အတော်လှပါသည်။ တစ်နည်းအားဖြင့် ဆရာပါရဂူ၏ မြန်မာကဗျာနှင့် ပတ်သက်သော အရေးအသားဖြစ်သလို ညွန့်ဝေ (ကသာ)အပေါ် သို့မဟုတ် ညွန့်ဝေ(ကသာ)၏ ကဗျာအပေါ် အကဲဖြတ်ချက်ဟုလည်း ပြောနိုင်လိမ့်မည် ထင်ပါသည်။

*'ကဗျာကို စိတ်ကူး သို့မဟုတ် အတွေးအဆင်တန်ဆာ ဆင်ယင်ခြင်းက ပို၍ အခက်အခဲ ရှိသည်။ ယင်းအခက်အခဲကို ကျော်လွှားနိုင်သူများသည်သာလျှင် တကယ်ကဗျာဆရာ စာရင်းဝင် ဖြစ်လာနိုင်လိမ့်မည်။ ညွန့်ဝေ (ကသာ)၏ ကဗျာများကို ဖတ်လျှင် တစ်ပုဒ်ဆို ဆိုသလောက် စာဖတ်သူတွင် ကဗျာဆရာပေးလိုသော မက်ဆေ့တစ်ခုခု ကျန်ရစ်ခဲ့သည်သာများသည်။*

*ညွန့်ဝေ(ကသာ)၏ ကဗျာများတွင် သုံးနှုန်းထားသော စကားလုံးများမှာမူ စာပေဆန်သော စာအုပ်များထဲက စကားလုံး မဟုတ်ပေ။ အများ*

*သုံး၊ ပြည်သူသုံး၊ အရပ်သုံး စကားလုံးများ ဖြစ်သည်။ ညွန့်ဝေ(ကသာ) သည် သူ၏ ကဗျာ၌ အများသုံး စကားလုံးများဖြင့် ဖလော်ဆိုဗီကို ဖော်ကျူးသည်။ မွေသ်ဝေကို ဖော်ကျူးသော ညွန့်ဝေ(ကသာ)၏ ကဗျာ တစ်ပုဒ်သည် တရားစာအုပ် တစ်အုပ်လောက် ခရီးရောက်သည်' ဟူ၍ ဖြစ်ပါသည်။*

* * *

သည့်နောက်တော့ ဆာဗီးယားသံရုံး တာဝန်ခံကြီး မစ္စတာ ယက်ကိုဗစ်ချ် (ချစ်စနိုးအခေါ် ဆာဗီးယားဝင်းဦး) အခြား တစ်နိုင်ငံ ပြောင်းသွားသဖြင့် ကျွန်တော်တို့ မြကန်သာ အဖွဲ့လေးလည်း တစ်လ တစ်ခါ မတွေ့ဖြစ်တော့ပါ။

သို့သော် သည်မြကန်သာ ကဗျာအဖွဲ့လေးပေါ် သံယောဇဉ်ကြီး သော ဆရာညွန့်ဝေ(ကသာ)က မကြာခဏ ဆိုသလို ကျွန်တော်တို့အား ခေါ်ပြီး ညှော့်ခံပြုစုလေ့ ရှိပါသည်။ ကမ္ဘာအေးဘုရားလမ်းပေါ်က ဆိုင်ကြီး တစ်ဆိုင်ရယ်၊ ပါရမီလမ်းမကြီးပေါ်က ဆိုင်ကြီးတစ်ဆိုင်ရယ် ဖြစ်ပါသည်။ နောက်ဆုံး မှတ်မိသည်မှာ ဆရာ့အား သူ့ဂေါက်သီးရိုက် အဖွဲ့တွေက ဂုဏ်ပြုသည့်ပွဲကို ဆရာသူရဇော်နှင့် ကျွန်တော့်အား အထူးဧည်သည့်အဖြစ် ဖိတ်လို့ သွားခဲ့ကြရပါသေးသည်။ ကန်တော်ကြီးစောင်းက ဆိုင်ကြီး တစ်ဆိုင်မှာ ဖြစ်ပါသည်။

သည့်နောက် ဆရာလည်း ကျန်းမာရေး ယိုင်လာသည်ဟု ကြားသိ ရပါသည်။ ဆရာက 'အိမ်လာခဲ့ကြပါဦး' ဟု ခေါ်သော်လည်း ဆရာ သူရဇော်နှင့် ကျွန်တော်တို့ တစ်ခေါက်သာ ရောက်ဖြစ်ခဲ့ပါသည်။

အဲသည့်ကတည်းက မရောက်ဖြစ်လိုက်တာ နောက်ဆုံး ကျွန်တော် ရောက်ရှိသွားတော့ တကာယ့်ကို ဆရာ့ရဲ့ နောက်ဆုံးခရီး ဖြစ်နေပါသည်။ ရေဝေးသုသာန်က ခန်းမထဲတွင် ဆရာ့ကို ချစ်ကြသူတွေ အပြည့်။ လွမ်းသူ့ ပန်းခြင်းပေါင်း သုံးဆယ်ကျော်က သက်သေပင် ဖြစ်ပါသည်။

* * *

ဆရာ မရှိတော့ပါ။

ဆရာညွန့်ဝေ (ကသာ) မရှိတော့ပါ။ သို့သော် ဆရာ့ကို ချစ်သော ကြည်ညိုလေးစားသော ဆရာ့နာမည်ကတော့ ရှင်သန်နေဆဲပါ။ မွှေးပျံ့နေဆဲပါ။ သေသူကို ရှင်သူက တရမည်။ ဆရာ့ဂုဏ်ရည်နှင့်အတူ ဆရာ့ကဗျာတွေကလည်း ထာဝရမွှေးပျံ့နေမှာ သေချာပါသည်။

ကျွန်တော့် ရင်ထဲမှာတော့ …

'မြေကမ္ဘာရေ ဂုဏ်ပြုထိုက်သူ တစ်ဦးကို ကြိုလိုက်ပါဦး' ဟူ၍ သာ။

❐

သူ့တာ သူ့ကမ္ဘာတွေက ပြောတဲ့
ဆရာ ဗန်းမော်ညီနွဲ့။

“ သာမန် စာဖတ်ပရိသတ်
ကဗျာဖတ်ပရိသတ်အနေနှင့်မူ
ဆရာဝန်းမော်ညိုနွဲ့ကို
ကဗျာဆရာအဖြစ်သာ
သိကြလိမ့်မည် ထင်ပါသည်။
အဲဒီလို ထင်စရာဖြစ်အောင်လည်း
ဆရာ့ကဗျာတွေက ရေးအားကောင်းခဲ့ပါသည်။
ပြောရလျှင် ဆရာသည်
မြဝတီ၊ ငွေတာရီ မဂ္ဂဇင်းတစ်ခေတ်တွင်
ကဗျာတွေ ပြောင်ပြောင်မြောက်မြောက် ရေးဖွဲ့ခဲ့သလို
ရှုမဝတစ်ခေတ်တွင်လည်း
ထူးချွန်စွာ ရေးဖွဲ့နိုင်သူ ဖြစ်ပါသည်။
သို့သော် ဆရာသည်
ကဗျာတွင်သာမက
စကားပြေ အရေးအဖွဲ့ကောင်းသည့်
ဝတ္ထုတိုဆရာလည်း ဖြစ်ပါသည်။ ”

## သူ့စာ သူ့ကဗျာတွေကပြောတဲ့
## ဆရာဇန်းမော်ညိုနွဲ့

(၁)

*"လရောင်ဆမ်း၍*
*ရွာလမ်းမြေမှာ ဝင်းဝင်းဝါ၏။*
*အုန်းထန်းပေလက်*
*တမာရွက်တို့*
*ရွှေစက်ရွှေပြောက်၊ ရွှေရည်သောက်၏"*

ဇန်းမော်ညိုနွဲ့လို့ သတိရလိုက်သည်နှင့် အထက်ပါ ကဗျာစာသားတို့က နှုတ်ဖျားတွင် အလိုလို တွဲခိုနေမိလျက်သား ဖြစ်ပါသည်။ ကျွန်တော်ဆယ်တန်းကျောင်းသား ဘဝတွင် စတင်ထိတွေ့ခဲ့ရသော ကဗျာ။ ယနေ့တိုင်မမေ့နိုင်ဘဲ ရှိသည့် အမှတ်တရကဗျာ။

ဤကဗျာကို ဘယ်နှစ်ခုနှစ်ကတည်းက ဆရာရေးခဲ့မှန်း မသိသော်လည်း ၁၉၆၃ ခုနှစ်တွင် အရဏ်ဦးကလေးကဗျာများနှင့် စာပေဗိမာန်အနုပညာဆိုင်ရာ ကလေးသူငယ်စာပေ ပထမဆုရတော့ ကျွန်တော့်အသက် ၁၃ နှစ်ပဲ ရှိသေးသည်။

ဆရာက လူကြီးကဗျာလည်း ရေးသည်။ ကလေးကဗျာလည်း ရေးသည်။ ပြီးတော့ စကားပြေလည်း ရေးပါသေးသည်။ ဒါ့ကြောင့် ဆရာသည် ကဗျာဆရာလည်း ဖြစ်၏။ ဝတ္ထုတိုဆရာလည်း ဖြစ်ပါသည်။

(၂)

သာမန် စာဖတ်ပရိသတ် ကဗျာဖတ်ပရိသတ်အနေနှင့်မူ ဆရာဇန်းမော်ညို့နွဲ့ကို ကဗျာဆရာအဖြစ်သာ သိကြလိမ့်မည် ထင်ပါသည်။ အဲဒီလို ထင်စရာ ဖြစ်အောင်လည်း ဆရာ့ကဗျာတွေက ရေးအားကောင်းခဲ့ပါသည်။ ပြောရလျှင် ဆရာသည် မြဝတီ၊ ငွေတာရီမဂ္ဂဇင်း တစ်ခေတ်တွင် ကဗျာတွေ ပြောင်မြောက်စွာ ရေးဖွဲ့ခဲ့သလို ရှုမဝ တစ်ခေတ်တွင်လည်း ထူးချွန်စွာ ရေးဖွဲ့နိုင်သူ ဖြစ်ပါသည်။

သို့သော် ဆရာသည် ကဗျာတွင်သာမက စကားပြေ အရေးအဖွဲ့ကောင်းသည့် ဝတ္ထုတိုဆရာလည်း ဖြစ်ပါသည်။

၁၉၅၄ ခု၊ နိုဝင်ဘာလထုတ် အတွဲ-၃၊ အမှတ်-၁ မြဝတီမဂ္ဂဇင်းပါ ဝတ္ထုတိုလေးက သက်သေခံလျက် ရှိပါသည်။ ၁၉၅၄ ခုဆိုတော့ ကျွန်တော်လေးနှစ်သားအရွယ်ပဲ ရှိပါသေးသည်။

ဝတ္ထုအမည်က "အနှောင်အဖွဲ့" ဖြစ်ပါသည်။ ဤမေတ္တာဘွဲ့ကို သန့်သန့်လေး ရေးဖွဲ့ပြသည့် ဆရာတပည့် မေတ္တာဘွဲ့ဝတ္ထု ဖြစ်ပါသည်။ သားသမီး မြေးမြစ်တွေနှင့် အနှောင်အဖွဲ့ သံယောဇဉ်က မလွတ်နိုင်သေးသော အမေအိုသည် အိမ်ရှေ့ဝရန်တာတွင် ဒူးတုပ်ထိုင်လျက် ဘုရားရှင်ကို မှန်း၍ ပုတီးတစ်ပတ်စိတ်ပြီးလေတိုင်း သံယောဇဉ်မီးတွေကို စိတ်နှင့်ဖြတ်နေပုံ မြင်ကွင်းဖြင့် ဝတ္ထုတိုကို စဖွင့်ပါသည်။ ဝတ္ထုပျိုးပုံကလည်း ကဗျာဆရာပီပီ ကဗျာဆန်လှပါသည်။

*"သံယောဇဉ်မီး အလွန်ကြီး*
*ဖိစီးနှိပ်စက် ငါ့မကြ်"*

ဟု ကဗျာလေးနှင့် စဖွင့်ထားပါသည်။ ဇာတ်လမ်းက မဆန်းလှပါ။ ဆရာ့အရေးအဖွဲ့နှင့် ဆရာ့စေတနာမေတ္တာက ဆန်းသည် ထင်ပါသည်။ တောင်ပေါ်ရောက် မြေပြန့်ကျောင်းဆရာလေး၏ စေတနာ မေတ္တာနှင့် သံယောဇဉ်အဖွဲ့ ဖြစ်ပါသည်။

**ခရမ်းပြာ**

ကဗျာဆရာ ဖြစ်လို့လား မသိ။ ဆရာ့ စကားပြေ အရေးအသားက ပြေပြစ်ရုံမျှမက၊ ချောမောညင်သာမှု ရှိသည်ဟုလည်း ထင်ပါသည်။ တချို့ နေရာတွင် အက်ဆေးဆန်သော အရေးအဖွဲ့မျိုးကိုလည်း တွေ့ရပါသည်။

*"သည်သား သည်သမီး၊ သည်မြေး သည်မြစ် အရစ်ရစ် လိမ်ပတ်ဖွဲ့ယှက်အပ်သည့် ကြိုးစတွေကို၊ တစ်ထုံးဖြတ်ပိုင်း၊ တစ်လှိုင်းပယ်ပစ်၊ တစ်ရစ် ခုတ်ထွင်လျက် ဘဝ၏ ချုပ်ငြိမ်းရာ အေးချမ်းမှုရိပ်ငြိမ်ကို ရွယ်ရှူးရင်း ဖိစီးနှိပ်စက်နေသော သံယောဇဉ်မီးကို ဖလံကောင်များ မီးရောင်မက်သကဲ့သို့ ငါ မမက်လေချင်တော့တကား"*

ဟူ၍ လည်းကောင်း၊ ဝတ္ထုအခြား တစ်နေရာတွင်

*"အမေသည် တစ်ကိုယ်လုံး ပီတိတွေ မွှမ်းမွှမ်းစိပ်ကာ ပြုံးနေ၏။ ပူလောင်မွတ်သိပ်နေစဉ် ရေကြည်ဖြိုး၍ မိုးကြီးရွာသည်ကို ကြိမ်ရသူကဲ့သို့ အမေ့အသံမှာ မေတ္တာ အထုံအခိုးတို့ဖြင့် ကြည်လင် သန့်ရှင်းနေလေသည်"*

ဟု ဖတ်ရပါသည်။ ဤဝါကျတွင် စကားလုံးများကို ပုလဲလုံးကဲ့သို့ သုံးစွဲသွားပုံမှာ လှပရုံမျှမကဘဲ ခေတ်မီ သစ်လွင်နေသည်ကို တွေ့ရပါသည်။

ဒါက ဝတ္ထုစကားပြေ အရေးအဖွဲ့ပိုင်း အနေဖြင့် ပြောလိုရင်း ဖြစ်ပါသည်။

ဤဝတ္ထုတွင် စာရေးဆရာ ကိုင်စွဲသော ဒဿနနှင့် စာရေးဆရာ၏ ဘဝခံယူချက် စေတနာကိုလည်း ပီပီပြင်ပြင် တွေ့လိုက်ရပါသေးသည်။

*"နိုင်ငံတစ်ခုရဲ့ ပြောင်းလဲမှုကို ဖန်တီးနေတဲ့ စီးပွားရေး အတက်အကျ သဘောကို နားလည်ထားရင် တစ်နေ့ နိုင်ငံ့ဝန်ကို ထမ်းဆောင်ကြရတဲ့အခါ နိုင်ငံမှာ ဘာတွေ လိုနေတယ်၊ ဘယ် ချွတ်ယွင်းချက်တွေဟာ ဘာကြောင့် ဖြစ်ပေါ်လာတယ်၊ ဘယ်အကြောင်းတရားကြောင့် ဘယ် အကျိုးတရား ဖြစ်ပေါ်လာရတယ် ဆိုတာတွေကို တိတိကျကျ ဝေဖန်နိုင်စွမ်းလာရမယ်။ သမိုင်းသဘောကို လေ့လာပြီး စဉ်းစား ပြင်ဆင်မှုဟာ အများ*

*အယွင်း နည်းစေတတ်တဲ့အတွက် သမိုင်းပညာဟာ တကယ့် ပြည်သူ ပြည်သားကောင်းဖြစ်အောင် ပြုပြင်ပေးနိုင်စွမ်းတဲ့ အထောက်အကူ ပညာ ရပ်တစ်ခုပဲ ဆိုတာ ခေတ်မီယဉ်ကျေးတဲ့ နိုင်ငံတိုင်းက လက်ခံနေကြပြီ"*

*"သမိုင်းကို မင်းတွေရဲ့ စစ်တိုက်မှု၊ စစ်ဆင်မှု၊ နန်းတွင်းရေး ရှုတ်ပွေမှုတွေအဖို့ ခုနှစ် သက္ကရာဇ်နဲ့ ပြတဲ့ ဇယားအဖြစ် ကျဉ်းမြောင်းစွာ အသုံးပြုနေမယ် ဆိုရင်တော့ သမိုင်းဟာ ငြီးငွေ့စွာ ဘာသာတစ်ရပ်အဖြစ် နိမ့်ကျသွားမှာပဲ"*

ဤနေရာတွင် သမိုင်းဘာသာရပ်အပေါ် တန်ဖိုးထားမှုနှင့် သမိုင်း အမြင် ခံယူချက်တို့သည် စာသင်ခန်းအပြင်အထိ အတိုင်းအဆမရှိ ကျယ်ပြန့် နေသည်ကို တွေ့နိုင်ပါသည်။ စာသင်သည့် ကျောင်းဆရာ၏ အနာဂတ် အတွက် သမိုင်းအမြင်သည် အနာဂတ်အတွက် မျှော်လင့်သော နိုင်ငံရေး ခံယူချက်လည်း ဖြစ်နေသည်ကို သတိမူလျှင် ထင်သာမြင်သာ ရှိလှပါသည်။

ကဗျာဆရာ တစ်ယောက်၊ ကျောင်းဆရာ တစ်ယောက်၏ ဘဝခံယူ ချက်နှင့် နိုင်ငံရေးအမြင်သည် ခုမှမဟုတ်၊ ရှေးဦးမဆွကတည်းက အမြစ် တွယ်ပြီး ဖြစ်သည်ကို ဤဝတ္ထုပါ ကာလက ဖော်ပြနေပါသည်။ ဒါကြောင့် လည်း ဆရာဇန်းမော်ညိုနွဲ့သည် နောက်ဆုံးပိတ် အချိန်အထိ သူ ယုံကြည် သော နိုင်ငံရေးခံယူချက်အတိုင်း စွဲစွဲမြဲမြဲ ဆုပ်ကိုင်သွားတာပဲဟု နားလည်မှု နှင့်အတူ လေးစားဦးညွှတ်နေမိပါသည်။

(၃)

ဆရာဇန်းမော်ညိုနွဲ့၏ ကဗျာများသည် မြန်မာဆန်၏။ အသံသာ၏။ လင်္ကာချော၏။ အနက်လှ၏။ အတွေးလည်းလှသည်။ အကြောင်းအရာ မျိုးစုံကို ကဗျာပီအောင် ဖွဲ့နိုင်စွမ်းသည်။ ဒါကြောင့်လား မသိ။ ဝင်းဖေ ပြန်ဆိုသည့် ခေတ်ပေါ်မြန်မာကဗျာစာအုပ်တွင် ကလောင်ရှင် ၄၂ ဦးအနက် ဇန်းမော်ညိုနွဲ့၏ အမည်သည် ဆဋ္ဌမနေရာတွင် ရှိသည်ကို ထင်ရှားစွာ တွေ့ရပါသည်။ ထိုစာအုပ်တွင် "အနုပညာဝေဒနာ" ကဗျာနှင့် "တစ်ခန်းရပ်"

ကဗျာ ၂ ပုဒ်ကို အင်္ဂလိပ်မြန်မာ နှစ်ဘာသာနှင့် တွဲလျက် ပုံနှိပ်ဖော်ပြထားခြင်း ဖြစ်ပါသည်။

"အနုပညာဝေဒနာ"ကဗျာ၏ နောက်ဆုံးအပိုဒ်တွင်

*"မိုးပွင့်ကိုခင်၊ တောကိုမင်၍*
*မြင်ရာစွေငု၊ နက်စွာရှုသည့်*
*အနုပညာ၊ သည်ရောဂါသည်*
*ငါ့မှာ ဘယ်က စွဲသည်မသိ"*

ဟု အနုပညာသည်တိုင်းတွင် စွဲကပ်လေ့ရှိသော အနုပညာကို ခွာမရခွဲမကွာသည့် ရောဂါလို တင်စားသွားပုံမှာ ရိုးရိုးလေးနှင့် ထိမိလှပါသည်။

ထို့အတူ မြဝတီမဂ္ဂဇင်း စာမျက်နှာတစ်ခုတွင် ဖတ်ခဲ့မိသော "မိုးကိုမျှော်သည်" ဟူသော ကဗျာတွင် ဆရာ၏ ခေတ်မီသော အယူအဆကို ရဲရဲတွေး၍ ရဲရဲရေးပြသွားပုံမှာ ကဗျာလှသလို အတွေးလည်း နက်လှပါသည်။ အဲဒီလို အတွေးကို မြန်မာကဗျာတွင် အချိုးတွဲ ပုံစံဖြင့် အသံသာအောင် ရေးနိုင်ဖို့ ဆိုသည်မှာ မလွယ်ကူလှပါ။

*"မိုးကိုမျှော်*
*မပေါ်လာ ရွှေမိုးကြောင့်*
*ရွာရိုးမှာ လူခေါ်လို့*
*ပူဇော်လွှန်ပွဲ။*
*လူ့ထုံးစံ*
*ကြုံမိကြုံရာမို့*
*ခြင်းစုတ်မှာ ဆံမြိတ်ထိုးတွေနှင့်*
*ဖိုးအောင်ကျော်နတ်ကို သကြွရင်*
*မိုးကျမယ်စွဲ။*

*ရွှေမိုးလဲ မှန်မှန်ရွာ*
*ရွှေရွာလဲ မှန်မှန်တွေး။*
*သူ့အချိုးသူညီမှ*
*သူ့ဝသီ သူ့လုပ်ငန်း*
*လမ်းဖြောင့်မယ်လေး"။*

ရွှေမိုးလဲ မှန်မှန်ရွာ၊ ရွှေရွာလည်း မှန်မှန်တွေး ဆိုသော စကားနှင့် အတွေးသည် အလွန်လှပ၍ လွယ်သယောင် ထင်ရသော်လည်း တကယ်တော့ မလွယ်လှပါ။ ဆရာ့ကဗျာဉာဏ်က မှော်အောင်နေတာမို့ လွယ်လွယ်ရေးနိုင်တာ ထင်ပါသည်။

အလားတူ မြဝတီမဂ္ဂဇင်း စာတစ်မျက်နှာပေါ်က "တိဂုံရှင် အေးရိပ်လမ်း" ကဗျာတွင်

*"လူမှုရေးတွေက*
*ရှုပ်ထွေးဗလောင်ဆူ၍*
*ဒေါသမူဇာအဝိဇ်ကယ်နှင့်*
*လောဘမူ တဏှာရိပ်တွေကြောင့်*
*စိတ်တေလေချည်မမီနိုင်ဘု*
*တိတ်တခွေ ရည်အညီမှာ*
*နှမ်းရိခွေလျှဉ်။*
*သင်သရာ ထိုရက်မများစေဖို့*
*ယှဉ်စရာ ဖိုလ်မဂ်တရားတွေဖြင့်*
*ဘုရားမြတ်ဆံတော်သခင်ရယ်*
*ကယ်နိုင်ရင်ဖြင့် ကယ်ပါဦး"*

ဟူသည့် ကဗျာလေးကို ဖတ်လိုက်ရတော့ သူလည်းလေ လောကီသားပေမို့ဟု ကဗျာဆရာ့ အပူကို ကိုယ်ချင်းစာမိသလို ကိုယ်တိုင်ပူလောင်သည့်အခါတိုင်းလည်း ဤကဗျာစာသားတွေကို သတိရနေမိတတ်ပါသည်။

**ခရမ်းပြာ**

ဤသည်မှာ ဆရာ့ကဗျာက ပေးသော အသိဖြစ်သလို ဤအသိဆီ ဆိုက်ရောက်ဖို့ အလွယ်တကူ လက်ကမ်းပေးခဲ့သော ဆရာ့ကဗျာ၏ ဂုဏ်ရည် အစွမ်းဟု ဆိုသော် ရတန်ကောင်းသည်ဟု ကျွန်တော် ထင်မြင်မိပါသည်။

(၄)

ဆရာမင်းသုဝဏ်၊ ဒေါက်တာမောင်ဖြူးနှင့် ဆရာမကြီး ဒေါ်နုယဉ် တို့ ဖောက်ခဲ့သော ကလေးကဗျာလမ်း၌ စောစီးစွာ လမ်းပေါက်ခဲ့သူများ တွင် ဆရာဖန်းမော်ညိုနွံ့လည်း ပါဝင်ပါသည်။

ဆိုခဲ့ပါအတိုင်း ဆရာသည် ၁၉၆၃ ခု၊ စာပေဗိမာန် အနုပညာစာပေ ဆိုင်ရာ ကလေးသူငယ်စာပေ ပထမဆုကို "အရုဏ်ဦးကလေးကဗျာများ" ဖြင့် ရခဲ့ပါသည်။ ထူးခြားသည်မှာ ထိုစဉ်က ပထမဆုရသော ဆရာ့ ကဗျာစာအုပ်တွင် ကဗျာပုဒ်ရေ ၄၀ တိတိသာ ပါဝင်သည်ကို တွေ့လိုက် ရလို့ ဖြစ်ပါသည်။

ကဗျာဆုတွင် အရေအတွက်သည် သာမည၊ အရည်အသွေးသည် သာ အဓိက ဆိုသည်ကို ရင်ခုန်ခံစားလိုက်ရလို့ ဖြစ်ပါသည်။

ဆုရကဗျာဖြစ်၍ ရွှေဖလားကို ငွေနားမကွပ်လိုပါ။ သို့သော် ထူးခြား သော ကလေးကဗျာ ၂ ပုဒ်ကိုတော့ ဆွဲထုတ်ပြချင်ပါသည်။ ကဗျာဆရာ၏ အားထုတ်ချက်ကို သိစေချင်လို့ ဖြစ်ပါသည်။ အောက်ပါကဗျာကို ဖတ် ကြည့်လျှင် ကဗျာဆရာ၏ အားထုတ်မှုနှင့် ကဗျာဉာဏ်ကို တွေ့နိုင်ပါသည်။

*ဝ - ဂ - င - ပ*

*ဝ လုံးကလေး*
*ဝိုင်းဝိုင်းရေး*
*ညီတွေးပုချာချာ။*
*ဂ ငယ်အောက်က*
*ဟ တတ*

*ဝ နဲ့ မတူပါ။*
*တစ်ဖက်စောင်းက*
*င ကိုရ*
*ဂ နဲ့ မတူပါ။*
*အပေါ်လှည့်ပြ*
*ပ ကိုရ*
*ငနဲ့ မတူပါ။*
*ဝ - ဂ - င - ပ*
*လိုတိုင်းရ*
*ဗမာ့အက္ခရာ။ ။*

ဆုရသော ကဗျာဟူသည် သို့ကလို ထူးခြားသော ကဗျာမျိုးတွေလည်း ပါဖို့ လိုအပ်ပါသည်။ ဆရာ့ကလေး ကဗျာများတွင် ရှေ့က ဆရာကြီးတွေ၏ နည်းကိုမှီး၍ မူကွဲဖြစ်အောင် အားထုတ်ထားတာမျိုးတွေလည်း ဖတ်ရပါသည်။ ကလေးနှင့် လိုက်ဖက်သော အတွေးကို ကလေးနှင့် အံဝင်ခွင်ကျ ဖြစ်အောင် ဖန်တီးထားသော ကလေးကဗျာစစ်စစ်ဖြစ်၍လည်း ဆရာ့ကို လေးစားမှုနှင့်အတူ ကျေးဇူးတင်ရပါသည်။

နောက်တစ်ပုဒ်က "တို့ဗိုလ်ချုပ်" ကလေးကဗျာ ဖြစ်ပါသည်။

*ဗိုလ်ချုပ် ဗိုလ်ချုပ်*
*တို့ဗိုလ်ချုပ်*
*ဗိုလ်ချုပ် ကျွဲလေး ဘယ်ကမွေး*
*နတ်မောက်မြို့တဲ့လေး။*
*ဗိုလ်ချုပ် ဗိုလ်ချုပ်*
*တို့ဗိုလ်ချုပ်*
*ဗိုလ်ချုပ် စစ်သွေး ဘယ်ကမွေး*
*ဗိုလ်လရောင်တို့မြေး။*

ခရမ်းပြာ

*ဗိုလ်လရောင်မြေး၊ ရွှေကပြေး*
*မောင်ဒွေး မောင်ငယ် လိုက်ပါ့မယ်*
*နှမသယ် ရွှေတလေး*
*သူလဲ ပါရဲ့လေး။ ။*

ဆရာဇန်းမော်ညိုနွဲ့၏ ရှားပါးသော ဗိုလ်ချုပ်ကဗျာဖြစ်သလို မြန်မာကဗျာသမိုင်းတွင်လည်း ရှားပါးသော ဗိုလ်ချုပ်ကဗျာ ဖြစ်ပါသည်။

ကဗျာလောကတွင် ကဗျာဆရာ ထောင်ချီ၍ ရှိပါ၏။ သို့သော် ဗိုလ်ချုပ်ကဗျာ ရေးဖွဲ့သူကား ရာဂဏန်း မရှိခဲ့ပါ။ ဆယ်ဂဏန်းမျှသာ ရှိခဲ့၏။ ထိုအထဲတွင် ဇန်းမော်ညိုနွဲ့သည် ရှေ့တန်းက ပါ၏။ ဗိုလ်ချုပ်ကို ချစ်လို့ ရေးမှန်း အထူးပြောစရာ မလိုပါ။ ချစ်ထိုက်သော နိုင်ငံ့ခေါင်းဆောင်ကို ချစ်ခြင်းသည် ချစ်အပ်သော နိုင်ငံကို ချစ်ခြင်းဖြစ်သည်ဟု ကျွန်တော် ယုံကြည်ပါသည်။

သည့်အတွက် ဆရာဇန်းမော်ညိုနွဲ့ ကိုယ်တိုင်လည်း တစ်ခုသော ကောင်းကင်ဘုံက လိပ်ပြာလုံစွာ ကျေနပ်နေလိမ့်မည် ထင်ပါသည်။

ဆရာ့စာ၊ ဆရာ့ကဗျာတွေကို ဖတ်၍ လေ့လာ၍ ဆရာ့ရုပ်ပုံလွှာကို မလှမ်းမကမ်းက ပန်းချီရေးကြည့်ရသလို အားထုတ်ခဲ့သော ကျွန်တော် စာတမ်းငယ်သည် ဆရာ့ဂုဏ်ရည်ကို မီအောင် မလိုက်နိုင်မှာ သေချာပါသည်။

သို့သော်
ဆရာနှင့် ဆရာ့စာ ဆရာ့ကဗျာတွေကို
ကြည်ညို၍
လေးစား၍
မြတ်နိုး၍
တန်ဖိုးထား၍။

❐

# အဖော်မင်တဲ့ အမွေသား

[ သို့မဟုတ် ]

# အက်ဆေးဆရာ သူငယ်ချင်း

“ တစ်ခုသော နွေရာသီတွင်
အမေ့ကို သတိရလို့
ကျွန်တော် ရွာပြန်သွားပါ။
ရွာမရောက်ခင် အောင်လံတွင်
တစ်ထောက်နားရင်း
သူ့ဆီ လှမ်းဖုန်းဆက်တော့
"အေးအေး ကောင်းတယ် ကောင်းတယ်။
ခင်ဗျားဗျာ စောစောကတော့ ကြိုမပြောဘူး။
အခု အောင်လံမှာပဲ ရှိသေးတယ်မို့လား။
ခင်ဗျားအမေအတွက် လိုအပ်တဲ့ ဆေးဝါးနဲ့
အာဟာရတွေ သုံးသောင်းဖိုး
ဝယ်သွားပြီး ကန်တော့ခဲ့ပါ။
ခင်ဗျား ရန်ကုန်ပြန်ရောက်ရင်
အဲဒီငွေသုံးသောင်း
ကျွန်တော် ပို့ပေးမယ်" ”

## အဖော်မင်တဲ့ အမေ့သား

[သို့မဟုတ်]

## အက်ဆေးဆရာ သူငယ်ချင်း

"ဟဲလို အမေလား၊ ကျွန်တော်ပါ အမေရဲ့။ အခု ရန်ကုန်က ဆက်နေတာ။ အမေ နေကောင်းလား။ ပိုက်ဆံကောသုံးဖို့ ရှိသေးလား။ ဘယ်လောက် ထပ်ပို့လိုက်ရဦးမလဲ။ ဗျာ… သုံးဖို့ ရှိသေးတယ် ဟုတ်လား။ ရှိသေးရင်ပြီးတာပဲ။ သုံးချင်တာသုံး၊ စားချင်တာစား။ လှူချင်တာလှူနော်။ ဟုတ်ကဲ့… ဟုတ်ကဲ့… အမေနေကောင်းရင် ပြီးတာပဲ။ ဒါပဲနော်အမေ။ ဟုတ်ကဲ့… ဟုတ်ကဲ့"

အမေချစ်သားနှင့် သားချစ်အမေတို့ လေလှိုင်းကြားက အပြန်အလှန် စကားပြောနေကြခြင်း ဖြစ်ပါ၏။ ကျွန်တော် ကြားဖူးသမျှ အမေနှင့်သား စကားပြောခန်းတွင် သူတို့သားအမိလောက် ဘယ်သားအမိ ပြောတာမှ နားဝင်မချိုဟု ထင်သည်။ အနားကလူ အားကျလောက်အောင် သူတို့ သားအမိ စကားပြောတာတွေက နားထောင်လို့ ကောင်းရုံမျှမဟုတ်။ ကြည်နူး စရာလည်း ကောင်းသည်။ ကျေနပ်စရာလည်း ကောင်းသည်။

ဆရာ တက္ကသိုလ်ဘုန်းနိုင် ပြောခဲ့ဖူးသည့် မိန်းမလှလှလေးနှင့် မော်တော်ကားလှလှလေးတွေကို တွဲဖက်၍ တင်စားခဲ့သလိုမျိုး အတုခိုး ပြောရလျှင် တယ်လီဖုန်း (လက်ကိုင်ဖုန်း) ပေါ်ကာစ လှလှလေးနှင့်

သားအမိရဲ့ စကားချိုချိုလေးကို ကြားရသည်မှာ နားကျက်သရေ ရှိရုံမက နှလုံးသားထဲမှာပါ ကျက်သရေရှိလိုက်တာဟု ကျွန်တော် ခံစားမိသည်။

ဤသို့ ကြားရတတ်သည်မှာ တစ်နှစ် တစ်ခါမဟုတ်။ သူ နယ်အဝေး တစ်နေရာတွင် တာဝန်ထမ်းဆောင်နေရာမှ ရန်ကုန်ပြန်လာသည့်အခါတိုင်း ကျွန်တော်နှင့် ဟိုဟိုသည်သည် သွားလာတတ်သည့်အခါတိုင်း မကြာခဏ ကြားနေကြဖြစ်သည်။

ကျွန်တော်နှင့်သူ ကျွမ်းဝင်ချိန်တွင် သူ့မှာ အဖေမရှိတော့။ အမေသာ ရှိတော့၏။ ကျွန်တော် သူ့ဘဝကို တစ်ဆင့်တိုး၍ အားကျသည်မှာ တစ်ဦး တည်းသော အမေကို ကျွေးနိုင်ခွင့်ရှိတုန်း ကျွေးခွင့်ရတုန်း ကျွေးပိုင်ခွင့် ဘဝနှင့် ပြည့်စုံသော သူ့အဖြစ်ကိုပဲ ဖြစ်ပါသည်။

အော်… အမေချစ်သား ပီသသည့် သူ့ဘဝမျိုးကို ကျွန်တော် တကယ်ပဲ ရချင်စမ်းပါဘိ။

သူဆိုသည်မှာ အခြားမဟုတ်။ ကျွန်တော့်ဘဝတွင် အလေးအနက် အသိအမှတ်ပြုရမည့် အက်ဆေးဆရာ သို့မဟုတ် ကျွန်တော့်မိတ်ဆွေကြီး မောင်ရင့်မာ (ကျောင်းကုန်း)ပဲ ဖြစ်ပါသည်။

* * *

သူ့အလုပ်ကို အကြောင်းပြု၍ စာသမား ရောင်းရင်းအချို့က "ခုံမင်း" ဟု ဝိဂြိုဟ်ပြုကြ၏။ သူက ကျောင်းကုန်းမြို့နယ်က ဂုန်မင်းရွာ သား။ ကျွန်တော့်လိုပဲ တောသားစစ်စစ်။ ကာရန်ချစ်သည့် ကဗျာသံနှင့် ဆိုရလျှင်တော့ ဂုန်မင်းက ခုံမင်းပေါ့။

သို့သော် ကျွန်တော်ကတော့ သူ့ကို အဲသည်လို တစ်ခါမျှ မခေါ် ခဲ့ဖူးပါ။ ခေါ်ဖို့လည်း စိတ်မကူးပါ။ နဂိုလေးစားရင်းစွဲ စိတ်ထားအမှန်ဖြင့် သူ ဘယ်လောက်ရင့်၍ ဘယ်လောက်မာမှန်း မသိသည့်တိုင် ကျွန်တော် တစ်လျှောက်လုံး နှုတ်ကျိုးခဲ့သည်မှာ ကိုရင့်မာဟူ၍။

ကြီးရင့်မှသိခွင့် ကျွမ်းခွင့်ရသော်လည်း ငယ်ပေါင်းတမျှ စိတ်မပြောင်း

သည့်သူ့ကို ဘယ်တုန်းက စတွေ့မိတာလဲဆိုသည့် မေးခွန်းကို တိကျစွာ ဖြေဆိုရန် ကျွန်တော့်မှတ်ဉာဏ်က ခွင့်မပြုခဲ့ပါ။ မောင်ခိုင်နီ (ဗဟိုမီးသတ်) ဆိုသည့် ကလောင်အားကိုးဖြင့် မိုးဝေစာပေအကြောင်း ရေပက်မဝင်အောင် ကျယ်ကျယ်လောင်လောင် ပြောတတ်သလောက် တကယ့်ငှက်တွေ့ကျ တော့ မြဝတီမဂ္ဂဇင်းမှာပဲ သူ့ဝတ္ထုတိုတွေ ဖတ်ခဲ့ရသည့် ကိုမောင်ခိုင် အပြောအရ "ခင်ဗျား ကျောက်တံတားရုံးက လျှပ်စစ်မှာ လုပ်နေတုန်းက၊ တောကတက်လာပြီး မလယ်မဝယ်နဲ့ ဘယ်မှမသွားတတ်လို့ ကျုပ်ခေါ် လာခဲ့တဲ့ မောင်ရင့်မာ (ကျောင်းကုန်း)ပေါ့ဗျာ" ဆိုတာကိုလည်း ကျွန်တော် အစဖော်ကြည့်လို့ မရခဲ့ပါ။

ကျွန်တော် သတိတရ အမှတ်ထင်ထင် ရှိတာကတော့ သူတို့ မဂ္ဂဇင်းပိုးထပြီး ၃၈ လမ်းက အာရှပလာဇာ ရှော့ပင်းစင်တာ အောက်ထပ် တွင် ရုပ်ရှင်သစ္စာ လုပ်ကြစဉ်က ဖြစ်သည်။ ကျွန်တော်က ကဗျာသွား အပို့ ကျွန်တော့်ကဗျာပေါ်က နာမည်ကိုကြည့်ပြီး "ခင်ဗျားက ကိုမြင့်သူ လား" ဆိုတော့ ကျွန်တော်ကလည်း နှုတ်တုံ့မဆိုင်း "ဟုတ်ပါတယ် ခင်ဗျား ကိုရင့်မာလား" ဟု အဲသည်လို အစပြုခဲ့ကြသည်ပဲ ထင်ပါသည်။ ထို့အတူ ကျွန်တော့်အား ကဗျာစာမူမပါဘဲနှင့် ဖတ်ဖို့ မဂ္ဂဇင်းတစ်အုပ် လက်ဆောင်ပေးလိုက်တာကိုလည်း သတိရနေပါသည်။ သည့်နောက် သူတို့ မဂ္ဂဇင်းတွင် ကျွန်တော့် ကဗျာတစ်ပုဒ်ပါပြီး မဂ္ဂဇင်း ခေါင်းကွဲသွားသည် ထင်၏။ သူတို့ အုပ်စုကိုလည်း မတွေ့တော့။ မဂ္ဂဇင်းလည်း တစ်နေရာ ပြောင်းသွား၏။ သူနှင့် ကျွန်တော်လည်း ရန်ကုန်မြို့ပေါ်မှာနေပြီး ဝေးသွား ခဲ့လေသည်။

ကျွန်တော် ဌာနဆိုင်ရာက ပင်စင်ယူပြီး အမှတ်မထင် သောင်းပြောင်း ထွေလာ ရယ်စရာမဂ္ဂဇင်းတွင် တာဝန်ခံ အယ်ဒီတာ မောင်မောင်စနေနှင့် အတူ အယ်ဒီတာ ဝင်လုပ်ဖြစ်တော့ သူနှင့် ဒုတိယအကြိမ် ပြန်ဆုံရန် အကြောင်းဖန်လာသည်။ သောင်းပြောင်းထွေလာ ရယ်စရာတွင် လေးငါးလ ခန့် ကြာတော့ ထုတ်ဝေသူက "ရယ်စရာ" ဆိုပြီး မဂ္ဂဇင်းအသစ်တစ်စောင်

လုပ်ခွင့်ရသည်။ သည်တွင် နောက်ပေါက် ရယ်စရာကို ဟာသ မဂ္ဂဇင်း လုပ်၍ မူလသောင်းပြောင်းထွေလာ ရယ်စရာကိုတော့ အတည်အခန့် အနုပညာစာပေလိုင်း ပြောင်းလိုက်သည်။

ထိုသောင်းပြောင်းထွေလာအတွက် လိုအပ်သည့် စာမူတွေ စီစဉ်ရာက သူ့ထံမှ မကြာခဏ စာမူတောင်းရသည်။ ထိုအချိန်တွင် သူက အက်ဆေးတွေ အားကောင်းမောင်းသန်ရေးနေချိန် ဖြစ်သည်။ လူကြုံနှင့် စာမူ အပေးအယူ လုပ်ဖြစ်ကြသော်လည်း လူချင်းတော့ သိပ်မတွေ့ဖြစ်ကြ။ သူ့ရုံးကိုလည်း ဘယ်နားရှိမှန်းမသိ။ ပင်စင်စားပီပီ ဟိုရုံး သည်ရုံးကို မဝင်ချင်တော့တာလည်း ပါသည်။

သောင်းပြောင်းထွေလာထုတ်လို့ တစ်နှစ်မပြည့်ခင်မှာပင် မဂ္ဂဇင်းက ရပ်သွားသည်။ ရရှိတဲ့လစာကလည်း မဖြစ်စလောက်။ ထိုအချိန်တွင် သူငယ်ချင်း ကဗျာဆရာက လစာကောင်းကောင်းဖြင့် ဂျာနယ်တာဝန်ခံ လုပ်ပါဆိုပြီး ဖွတ်လာခေါ်ချိန်ဖြစ်၍ ကျွန်တော် အလုပ်ပြောင်းလိုက်သည်။

သည်တွင် သူနှင့် ဒုတိယအကြိမ် လူချင်း ရင်းရင်းနှီးနှီး ပြန်တွေ့ရခြင်း ဖြစ်သည်။ အကြောင်းကလည်း ရှိလို့ဖြစ်သည်။ တစ်ခြား မဟုတ်ပါ။ သူ့မိတ်ဆွေ အခွန်အရာရှိကြီး (ငြိမ်း) ဦးစီးမည့် ဂျာနယ်တွင် တာဝန်ခံ အယ်ဒီတာလုပ်ဖို့ လာခေါ်ခြင်း ဖြစ်သည်။ လက်ရှိအလုပ်ကြောင့် ငြင်းလိုက်ရသော်လည်း သူနှင့်တော့ ပိုပြီး ရင်းနှီးသွားသည်။ သူသည် အလုပ်ခဏနားချိန်မျိုးတွင် သူ့စီးတော်ကားလေးနှင့် ထွက်လာတတ်ပြီး ရောက်လေရာ လက်ဖက်ရည်ဆိုင်က လှမ်းလှမ်းခေါ်လေ့ ရှိသည်။ သူလှမ်းခေါ်လို့ ရောက်သွားလျှင်လည်း သူ့အပေါင်းအဖော် သုံးလေးဦးက ပါလာစမြဲ ဖြစ်သည်။ ပြီးတော့ စားသောက်ကြသည့် စားပွဲဝိုင်းကိုလည်း သူပဲ ဒိုင်ခံ ရှင်းသည်။ တစ်ကြိမ် တစ်ခါ မဟုတ်။ အခါခါပဲ ဖြစ်သည်။ သူ့တွင် ကျွေးချင်မွေးချင်သည့် စေတနာနှင့် ကျွေးနိုင်မွေးနိုင်သည့် သဒ္ဓါတရားထက် အဖော်မင်သည့် နှလုံးသားက ပို၍ ကြီးထွားနေကြောင်း ထိုစဉ်ကတည်းက ကျွန်တော် သတိထားလိုက်မိသည်။

ခရမ်းပြာ

လစာကောင်းသော ဂျာနယ်အလုပ်သည် ကျွန်တော့် ဝါသနာနှင့် ကြာကြာ အလုပ်မဖြစ်လို့ သုံးလေးလနှင့် ထွက်လိုက်သည်။ ဘာအလုပ်မှ မရှိတော့မှ သူ့ရုံးကို ကျွန်တော် သွားလည်ဖြစ်သည်။ သွားလည်ဖြစ်တိုင်း လည်း မိတ်ဆွေတစ်ယောက် နှစ်ယောက်တော့ သူ့ဆီမှာ ကြုံရောက်နေ တတ်သည်။ သူသည် အလုပ်မအားသည့်ကြားက သူ့ထံလာသည့် မိတ်ဆွေ များအား ထမင်းချိန်ထမင်း၊ လက်ဖက်ရည်ချိန် လက်ဖက်ရည် စသည်ဖြင့် ဧည့်ခံရင်း စကားပြောလေ့ ရှိသည်။

ကျွန်တော် ကဗျာဆရာ၏ ဂျာနယ်က ထွက်လာမှန်း သိသဖြင့် သူ့မိတ်ဆွေ အငြိမ်းစား အခွန်အရာရှိကြီးထံ သတင်းပေးပြီး၊ ထိုအရာရှိ စာရေးဆရာနှင့်အတူ အယ်ဒီတာလုပ်ဖို့ စီစဉ်ပြန်သည်။ အငြိမ်းစား အခွန် အရာရှိကြီးကလည်း နဂိုကတည်းက ကျွန်တော့်ကို လိုလားနေသူမို့ သူ့ ဂျာနယ်တွင် တာဝန်ခံ အယ်ဒီတာအဖြစ် နေရာပေးသည်။ သို့ဖြင့် သူနှင့် ကျွန်တော်လည်း ပိုပြီး ရင်းချာသွားသည်။ သူနှင့် ရင်းချာတော့မှ သူ့ဇာတိ ဖြစ်သည့် ကျောင်းကုန်းမြို့ကို လည်းကောင်း၊ သူ့အမေရှိရာ ဂုန်မင်းရွာ ကလေးကို လည်းကောင်း ကျွန်တော် ရောက်ဖူးခြင်း ဖြစ်သည်။

စင်စစ် သူသည် ကျွန်တော့်အား ဧရာဝတီတိုင်း မြစ်ဝကျွန်းပေါ်ဒေသ ၏ အငွေ့အသက်နှင့် စတင်ထိတွေ့ခွင့်ပေးသူဆိုလျှင်လည်း မှားမည် မဟုတ်ပါ။ သူ့ကြောင့် အညာဆန်သော မြေလတ်သား ကျွန်တော်သည် အညာမြေလတ်က အမေ့အိမ်ဆီကိုသာ နှစ်စဉ် မရောက်သော်လည်း ကျောင်းကုန်းမြို့ကလေး ဆီကိုတော့ . . .။

* * *

တစ်နွယ်ငင် တစ်စင်ပါ ဟူသော စကားက အတော်မှန်သည်။ မောင်ရင့်မာ (ကျောင်းကုန်း) ကို အကြောင်းပြု၍ ကျောင်းကုန်းဧည့်မှူးနှင့် ရင်းနှီးခွင့်ရသည်။ ဤသည်မှ အကြောင်းဆက်၍ ကဗျာရေးသည့် ဆီစက် သူဌေး ကိုသန်းဌေး။ ပန်းတနော်က ဓာတ်ပုံဆရာ ကိုသိန်းအေး ပြီးတော့

ပန်းတနော်နယ်က ကဗျာဆရာ မြစ်ဝကျွန်းပေါ် လှမျိုး စသည် စသည်ဖြင့် သံယောဇဉ် နယ်ကျယ်ခဲ့သည်။

ထိုသံယောဇဉ်ဖြင့် ကျောင်းကုန်းမြို့ကလေးသို့ နှစ်စဉ်လိုလို ရောက်ဖြစ်ခဲ့သည်မှာ ၆ နှစ် ၇ နှစ်ခန့်ပင် ရှိခဲ့ပြီ။ မှတ်မှတ်ရရ ၂၀၀၆ ခုနှစ်တွင်မူ ခါတိုင်းလို အလည်ဧည့်သည်အဖြစ်နှင့် မဟုတ်မူဘဲ စာပေ ဟောပြောသူအဖြစ် ခေါ်သွားတာဖြစ်သည်။ အတူတွဲ၍ ဟောပြောဖြစ်သူများက မောင်ရင့်မာ (ကျောင်းကုန်း) နှင့် ကျောင်းကုန်းညွှန့်မျိုးတို့ ဖြစ်သည်။ ကျွန်တော့် ဘဝတွင် တူတူတန်တန် ဟောပြောဖြစ်သော စာပေဟောပြောပွဲဟု ဆိုနိုင်ပါသည်။ အကြောင်းမှာ ထိုဟောပြောပွဲ အခွေကို နားထောင်ဖြစ်သော မောင်ရင့်မာ (ကျောင်းကုန်း) ၏ အမေက သူ့သား ရွာပြန်လာတိုင်း ကျွန်တော့်အား ခေါ်လာခဲ့ပြီး ထမင်းကောင်း ဟင်းကောင်း ချက်ကျွေးချင်လို့ဟု အပြောခံရ၍ ဖြစ်သည်။

သူ့တွင် ကျွန်တော် သီးခြား လေးစားရသော အမူအကျင့်ကလေးတစ်ခုမှာ ရုံးပိတ်ရက်ရှည် အချိန်ရတိုင်း သူရောက်လေရာ အရပ်မှ သူ့အမေရှိရာ ရွာကလေးသို့ရောက်အောင် လာတတ်ခြင်းပဲ ဖြစ်သည်။ အထူးသဖြင့် သီတင်းကျွတ် ရုံးပိတ်ရက်မျိုးနှင့် သင်္ကြန်ရုံးပိတ်ရက်မျိုး ဖြစ်၏။

အဲဒီလို သူရွာပြန်လာလျှင်လည်း သူရုံးစိုက်ရာသို့ မပြန်ခင် ကျွန်တော်တို့ တစ်သိုက်အား ရွာလိုက်ခဲ့ဖို့ တတတ မှာတတ်၏။ ကျွန်တော်တို့ဆိုသည်မှာ သူ့ကိုညီအစ်ကို ချစ်ခင်ကြသော ကျွန်တော် အပါအဝင် လေးကိုတင်၊ ညီမင်းညိုနှင့် ရှေ့နေကြီး ကိုလှိုင်ဘွားတို့ပဲ ဖြစ်သည်။ သူ့ကို နောက်ထပ် ကျေးဇူးတင်ရသည်မှာ သူသည် သူ့အမေထံ ရောက်ရာ အရပ်က တစ်နှစ် နှစ်ခေါက် ပြန်လေ့ရှိသလို ကျွန်တော့်ကိုလည်း ကျွန်တော့် အမေ့ထံ တစ်နှစ် နှစ်ခေါက်ပြန်ဖို့ တိုက်တွန်းလေ့ရှိသည်။

သူများနှင့်မတူသည့် သူ့အရည်အချင်းမှာ အမေချစ်စိတ် ရွာချစ်စိတ်နှင့် အပေါင်းအဖော် ချစ်စိတ်တို့ပဲ ဖြစ်ပါသည်။ ဝန်ထမ်းဘဝကတည်းက ရန်ကုန်တစ်မြို့တည်းမှာပဲ ၃၈ နှစ်လုံးလုံး နေခဲ့ရပြီး ဘယ်

မြို့မှ မရောက်ဖူးဘဲ ခြေတိုခဲ့ရသော ကျွန်တော်သည် သူ့ကြောင့်ပဲ မန္တလေး ရောက်ရသည်။ မတ္တရာရောက်ရသည်။ မလှိုင်ရောက်ရသည်။ နေပြည်တော် ရောက်ရသည်။

ကျွန်တော် ဖြတ်သန်းခဲ့ရသော အယ်ဒီတာဘဝကို ပြန်စောင်းငဲ့ကြည့် လျှင် ရယ်စရာအယ်ဒီတာဘဝမှ ပေဖူးလွှာတာဝန်ခံ အယ်ဒီတာဘဝ ပထမ အကြိမ် ရောက်ဖြစ်ခဲ့သည်မှာလည်း သူ့ကြောင့်ပဲ ဖြစ်သည်။ သူသည် သူ၏ ဝန်ထမ်းဘဝတွင် တရှူရှူတက်နေသော အယ်ဒီတာပိုးကို ကျွန်တော့် အယ်ဒီတာဘဝနှင့် စိတ်ဖြေနေသလား မသိ။ ကျွန်တော့်အား လူလူသူသူ အယ်ဒီတာဘဝမျိုးဖြင့် မြင်ချင်သည့်အထဲတွင် သူ ရှေ့ဆုံးကပါသည်။

လူအကြောင်း ပေါင်းကြည့်မှသိ ဆိုသလို သူ့အကြောင်းကိုလည်း ပေါင်းကြည့်ရင်း တော်တော်သိလာ၏။ တစ်ခါက ကျွန်တော့်တွင် လူမှုရေး အခက်အခဲ တစ်ခုကို အကူအညီပေးရန် ကိစ္စတစ်ခု ပေါ်လာ၏။ ငွေရေး ကြေးရေး ထည့်သုံးစရာလည်း လိုလာ၏။ သုံးရမှာက ရက်သတ္တ တစ်ပတ် သာ လို၏။ ကျွန်တော် ရစရာရှိသည့်ငွေက နှစ်ပတ်ခန့် လိုသေးသည်။ ကျွန်တော်က တစ်ပတ်ကြိုသုံးချင်သည်။ သို့ဖြင့် ငယ်ပေါင်း မဟုတ်သော် လည်း ငယ်ပေါင်းတမျှ ရင်းချာသော ကဗျာဆရာ သူငယ်ချင်း လင်မယား ထံသို့ လိုသောငွေကို တစ်ပတ်ခန့် အတိုးဖြင့်ချေးပါရန် မေတ္တာရပ်ဖူး၏။ အတိုးစကား ပြောရသည်မှာ ထိုကဗျာဆရာ၏ ဇနီးမှာ ငွေတိုးချေးစားမှန်း သိလို့ဖြစ်၏။

ထိုကဗျာဆရာက ကျွန်တော့်အား အဆင်မပြေပါဟု ငြင်းခဲ့သည်။ ကျွန်တော် စိတ်မကောင်းရုံမှအပ ဘာမျှ မတတ်နိုင်ခဲ့။ ကျွန်တော်က ထိုကိစ္စကို မောင်ရင့်မာအား ကဗျာဆရာ နာမည်ကို ထည့်မပြောဘဲ ဖွင့်ပြော တော့ "ခင်ဗျား နောက်ကို အဲဒီလိုကိစ္စမျိုး အရေးပေါ်ကြုံလာရင် ဘယ်သူ့ ဆီမှ အကူအညီ သွားမတောင်းနဲ့။ ကျွန်တော့်ကိုပဲ အချိန်မရွေးပြော" ဟု ဆိုကာ ကျွန်တော် သုံးလိုသောငွေကို ချက်ချင်းပဲ ထုတ်ပေးသည်။ ပြီးတော့ "ခင်ဗျား ဆပ်နိုင်တဲ့အခါမှ ဖြေးဖြေးဆပ်" ဟု ဆိုလိုက်သေးသည်။

တကယ်ပဲ ထိုငွေကြေးကို ကျွန်တော် ချက်ချင်း ပြန်မဆပ်နိုင်ပါ။ လေးငါးလကြာမှ လေးပုံသုံးပုံသာ ပြန်ဆပ်နိုင်၏။ လေးပုံတစ်ပုံခန့် ကျန် နေ၏။ ထိုလေးပုံတစ်ပုံသော ငွေကို သူသည် ပြန်မတောင်းတော့ဘဲ ကျွန်တော် သီတင်းကျွတ်လို့ အမေ့ထံပြန်လျှင် ကျွန်တော် ကန်တော့မည့်ငွေ နှင့် ပေါင်းကန်တော့လိုက်ဟု ခုံမင်းဆန်ဆန် အမိန့်ချလေသည်။

ဒါတွင်မကပါ တစ်ခုသော နွေရာသီတွင် အမေ့ကို သတိရလို့ ကျွန်တော် ရွာပြန်သွား၏။ ရွာမရောက်ခင် အောင်လံတွင် တစ်ထောက် နားရင်း သူ့ဆီ လှမ်းဖုန်းဆက်တော့ "အေးအေး ကောင်းတယ် ကောင်း တယ်။ ခင်ဗျားဗျာ စောစောကတော့ ကြို့မပြောဘူး။ အခု အောင်လံမှာပဲ ရှိသေးတယ်မို့လား။ ခင်ဗျားအမေအတွက် လိုအပ်တဲ့ ဆေးဝါးနဲ့ အာဟာရ တွေ သုံးသောင်းဖိုး ဝယ်သွားပြီး ကန်တော့ခဲ့ပါ။ ခင်ဗျား ရန်ကုန်ပြန် ရောက်ရင် အဲဒီ ငွေသုံးသောင်း ကျွန်တော် ပို့ပေးမယ်"

ကျွန်တော့်ရင်ထဲက ကြည်နူးမှုသည် ဝမ်းနည်းမှုသို့ ပြောင်းသွား၏။ ထိုဝမ်းနည်းမှုသည် သူ ကျွန်တော့်အပေါ် ထားသော နှလုံးသားကို ကျေနပ် လို့ ဖြစ်ပါသည်။ တကယ်တော့ ဘယ်ညီအစ်ကို မောင်နှမဆီကမှ မကြား ခဲ့ရဖူးသော စကားကို သူ့ထံက ကြားရလို့ပဲ ဖြစ်ပါသည်။

အော်··· သူသည် ဒီကမ္ဘာမြေပေါ်တွင် သူတို့ သားအမိသာ စိတ်ချမ်း သာရုံမျှမက သူတကာ သားအမိတွေကိုလည်း စိတ်ချမ်းသာ စေချင်သူပါတကားဟု ရှားရှားပါးပါး မှတ်ချက်ပြုရင်း ကျွန်တော်ကိုယ်တိုင် လည်း အမေ့ထံ တစ်နှစ်နှစ်ခေါက် မှန်မှန်ရောက်အောင် သွားမည်ဟု စိတ်ဒုံးဒုံး ချလိုက်မိပါသည်။

* * *

မောင်ရင့်မာ (ကျောင်းကုန်း)၏ အကြောင်းတွေကို စီကာပတ်ကုံး ချရေးဖို့ စဉ်းစားလိုက်တိုင်း သူနှင့်ပတ်သက်သည့် တစ်ယောက်သော သူ၏ စကားအချို့က အလိုလိုနားထဲ ဝင်လာတတ်စမြဲ ဖြစ်ပါသည်။

ခရမ်းပြာ

"ကျွန်တော် သာယာဝတီ အကျဉ်းထောင်မှာ ကျနေတုန်းက သူနဲ့ ရင်းချာတဲ့ ကျွန်တော့် မိတ်ဆွေတစ်ဦးက ကျွန်တော့်ကို တွေ့ချင်လို့ သူ့ကို အကူအညီတောင်းတာကို သူ ကူညီမပေးခဲ့ဘူးဗျ"

ကျွန်တော်နှင့် မောင်ရင့်မာ (ကျောင်းကုန်း) ၏ ထဲထဲဝင်ဝင် ကျွမ်းဝင်မှုကိုသိသော နိုင်ငံရေးပုဒ်မဖြင့် အကျဉ်းကျဖူးသူတစ်ဦး၏ ပြောနေကျ စကားပဲ ဖြစ်၏။ ထိုသူနှင့် ကျွန်တော် စကားစပ်လို့ မောင်ရင့်မာ (ကျောင်းကုန်း) အကြောင်း ရောက်သွားမိတိုင်း ထိုစကားကိုပဲ အပ်ကြောင်း ထပ်စမြဲ ဖြစ်သည်။

ကျွန်တော်သည် ထိုထောင်ထွက် နိုင်ငံရေးသမားကိုလည်း အပြစ်မတင်ပါ။ မောင်ရင့်မာ (ကျောင်းကုန်း) ကိုလည်း အပြစ်မမြင်ပါ။ မတူညီသော အကြောင်းတရားတစ်ခုက သူတို့နှစ်ဦးအကြား နားမလည်နိုင်အောင် စည်းခြားထားခဲ့လို့ပဲ ဖြစ်ပါသည်။

တစ်စုံတစ်ယောက်သည် တစ်စုံတစ်ယောက်အတွက် သော်လည်းကောင်း၊ တစ်စုံတရာ အများအတွက် သော်လည်းကောင်း ခြောက်ပြစ်ကင်းကောင်း ကင်းနိုင်မည် ဖြစ်သော်လည်း အခါခပ်သိမ်း သဲစင်ဖို့ဆိုသည်မှာ မလွယ်ကူသောအရာ ဖြစ်ပါသည်။

* * *

"ပြောရလျှင် သူသည် စာသက်အရ လည်းကောင်း၊ လူသက်အရ လည်းကောင်း ကျွန်တော်တို့၏ နောင်တော်ကြီးပဲ ဖြစ်ပါသည်"

အထက်ပါ စာသားသည် မောင်ရင့်မာ(ကျောင်းကုန်း)က ကျွန်တော်၏ အက်ဆေးစာအုပ်တွင် ရေးပေးသော အမှာစာထဲက စာသားများ ဖြစ်ပါသည်။ တစ်နည်း ကျွန်တော့်ကို ညွှန်းဆိုသော စာသား ဖြစ်၏။

ထိုအညွှန်းစာသားတွင် တစ်စုံတစ်ရာ ကြိုက်မကဲစရာတွေ အထူးမပါသလို မောင်ရင့်မာ (ကျောင်းကုန်း)၏ ထိတွေ့မှု တစ်စိတ်တစ်ဒေသတွင် နှစ်သက်စရာတွေချည်း ရွေးပြောနေခြင်း မဟုတ်သည်ကို ရှင်းပြစရာ

မလိုဟု ထင်သည်။ ဘဝတစ်ကွေ့တွင် ဆုံတွေ့ခဲ့ရသည့် သူ့စိတ်ကို ကျွန်တော် မြင်မိသမျှ စုပ်ချက်ခပ်ကြည့်ခြင်းသာ ဖြစ်၏။

စင်စစ် မောင်ရင့်မာ (ကျောင်းကုန်း) ၏ အဖေနှင့် အမေသည် ကျွန်တော်နှင့် ဘာသွေးသားမှ မတော်ပါ။ ထို့အတူ ကျွန်တော်၏ အဖေနှင့် အမေသည်လည်း မောင်ရင့်မာ(ကျောင်းကုန်း)နှင့် ဘာသွေးသားမှ မစပ်ပါ။ ဒါကြောင့် သူနှင့် ကျွန်တော်သည် ဘာသွေးသားမှ ဆက်စပ်စရာ အကြောင်း မရှိပါ။

သို့သော် ကျွန်တော့် ညီအစ်ကို မောင်နှမ အရင်းအချာတွေထံက ဘယ်တုန်းကမှ မရရှိခဲ့ဖူးသော စိတ်မျိုးကို သူ့ထံမှ ရရှိခြင်းကိုမူ ကျွန်တော် ဥပေက္ခာ မပြုနိုင်ပါ။

ထို့ကြောင့် သွေးသားမတော်စပ်လို့ ညီအစ်ကို မဖြစ်နိုင်သော်လည်း နှလုံးသားချင်း ဆက်စပ်မှုက ညီအစ်ကိုအဖြစ် ထုဆစ်ပေးနိုင်သည်ဆိုလျှင် အမေကို တန်ဖိုးထားသည့် အဖော်မင်သော အမေ့သား ဘယ်သူ့ကိုမဆို ကျွန်တော် ညီအစ်ကို တော်ပစ်မှာ သေချာပါသည်။

ပိတောက်ပွင့်သစ်မဂ္ဂဇင်း၊
၂၀၁၄၊ ဇန်နဝါရီ

❐

# လေးကိုးတစ်

[သို့မဟုတ်]

# ကြီးမှ အရတော်တဲ့ အဖော်မွန်

“ ယခင်ကတော့ အတူသောက်ဖြစ်ကြလို့
နှစ်ခွက်လောက် သောက်ဖြစ်လျှင်
သူ ဘိုလိုပြောတာတွေကို
ဟုတ်လား မဟုတ်လား မသိဘဲ
ကျွန်တော်တို့မှာ သည်းခံနားထောင်နေရ၏။
သည်အထဲ ဘာအသံထွက်မှန်းမသိသော
အသံမျိုးထွက်ပြပြီး အဲဒါပြင်သစ်လို ပြောတာဟု
ခပ်တည်တည် ဖြီးတတ်သေး၏။
အခု နောက်ပိုင်းကျတော့
လိုင်းပြောင်းသွားပြန်၏။
ဘီယာလေး နှစ်ခွက်လောက်
ဝင်သွားပြီဆိုသည်နှင့်
ဘာအဆက်အစပ်မှ မရှိဘဲနှင့်
သူ့ဖုန်းလေးထုတ်ကာ
ဟိုပွတ်သည်ပွတ်နှင့် ဟောဒီမှာတွေ့လား
ဒီနေ့ မက်ဆေ့ပို့တာ သုံးခါရှိပြီတဲ့။ ”

# လေးကိုးတစ်

[သို့မဟုတ်]

## ကြီးမှအရတော်တဲ့ အဖော်မွန်

"တင်နိုင်လျက်နှင့်
ယှဉ်ပြိုင်ခက်သူပါခင် . . ."။

သူ့အကြောင်းကို စာတစ်စောင် ပေတစ်ဖွဲ့ရေးမည် စဉ်းစားတိုင်း ယော်နုစဉ် ရှမဝ တစ်ခေတ်က စွဲလမ်းခဲ့ဖူးသော မောင်မောက် (ဥက္ကလာ) ၏ ကဗျာတစ်စက ခေါင်းထဲဝင်လာစမြဲ ဖြစ်ပါသည်။ တကယ်တော့ ဘာမှ တိုက်ဆိုင်လှသည်တော့ မဟုတ်ပါ။ မောင်မောက် (ဥက္ကလာ)၏ ကဗျာက အစ်ကိုတော် ရာမအတွက် ငဲ့ညှာသော ညီတော်လက္ခဏ၏ နှလုံးသားတင်စားချက် ဖြစ်သည်။ မယ်သီတာအတွက် ကြင်ယာရွေးပွဲ လေးတင်ရာတွင် လေးကိုတင်နိုင်လျက်နှင့် တမင်အရှုံးပေးခဲ့ပုံ မေတ္တာဖွဲ့ ဖြစ်သည်။

ကျွန်တော်ကဲ့သို့ပင် သူ့ကို ချစ်ခင်သူ အချို့ကလည်း ဤသို့ ဆိုပါသည်။ သူက လေးကို တင်ရုံပဲတင်နိုင်တဲ့ လေးကိုတင်ပါကွာ။ လေးကို ပစ်နိုင်တဲ့ လေးကိုတင် မဟုတ်ပါဘူးဟု ချစ်စနိုး ကျီစယ်သမှု ပြုကြသည်။ အချို့ချစ်ခင်သူတွေကတော့ သူ့အမည်ကို လေးကိုးတစ်ဟု ခေါ်ဝေါ်သမုတ် ကြသည်။ တချို့ နှစ်ကြီးသမားတွေကတော့ တင်မောင်ဝင်းတဲ့။

ကျွန်တော်တို့ ရောင်းရင်းတစ်သိုက်ကတော့ မိတ်ဆွေအက်ဆေး ဆရာ၏ နှုတ်ထွက်သံစဉ်ကိုလိုက်ကာ သူ့ကို ဆရာလေးဟု ချစ်စနိုးခေါ်ဝေါ် ကြသည်။ သို့ဖြင့် လေးကိုးတစ်ခေါ် ဆရာလေးခေါ် တင်မောင်ဝင်းခေါ် လေးကိုတင်ဟူသော လူတစ်ယောက်နှင့် ကျွန်တော်သည်…။

* * *

ကျွန်တော် သူ့ကို စတင်သတိထားမိသည်မှာ ပန်းဆိုးတန်းတစ်ဝိုက် တွင် ဝန်ထမ်းဘဝနှင့် ကျင်လည်စဉ်က ဖြစ်၏။ ထိုစဉ်က ကျွန်တော်၏ စိတ်အပန်းဖြေရာမှာ ပန်းဆိုးတန်းစာအုပ်တန်း ကုန်သည်လမ်းနံဘေး တစ်ခု သော ရေတာမာပင်အောက်က ကဗျာဆရာ စာရေးဆရာ စိုးမြင့်သိန်း၏ စာအုပ်အဟောင်း ရောင်းဆိုင်ကလေးပဲ ဖြစ်သည်။ ထိုဆိုင်ကလေးမှာ ကျွန်တော် ဝင်ရောက်ခိုနားစဉ် သူ့ကို ရိပ်ခနဲ ဖျတ်ခနဲ သတိထားမိခြင်း ဖြစ်သည်။

သူ့ကို ပထမဦးဆုံး အမှတ်တရ ဖြစ်စေတာကတော့ စိတ်ကူးချိုချို စာအုပ်တိုက်၏ ပွဲဦးထွက် အက်ဆေးတစ်ရာ စာအုပ်ကြောင့်ပဲ ဖြစ်သည်။ သူစီစဉ်သည်ဆိုသော ထိုအက်ဆေးတစ်ရာ စာအုပ်တွင် ကျွန်တော့် စာမူ ပါသည်။ စာမူခနှင့် စာအုပ်ကို ကိုစိုးမြင့်သိန်းဆီက အလွယ်တကူပဲ ရသည်။ သူ့ကို ကျေးဇူးတင်မိကြောင်း ကျွန်တော် ယဉ်ကျေးမှုအတိုင်း တုံ့ပြန်ခဲ့ ဖြစ်သည် ထင်ပါသည်။

သူနှင့် ထဲထဲဝင်ဝင် ဆုံဖြစ်သည်ကတော့ Revenue ဂျာနယ်တွင် ဖြစ်သည်။ ဒါကလည်း အက်ဆေးဆရာ သူငယ်ချင်း မောင်ရင့်မာ၏ အောင်သွယ်မှုကြောင့်ပဲ ဖြစ်သည်။ ထိုဂျာနယ်တွင် ကျွန်တော်လည်း အယ်ဒီတာ၊ သူလည်း အယ်ဒီတာ။ ကဗျာဆရာ လင်းတည်ဦးလည်း အယ်ဒီတာ။ အဲသည်တော့မှ ဟာန်သစ်မဂ္ဂဇင်းက လမ်းမတော်သားများ ဝတ္ထုဖြင့် မန္တလေး ထန်းရိပ်ညို စာပေဆုရသော လေးကိုတင်ကို အရှင် လတ်လတ် ပူးပူးကပ်ကပ် နီးစပ်ခွင့်ရပါတော့သည်။

ခရီးပြ

သို့သော် …။

သူနှင့် ကျွန်တော် အတူတူ အယ်ဒီတာလုပ်ဖို့ ကံမပါဘူးလား မသိ။ သူ့သမီးလေး၏ ကျန်းမာရေးအတွက် ဗျာများပြီး ပြေးလွှားနေရသဖြင့် သူ အယ်ဒီတာ မလုပ်ဖြစ်လိုက်ပါ။ သူ့အဖို့ အယ်ဒီတာ မလုပ်ဖြစ်တာပဲ အဖတ်တင်ပါသည်။ သူ့သမီးလေးကတော့ အဖတ်မတင်ပါ။ အသက်မရှင်ပါ။ ကင်ဆာခေါ်ရာနောက်သို့ ကောက်ကောက် ပါသွားခဲ့ရှာသည်။

မိသားစုနာရေးအတွက် သောကများနေလို့ အလုပ်မှန်မှန် လာမဆင်းဖြစ်သော သူ့ကို ဝန်ထမ်းစိတ်မကုန်သေးသော ဂျာနယ် အယ်ဒီတာချုပ်က အလုပ်ဖြုတ်လိုက်သောအခါ အလုပ်အောင်သွယ်တော် အက်ဆေးဆရာက ဒေါပွသလောက် သူကတော့ အပြုံးတစ်ချက် မပျက်ခဲ့ပါ။ ဘာအပြစ်တစ်ခွန်းမျှ မပာခဲ့ပါ။

ကျွန်တော် လေးကိုတင်ကို ပထမဦးဆုံး ပေးဖြစ်သော အမှတ်တစ်မှတ်ဟု ဆိုလျှင်လည်း မှားမည်မထင်ပါ။

* * *

သည့်နောက်ပိုင်းတွင်တော့ သူငယ်ချင်း အက်ဆေးဆရာနှင့်ပတ်သက်သော လက်ဖက်ရည်ဝိုင်းတွင် လည်းကောင်း၊ ဘီယာဝိုင်းတွင် လည်းကောင်း သူနှင့် ကျွန်တော် အတွေ့များလာကြပါသည်။ လူအကြောင်း ပေါင်းကြည့်မှသိ ဆိုသောစကားက အမှန်ပဲ ဖြစ်ပါသည်။ အက်ဆေးဆရာ ပြောလေ့ရှိသည့် "ဆရာလေးက ခင်ဖို့ကောင်းတယ်ဗျ" ဆိုတဲ့ စကားကလည်း တစတစ မှန်လာသည်။

ယုတ်စွအဆုံး အက်ဆေးဆရာ သူ့အပေါ် ခင်မင်တွယ်တာပုံနှင့် ပတ်သက်၍ အက်ဆေးဆရာကတော် မချိမဆံ ရယ်ကျဲကျဲနှင့် "အင်း… မောင်ရင့်မာတို့တော့ လေးကိုးတစ်ရဲ့ ဝဋ်ကြွေးတွေကို ဘယ်ဘဝကတည်းက ဆပ်ဖို့ ကျန်နေသလဲ မသိဘူး။ မကုန်မချင်းတော့ ဆပ်ကြဦးပေါ့" ဟူသော

မောင်ရင့်မာကိုသာမက ကျွန်တော်တို့ တစ်သိုက်ကိုပါ ညွှန်းဟန်တူသည့် စကားကိုပင် ကျွန်တော်တို့အားလုံး ရယ်ပွဲဖွဲ့နိုင်ခဲ့ကြပါသည်။

အပေါင်းအသင်းနည်းသော ကျွန်တော်သည် သူငယ်ချင်း အက်ဆေးဆရာကို ညီအစ်ကိုလို ပေါင်းလာတာကြာတော့ သူ့စိတ်အထာလေးတွေကို သိလာရတာကလည်း ဆရာလေးခေါ် လေးကိုးတစ်အပေါ် တစ်နွယ်ငင် စရာ ပိုဖြစ်သည် ထင်ပါ၏။ အက်ဆေးဆရာကတော့ သီတင်းကျွတ်ပြီ ဆိုလျှင်လည်း "ငါ့ဆရာလေးကို ကန်တော့ဦးမှပါကွာ" ဟူ၍ တစ်မျိုး၊ သင်္ကြန်ကျလို့ သူ့အမေရွာပြန်ပြီ ဆိုလျှင်လည်း "ဆရာလေးတို့တော့ လိုက်ခဲ့လို့ ခေါ်ဦးမှပါကွာ..." တစ်နည်း သံယောဇဉ်နယ်တွေကို ကျယ်လေ့ရှိပါ၏။

တကယ်တော့ ဆရာလေးသည် ယုံကြည်ချက်တစ်ခုကြောင့် တင်မောင်ဝင်းနာမည်ဖြင့် ဘဝတက္ကသိုလ်တွင် သုံးခါပြန် ၁၃ နှစ် ကြာမြင့်ခဲ့သူ ဖြစ်သည်။ သူပြန်လာတော့ အဝတ်တစ်ထည် ကိုယ်တစ်ခုအပြင် ဘာမှမရှိ။ ဗလာအတိ။ သူ့အပြန်ကို လာကြိုမည့် ဇနီး မရှိ။ သားသမီး မရှိ။ အစ်မနှစ်ယောက် အိမ်မှာ ခေတ္တနားခိုရင်း ဘဝကို အထီးကျန် ဆန်တက်ခဲ့သူ ဖြစ်၏။

ထူးခြားသည်မှာ ကျွန်တော်တို့ လောကတွင် သူ့ကိုယ်သူ ကျွန်တော်တို့ ချစ်ခင်သော 'ဆရာလေး' ဖြစ်အောင်ပဲ နေသူဖြစ်၏။ သူ့ကိုယ်သူ တစ်ခါတုန်းက တင်မောင်ဝင်း ဖြစ်ခဲ့ကြောင်း အရိပ်အမြွက်မျှပင် ပြသလေ့မရှိ။ ပြောရလျှင် ကျွန်တော်တို့ စာပေလောကတွင် ဘဝတက္ကသိုလ် ပြန်ဆိုသောသူ အချို့သည် သူ့လောက်မဟုတ်ခဲ့သူတွေပင်လျှင် သူ့ထက်မကအောင် ထောင်ထောင်ထောင်ထောင်နှင့် ဟန်ဓာတ်ခုတ်နေကြလို့ ဖြစ်၏။ ထိုသူတွေမှာလည်း ဆရာလေး၏ အပြုံးမပျက် စီးကရက်လက်ကြားညှပ် ပြောဟန်မျိုးအရ ဆိုလျှင်တော့ အထဲမှာမှ ခြောက်လတောင် မကြာခဲ့တဲ့ လူတွေပါ ဆိုတာမျိုးတွေ ဖြစ်ပါသည်။

သူသည် တစ်ခါတုန်းက သူနှင့် ဘဝတူတွေက သူ့အမည်ကို

ဘယ်လိုပင် တင်မောင်ဝင်းလို့ခေါ်ခေါ်၊ ကျွန်တော်တို့ အသိုင်းအဝိုင်းကြားမှာတော့ လေးကိုတင်၊ လေးကိုးတစ်၊ ဆရာလေးအဖြစ်နှင့်သာ မြိန်မြိန်ယှက်ယှက် နေထိုင်ပျော်မွေ့သူ တစ်ဦးဖြစ်၏။ ဒါကြောင့်မို့လည်း အက်ဆေးဆရာ၏ ချစ်ခင်မှုနှင့် ကျွန်တော်တို့၏ လေးစားရင်းချာမှုကို ခံယူရရှိခြင်း ဖြစ်၏။

တစ်နည်းအားဖြင့် သူ့ရိုးသားမှုအရှိက သူ့တန်ဖိုးပကတိကို ပြဌာန်းခြင်းသာ ဖြစ်သည်ဟု ဆိုလိုက်ချင်ပါသည်။

* * *

ဆရာလေးအကြောင်း ပြောလျှင် ကျွန်တော်တို့ မကြာခဏ ဆုံဖြစ်ကြသော ညနေခင်းဝိုင်းလေး အကြောင်း မပါလျှင် မပြည့်စုံဟု ထင်ပါသည်။ ပုံမှန်အားဖြင့် သူသည် အထီးကျန်ဆန်၏။ အေးဆေး၏။ တည်ငြိမ်၏။ စကားနည်း၏။ ဟန်ပန်မရှိ။ လောကဓံကို ခံနိုင်ရည်ရှိ၏။ ပြုံးရယ်ခဲ၏။ ခွက်ထိုးခွက်လန် ဟားတိုက်ရယ်မောတာမျိုး တွေ့ခဲလှ၏။ ထမင်းကြိုက်၏။ ဆေးလိပ် ကြိုက်၏။ လက်ဖက်ရည် ကြိုက်၏။ ဘီယာအနည်းငယ် ကြိုက်၏။ ထိုအနည်းငယ်ကြိုက်သော ဘီယာသောက်လျှင် သူသည် အာရှင်တတ်၏။ သာမန်အားဖြင့် သူသည် နိုင်ငံတကာစာပေတွင် နှံ့စပ်သူဖြစ်၏။ အင်္ဂလိပ်ဘာသာပြန်လေးလည်း အသင့်အတင့်ရ၏။ အချို့ကတော့ သူ့မင်မှောင်းကိုကြည့်ပြီး အထင်ကြီး၏။ ကျွန်တော်တို့ အက်ဆေးဆရာကတော့ သူ့ဘာသာပြန် ကလောင်အမည်ကို "တားကူး" ဟု ရယ်ရွှန်းပတ်ရွှန်း ကင်ပွန်းတပ်၏။ အဲသည်လို ပြောလျှင်လည်း မနာတတ်။ အလိုက်သင့်ပဲ ပြုံးနေလေ့ရှိ၏။

ယခင်ကတော့ အတူသောက်ဖြစ်ကြလို့ နှစ်ခွက်လောက် သောက်ဖြစ်လျှင် သူ ဘိုလို ပြောတာတွေကို ဟုတ်လား မဟုတ်လား မသိဘဲ ကျွန်တော်တို့မှာ သည်းခံနားထောင်နေရ၏။ သည်အထဲ ဘာအသံထွက်မှန်း မသိသော အသံမျိုးထွက်ပြပြီး အဲဒါပြင်သစ်လို ပြောတာဟု ခပ်တည်တည် ဖြီးတတ်သေး၏။

အခု နောက်ပိုင်းကျတော့ လိုင်းပြောင်းသွားပြန်၏။ ဘီယာလေးနှစ်ခွက်လောက် ဝင်သွားပြီဆိုသည်နှင့် ဘာအဆက်အစပ်မှ မရှိဘဲနှင့် သူ့ဖုန်းလေးထုတ်ကာ ဟိုပွတ်သည်ပွတ်နှင့် ဟောဒီမှာ တွေ့လား၊ ဒီနေ့ မက်ဆေ့ပို့တာ သုံးခါရှိပြီတဲ့။ ကျွန်တော်က တမင်မသိချင်ယောင်ဆောင်ကာ "ဘယ်သူက ဘာကိစ္စရှိလို့ ပို့လိုက်တာလဲ" ဟု ငေါက်ဆတ်ဆတ်မေးလျှင်တော့ သူ့ခွက်နေသောပါးတွေနှင့် မလှပစွာ ပြုံးဖြီးဖြီးကြီးလုပ်ရင်းလေးဆက်တာဟု ဆို၏။ ဘယ်က လေးလဲဟု ကျွန်တော်က အငေါ်တူးပြန်လျှင်တော့ ဟင်… သိရဲ့သားနဲ့ဟူသော မျက်လုံးကြီးနှင့် ပြုံးကြည့်ကာ "သူလေ… သူလေ" ဟု ချစ်ခွန်းဖွဲ့သလို လုပ်နေပြန်၏။ ထိုအချိန်တွင် သူသည် ပီဘိလူငယ်လေး။

တစ်ခါကတော့ဖြင့် ကျွန်တော်သည် သူ့ကို စိတ်မဆိုးတဆိုးနှင့် ကျွဲမြီးတိုဖူး၏။ ထိုစဉ်က သံရုံးကြီးတစ်ရုံး၏ အစီအစဉ်ဖြင့် စာပေခရီးထွက်ခွင့်ရ၏။ တစ်ပတ်ခန့်ကြာ၏။ သူပြန်လာလျှင် ဒေါ်လာငါးရာ ရမည်ဆိုပြီး ကျွန်တော့်ဆီက လမ်းစရိတ် ချေးသွား၏။ ယခင် ချေးထားသည့် လက်ကျန်ကလည်း သုံးလေးသောင်းခန့် ရှိသေး၏။ သူ သည်တစ်ခါပြန်လာလျှင် အကြေရမှာပဲဟု ကျွန်တော် အပိုင်တွက်ထား၏။

သို့သော် သူ ခရီးစဉ် ပြီးသွားတော့ ကျွန်တော့်မှာ တစ်ပြားမှမရ။ သားကမွေးသည့် မြေးမလေးမင်္ဂလာဆောင်သို့ လက်ဖွဲ့ရတာနှင့်။ သမီးကမွေးသည့် မြေးလေးအတွက် ကျောင်းစရိတ်၊ ကျူရှင်စရိတ်ပေး၊ သည်အထဲ ဟိုသားလုပ်သူကို နယ်ပြန်ဖို့ စရိတ်ပေးလိုက်ရတာနှင့် သူ့မှာ ကုန်သလောက်ဖြစ်သွား၏။ သူ့မှာ ဒေါ်လာတစ်ရာတန် တစ်ရွက်သာ ကျန်တော့သည်။

"အဲဒီ ဒေါ်လာတစ်ရာကကော ဘယ်မှာလဲ" လို့ ဆိုတော့ "ပေးလိုက်ပြီ" တဲ့။ "ဘယ်သူ့ကို ပေးလိုက်တာလဲ" လို့ အထွန့်တက်တော့ ဘာမျှ ပြန်မပြော။ ကောင်းရော။ ကောင်းရော။ ကျွန်တော်က ကျွဲမြီးတိုတိုနှင့် "ဒါတော့ ဆရာလေး လွန်တာပေါ့ဗျာ" ဟု ငေါက်ဆတ်ဆတ် ငေါ့လိုက်တော့ သူပြောနေတာ မဟုတ်သလိုလို၊ သူနှင့် ဘာမှမဆိုင်သလိုလို အရူးကွက်နင်းနေလေသည်။

ခရမ်းပြာ

သည်နေရာမှာ ခါတ်မသိသော ကဗျာဆရာလည်းဖြစ်၊ သူ့အပေါ် နောက်ပြောင်နေကျ တစ်ဦးဦးလည်း ဖြစ်မည်ဆိုလျှင်တော့ "အေးပါ ဆရာလေးတော့ လုပ်ထား… အစ်မနဲ့ တိုင်ပြောမယ်" ဟု ဆိုကာ သူ့ ဇနီးဟောင်း နာမည်ကိုပြောပြီး နောက်ပြောင်နေမှာ သေချာပါသည်။

ကျွန်တော်ကတော့ အဲဒီလို မနောက်ပြောင်လိုပါ။ သူ့အပေါ် ကွဲမြီး တိုတာ မှန်သော်လည်း စိတ်မခုရက်တာတော့လည်း အမှန်ပဲ ဖြစ်ပါသည်။ အကြောင်းမှာ သူ့ဆီမှာ အခုလို ငွေစလေးကြေးစလေးတွေ ရှင်လာတိုင်း၊ ဘယ်သားကို ပေးရတာ၊ ဘယ်သမီးကို ငှဲ့ရတာ။ ဘယ်မြေးကို ထောက် ရတာဟူသော မြည်သံစွဲတွေကို မကြာခဏ နားရည်ဝနေလို့ ဖြစ်သည်။ သူ့ထံမှ ကျွန်တော် ကြားဖူးသမျှ စုန်ရေအသံတွေချည်း ဖြစ်၏။ ဆန်ရေ အသံမပါ။ ဆန်ရေပီတိမရှိ။

မည်သို့ပင်ဖြစ်စေ။

သူသည် သားကောင်း သမီးကောင်းတို့၏ အဖေဖြစ်ရသည်ဟု ကံသေကံမ မပြောနိုင်သော်လည်း ထိုသား ထိုသမီး၏ အဖေကောင်း ဖြစ်သည်ကတော့ သေချာသည်ဟု ကျွန်တော် ထင်ပါသည်။

* * *

လူအကြောင်း ပေါင်းကြည့်လျှင် သိနိုင်သလို ခရီးအတူ သွားကြည့် လျှင်လည်း သိနိုင်ပါသည်။

ကျွန်တော်နှင့် ဆရာလေးသည် နှစ်ကိုယ်ချင်း မကြာခဏ အတူ ညနေ ဝိုင်းဖွဲ့တတ်သလို၊ နှစ်ကိုယ်ချင်း မကြာခဏအတူ ခရီးသွားဖြစ်ဖူး ပါသည်။ ထိုသို့ခရီးသွားရာတွင် ဆရာလေးသည် ကျွန်တော့်ထက်ကြီးသူ ဖြစ်သော်လည်း ကျွန်တော့်အား အမြဲငဲ့ညှာလေ့ ရှိသည်။ ကားစီး ရထား စီးတာကအစ ကျွန်တော့်ကိုသာကြိုက်တဲ့ နေရာထိုင်ဖို့ ဦးစားပေးလေ့ရှိသည်။

ကျွန်တော်ကလည်း အလိုက်တသိပင် ကျွန်တော် မကြိုက်သည့် နေရာကို ရွေးပြီး ကျွန်တော်ကြိုက်သည့် နေရာကို သူ့အား ပေးလေ့ရှိပါ သည်။ မီးရထားနှင့် ခရီးရှည်သွားလို့ ဘူတာတစ်ခုခုတွင် ရထားရပ်နား

လိုက်တိုင်း တစ်စုံတစ်ရာ ဆင်းဝယ်စရာကြုံလျှင် သူသည် လူငယ်တစ်ယောက်ကဲ့သို့ ပေါ့ပါးလွယ်ကူစွာ ဆင်းဝယ်ပေးလေ့ရှိသည်။ ကားဆင်းရထားဆင်းလို့ အထုပ်အပိုး သယ်လျှင်လည်း သူကသာ ပိုသယ်လေ့ရှိသည်။ သူ့မှာ အဲသည်လို သူတကာထက်ပိုတဲ့ လူမှုရေးစိတ်ကလေးရှိလို့ လူချစ်လူခင် ပေါတာလည်း ဖြစ်နိုင်ပါသည်။

တစ်ခါက ဆရာလေးနှင့် ခရီးအတူသွားရင်း တွေ့ကြုံခဲ့ရသည့် အဖြစ်တစ်ခုကတော့ ဖျက်မရသည့် ပုံရိပ်သဖွယ် တွေးမိတိုင်း ရင်ခုန်နေဆဲဖြစ်သည်။

ဆရာလေးနှင့် ကျွန်တော် အညာဒေသတစ်ခုသို့ စာပေ ဟောပြောပွဲသွားဖြစ်ရာက အပြန်ခရီးစဉ်တွင် ဖြစ်သည်။ ကျွန်တော်တို့နှစ်ယောက်နှင့်အတူ ဟောသည့် စာရေးဆရာတစ်ဦးလည်း ပါသည်။ ပြီးတော့ ထိုစာရေးဆရာနှင့်အတူ ကပ်ပါလာသည့် ဧည့်သည် ကဗျာဆရာလည်း ပါလာသည်။ အသွားတုန်းက နှစ်ယောက်။ အပြန်တွင် လေးယောက်။ ကိစ္စမရှိပါ။ ရထားသီးသန့်တွဲ လူရှစ်ယောက်စာ အခန်းတွင် ကျွန်တော်တို့ လေးယောက်တည်းမို့ အတော်ချောင်ပါသည်။

တစ်ခုပဲ ရှိသည်။ သောက်စရာလေးကလည်း အတူပါလာတော့ အတူဟောသည့် နယ်စာရေးဆရာက အရက်နှင့်မတည့်ဘဲနှင့် အရက်ကြိုက်သည်။ သူနှင့်တွဲပါလာသည့် ကဗျာဆရာကလည်း အရက်ကို ရေအဖြစ်သောက်သူ ဖြစ်သည်။ ကွဲပြားချက်တော့ နယ်စာရေးဆရာက စာကြောင်းပေကြောင်း မပြော။ သောက်ပြီးအိပ်သည်။ နိုးတော့ ထပ်သောက်သည်။ ပြီးတော့ ထပ်သောက်သည်။ ဧည့်သည်ကဗျာဆရာကတော့ မနားတမ်းသောက်ပြီး မနားတမ်းစကားတွေ ဖောင်ဖွဲ့သည်။ ဆရာလေးက တစ်ခွက်တလေ။ ကျွန်တော်က မသောက်။

ညဆယ်နာရီခွဲကျော်ပြီ။ လမ်းတွင် ဆင်းရမည့် စာရေးဆရာက သူ့ဘူတာရောက်လျှင် အသိပေးပါဆို၍ သူ့ကို နှိုးမိသည်။ သူနိုးသည့်အချိန်နှင့် ထမင်းဟင်းကောင်းသည်ဟု နာမည်ရသော ဘူတာလေးတွင်

ရထားကရပ်သည်။ ဆရာလေးနှင့် ကဗျာဆရာက ညစာအတွက် ထမင်းဆင်းဝယ်သည်။ သည်တွင် နယ်စာရေးဆရာက ဒါ သူ့နယ် သူ့တပည့်တွေ ရှိတယ်ဆိုပြီး ရထားပေါ်က ဆင်းသွားသည်။

ရထားက ခရာမှုတ်ပြီ။ ကဗျာဆရာက ထမင်းဘူးတွေ ကျွန်တော့်ထံ လှမ်းပေးပြီး ရထားတွဲပေါ် ပြေးတက်လာသည်။ ရထားက ဘီးလှိမ့်တော့မည်။ တပည့်ရှာသွားသော နယ်စာရေးဆရာ ပေါ်မလာ။ ရထားတွဲပေါ်တက်မည် ဟန်ပြင်နေသော ဆရာလေးက ဟိုးနောက်နားက တွဲဘေးတွင် ယိုင်နှေးနှေးယောင်နေသော နယ်စာရေးဆရာကို မြင်သွားသည်။ ဆရာလေးသည် တွဲပေါ်မတက်တော့ဘဲ ထိုစာရေးဆရာထံ ပြေးသွားပြီး ခေါ်သည်။ ပြီးတော့ သူ့ကို ခပ်သုတ်သုတ် သွားနိုင်စေရန် ရှေ့ကထားပြီး ဆရာလေးက နောက်မှ ခပ်သုတ်သုတ်လိုက်သည်။

ရထားက ဘီးလှိမ့်ပုံက မြန်လာသည်။ တစတစ ပိုမြန်လာသည်။ သူတို့နှစ်ယောက် နီးရာတွဲပေါ် တက်မှ ဖြစ်တော့မည်။ စိုးရိမ်စိတ်နှင့် ရထားပြတင်းက ကျွန်တော် ကြည့်လိုက်စဉ် ကျွန်တော့် စိတ်တွေ အောက်ထိုးမိုးမျှော် ဖြစ်သွားပြီ။

"ဟာ… သွားပြီ… ဆရာလေး မှောက်လဲပြီဟေ့…"

ဘယ်သူမှ ဘာမျှမတတ်နိုင်တော့။ ဘူတာထဲက အော်ဟစ်သံတွေနှင့် အတူ မျက်စိလျှင်သော ဂတ်ဗိုလ်က ရထားကို ရပ်လိုက်တော့ သူတို့ တော်တော်ဝေးဝေးမှာ ကျန်ခဲ့သည်။ ကျွန်တော့်ရင်ထဲ ကတုန်ကယင်နှင့် ဆရာလေးကိုတော့ ထားခဲ့ရပြီ တွေးနေဆဲ လဲရာမှ ကုန်းထလာသော ပုံရိပ်တစ်ခုကြောင့် တော်ပါသေးရဲ့ဟု အနည်းငယ် စိတ်ပြေသွားသည်။ ရထားကလည်း လုံးဝရပ်ထားသည်မို့ သူတို့နှစ်ယောက် တွဲပေါ်ရောက်တော့ မူးနေတဲ့ နယ်စာရေးဆရာက ဘာမှမဖြစ်။ မမူးတဲ့ ဆရာလေးက အနာတရ။ ဒဏ်ရာတွေနဲ့။ ဖူးလို့ယောင်လို့။ ကွဲလို့ပြဲလို့။ သွေးစသွေးနတွေနဲ့ရဲလို့။

စင်စစ် ရထားက ထွက်စပြုနေပြီမို့ မူးနေတဲ့ နယ်စာရေးဆရာကို သွားခေါ်ခြင်း ဖြစ်၏။ မူးနေသူမို့ ရှေ့ကမြန်မြန်သွားစေပြီး သူကနောက်က

ထိန်းလိုက်နေခြင်း ဖြစ်၏။ ရထားထွက်စဆိုတော့ ခြေလှမ်းက နှေးလို့မဖြစ်။ အပြေးတစ်ပိုင်း လှမ်းရတာ ဖြစ်၏။ သည်တွင် ရှေ့က စာရေးဆရာက မူးနေတော့ ခြေထောက်မှာ ဖိနပ်ကမမြဲ။ မမျှော်လင့်ဘဲ ဖိနပ်တစ်ဖက် အကျွတ်တွင် ခြေတစ်ဖက်က ဖြတ်ခနဲ ရပ်အသွား၊ နောက်မှ ကပ်ပြေးလာသည့် ဆရာလေးကို ခြေထိုးလှဲလိုက်သလို ဖြစ်သွားတော့သည်။

"မသေကောင်း မပျောက်ကောင်း ဆရာလေးရာ"

"ရပါတယ် ဘာမှမဖြစ်ပါဘူး"

ကျွန်တော့် စိုးရိမ်စိတ်ကို သက်သာအောင် သူဖြေပြောလိုက်သော်လည်း သူ့ ဘယ်မျက်လုံးအောက်က မျက်ခွံရိုးကြီးမှာ ပြဲလို့ယောင်လို့။ ဒူးနှစ်ဖက်မှာလည်း အပြဲအကွဲ။ လက်ဆစ်တွေမှာလည်း သွေးစသွေးနတွေ ရဲလို့။ ခြေမတစ်ဖက်လည်း ကွဲသွား၏။

ကျွန်တော့်မှာ အသင့်ပါလာသည့် ဦးထွန်း ဒဏ်ကြေလိမ်းဆေး အအေးဖြင့် သူ့ဒဏ်ရာတွေကို သင့်လျော်သလို လိမ်းလိုက်ရလို့ အနည်းငယ် သက်သာရာရသွား၏။

ထိုခဏတွင် ရထားက နောက်တစ်ဘူတာ ဆိုက်တော့မည်။ နယ်စာရေးဆရာ ဆင်းကျန်ခဲ့မည့်ဘူတာ ဖြစ်၏။

"ဆရာလေးရယ်… ကျွန်တော့်ကြောင့် ဖြစ်ရသလို ဖြစ်သွားလို့ ကျွန်တော် စိတ်မကောင်းပါဘူးဗျာ…။ ကျွန်တော် ကန်တော့ပါတယ် ဆရာလေးရာ…"

"ဟာ… ကိစ္စမရှိဘူး။ နဲဗားမိုင်း… နဲဗားမိုင်း၊ ကျွန်တော် ဘာမှ မဖြစ်ဘူး။ ခင်ဗျားသာ အိမ်ရောက်အောင် ကောင်းကောင်းပြန်။ ရထား ရပ်ပြီ။ ဆင်းတော့… ဆင်းတော့။ ဆီးယူနော်… ဆီးယူ"

မမူးတမူးဖြင့် နယ်စာရေးဆရာသည် ရထားပေါ်မှ မယိုင်တယိုင် ခြေလှမ်းများဖြင့် ဆင်းသွားပြီး မဝါးတဝါး မီးရောင်အောက်တွင် လက်ပြကျန်ရစ်ခဲ့၏။

ရထားက ဗိုလ်ချုပ်မြို့ကလေးကို နှုတ်ဆက်ဖြစ်ခဲ့သလား နှုတ်မဆက်

ဖြစ်ခဲ့ဘူးလား ကျွန်တော်မသိ။ ဗိုလ်ချုပ်မြို့ကလေးကတော့ အဝေးမှာ ကျန်ခဲ့၏။ ကျွန်တော်တို့သည်သာ အမှောင်ခရီးထဲ တိုးခွဲ၍…။

* * *

တစ်ခါတစ်ရံ လောကဋ္ဌ အလှဟူသည် သူ့ချည်း ထီးထီးပေါ်လွင်သော အလှလည်း ရှိ၏။ သူ့ချည်း ထီးထီးမပေါ်လွင်ဘဲ မလှပသော အရာနှင့်တွဲမှ အလှကို မြင်ရတာမျိုးလည်း ရှိ၏။

ခုတော့ဖြင့် ကျွန်တော်သည် ခရီးတစ်ခုကို အကြောင်းပြု၍ မလှပခဲ့သော အရာတစ်ခုကြောင့် လှမှန်းမသိဘဲ လှနေသော အရာတစ်ခုကို ထင်းထင်းကြီး တွေ့လိုက်ရပါသည်။

ထို့အတူ …။

ကျွန်တော့်ဘဝတွင် "ဆရာလေး" ဟု နှုတ်ကျိုးသူနှစ်ဦး ရှိပါ၏။ တစ်ဦးက ကျွန်တော် ငယ်ငယ်ကတည်းက ရိုကျိုးဦးညွှတ်ခဲ့ရပါသော ငယ်ဆရာ ဦးအေးမြင့် ဖြစ်၏။

ကျန်ဆရာလေး တစ်ဦးကား ကျွန်တော်ကြီးမှ အရတော်ခဲ့သော အဖော်မွန် မိတ်ဆွေကြီး လေးကိုတင်ဟုဆိုလျှင် …။

**ဝိတောက်ပွင့်သစ်မဂ္ဂဇင်း**
**၂၀၁၄၊ ဖေဖော်ဝါရီ**

❐

# တီရှပ်တံဆိပ်နဲ့ မင်းချမ်းမွန်

“ ကျွန်တော်တို့နှစ်ယောက်တွင်
တူတာတွေက တော်တော်များပါသည်။
ဂန္ထဝင်ကဗျာတွေနဲ့
အလံလွှင့်ဖြစ်ကြတော့လည်း အတူတူ။
တစ်ခါ ဂန္ထဝင်ကဗျာကိုခွာ၍
ခေတ်ပေါ်ကဗျာတွေကို
ချစ်မက်လိုက်စားတော့လည်း အတူတူ။
မဂ္ဂဇင်းတွေက နေရာပေးခြင်း
ခံရတော့လည်း အတူတူ။
အက်ဆေးတွေ ရေးဖြစ်ကြတော့လည်း အတူတူ။
အက်ဆေးနှင့် ဆုရရှိကြတာလည်း အတူတူ။
အယ်ဒီတာ လုပ်ကြတော့လည်း အတူတူ။
အယ်ဒီတာ ပြုတ်ကြတော့လည်း အတူတူ။ ”

## တီရှပ်တံဆိပ်နဲ့ မင်းချမ်းမွန်

"ဒီမှာ ကိုသိန်းစိုး၊ ရှင်တို့ ဘယ်သူနဲ့ပြိုင်ပြိုင် ကိစ္စမရှိဘူး။ ကြိုက် သလိုပြိုင်။ ဒါပေမဲ့ ကိုမြင့်သူနဲ့တော့ ဘယ်တော့မှယှဉ်ပြီး သွားမပြိုင်နဲ့။ ရှင်တို့ သူ့ကို မကျော်နိုင်ဘူး"

အထက်ပါစကားကို ပြောသူမှာ တခြားမဟုတ်ပါ။ လူအမည် ကိုသိန်းစိုးခေါ် ကဗျာဆရာ မင်းချမ်းမွန်၏ ဇကရီ မဟေသီစစ်စစ်ကြီးပင် ဖြစ်ပါသည်။

ထိုစကားအတိုင်း တစ်လုံးမကျန် ကျွန်တော့်အား ပြန်ပြောသူမှာ တခြားသော တစ်စုံတစ်ယောက်သာလျှင် ဖြစ်မှာပါပဲဟု စာဖတ်သူထင် လျှင် ဤကိစ္စသည် ရောမလွဲချော်မှုကြီး ဖြစ်သွားမည်မှာ သေချာပါသည်။ ဒီစကားကို မင်းချမ်းမွန် ကိုယ်တိုင်ကရော ပြောပါ့မလားဟု ဘယ်သူ ထင်မလဲ။ အမှန်တော့ ထိုစကားကို ပြောသူမှာ တစ်ခြားသူ လုံးဝ မဟုတ် ပါ။ မင်းချမ်းမွန်ကိုယ်တိုင် စစ်စစ်ကြီးပါဟုဆိုလျှင် အံ့သြသွားကြမည်လား မသိပါ။

တကယ်တော့ သူ့မိန်းမ ပြောသော စကားအတိုင်း ယောက်ျားဖြစ် သူက ပြန်ပြောခြင်းသာ ဖြစ်ပါသည်။ မင်းချမ်းမွန်အပေါ် ချစ်ခင်စိတ်နှင့် နားလည်သော ကျွန်တော့်အဖေကမူ တစ်ခွန်းတည်းသောစကားဖြင့် မှတ်ချက် ချခဲ့ဖူးပါသည်။

"ဒီကောင်ကြီးက လူရိုးကြီးပါကွာ။ လူရိုးမို့လို့ မင်းကို တစ်လုံးမကျန် ပြန်ပြောတာပေါ့ကွ"

အဲသလိုပြောပြီး ကျွန်တော့်အဖေက မိန့်မိန့်ကြီး ပြုံးနေပါသည်။ သူ့စိတ်ထဲ မင်းချမ်းမွန်၏ ရိုးတာပုံနှင့် ဘွင်းဘွင်းရှင်းရှင်း ပြောတတ်ပုံကို ကျိတ်ပြီး ပီတိခွေ့နေတာပဲ ဖြစ်ပါသည်။

ထိုစကားတစ်ခွန်းသည် ကျွန်တော် စိတ်ကူးနေသော မင်းချမ်းမွန်၏ ပုံရိပ်ထဲမှ ဖျပ်ခနဲ တွေ့လိုက်ရသော အစလေးတစဟုဆိုလျှင်...

* * *

ကျွန်တော် စာရူးကဗျာရူး ဘဝနှင့် သူ့ကို စသိတော့ သူက ကျွန်တော်အားကျ အလေးထားရမည့် ရှေ့က ကဗျာကြယ်ပွင့်တစ်ပွင့် ဖြစ်နေပါပြီ။ သည်တုန်းက သူ့နာမည်နောက်တွင် (ဘီလူးကျွန်း) ပါပါသေး၏။

လူချင်း သိကျွမ်းတာကတော့ ၁၉၈၉ ခုနှစ်ထဲမှာပဲ ဖြစ်၏။ မော်လမြိုင်ကို ခွာ၍ ရန်ကုန်ဇုန်ထဲ ခုန်ချကာစမှာပဲ ဖြစ်ပါသည်။ သူ့ရုံးက ပန်းဆိုးတန်းနှင့် ကုန်သည်လမ်းထောင့်ရှိ ကုန်သွယ်လယ်ယာ ရုံးချုပ်ဖြစ်၏။ ကျွန်တော့်ရုံးကတော့ ကုန်သည်လမ်းနှင့် ၃၉ လမ်းထောင့်ရှိ လျှပ်စစ်ရုံး ဖြစ်ပါသည်။ ရုံးချင်းနီးရာက လူချင်းပါနီးလာခဲ့သည်မှာ ယနေ့တိုင် ဖြစ်ပါသည်။

လူချင်းနီးရာက စိတ်ချင်းပါ နီးလာသဖြင့် ကျွန်တော်တို့ နှစ်ယောက်ပို၍ တွဲဖြစ်ခဲ့ပါသည်။ သူ့ကဗျာကိုယ်ဖတ်၊ ကိုယ့်ကဗျာသူဖတ်နှင့် မဂ္ဂဇင်းလောကထဲ အတူတူ တိုးဝင်ဖြတ်သန်းခဲ့ကြပါသည်။

မှတ်မှတ်ရရ ၁၉၉၂ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် စာပေဗိမာန် စာမူဆုပြိုင်ပွဲ၌ ကဗျာပေါင်းချုပ်ဆု ယှဉ်ပြိုင်ခွင့်ပြုကြောင်း သတင်းပါလာပါသည်။ ကဗျာဆရာတွေကြား၌ အုတ်အော်သောင်းတင်း ဖြစ်သွားပါသည်။ ဂန္ထဝင် ကဗျာဆရာတွေ တစ်ချီတစ်မောင်းလက်ရည်စမ်းမည့် ပွဲကြီးပွဲကောင်းလည်း ဖြစ်ပါသည်။

အထူးသဖြင့် နဝတခေတ် ရှေ့ပြေးကာလတွင် ဖိတ်ခေါ်ပြိုင်ပွဲ စာပေဆုမျိုးစုံ၌ ခဏခဏ ဆုရသော ကဗျာဆရာတို့ ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံးနှင့် ဟန်ရေးပြနေသော ကာလလည်း ဖြစ်ပါသည်။ မင်းချမ်းမွန်ကလည်း နဝတခေတ် တစ်လျှောက်မှာ စာပေဆု မရဖူးတာ မရှိသလောက် ဆုအကြိမ်ကြိမ် ရခဲ့သူ ဖြစ်ပါသည်။

တစ်နေ့ ပန်းဆိုးတန်းက တစ်ခုသော လက်ဖက်ရည်ဆိုင်တွင် ဖြစ်ပါသည်။ နဝတခေတ်တစ်လျှောက် ဆုအကြိမ်ကြိမ် ရဖူးကြသည့် ဂန္ထဝင်ကဗျာဆရာတွေ ဆုံကြတော့ စာရင်းထဲထည့်ပြီး ယှဉ်ပြိုင်ရမည့် လက်ရွေးစင် ၁၀ ဦးစာရင်းကို ပြုစုကြပါသည်။ ထိုလက်ရွေးစင် ၁၀ ဦးတွင် ကျွန်တော် မပါဝင်ပါ။ ဤတွင် မင်းချမ်းမွန်က သူတို့ပြုစုထားသော ၁၀ ဦး စာရင်းစာရွက်၌ အမှတ်စဉ် ၁၁ ဟု တပ်လိုက်ပါသည်။ ပြီးတော့ အဲဒီအမှတ်စဉ် ၁၁ ဘေးတွင် ကျွန်တော့် ကလောင်နာမည်ကို ချရေးလိုက်ပြီး။

"အဲဒီလူလည်း ဝင်ပြိုင်မှာဗျ။ ရေးနေပြီ။ သူ့ကိုလည်း ပေါ့သေးသေး မထင်ကြနဲ့ ကျွန်တော်က မာတ်သိမို့ ပြောပြတာ" ဟု ဆိုလိုက်တော့မှ နဝတဆုရ ကဗျာရှင်တွေ အံ့အားသင့်သွားသည်။

ဤသည်မှာ ကျွန်တော်နှင့် ပတ်သက်၍ တလေးတစား အသိအမှတ်ပြုခဲ့သော မင်းချမ်းမွန်၏ သဘောထားပင် ဖြစ်ပါသည်။

* * *

သူသည် ပုံမှန်အားဖြင့် အပြောအဆို သိမ်မွေ့နူးညံ့၍ တည်ငြိမ်သူဖြစ်သည်။ အေးဆေးသူဖြစ်သည်။ စကားကို တိုးတိုးညင်သာပဲ ပြောတတ်သူ ဖြစ်သည်။ ထိုစဉ်ကတည်းက ကဗျာမျိုးစုံ ရေးသလို၊ ဝတ္ထုလည်း ရေး၏။ ပြဇာတ်လည်း ရေး၏။ စာမျိုးစုံအောင် ရေးနိုင်သူဖြစ်၏။ စာမျိုးစုံဖြင့် ဆုရဖူးသလို လူငယ်ဝတ္ထုတို ပေါင်းချုပ်နှင့်လည်း စာပေဗိမာန်ဆု ဆွတ်ခူးခဲ့ဖူးသူ ဖြစ်ပါသည်။

သူ့ အက်ဆေးနှင့် ဆောင်းပါးတွေကို ဖတ်ပြီး စလင်းမြို့က စာရေး

ဆရာ ဘုန်းဘုန်း ဦးစန္ဒိမာကတော့ 'စာစုစာပြု' အတော်ကောင်းတဲ့ ဆရာဟု ချီးကျူးပါသည်။

တစ်ခုတော့ ပြောစရာ ရှိပါ၏။ သူ၏ဆုရ စာအုပ်တိုင်း၌ သူ့အတ္ထုပ္ပတ္တိကို ရေးသားရာတွင် သူ၏ မွေးသက္ကရာဇ်ကို ဘယ်တော့မှ ဖော်ပြခြင်း မပြုသည်မှာလည်း ထူးခြားသော စရိုက်တစ်ခု ဖြစ်ပါ၏။ ဒါ့ကြောင့်ပဲလား မသိ။ သူဝတ်ပုံစားပုံ ကြော့ရှင်းသပ်ရပ်ပုံမှာ ကျွန်တော့်ထက် အသက်မကြီးသလို ထင်ရပါသည်။ တကယ်လည်း ကျွန်တော့်အသက်က သူ့ထက်ငယ်လောက်တာ သေချာပါသည်။

၁၉၉၂ ခုနှစ်တွင် စာပေဗိမာန် ကဗျာဆု ပေါ်လာတော့ အတူတူတိုင်ပင်ဖြစ်ကြ၏။ ဂန္ထဝင်ကို သမားရိုးကျမရေး။ အတွေးသစ်ဖြင့် ဖောက်ထွက်ရေးမည်။ တတ်နိုင်သမျှ ရှုမဝဆန်အောင် အားထုတ်မည်။ ကျွန်တော့်မူမှာ သူများနှင့် မတူစေရ။ ဒါကို မင်းချမ်းမွန်ကလည်း လက်ခံခဲ့သည်။ ထိုခေတ်က ပြိုင်ပွဲဝင် ကဗျာလောကတွင် အဲဒီလို ဆုခဏခဏ ရဖူးသော မင်းချမ်းမွန်တို့ ဝင်းနွယ်(သစ်တော)တို့လောက်သာ ကဗျာဆရာဟု ထင်သော ကာလလည်း ဖြစ်ပါသည်။

နှစ်လလောက်အကြာတွင် နှစ်ဦးစလုံး ကဗျာပုဒ်ရေ ၄၀ နီးပါး ရေးပြီးကြပါပြီ။ ဤတွင် မင်းချမ်းမွန်အား အမှတ်မထင် မေးခွန်းတစ်ခု မေးဖြစ်လိုက်ပါ၏။

"ဘယ်လိုလဲ ကိုမင်းချမ်းမွန်၊ ရည်ရွယ်ထားတဲ့အတိုင်း အသစ်ဟန်နဲ့ပဲ ဖောက်ထွက်ရေးမှာမို့လား"

"ကိုမြင့်သူရေ ကျွန်တော်တော့ မရတော့ဘူး။ လက်က ရေးနေကျ ဂန္ထဝင်လိုင်းအတိုင်း ရေးဖြစ်သွားပြီဗျ"

သူက ပြုံးပြုံးနှင့် ဝန်ခံရှာပါသည်။

"အေးပါဗျာ။ ကျွန်တော်ကထင်လို့ မေးကြည့်တာပါ။ ကျွန်တော်က အသစ်ဖောက်မယ့်လူ ဆိုတော့ မသေချာဘူးပေါ့ဗျာ။ စွန့်ရမှာလေ။ ခင်ဗျားဘက်က ကြည့်တော့လည်း ရေးနေကျမျိုးရေးမှ ဆုရနိုင်မှာကိုး။

ရေးနေကျမျိုး မရေးမိလို့ ဆုမရလိုက်မှာကို စိုးရိမ်နေတယ်မို့လား။ ရပါတယ်ဗျာ။ ခင်ဗျားဆန္ဒအတိုင်း လုပ်ပါ။ ကျွန်တော်ကတော့ ကျွန်တော့်ယုံကြည်ချက်အတိုင်းပဲ ဆက်သွားမယ်"

၁၉၉၂ ခုနှစ်အတွက် စာပေဗိမာန် ကဗျာဆု ကြေညာတော့ ကျွန်တော့်ယုံကြည်ချက်နှင့် သတ္တိက ကျွန်တော့်ကို ပထမဆု ရစေခဲ့ပါသည်။ သူ့ဆုံးဖြတ်ချက်နှင့် တွေဝေမှုက သူ့ကို ဒုတိယဆု ရစေခဲ့သည် ထင်ပါသည်။ တကယ်တော့ ပထမနှင့် ဒုတိယဆိုသည်မှာ အပြတ်အသတ် ကွာလိမ့်မည် မထင်ပါ။

သူ့လက်ကို သိသော ကျွန်တော့်အဖို့ သီကာပွတ်ကာ နှာတစ်ဖျားလေးပဲ သာတာဟု ကျွန်တော် ထင်ပါသည်။ ဘာကြောင့်ဆို သူလည်း ခေသူမှ မဟုတ်ပဲ။

မည်သို့ဆိုစေ။

ကျွန်တော်တို့ ပျော်ခဲ့ကြပါသည်။

* * *

စာပေလောကတွင် ခင်မင်သူများက သူ့ကိုနာမည် အမျိုးမျိုးဖြင့် ချစ်စနိုး ခေါ်ကြပါသည်။ ကဗျာဆရာတက်လူက 'ချမ်းချမ်း' ဟု ခေါ်သည်။ ဒီကနေ့ နာမည်ကျော် အဆိုတော် ချမ်းချမ်းဆိုသော ကောင်မလေး မမွေးခင်ကတည်းက ခေါ်ခဲ့တာ ဖြစ်ပါသည်။ ဦးအေးချို (မဟာဝိဇ္ဇာ) ကတော့ 'မင်းချမ်း' ဟု နှစ်လုံးတည်းခေါ်၏။ တချို့က 'မွန်ကြီး' ဟု ခေါ်၏။ ဘယ်လိုပဲခေါ်ခေါ် ကျွန်တော် ရောက်သွားလေရာ စာပေပွဲလမ်းသဘင်တွင် သူ့ကိုမမြင်ရလျှင် 'ခင်ဗျားဘော်ဒါကြီးကော' ဟု လူတချို့က မေးတတ်ပါသည်။

စင်စစ် ဘော်ဒါဆိုသည်မှာ သူငယ်ချင်းစိတ်၏ အရေးကြီးသည့် ထရိတ်မတ် TRADE MART မဟုတ်ပါလား။

* * *

ခရမ်းပြာ

ကျွန်တော်တို့ နှစ်ယောက်တွင် တူတာတွေက တော်တော်များပါသည်။ ဂန္တဝင်ကဗျာတွေနဲ့ အလံလွှင့်ဖြစ်ကြတော့လည်း အတူတူ။ တစ်ခါ ဂန္တဝင်ကဗျာကို ခွာ၍ ခေတ်ပေါ်ကဗျာတွေကို ချစ်မက်လိုက်စားတော့လည်း အတူတူ။ မဂ္ဂဇင်းတွေက နေရာပေးခြင်း ခံရတော့လည်း အတူတူ။ အက်ဆေးတွေ ရေးဖြစ်ကြတော့လည်း အတူတူ။ အက်ဆေးနှင့် ဆုရဖူးကြတာလည်း အတူတူ။ အယ်ဒီတာ လုပ်ကြတော့လည်း အတူတူ။ အယ်ဒီတာ ပြုတ်ကြတော့လည်း အတူတူ။ ဒါကြောင့် ကဗျာတစ်ပုဒ်တွင် 'မြွေဖမ်းတော့လည်း အတူတူ၊ ကြယ်ကြွေတော့လည်း အတူတူ' လို့ ကဗျာဖွဲ့ခဲ့ဖူးတာ ဖြစ်ပါသည်။ ယုတ်စွအဆုံး ခေတ်ပေါ်ကဗျာနှင့် ပတ်သက်၍ လူကြီးတစ်ဦးစ နှစ်ဦးစမှအပ၊ လူငယ်ခေတ်ပေါ် ကဗျာဆရာ အများစုက လက်ခံအသိအမှတ်ပြုခြင်း ခံရသော လူငယ်တွေနှင့်အမီ ခေတ်ပေါ်ကဗျာရေးသည့် 'လူကြီးနှစ်ဦး' ဆိုသည်မှာလည်း သူနှင့် ကျွန်တော်ပဲ ဖြစ်ပါသည်။

သို့သော် သူ့ခေတ်ပေါ်ကဗျာတွေက ပိုပြီး လူငယ်ဆန်သည်။ ပိုပြီး လတ်ဆတ်သည်။ ပိုပြီးလန်းသည်။

*မွန်ချိုရဲ့ အော်သံနဲ့အတူ*
*စကြဝဠာရဲ့ နံရံကို ရိုက်ခတ်ပြီး ကမ္ဘာကြီးထဲ ပြန်လာတယ်*
*စိတ်ပျက်လက်ပျက် ကျောက်ခဲတွေကို ငေါက်ခနဲ*
*ထထိုင်သွားစေတဲ့အထိ*
*ဘယ်သူမှ ကျော်ဖြတ်လို့မရတာ ဒီအသံပါပဲ*
*သူ့ရဲ့ဘောကြောင်ကြောင်*
*ပူနေတဲ့ ဝါယာကြိုးထဲက တိုးထွက်လာတာ မဟုတ်ဘူး။*
*ဒီလိုရာသီမှာ ခြင်တစ်ကောင်နဲ့ တစ်ကောင် ခွဲမရတာ*
*ဆန်းသလား*
*နားမပါတဲ့ ဗီတောက်တွေ ထပွင့်တာ ရယ်စရာ။*

အဲဒါမျိုး သူပဲ ရေးနိုင်ပါသည်။

**ခရမ်းပြာ**

ထို့အတူ လူငယ်ခေတ်ပေါ် ကဗျာဆရာလေးတို့၏ ကဗျာကို ကြိုက်နှစ်သက်ရာ ခံစားရာတွင်လည်း ကျွန်တော့်ထက် သူကပိုသည်ဟု ကျွန်တော်ထင်သည်။ ညိမ်းညို၏ ကဗျာစာအုပ်က ဘယ်လို။ မြေမှုန်လွင်၏ ကဗျာစာအုပ်က ဘယ်သို့။ လင်းခါး၏ ကဗျာစာအုပ်က ဘယ့်နှယ်။ သူ့အသက်အရွယ်နှင့် မလိုက်အောင် လူငယ်ကဗျာဆရာတွေအပေါ် လူငယ်ကဗျာတွေအပေါ် ချစ်မက်ပုံမှာ တော်တော်သိသာသည်။ လေးနက်သည်။ ဒါ့ကြောင့်ပဲလား မသိ။ မဟေသီမဂ္ဂဇင်းတွင် တစ်ခါက ကလောင်စွာခဲ့ဖူးသော ဖတ်ညွှန်းဆရာ လှိုင်မြစ်ဝှမ်းသားက သူ့ကို 'လူငယ်တွေရဲ့ လက်ခုပ်သံကို ခံယူချင်လို့လား' ဟု ကလိခဲ့တာ ဖြစ်မည် ထင်ပါသည်။

ထို့အတူ စွာကျယ်ကျယ် ခေတ်ပေါ်ကဗျာဆရာ လူငယ်တစ်ဦးက ထုတ်ပေးသည့် အွန်လိုင်းကဗျာ ဆရာလေးတစ်ဦး၏ ခေတ်ပေါ်ကဗျာစာအုပ်အပေါ် သူ့ရဲ့ ဖတ်ညွှန်းအရေးအသားနှင့် ပတ်သက်၍ ပေဖူးလွှာ ဖတ်ညွှန်းဆရာ အေပရယ်ဘွန်းက-

"လူကြီးတစ်ယောက် အနေနဲ့ အဲဒီလောက်တောင် ဣန္ဒြေမရ မဖြစ်သင့်ပါဘူး" လို့ ဝေဖန်ချေချွတ်ခံခဲ့ရတာ ဖြစ်မည် ထင်ပါသည်။

အဲဒီလိုလူငယ်တွေရဲ့ ခေတ်ပေါ်ကဗျာ စာအုပ်ဆိုလျှင် လိုလိုလားလား အူယားဖားယား ဖတ်ညွှန်းရေးပေးလေ့ရှိသော သူသည် တကယ် ဖတ်ညွှန်းရေးသင့်သည့် ခေတ်ပေါ်ကဗျာ စာအုပ်တစ်အုပ်ကိုမူ လုံးဝမရေးဘဲ (ရေးရကောင်းမှန်း မသိဘဲ) အကြောင်းကြောင်းနိုင်ပုံ ဖြစ်ရပ်တစ်ခုကိုလည်း ပြောချင်ပါသည်။ ရေးတဲ့သူက ခေတ်ပေါ်ကဗျာ ဆရာလူငယ်၊ ကဗျာတွေကလည်း မဆိုးပါ။ လူငယ်အဖွဲ့အစည်းတချို့က ဆုပေးသည့် ကဗျာအချို့ပင်ပါသည်။ ပြီးတော့ ထိုလူငယ်သည် သူနှင့် ကျွန်တော်တို့နှစ်ယောက်ပေါင်း၏ ခေတ်ပေါ်ကဗျာတစ်အုပ်ကို ထုတ်ပေးမည့်သူ ဖြစ်သည်။ ကျွန်တော့်ကိုလည်း လေးစားသည်။ သူ့ကိုလည်း လေးစားသည်။ စာအုပ်ကိုလည်း သူ့ထံ တရိုတသေ သွားပေး၏။ ဒီလိုလူငယ်မျိုး၏ ခေတ်ပေါ် ကဗျာစာအုပ်ကိုမှ မရေးလျှင် ဘယ်လိုဟာမျိုး သွားရေးမည်လဲ။

ခရမ်းပြာ

ဒါပေမဲ့ သူ မရေးပါ။ ဘယ်မဂ္ဂဇင်းက ထည့်ပေးမှာလဲ ဟူသော အကြောင်းကြောင်း ဆင်ခြေနှင့် မရေးဘဲနေခဲ့၏။ တကယ်တော့ သူ မရေးပေမယ့် ထိုခေတ်ပေါ်ကဗျာ စာအုပ်ကို တခြားဖတ်ညွှန်းဆရာတွေ ဝိုင်းရေးလိုက်ကြတာ လေးငါးဦးထက် မနည်းပါ။ နယ်က ရေးဖို့သည့် စာရေးဆရာသည်ပင် သုံးယောက်တိတိ ဖြစ်သည်။

လူငယ်တွေ၏ ခေတ်ပေါ်ကဗျာစာအုပ်နှင့် ပတ်သက်လျှင် လိုအပ်သည်ထက်ပို၍ ဖတ်ညွှန်းရေးတတ်လေ့ရှိသော သူသည် တကယ်ရေးဖို့ သင့်သော ခေတ်ပေါ်ကဗျာစာအုပ်ကျမှ မရေးဘဲထားခဲ့သည့် သူ၏ အူတူတူနိုင်မှုကြောင့် နှစ်ယောက်ပေါင်း ကဗျာစာအုပ်လေး ထွက်နိုင်ဖို့ အရေးမှာ…။ ရင်လေးဖွယ်ရာသာ ရှိတော့မည်ဟု ကျွန်တော် ထင်ပါသည်။

* * *

ကျွန်တော်တို့ နှစ်ယောက်သည် စိတ်ပျော့တူကြသလို ဘဝတွေ အဖြစ်အပျက်တွေလည်း တော်တော်တူခဲ့ကြသည်ဟု ဆိုခဲ့ပါသည်။

အရှုံးအမြတ်အတွက် မဟုတ်ဘူး။ စာပေဂုဏ်သိက္ခာ အတွက် ဆိုသော မဂ္ဂဇင်းကြီးတစ်ခုတွင် အတူတူအယ်ဒီတာ လုပ်စဉ်က ဖြစ်သည်။ သူက အယ်ဒီတာချုပ်။ ကျွန်တော်က အမှုဆောင် အယ်ဒီတာ။ မဂ္ဂဇင်းက တစ်နှစ်ကျော်ပြီ။ ဈေးကွက်မှာ ရောင်းအားမတက်သေး။ တစ်လ ဘယ်နှသိန်း။ တစ်နှစ် ဘယ်နှသိန်း ဆိုသော အရှုံးဧယားကြီးဖြင့် ကျွန်တော်တို့ နှစ်ယောက်အတွက် ပြည်ဖုံးကားချဖို့ အချိန်တန်လို့လား မသိ။ သူငယ်ချင်း သူဌေးက အစည်းအဝေးတွင် ခေါ်ပြောပုံကို အနှစ်ချုပ်သော် ကျွန်တော်တို့ အယ်ဒီတာအဖွဲ့ ထွက်ပေးရန်မှတပါး အခြားမရှိတော့ပါ။

အစည်းအဝေးပြီးလို့ အယ်ဒီတာအခန်း ပြန်ရောက်တော့ တိုင်ပင်ကြသည်။ ကျွန်တော်ထွက်မည်။ တာဝန်ခံ အယ်ဒီတာမှာ သူဌေးနှမမို့ ကျန်ခဲ့မည်။ ကဲ… ခင်ဗျားကော ဆိုတော့ ခေါင်းကိုသာ တညိတ်ညိတ် ဆတ်နေသည်။ ဘာမှမပြော။ ထွက်မယ်လည်း မဟုတ်။ မထွက်ဘူးလည်း မဟုတ်။ ကျွန်တော် စိတ်မရှည်တော့။

"ကဲ… ကိုမင်းချမ်းမွန်ရေ။ ကျုပ်တာတော့ ခင်ဗျားသဘောပဲ။ ကြိုက်သလို ဆုံးဖြတ်နိုင်တယ်။ အယ်ဒီတာချုပ်ကြီးဆိုတဲ့ ဘဝကို သိပ်မက်နေရင်လည်း နေခဲ့ပေါ့။ ကျွန်တော်ကတော့ သဘောမပြောင်းဘူး။ နက်ဖြန်တနင်္ဂနွေ၊ ပိတ်ရက်မှာ ခင်ဗျားစဉ်းစား။ တနင်္လာနေ့ ပြန်တွေ့မယ်"

ကျွန်တော်ကတော့ ရှင်းပါသည်။ မိမိအား မနှစ်မြို့သော အရိပ်၌ တစ်ဆိတ်ကလေးမျှ မနေလို။ သူဌေးမှာသာ မာနရှိတာ မဟုတ်ပါ။ အယ်ဒီတာ စာရေးဆရာမှာလည်း မာနနှင့်ပါပဲ။

ဒီလိုနှင့်။

တနင်္ဂနွေနေ့ မနက်အစောကြီး မိုးမလင်းခင် အိမ်ရှေ့က ခေါ်သံသဲ့သဲ့ ကြားလို့ တံခါးဖွင့်လိုက်ရာ အံ့အားသင့်သွားပါသည်။ မင်းချမ်းမွန်တို့ လင်မယားကို ဘွားခနဲ တွေ့လိုက်ရလို့ ဖြစ်ပါသည်။

"ဟား လာဗျို့။ စောစောစီးစီး ဘာအရေးကြီးကိစ္စများ ပေါ်လာလို့လဲ"

"ဘာမှ အရေးတကြီး မဟုတ်ပါဘူး ကိုမြင့်သူရာ။ ကျွန်တော် သေသေချာချာ စဉ်းစားပြီးပြီဗျ။ မထူးပါဘူးဗျာ။ ကျွန်တော်လည်း ခင်ဗျားနဲ့အတူတူ ထွက်မယ်"

"ဖြစ်ရလေဗျာ။ ဒါလေးများ တနင်္လာနေ့ မဂ္ဂဇင်းတိုက်ရောက်မှ ပြောလည်း ဖြစ်တဲ့ဟာကို"

ကျွန်တော့် သူငယ်ချင်းကား အဲဒီလိုလူမျိုး ဖြစ်ပါသည်။

* * *

လူ့ဘဝဆိုတာ တော်တော် ပြောရခက်ပါသည်။ ကြံစည်သော်လည်း မဖြစ်။ မကြံစည်သော်လည်း ဖြစ်၏တဲ့။ ကျွန်တော်တို့ဘဝတွင် အယ်ဒီတာ တာဝန် မရှိသော်လည်း ပူပင်ကြောင့်ကြစရာ မရှိပါ။ ကျွန်တော့်ဝင်ငွေသည် ကျွန်တော့်မိသားစုအတွက် အရေးမပါသလို သူ့ဝင်ငွေသည်လည်း သူတို့လင်မယား နှစ်ယောက်အတွက် အဓိကမကျပါ။ ကျွန်တော့် ဇနီးနှင့်

သမီးများက ကိုယ်စီကိုယ်ငှ ဝင်ငွေ အသီးသီး ရှိကြသလို သူ့ဇနီးကလည်း ရှာတတ်ဖွေတတ် လုပ်တတ်ကိုင်တတ် ဖြစ်ပါသည်။

ဒါ့ကြောင့် သူလည်း စာရေးနိုင်သည်။ ကျွန်တော်လည်း စာရေးနိုင်သည်။ ကျွန်တော်တို့လို စာရေးဆရာ ကဗျာဆရာအဖို့ ကဗျာရေးခြင်း စာရေးခြင်းသည်လည်း အလုပ်တစ်ခုပဲ ဖြစ်ပါသည်။ သို့သော် ကျွန်တော့် ကံကြမ္မာက ဖန်လာပြန်ပါသည်။ ကျွန်တော်နှင့် မဂ္ဂဇင်းတစ်ခုတွင် အတူတွဲလုပ်ခဲ့ဖူးသော သူ့အကြောင်း ကိုယ်သိ၊ ကိုယ့်အကြောင်း သူသိ အယ်ဒီတာချုပ်က အယ်ဒီတာလုပ်ဖို့ ခေါ်ပြန်ပါသည်။ တိုက်တိုက်ဆိုင်ဆိုင် ကျွန်တော်တို့ ပြန်လုပ်ရမည့် မဂ္ဂဇင်းမှာ ယခင်တစ်ကြိမ်က သူနှင့်ကျွန်တော် ကိုင်ခဲ့ဖူးသည့် မဂ္ဂဇင်းပဲ ဖြစ်ပါသည်။ ကျွန်တော့်အဖို့ရာမှာတော့ စတုတ္ထအကြိမ်မြောက် အယ်ဒီတာလုပ်ခြင်းပဲ ဖြစ်ပါသည်။

တစ်နှစ်ခန့် ကြာသောအခါ ကျွန်တော့် ကံကြမ္မာက တစ်မျိုး ပြောင်းပြန်ပါသည်။ မိတ်ဆွေရင်းချာ တစ်ယောက်နှင့် ပတ်သက်သော ကွာလတီရသစုံမဂ္ဂဇင်းကြီးတွင် တာဝန်ခံ အယ်ဒီတာလုပ်ဖို့ ကမ်းလှမ်းလာပြန်ပါသည်။ အားနာရမည့် သူငယ်ချင်းလည်းဖြစ်ပြန် အလုပ်လုပ်ပိုင်ခွင့်ကိုလည်း တိုးလုပ်ချင်သဖြင့် လက်ရှိမဂ္ဂဇင်းက အယ်ဒီတာချုပ်နှင့် နားလည်မှုယူကာ တစ်နေရာ ပြောင်းဖြစ်ပြန်ပါသည်။

လစ်ဟာသွားသော ကျွန်တော့်နေရာတွင် လူစားထိုးဖို့ စဉ်းစားကြည့်သောအခါ မင်းချမ်းမွန် တစ်ယောက်တည်းကိုသာ ပြေးမြင်မိပါသည်။ သူမှလွဲ၍ တခြားလူနှင့် မဖြစ်နိုင်ပါ။ သို့သော် အယ်ဒီတာချုပ်က စိတ်ထင့်နေပါသည်။

"ဆရာ့လူက အရင်မဂ္ဂဇင်းမှာ အယ်ဒီတာချုပ်လုပ်လာတဲ့လူဆိုတော့ ကျွန်တော့်လက်အောက်မှာ တာဝန်ခံအယ်ဒီတာအဖြစ် လုပ်ပါ့မလား ဆရာ"

"ကျွန်တော် တာဝန်ထားလိုက်ပါဗျာ" လို့ပြောပြီး ကျွန်တော် အာမခံခဲ့သည်။ ထိုနေ့ညနေမှာပင် သူ့အိမ်သို့ သွားပြောပြရသည်။ ဒါတောင် ကိုယ့်လူက "တနင်္လာနေ့မှ အဖြေပေးမယ်ဗျာ" လုပ်နေပြန်သေးသည်။

ကျွန်တော်က သူတို့လက်ရှိ အခြေအနေကို အတွင်းသိအစင်းသိမို့ "ဒါလေးအတွက် မိန်းမနဲ့ တိုင်ပင်တာ သောကြာ စနေ တနင်္ဂနွေ သုံးရက်တောင် ကြာရသလားဗျ" လို့ ပြောတော့ သူ့အပြုံးက ငိုမလိုရယ်မလို။ တကယ်တော့ ခုလိုအချိန်မျိုးတွင် ကျွန်တော် ဆက်သွယ်ပေးသော အလုပ်နှင့် လစာသည် အတော်အဓိပ္ပာယ်ရှိလို့ ဖြစ်ပါသည်။

တနင်္လာနေ့ကျမှ အဖြေပေးမယ် ဆိုသူသည် စနေနေ့တွင် ကျွန်တော့် မဂ္ဂဇင်းတိုက်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ပေါက်ချလာပါတော့သည်။

"ဟေ့လူ ဘာလဲ အိုကေသွားပြီလား"

ကျွန်တော့် မေးခွန်းကို ပြန်မဖြေဘဲ ပြုံးဖြီးဖြီးကြီး လုပ်နေသဖြင့် ကျွန်တော် သဘောပေါက်လိုက်ပါသည်။ ဘာပဲပြောပြော ကျွန်တော် အလုပ်မရှိခင်က သူ့မဂ္ဂဇင်းတွင် ကျွန်တော့်အား အယ်ဒီတာအလုပ် သွင်းပေးခဲ့သော သူ့ကို ကျေးဇူးပြန်ဆပ်ခွင့် ကြုံသဖြင့် ကျွန်တော့်မှာ ဝမ်းသာလို့ မဆုံးပါ။

သူနှင့် ကျွန်တော်က ဘဝတွေ တော်တော်တူပါသည်။ စာပေလောကတွင် တွေးသောစာ၊ ရေးသောစာတွေက တူပုံမှာ တစ်ခါတစ်ရံ တစ်ယောက်နှင့်တစ်ယောက် ပြိုင်နေကြသလားဟုပင် ထင်ရပါသည်။ တကယ့် ပြိုင်ပွဲတွေမှာ အတူတူ ပြိုင်ခဲ့ကြတာတွေ ရှိဖူးသလို၊ ဘာမှမဆိုင်သော ပြင်ပစာပေလောကတွင်လည်း မပြိုင်ဘဲနှင့် ပြိုင်သလို ဖြစ်နေရသည်မှာ ဆန်းကြယ်သော ဘဝပေးကြောင့်ပဲ ဖြစ်မည် ထင်ပါသည်။

အခုဆိုလျှင် ဘာလိုလိုနှင့် သူနှင့် ကျွန်တော် ပေါင်းခဲ့တာ ဆယ်စုနှစ်ခု ကျော်ခဲ့ပါပြီ။ လူ့အကြောင်း ဆိုသည်ကလည်း လူနှင့်ပေါင်းမှ သိပါသည်။ အကြိုက်ညီသည်လည်း ရှိသည်။ အကြိုက်မညီသည်လည်း ရှိပါသည်။ တစ်ခါတရံ သူ့အမှန်တရားသည် ကျွန်တော့် အမှန်တရား ဖြစ်ချင်မှ ဖြစ်တတ်ပါသည်။ သည်အခါ လွတ်လပ်သော ကွဲလွဲမှုအဖြစ် လှပစွာ နားလည်လိုက်ကြပါသည်။

သေချာသည်မှာ ကျွန်တော်တို့သည် သူငယ်ချင်းဖြစ်၏။ ပြိုင်ဘက်လည်း မဟုတ်ပါ။ သူငယ်ချင်းစိတ်ပဲ ရှိပါသည်။ ပြိုင်ဘက်စိတ် မရှိကြ

ပါ။ သို့သော် ဘဝပေး အခြေအနေတွေက ပြိုင်နေသလို ဖြစ်တတ်တာတွေကတော့ တော်တော်တိုက်ဆိုင်ခဲ့ဖူးပါသည်။ နောင်လည်း တိုက်ဆိုင်ကောင်းတိုက်ဆိုင်နေပါလိမ့်ဦးမည်။

မည်သို့ဆိုစေ ကျွန်တော်နှင့် ပတ်သက်သော သူ့ခံယူချက် စကားတစ်ခွန်းတည်းနှင့်ပင် သူ့အပေါ် အားမလိုအားမရ ရှိခဲ့ဖူးတာ ဟူသမျှပြေကျလျော့ကျခဲ့ရပါသည်။

"ကျွန်တော်နဲ့ ကိုမြင့်သူက တော်တော်တူတယ်ဗျ။ ပြောရရင် ကျွန်တော်တို့ နှစ်ယောက်က နွားဆိုလည်း တစ်ရှဉ်း၊ ဖိနပ်ဆိုရင်လည်း တစ်ရံ" တဲ့။

အဲဒါ ကျွန်တော့် သူငယ်ချင်း။

မင်းချမ်းမွန် အစစ်ပဲ ဖြစ်ပါသည်။

❒

# ကျွန်တော့်ကို ကိုရွှေဘလို့ခေါ်တဲ့ ကဗျာဆရာ

66 သူသည် ကျွန်တော် ကြည်ကြည်ဖြူဖြူ
ပေးလိုက်သည့် ငွေတွေကို
မယုံသလို အသေအချာ တစ်ရွက်ချင်း
ရေတွက်ကြည့်ရင်းက . . .
"ဟာ . . . ဒီလိုဆိုတော့လည်း
ငါတို့ ကိုရွှေဘက
တကယ်ချစ်ဖို့ကောင်းတာပဲ။
ဒီတစ်ခါစားရမယ့် ကြေးအိုးကတော့
ကျုပ်တစ်သက် ဘယ်တော့မှ
မေ့မှာ မဟုတ်တော့ဘူး။
အမှတ်တရ ရွှေကြေးအိုးပေါ့ဗျာ။
ဟား . . . ဟား . . .
ဟား . . . ဟား . . . 99

## ကျွန်တော့်ကို ကိုရွှေဘလို့ခေါ်တဲ့ ကဗျာဆရာ

(၁)

ကျွန်တော်တို့ စာပေလောကတွင် စာရေးဆရာ၊ ကဗျာဆရာဟူသည် ကိုယ်စီကိုယ်ငှ ကလောင်နာမည် အသီးသီး ရှိကြပါလျက်နှင့် တချို့တလေ က ကလောင်နာမည်ကို အပြည့်မခေါ်ဘဲ ချစ်စနိုးနှင့် နောက်တစ်မျိုး ခေါ်သည့် အလေ့အထတစ်ခု ရှိပါသည်။

ဥပမာ ဆိုပါစို့။ မောင်ခင်သာ (တောင်တွင်း) တစ်ဖြစ်လဲ မောင်ခင်သာမြင့်က ကျွန်တော့်ကို အစ်ကိုမြင့်ဟု ခေါ်သည်။ ဦးပဥ္စင်း သားအေးညကတော့ ကိုမြေလတ်ဟု ခေါ်သည်။ မတ္တရာက ကိုခင်မောင်နိုင်ဦး ကမူ ဆရာမြေလတ်ဟု ခေါ်သည်။ တချို့ ရင်းချာသူများကျတော့ မြေလတ် ကြီးတဲ့။

သည်အထဲကမှ အထက်ပါ ရောင်းရင်းတွေနှင့် မတူဘဲ ကျွန်တော့် ကို မူကွဲနာမည် တစ်မျိုးဖြင့် အရိုးစွဲအောင် ခေါ်သွားခဲ့သူ တစ်ယောက် နှင့် ယခုအထိ ခေါ်နေဆဲ တစ်ယောက်တို့ ရှိပါသည်။ ကဗျာဆရာ မောင်ရည်မှန်းနှင့် စာမျိုးစုံရေးသည့် စာရေးဆရာ နန္ဒာမိုးကြယ်တို့ ဖြစ်သည်။ မောင်ရည်မှန်းက ကျွန်တော့်ကို ကိုရွှေဘလို့ခေါ်ပြီး နန္ဒာမိုးကြယ်က ဘိုရွှေဘ ဟု ခေါ်သည်။

ယခုအခါ နန္ဒာမိုးကြယ်က တွေ့သည့်နေရာတွင် ကျွန်တော့်ကို ဘိုရွှေဘဟု ချစ်စနိုးခေါ်လေတိုင်း၊ သူ့အရင်က ကိုရွှေဘဟု ဦးစွာပထမ

အမှတ်တရ ခေါ်တွင်သွားခဲ့သည့် သွားလေသူ ရောင်းရင်းကြီး မောင်ရည်မွန်း အကြောင်းက ခေါင်းထဲ ခဏခဏ ပေါ်လာတတ်ပါသည်။

(၂)

သူ့အကြောင်း စဉ်းစားလိုက်မိသည်နှင့် တစ်ပြိုင်နက် သူနှင့် ယဉ်ပါး လေ့ရှိသော အနံ့အသက်တစ်ခုခုကပင် အရင်ရောက်လာလေသလားဟု ထင်မိ၏။

ကျွန်တော့်နှာဝတွင် မကြာခဏ ရင်းနှီးဖူးသော်လည်း ကျွန်တော် ကိုယ်တိုင် မနှစ်မြို့သည့် ထိုရနံ့ကြောင့် ပတ်ဝန်းကျင်ကို မကြည့်ဘဲနှင့် သိပြီးသား ဖြစ်နေသည်မှာ ဆန်းတော့မဆန်း။

ဆန်းတာက ဤရနံ့ကို သယ်ဆောင်လာသည့် မိတ်ဆွေ ရောက်လာ ခြင်းအတွက် စိတ်ညစ်ဖို့ မကောင်းသော်လည်း ဝမ်းသာဖို့ မကောင်းနိုင် တာကိုတော့ အမှန်အတိုင်း ဝန်ခံရမည် ဖြစ်ပါ၏။ နားမလည်စွာ အပြစ်တင် လျှင်လည်း ခံရမည်သာ။ ကျွန်တော့်အဖို့မှာတော့ ကျွန်တော့်အကြောင်းနှင့် ကျွန်တော်ပါ။

အဆိုပါ မိတ်ဆွေမှာ တခြားဟုတ်ရိုးလား။ ကျွန်တော်၏ ချစ်လှစွာ သော ကဗျာရေးဖော်ရေးဘက်ကြီး မောင်ရည်မွန်း ဖြစ်ပါ၏။ မောင်ရည်မွန်း လာပြီဆိုသည်နှင့် လေညာအရပ်ကသာ လာခဲ့ပါ။ လူမမြင်ဘဲနှင့် အတတ် သိပြီးသား။ သူ ကျွန်တော့်ဆီ လာတိုင်းမှာလည်း ဘယ်တော့မှ တစ်ယောက် တည်း ရိုးရိုးမလာ။ အမြဲလိုလို သူ ချိုးချင်တိုင်းချိုး၍ သူ ဖောက်ချင် သလောက် ဖောက်ထားသော ပဋ္ဌမမြောက် သီလအကျိုးအပျက် တိုးလို့ တွဲလောင်းလေးက တွယ်ချိတ်နှင့် ချိတ်ထားသလို တန်းလန်းတန်းလန်းနှင့်။

ဤရနံ့လေး တသင်းသင်းက ညနေ အလုပ်ဆင်းပြီးမှဆိုလျှင် တော်သေး။ ခုတော့ အလုပ်ချိန် ရုံးချိန်ကြီးတောင် မရှောင်။ လောင်မြိုက် ခြင်း တစ်ဝက်နှင့် မနှင်ရက်သော်လည်း ဆောက်နှင့် ထွင်းပစ်လိုက်သည့် ကျွန်တော့် နှုတ်ဆက်သံတွင် ကရုဏာ အစွန်းထွက်သွား၏။

"ခင်ဗျားလည်း ဒါနဲ့ပဲ သေမှာပဲ"

တကယ်တမ်းကျတော့ ကျွန်တော့် တုတ်ထိုးအိုးပေါက်သည် သူ့အဖို့ သကြိန်လေ အမြောက်မှန်း ကျွန်တော် မသိမဟုတ်။ သိပြီးသားပါ။ သိသိနှင့်ပင် သူ ခုလိုမူးလာလျှင် အားနာရကောင်းမှန်းလည်း ကျွန်တော် ထည့်မတွက်မိတော့။ ပြောပေါက်က မာထန်။ အသံက တိုတောင်း။ သူ့လေသံ အရ ပြန်ဖောက်သည်ချရလျှင် လူကသာ ကဗျာတွေ ရေးနေပေမယ့် စကားပြောရာတွင်တော့ နည်းနည်းလေးမှ ကဗျာဆန်တဲ့ ကျွန်တော်တဲ့။ ပြီးတော့ စိတ်ပုသလောက် အရုပ်မရှည်တဲ့ ကဗျာရွှေဘတဲ့လေ။ တိုမယ့်သာ တိုမိတာပါ။ ကျွန်တော် သူ့အပေါ်မှာ အနွံအတာခံမှန်း သိနေလေတော့။

"ကျုပ် တကယ်ဖြတ်တော့မှာပါ ကိုမြေလတ်ရာ။ ပြတ်ခါနီးပါပြီ။ ကျုပ် ဒီကရှေ့လျှောက် ကောင်းကောင်း နေတော့မှာပါ။ အခု သောက်လာမိတာတော့ ခွင့်လွှတ်ပါဗျာ။ အလုပ်နဲ့ ပတ်သက်ပြီး စိတ်ညစ်လွန်းလို့ပါ"

ကြားနေကျ ဓာတ်ပြားဟောင်းပါပဲ။ အပ်ကြောင်းထပ်နေပါပြီ။ အပ်ကြောင်းထပ်သလို ဓာတ်ကြောင်းလည်း ထပ်နေပြီ ဖြစ်သော သူ့ပုံရိပ် အပိုင်းအစတွေကို ပြန်စဉ်းစားလိုက်တော့။

(၃)

ဟုတ်ပါသည်။ ဟိုးအရင်တုန်းကတော့ တကယ့်ကို ပျော်စရာပါ။ အရုပ်က ရှည်ရှည်။ လူပုံကသန့်သန့်။ ဝတ်ပုံစားပုံကလည်း သပ်ရပ်။ အပြောအဆိုကလည်း ခန့်ထည်။ သူသည် ကဗျာအဖွဲ့ကောင်းသလို (အထူးသဖြင့် ရှမဝကဗျာ) ဝတ္ထုလည်း အရေးညက်၏။ ကဗျာနှင့်စာလျှင် ဝတ္ထုအရေးကျဲသော်လည်း ရေးသလောက် မဆိုး။ စေတနာအကျိုးပြု ကောင်း၍လား မသိ။ သူ့ဝတ္ထုတိုလေးများကို မကြာခဏဆိုသလို မြန်မာ့အသံ ဓာတ်လမ်းပမာ နားဆင်စရာအဖြစ် အသံလွှင့်ခံရသူလည်း ဖြစ်၏။

ပြောရမည်ဆိုလျှင် သူနှင့် ကျွန်တော်သည် ဝါသနာတူ ကဗျာဆရာ

ချင်း ဖြစ်သလို တစ်ဌာနတည်းက ဘဝတူဝန်ထမ်းချင်းလည်း ဖြစ်၍ ကျွန်တော်တို့၏ ရင်းနှီးမှုမှာလည်း နှစ်ထပ်ကွမ်းပါပဲ။

ညနေ ရုံးဆင်းချိန်ဆိုလျှင် တတွဲတွဲ။ လက်ဖက်ရည်ဆိုင်ထိုင်လည်း အတူတူ။ မင်္ဂဇင်းတိုက်တွေ လျှောက်သွားတော့လည်း မခွဲဘူး။ တစ်ယောက် ကဗျာ တစ်ယောက်ဖတ်။ တစ်ယောက်ဝတ္ထု တစ်ယောက်က ဝေဖန်။ ပြန်ပြင်စရာရှိလျှင်ပြင်။ တစ်ခါတစ်ရံ အယူအဆ မတူကြတာလေးတွေ ရှိသော်လည်း လှပတဲ့ ပဋိပက္ခနှင့် အဆုံးသတ်ခဲ့ကြစမြဲ။ ကျွန်တော်တို့ ကောင်းကင်တွင် တိမ်မရှိ။ မြူမတင်။ ကြည်လင်ဝင်းပကာ ကြယ်စင် တွေနဲ့ ပြည့်လို့။ တကယ်လည်း ပျော်ရွှင်စရာ ကောင်းခဲ့ကြပါ၏။

သည်တုန်းက သူသည် အရက်လို ခုလို အလွန်အကြူး တပ်မက်သူ မဟုတ်ပါ။ ကျွန်တော့်လို တစ်ခါတစ်ရံ မိတ်ဖြစ်ဆွေဖြစ်လောက်သာ သောက်သူ ဖြစ်၏။ ဘာကိစ္စနှင့်ဖြစ်စေ အကြောင်းမရှိ အကြောင်းရှာကာ အရက်ကို ရှေ့တန်းတင် အသုံးချတတ်သူများထဲတွင် သူရော ကျွန်တော်ပါ မပါဝင်ကြပါ။

ဒါ့ကြောင့်ပင် သူကိုယ်တိုင်က ခုံခုံမင်မင် မဟုတ်သည့် ဒီအရက်နှင့် ပတ်သက်ပြီး ဘဝပျက်နေသော သူငယ်ချင်း စာရေးဆရာ မောင်တောပျော် ၏ ဘဝကို ပြုပြင်စေလိုတဲ့ စေတနာဖြင့် ငွေတာရီမဂ္ဂဇင်းတွင် သူ ဝတ္ထုတို တစ်ပုဒ်ရေးကာ သရော်ခဲ့၏။

လောကမံက ပဋ္ဌလက်ဆန့်တာလား။ ကျွန်တော်တို့ ဘဝတွေကိုက ဝတ္ထုဆန်တာလား။ အံ့ဩစရာကောင်းတာက အရက်နှင့် ပတ်သက်ပြီး ဘယ်တော့မှ ပြန်ကောင်းလာမည်ဟု မထင်မှတ်ခဲ့သော စာရေးဆရာ မောင်တောပျော်မှာ ဘုရားနှင့် တရားနှင့် ယဉ်ကျေးလိမ္မာနေသော လူကောင်း သူကောင်း ဖြစ်နေချိန်တွင်။

မောင်တောပျော်ကို ကောင်းစေလိုသော စေတနာနှင့် ဝေဖန်ခဲ့သော သူ့မှာ။ ပြုပြင်ရေးသမားကြီး သူ့မှာသာ။ တစ်ခါက မောင်တောပျော်ထက် အဆတစ်ရာဆိုးတဲ့ ဘဝမျိုးနှင့် အရက်ဖိုးလေး ရဖို့ကလွဲလို့ ဘာကိုမှ

အလေးအနက် မထားတော့။ ရှက်လည်း မရှက်တော့။ အဲဒီ အရှက်မဲ့ ဝေဒနာနှင့် သူမှာမယားဆုံးရတာလည်း အကြိမ်ကြိမ်။ အမေသေရတာလည်း ခဏခဏ။ သည်ကြားထဲ သားလေး စာအုပ်ဖိုးကတစ်မျိုး။ သမီးလေး ကျောင်းစရိတ်က တစ်သွယ်။ မကျိုးတဲ့ မျက်မှန်ကိုင်းကို ကျိုးရတာလည်း တစ်နည်း။ ကုန်ကုန်ပြောရလျှင် ဆေးရုံတက်ရမယ် ဆိုပြီး ကျွန်တော့်လို မိတ်ဆွေတွေထံ အလျှုခံခဲ့တာတွေနဲ့ အင်္ကျီပုဆိုးကအစ တောင်းသွားတာ တွေကကော ဘယ်နှစ်ကြိမ်ရှိပြီလဲ။

ဘာပဲဖြစ်ဖြစ် ချစ်တဲ့မိတ်ဆွေတွေက သူ့အကြောင်းမသိ၍ မဟုတ် ကြ။ သိသိနှင့် တမင် မသိချင်ယောင်ဆောင်ပြီး ပေးကြကမ်းကြတာ ဆိုသည်ကိုမူ သူ စဉ်းစားမိပါရဲ့လား။ တစ်ခါတစ်ခါတော့လည်း သူ့အပြု အမူလေးတွေမှာ ရယ်စရာမဟုတ်ဘဲနှင့် ရယ်စရာတော့ အကောင်းသား။

တစ်ခါက အဖြစ်အပျက်လေးမှာလည်း အမှတ်တရ တစ်ခုပင်။ နေ့ရက်ကိုတော့ အတိအကျ မမှတ်မိတော့။ တိကျတာ တစ်ခုကတော့ ရုံးချိန်ကြီးမှာ သူ အရက်မမူးတမူး သောက်လာတဲ့နေ့ပေါ့။ လူကတော့ လူပါး။ အမူးကလည်း အမူးပါ။ အမူးလွန်တာမျိုးကို ကျွန်တော် မကြိုက် မှန်းသိ၍ အမူးလွန်လျှင် ကျွန်တော့်ဆီမလာ။ မမူးဘဲလာတတ်သလို မမူး တမူးလေး လာတတ်တာက များပါ၏။ ဒီလို ပါးပါးနပ်နပ် မူးတတ်တာ လေးကပင်လျှင် သူနှင့်ကျွန်တော်၏ သံယောဇဉ် ဇာတ်လမ်းတွင် မှတ်တမ်း တင်စရာ ဖြစ်ခဲ့လေသလား။

ပြီးတော့ မောင်ရည်မှန်းနှင့် ပတ်သက်၍ သူနှင့် ကျွန်တော်ကြား တွင် ပြောစမတ်တွင်စရာလေး အချို့လည်း ရှိပါသေး၏။ တခြား မဟုတ် ပါ။ စာပေနှင့် ရင်းနှီးချစ်ခင်တာကို အခွင့်ကောင်းယူ၍ သူသည် ကျွန်တော့် ထံမှ တစ်ခါမျှ ငွေမချေးခဲ့ဖူးပါ။ ကျွန်တော် ပေးနိုင်မည် ထင်သလောက် ကိုသာ အပြတ်တောင်းခဲ့သူ ဖြစ်သည်။ ထို့ပြင် ကျွန်တော့် မကောင်းကြောင်း ကို သူ့ရှေ့မှာ တစ်စုံတစ်ယောက်က ယောင်လို့မျှ မသွားမပြောမိစေနှင့်။ ပြောမိလို့ကတော့ မောင်ရည်မှန်းနှင့် တွေ့ပြီသာမှတ်။ သူသည် ကျွန်တော့် ဘက်က အမြဲတမ်း ခုခံကာကွယ်၍ တုံ့ပြန်ခဲ့စမြဲ ဖြစ်၏။

ဒါတွင်မကပါ။ ကျွန်တော့်ကို ရှမဝ အသိုင်းအဝိုင်းထဲသို့ ဝင်ဆန့်အောင် စတင် ဆောင်ကျဉ်းခဲ့သူမှာလည်း မောင်ရည်မွန်းပဲ ဖြစ်၏။ သူ့ကို အကြောင်းပြု၍ မောင်ဇော်ယုနှင့် ကျွန်တော် စတင်ခင်မင်ခွင့် ရသည်။ သည့်နောက်မှ ဆရာမောင်ဆွေတင့်။ အစ်မကြီး ဒေါ်မြင့်မြင့်သန်းတို့ ညီအစ်မတစ်စုအပြင် စာမူထိန်းကြီး ဦးသန်းမောင်နှင့်ပါ ကျွမ်းဝင်ခဲ့ရသည်။ နောက်ဆုံး ဆရာမောင်ဆွေတင့်နှင့် ကျွန်တော့်အကြား အစ်ကိုနှင့် ညီလေး ဖြစ်သွားသည်အထိပါပဲ။

အဲဒီ ကောင်းကွက်လေးတွေနှင့်ပင် သူ ဆိုးသမျှ ဂျီကျသမျှကို ခွင့်လွှတ်နားလည်ပေးမိနေသလား မပြောတတ်တော့ပါ။

သေသေချာချာ ပြောနိုင်တာ တစ်ခုကတော့ ထိုလက ကျွန်တော့်ကဗျာတွေ မဂ္ဂဇင်းတွေမှာ ဝေဆာသောလ ဖြစ်၏။ ဤအခါမျိုးတွင် သူသည် ကျွန်တော့် ကဗျာတွေကို လုံးစေ့ပတ်စေ့ ဖတ်၏။ မှတ်၏။ ပြီး ကျွန်တော့်ကဗျာပါတဲ့ မဂ္ဂဇင်းအမည်တွေကို တစ်ခုမကျန် အလွတ်ကျက်ကာ ကျွန်တော့် အလုပ်စားပွဲ မရောက်ခင် ရုံးအဝင်အပေါက်ဝကတည်းက။

"ဟော့… လူကြီး။ ဒီလတော့ ခင်ဗျားလပဲ။ ဘယ်မဂ္ဂဇင်းလှန်လိုက်လှန်လိုက် ခင်ဗျားနာမည်ချည်းပဲ။ ပြောလိုက်ရင်တော့ အလုပ်များတယ်များတယ်နဲ့ သူများရေးဖို့လည်း ထားပါဦး။ ကျုပ်မှန်းကြည့်တယ် မရဘူးဆိုရင်တောင် ကဗျာတစ်ပုဒ် တစ်ရာနဲ့တွက်ရင် ကိုးရာတစ်ထောင်ထက် နည်းမှာ မဟုတ်ဘူး။ ဒီနေ့တော့ ကျုပ် ကြေးအိုး မသောက်ရဘဲနဲ့ မပြန်ဘူးဗျာ။ ဒါပဲ"

ပြောပြောဆိုဆိုပင် ကျွန်တော့် စားပွဲရှေ့က ကုလားထိုင်တွင် ဒယီးဒယိုင်နှင့် ဝင်ထိုင်ပါလေတော့သည်။ သူ့အကြောင်းကို သိနေကြသော ကျွန်တော့် တပည့်မလေးတွေကတော့ သူ့ကိုတစ်လှည့် ကျွန်တော့်ကိုတစ်လှည့် ပြုံးစိစိနှင့်။ သူ့ကို အကဲခတ်ကြည့်လိုက်တော့လည်း ခါတိုင်းလို ငွေနှစ်ဆယ် အစိတ်လောက် ပေးရုံမျှနှင့် ပြန်မည့်ပုံ မပေါ်တာ သေချာသည်။

ကျွန်တော့်မှာသာ သူ့ကိုကြည့်ပြီး ပြုံးရခက်။ ရယ်ရခက်။ ဒါမျိုး

တော့ သူ့အတော်သွက်သည်။ လျင်သည်။ ဒီလောက် တိတိကျကျ ပြော နိုင်အောင် စာအုပ်ဆိုင်တွေ ဘယ်နှစ်ဆိုင်လောက် သူလျှောက်ပြီး လှန်ခဲ့ လှောခဲ့သည်မသိ။ တကယ်လည်း အဲဒီလက ကျွန်တော့်စာမူ ကိုးပုဒ်ပါ သည်။ ရှစ်ပုဒ်က ကဗျာ။ တစ်ပုဒ်က ဝတ္ထု။ ဒါကြောင့် ဒီတစ်ခါတော့ သူ့ဆန္ဒ ပြည့်ပါစေတော့ရယ်လို့ ကျွန်တော် အမှတ်တရ ဖြည့်ဆည်းလိုက် ၏။ သူသည် ကျွန်တော် ကြည်ကြည်ဖြူဖြူ ပေးလိုက်သည့် ငွေတွေကို မယုံသလို အသေအချာ တစ်ရွက်ချင်း ရေတွက်ကြည့်ရင်းက…

"ဟာ… ဒီလိုဆိုတော့လည်း ငါတို့ ကိုရွှေဘက တကယ်ချစ်ဖို့ ကောင်းတာပဲ။ ဒီတစ်ခါ စားရမယ့် ကြေးအိုးကတော့ ကျူပ်တစ်သက် ဘယ်တော့မှ မေ့မှာမဟုတ်တော့ဘူး။ အမှတ်တရ ရွှေကြေးအိုးပေါ့ဗျာ။ ဟား… ဟား… ဟား… ဟား"

သူတကယ် ရယ်တာလား။ မရယ်ရတာကြာလို့ ရွဲ့ရယ်တာလား။ ပြောရင်း ရယ်ရင်းနှင့်ပင် ကျွန်တော့် စားပွဲရှေ့မှ အလိုက်သိစွာ ပြန်ထွက် သွားပါလေ၏။ ထိုနေ့က သူ့ရယ်မောသံသည် ကျွန်တော့် ရုံးခန်းထဲတွင် ပဲ့တင်ကျန်ရစ်ခဲ့၏။ တကယ့် မှတ်မှတ်ရရ။

ကြာခဲ့ပြီဖြစ်တဲ့ မှတ်မှတ်ရရ။

(၄)

နောင်ဘဝ ဆိုသည့်ကိစ္စကို အပထား။

အခု လက်ရှိဘဝမှာပင် မထင်ရက်နိုင်စရာ။ မယုံနိုင်စရာ ပြောင်းလဲ သွားသည့် သူ့အဖြစ်ကို ခုလိုပြန်လည် တွေးတောမိတိုင်း ကံကြမ္မာကို ယိုးမယ်ဖွဲ့ရမှာလား။ ဘယ်သူမပြု မိမိမှုပေပဲလား။ ဒါမှမဟုတ်။ အင်း… ဒါမှမဟုတ်။

ခုတလော တွေးလိုက်မိတိုင်း အကောင်းမတွေ့လို့ သူ့အကြောင်း ကို ကျွန်တော် ဆက်မတွေးချင်တော့ပါ။ သို့သော်လည်း နှစ်ပေါင်းများစွာ တွဲလာခဲ့ကြသည့် သူငယ်ချင်းဆိုတဲ့ အသိက မောင်းထုတ်လို့မရ။ ခုလည်း

ဘယ်အချိန်က သောက်လာမှန်း မသိဘဲ ကျွန်တော့်ရှေ့တွင် ဏ္ဍြေကြီး တစ်ခွဲသားနှင့် ငြိမ်ချက်သား ကောင်းနေသည့် သူ့မျက်နှာကို မသိမသာ အကဲခတ် ကြည့်လိုက်မိ၏။

အရက်ခိုးတွေ လောင်မြိုက်ထားသည့် ထူအန်းအန်း မျက်နှာပေါ်တွင် မို့အစ်တွဲကျနေသည့် မျက်ခွံများကြောင့် နဂို ကျဉ်းသယောင်ရှိသော မျက်စိနှစ်ပေါက်သည်ပင်ပို၍ ကျဉ်းသွားလေသလား။ အသားအရေက လည်း ပွယောင်းယောင်း။ နီကျင်ကျင်။ ဟောင်းနွမ်းလှပြီး ဖြစ်သော သူ့ကိုယ်ပေါ်က တစ်ထည်တည်းသော တိုက်ပုံအင်္ကျီမှာလည်း ချုပ်ရိုးတွေက ပြုတ်သည့်နေရာပြုတ်လို့။ မီးလောင်ပေါက်တွေကလည်း ဗရပွ။ အရောင်က မှိန်မွဲမွဲ။ မူလအရောင်ပင် မပေါ်တော့။ သည်အထဲ ရိတ်ပယ်ခြင်းကင်းသည့် မုတ်ဆိတ်မွေးဖြူရော်ရော် ပရမ်းပတာတို့ကြောင့် မူလရုပ်ထက်ပို၍ ရင့်ရော် နေသည်မှာ ကြည့်လို့မြင်လို့ပင် မကောင်း။

ကြာတော့ သူ့ကိုကြည့်ရင်း ကျွန်တော်ပါ မောလာ၏။ အသက်ရှူ လည်း ကျပ်လာ၏။ လူပင်ပန်းတာ ခံနိုင်သော်လည်း စိတ်ပင်ပန်းတာကို တော့ ခံနိုင်ရည်မရှိချင်။

"ကဲ… ဗျာ ကျွန်တော် အလုပ်မအားဘူး။ နောက်မှ တွေ့မယ် ဟုတ်လား။ ရော့ရော့ နှစ်ဆယ့်ငါးကျပ်ယူသွား"

ရော့ဟုပေးရင်း သွားဟုနှင်လိုက်မိလေသလား။

မစဉ်းစားချင်တော့ပါ။ အလုပ်ထဲမှာ ဗျာများသလိုနှင့် သူ့ကို လှည့် မကြည့်ဖြစ်အောင် ဟန်ဆောင်နေရတာကိုက ပိုမောသလို ခံစားနေရ၏။

"ကျေးဇူးပါပဲ ကိုပြေလတ်ရယ်၊ ကျုပ်အပေါ် အနွံအတာခံတဲ့ ခင်ဗျားစေတနာတွေကြောင့် ကဗျာတွေ ပိုရေးနိုင်ပါစေ။ ဆုတွေလည်း ပြိုင်တိုင်းရပါစေ"

ကျွန်တော့်ကို ဆုပေးအပြီး ဒယီးဒယိုင်နှင့် ပြန်ထွက်သွား၏။

သူပြန်ထွက်သွားပေမယ့် ရင်ထဲမှာ ပေ့ါမသွား။ ဒီလူ သာကေတကို တန်းတန်းမတ်မတ်မှ ပြန်ရောက်ပါ့မလား။ သောကဝင်သွားသော အတွေး

ဖြင့် ကျွန်တော့်ရင်သည် လေးလံလျက်။ ထိုင်းမှိုင်းလျက် ပင့်သက်နှင့် တစ်ဆို့ကျန်ခဲ့၏။ ကူးစက်စီးမျောမှုတွင် အပူသည် အအေးထက် ပိုမြန်လေ သလား။

"ဟူး"

ဘယ်သူ့ကို ဘယ်လိုပြောရမလဲ။

ရှည်လျားလေးလံသော သံသရာထဲ ဒဏ်ရာနှင့်အတူ အပူကို ဒရွတ်တိုက် ဆွဲခေါ်လာသော ကံကြမ္မာကိုသာ။

(၅)

တကယ်ပဲ ဒဏ်ရာနှင့် သံသရာက အပူကို ဒရွတ်တိုက် ဆွဲခေါ် သွားလေသလား မသိ။ မောင်ရည်မှန်း ကျွန်တော့်ထံ လာသွားသည့် ထိုကာလလေးသည် သူနှင့် ကျွန်တော့်အဖို့ နောက်ဆုံးဖြစ်လိမ့်မည် ဆိုတာ ဘယ်သူက သိနိုင်မလဲ။ ပေါ်မလာတာကြာတော့ ထုံးစံအတိုင်း မျှော်မိ ပါသည်။ သူ ပေါ်မလာတော့ပါ။ ဘယ်တော့မှ ပေါ်မလာနိုင်တော့ပါ။ စုံစမ်းကြည့်တော့မှ သူကွယ်လွန်သွားပြီ ဖြစ်ကြောင်း သိလိုက်ရပါသည်။ နောက်ဆုံး ခရီးမျှပင် ပို့ခွင့်မကြုံခဲ့ပါချေ။

မည်သို့ပင်ဖြစ်စေ ကျွန်တော့် သံယောဇဉ်တွေ သိမ်းထုပ်ရာ မှတ်တမ်း တစ်နေရာတွင် သူ အမြဲရှိနေမှာ ဖြစ်သလို ကျွန်တော့်ကို ရွှေဘလို့ ခေါ်သံကြားတိုင်း သူ့ကို အမှတ်ထင်ထင် ဖြစ်နေဦးမည်သာ ဖြစ်ပါသည်။

မှတ်ချက် - ၂၀၀၅ ဒီဇင်ဘာလထုတ် Heart မဂ္ဂဇင်းတွင် ရေးသားခဲ့သော ကျောက်စက်ရေတစ်ပေါက်နှင့် မှောက်သွားတဲ့ ရေတစ်အိုး ဝတ္ထုမှ ဇာတ်ကွက်အချို့ကို ပြန်လည်ခံစားရေးဖွဲ့ပါသည်။

❒

# ကဈျာတောင်ပံနဲ့ ကောင်းကင်ထဲ
# ပျံဝဲနေတဲ့ ငှက်တစ်ကောင်

[ သို့မဟုတ် ]

# စကားပြောကောင်းတဲ့ စက်ကလေး

“ သူ့ပင်ကိုယ်ညဉ်ကိုက
သူကသာ ကျွေးချင်သည်။
သူကသာ အကုန်အကျ ခံချင်သည်။
သူကသာ အလိုက်သိချင်သည်။
ဤသည်မှာ သူ့စေတနာ
အရင်းခံဖြစ်၍ သူ့တွင်ရှိသော
ပရဟိတ စိတ်အခြေခံလည်း ဖြစ်ပါသည်။
သူသည် ကျွန်တော့်အပေါ်ကိုမှ မဟုတ်။
သူနှင့် ပတ်သက်သော
အခြားသူများအပေါ်မှာလည်း
ထိုနည်းလည်းကောင်းပဲ ဖြစ်ပါသည်။ ”

## ကဗျာတောင်ပံနဲ့ ကောင်းကင်ထဲ
## ပျံဝဲနေတဲ့ ငှက်တစ်ကောင်
[သို့မဟုတ်]
## စကားပြောကောင်းတဲ့ စက်ကလေး

သူ့ကို ကျူရှင်ဆရာမှန်း ကျွန်တော် မသိပါ။ သူ့ကို ကျွန်တော် သိစက ကဗျာဆရာ။ ကဗျာဆရာအဖြစ်နှင့် သိပြီးမှ သူ့စာမူပေါ်က လိပ်စာအရ တိရစ္ဆာန် ဆေးကုဆရာဝန် ဘွဲ့ရမှန်း သိရခြင်း ဖြစ်သည်။

စင်စစ်သူ့ကို သိခြင်းဆိုတာထက် သူ့ကလောင်နာမည်အဖျား စာလုံး "ညို" ဟူသော ဝိသေသကြောင့် မှတ်မိသွားခြင်း ဆိုတာက ပိုပြီး ဖြစ်နိုင်သည်။ အကြောင်းမှာ ကျွန်တော် မှတ်မိဖူးသော နာမည်အချို့၏ အဖျားစာလုံး "ညို"တွေက သိပ်များများစားစား မရှိ။ ဥပမာ ရွှေကျီးညို၊ ရွှေဒေါင်းညို၊ ချစ်ညို၊ ချစ်ဦးညို၊ ဇန်းမော်ရွှေညို၊ ဒေါက်ညိုခေါ် ဒေါက်တာ ခင်မောင်ညိုနှင့် ရာဇဝင်ထဲက ကျေးဇူးသိသော ငခင်ညိုတို့လောက်ပဲ ဖြစ်သည်။

ဒါ့ကြောင့် ကလောင်အမည် အဖျားတွင် "ညို" ပါသော သူ့ကို လွယ်လွယ်ကူကူပဲ မှတ်မိသွားခြင်း ဖြစ်၏။ လူရွယ်တစ်ယောက်ဖြစ်သော သူသည် ကဗျာလည်း ရေး၏။ စာလည်းရေး၏။ ကျူရှင်လည်း သင်၏။ အပြောအပြောလည်း ကောင်း၏။ အခမ်းအနားမှူးလည်း ခဏခဏ လုပ်

ပေးရ၏။ သည်ကြားထဲ သူ့တစ်ကိုယ်တာ ပရဟိတ ကိစ္စတွေလည်း ပါသေး၏။

မည်သို့ပင်ဖြစ်စေ။

ကျွန်တော်ကတော့ သူ့ကို အမည်တစ်ခုပဲ ပေးချင်သည်။ သူသည် ကဗျာတောင်ပံနှင့် ကောင်းကင်ထဲ ပျံဝဲနေသည့် ငှက်တစ်ကောင် သို့မဟုတ်…။

* * *

၂၀၀၆ ခုနှစ်လောက်က ဖြစ်မည် ထင်သည်။ ကျွန်တော်က သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်းတွင် တာဝန်ခံအယ်ဒီတာ မောင်မောင်စနေနှင့်အတူ အယ်ဒီတာ ဝင်လုပ်စဉ်က ဖြစ်၏။

ထိုစဉ်က သူ့ကဗျာတစ်ပုဒ်ကို သောင်းပြောင်းထွေလာ မဂ္ဂဇင်းတွင် အဖွင့်ကဗျာအဖြစ် သုံးလိုက်သည်။ လိပ်စာကို ကြည့်လိုက်တော့ ကျွန်တော်နှင့် တစ်ရပ်ကွက်တည်း ဖြစ်နေ၏။ ပြီးတော့ တိုက်ဆိုင်စွာပင် ကျွန်တော့်အိမ်သည် ကျွန်တော့်သမီးလေး ဆယ်တန်းတက်သည့် ကျောင်းနှင့် အတန်ငယ်လှမ်း၏။ သမီးလေး ကျောင်းတက်လွယ်ကူရန် ကျောင်းလမ်းထိပ်က ဆောင်းဟောမာန် အိမ်ရာတွင် တစ်နှစ် ယာယီ ငှားနေထိုင်စဉ် သူနှင့် အိမ်နီးချင်း ဖြစ်သွားပါတော့သည်။

ကလောင်နုသည်ဖြစ်စေ ရင့်သည်ဖြစ်စေ ကျွန်တော်ကိုင်သည့် မဂ္ဂဇင်းတွင် ထိုသူတို့၏ စာမူပါလျှင် ကျွန်တော်က ဦးအောင်သွား၍ မေတ္တာလက်ဆောင် စာအုပ်နှင့် စာမူခပေးတတ်သည်မှာ ကျွန်တော်၏ ဝါသနာဖြစ်သည်။ ကျွန်တော်၏ စေတနာလည်း ဖြစ်ပါသည်။ စာမူခနည်းသည်များသည်ထက် သူတို့၏ ဦးနှောက် နှလုံးသားနှင့် ရင်းထားသည့် စာမူလေးအား ဦးဦးဖျားဖျား သိစေချင် ဖတ်စေချင်သည်က အဓိက ဖြစ်သည်။

ဤသို့ဖြင့် သူ့စာအုပ်နှင့် စာမူခလေးကို သူ့အိမ်သွားပေးတော့ သူက မရှိ။ သူက ကျေးဇူးတင်လို့ ကျွန်တော် ခေတ္တငှားနေသည့် အိမ်ကို

လာနှုတ်ဆက်တော့ ကျွန်တော်ကမရှိ။ တကယ်တော့ ကျွန်တော်က သူ့ကို မမြင်ဖူးသလို သူကလည်း ကျွန်တော့်ကို မသိကြပါ။

တစ်နေ့ အိမ်ရာထဲက လမ်းမပေါ်တွင် ထူးခြားသော လူငယ်တစ်ယောက်အဖြစ် သူနှင့် ပက်ပင်းသွားတိုးတော့

"ဟာ… ညီမင်းညိုလားဟော့"

"ဟုတ်ပါတယ် ခင်ဗျာ။ ဆရာမြေလတ် မောင်မြင့်သူ ထင်တယ်"

"အေး… ဟုတ်တယ်"

"ဆရာနဲ့ ကျွန်တော်က အိမ်ချင်းနီးပြီး ကပ်လွဲနေတယ်ဗျာ။ ကျွန်တော်ကလည်း မိုးလင်းက မိုးချုပ် ကျူရှင်တွေ လှည့်သင်နေရလို့ပါ ဆရာရယ်"

ဟုတ်သည်။ သူရော ကျွန်တော်ပါ ဆောင်းဟေမာန် အိမ်ရာထဲမှာ နေကြသူများ ဖြစ်သည်။ ကျွန်တော်က တိုက်အမှတ် (၈)၊ သူက တိုက်အမှတ် (၇)၊ သူ့အိမ် အဝင်အထွက် သွားရာလမ်းသည် ကျွန်တော့်အိမ်ရှေ့ကဖြတ်မှ လိုရာခရီး ရောက်သည်။

ကျွန်တော်နှင့် ညီမင်းညိုသည် မထင်မှတ်ဘဲ အခုလို နီးနီးကပ်ကပ် တွေ့ရကြုံရ ရင်းနှီးရမည်မှန်း ကျွန်တော် မတွေးခဲ့ဖူးပါ။ မထင်ခဲ့ဖူးပါ။ သို့သော် မထင်မှတ်ဘဲ စာပေချစ်သူချင်းအဖြစ်၊ ဝါသနာတူ ကဗျာဆရာချင်းအဖြစ်၊ စာပေခံစားမှု တိုးတိုးဖော်အဖြစ် ရင်းချာဖြစ်ခဲ့ကြပါသည်။

သက်တမ်းတွေကို တွက်စစ်ကြည့်တော့ အသက်ချင်းက ငွေရတုသက်တမ်းနီးပါး ကွာသည်။ သူ့အသက်က ကျွန်တော့်သမီးကြီး အသက်နှင့် အတူတူပဲ ဖြစ်သည်။

သို့သော် စာပေရောင်းရင်း ဘဝဋ္ဌ ချမ်းသာဆင်းရဲခြင်းက အကြောင်းရင်း မဟုတ်ပါ။ အသက်ကွာဟခြင်းကလည်း အဓိကမကျပါ။ စာပေကို ချစ်သော စာပေချစ်စိတ်နှင့် နားလည်မှုနှလုံးသားကသာ အခရာကျပါသည်။

သို့ဖြင့် ကျွန်တော်နှင့် ညီမင်းညိုသည် …။

* * *

ခရမ်းပြာ

လူအကြောင်း ပေါင်းကြည့်လျှင် သိနိုင်သလို အတူခရီးသွားကြည့်လျှင်လည်း သိနိုင်ပါသည်။ ကျွန်တော်နှင့် ညီမင်းညိုသည် ယနေ့အထိ ကြာရှည်ခိုင်မြဲစွာ ပေါင်းသင်းဖြစ်ခြင်း၌ တူညီသော စိတ်ဓာတ်အခြေခံတွေ မရှိလျှင် ဘယ်လိုပေါင်းပေါင်း ကြာရှည်မခိုင်မြဲတတ်ပါ။ ကျွန်တော်တို့ နှစ်ယောက်၏ တူညီသော အခြေခံအကြောင်းများအနက် ကဗျာနှင့် စာပေ အပေါ်ထားသော ခံယူချက်သာမက နှစ်ယောက်စလုံးသည် မမှန်တာ မပြော၊ မမှန်တာမလုပ်၊ မဟုတ်လျှင်လည်း မခံတတ်သည့် စိတ်ဓာတ် အခြေခံကပါ တစ်ထပ်တည်း ကျနေလို့ပဲ ဖြစ်ပါသည်။

*ကျွန်တော်နှင့် တစ်လမှာ တစ်ခါ နှစ်ခါ ဆိုသလို ဘီယာသောက်ဖြစ်လေ့ရှိသည့် လူငယ်ကဗျာဆရာလေးကတော့ တစ်မျိုး ဖြစ်ပါသည်။ အရက်လည်း ကြိုက်သည်။ အဝနွန်းလည်း ရွှင်သည်။ သူနှင့်သောက်လျှင် ကျွန်တော်က လိုတာထက် လျှော့သောက်ရပါသည်။ ကျွန်တော် များများ သောက်မိလျှင် သူက ကျွန်တော့်ထက် နှစ်ဆသောက်မှာ သေချာလို့ ဖြစ်ပါသည်။ ဒါတောင် ကျွန်တော်က ဘီယာနှစ်ခွက်နှင့် ရပ်ပစ်လိုက်ချိန်တွင် သူက ငါးခွက် သောက်ပြီးနေပြီ။ နောက်ထပ် စကားမပြတ်သေးလျှင် အနည်းဆုံး သုံးခွက်လောက်တော့ အဆစ်ပါသေးသည်။ သို့သော် ချစ်စရာကောင်းသည်မှာ အတူသောက်ဖြစ်သမျှ ဘီယာဖိုးကို သူကသာ အခါခပ်သိမ်း ရှင်းပေးလေ့ရှိပြီး ကျွန်တော့်အား အိမ်အရောက် ဆိုက်ကားနှင့် ပြန်ပို့ပေးတတ်လို့ ဖြစ်ပါသည်။*

အထက်ပါ စာသားများသည် ရန့်သစ် မဂ္ဂဇင်း တစ်ခုတွင် ကျွန်တော် ရေးခဲ့သော အိုမာခေရမ်ပေးတဲ့ လက်ဆောင် ရသစာတမ်းမှ စာသားအချို့ ဖြစ်ပါသည်။ ကျွန်တော် ဘယ်သူ့ကို ရည်ညွှန်းကြောင်း ရှင်းပြစရာ လိုမည် မထင်ပါ။ ညီမင်းညိုပဲ ဖြစ်ပါ၏။

ထို့ကြောင့် သူနှင့် အပေါင်းအသင်း ဖြစ်ရတာ အဆင်ပြေသည်။ ချောမွေ့သည်။ စိတ်ချမ်းသာသည်။ ထိုသို့ဆိုရာ၌ သူနှင့် ကျွန်တော်သည် အခါများစွာ ဘီယာသောက်ရာတွင် သူကချည်း အကုန်အကျခံတတ်လို့

မဟုတ်သလို မကြာခဏ ခရီးအတူသွားရာတွင်လည်း ခရီးတစ်လျှောက်လုံး သူကချည်း အလိုက်သိတတ်စွာ ဆက်ဆံတတ်တာကြောင့် မဟုတ်ပါ။

သူ့ပင်ကိုဉာဉ်ကိုက သူကသာ ကျွေးချင်သည်။ သူကသာ အကုန်အကျခံချင်သည်။ သူကသာ အလိုက်သိချင်သည်။ ဤသည်မှာ သူ့ စေတနာ အရင်းခံဖြစ်၍ သူ့တွင်ရှိသော ပရဟိတ စိတ်အခြေခံလည်း ဖြစ်ပါသည်။ သူသည် ကျွန်တော့်အပေါ်ကိုမှ မဟုတ်။ သူနှင့် ပတ်သက်သော အခြားသူများအပေါ်မှာလည်း ထိုနည်းလည်းကောင်းပဲ ဖြစ်ပါသည်။ ထူးခြားသည်မှာ လူကြီးတွေနှင့် ပေါင်းသင်းရာတွင်သာမက သူနှင့်ရွယ်တူတန်းတူ သို့မဟုတ် သူ့ထက် ငယ်ရွယ်သူများနှင့် ပေါင်းသင်းဆက်ဆံရာတွင်လည်း သူ့စိတ်က တစ်ဖြောင့်တည်း ဖြစ်ပါသည်။ ထိုတစ်ဖြောင့်တည်းသော အဖြူထည်စိတ်သည် သူ့စိတ်ပဲ ဖြစ်ပါသည်။ ထို့ကြောင့် သူ့တွင် ကြီးငယ်ရွယ်လတ်မရွေး အပေါင်းအသင်းစုံသည်။ အပေါင်းအသင်းဆန့်သည်။

ငယ်ငယ်ရွယ်ရွယ် ကျူရှင်ဆရာ ဘဝနှင့် ၁၅ နှစ်ကျော်မျှ ငွေရှာကောင်းခဲ့သလို တွန့်တိုနှမြောမရှိ ရက်ရက်ရောရော သုံးနိုင်တာလည်း ပါလိမ့်မည် ထင်သည်။ အကြောင်းမှာ ငွေရှာကောင်းတာက တခြား။ စေတနာကောင်းတာက တခြား ဖြစ်သည်။ ငွေရှာကောင်းပြီး စေတနာမဲ့သူတွေ ဒုနဲ့ဒေး ဖြစ်သည်။

ဒါ့ကြောင့် သူသည် မမြတ်မှန်းသိလျက်နှင့် ကဗျာစာအုပ် လေးငါးအုပ်ကို ထုတ်ကာ အလကားနီးပါး ဝေပေးလိုက်ပါသည်။ သူရရှိသည့် အမြတ်အစွန်းကတော့ အရင်းတစ်ပြားမှ ပြန်မရခြင်းနှင့် သူထုတ်ဝေပေးလိုက်သော ကဗျာဆရာ စာရေးဆရာအချို့၏ အသိအမှတ်ပြုခြင်း မခံရတာပဲ ဖြစ်ပါသည်။

သို့သော် သူက စိတ်ဓာတ်မကျပါ။ စိတ်မကုန်နိုင်ပါ။ အခြေအနေ ပြန်ပေးလျှင် စာပေထုတ်ဝေရေးကို ပြန်လုပ်ဦးမည်ဟု ကြွေးကြော်နေဆဲ ဖြစ်ပါသည်။

* * *

ခရမ်းပြာ

မှတ်မှတ်ရရ ကျွန်တော့် အသက် ၆၀ ပြည့်နေ့က မွေးနေ့အထိမ်းအမှတ်အဖြစ် သူနှင့် ကျွန်တော် နှစ်ယောက်တည်း မြောက်ဒဂုံက "စွဲ" ဘီယာဆိုင်လေးမှာ အတူထိုင်ကြစဉ်က ဖြစ်ပါသည်။ တစ်နှစ် တစ်ခါ အမေ့ရွာမပြန်ဖြစ်ခြင်းနှင့် တစ်လတစ်ကြိမ် အမေ့ထံ ငွေမှန်မှန် မပို့ဖြစ်ခြင်းကို သူသိသွားတော့-

"ဆရာ ရွာပြန်မယ့်အချိန်က နှစ်လသုံးလလောက်ပဲ လိုတော့တာ မဟုတ်လား။ ဒီလိုလုပ်ပါ ဆရာရယ်။ အဲဒီကာလ အတောအတွင်း ဆရာ့အမေအတွက် ဆရာစုနိုင်သလောက် စုပါ။ ဆရာစုတဲ့ ပမာဏကိုကြည့်ပြီး တစ်သိန်းပြည့်ဖို့လိုတဲ့ ငွေကို ကျွန်တော် ဖြည့်ပါရစေ"

သူပြောသည်မှာ အပေါ်ယံဟန်ဆောင်ပန်ဆောင် မဟုတ်မှန်း ကျွန်တော် သိပါ၏။ အမေ့ထံ ကျွန်တော် မပြန်ဖြစ်လို့ သူ့စေတနာ အထမမြောက်သော်လည်း ကျွန်တော်ကတော့ တကယ်အထမြောက်သကဲ့သို့ ပီတိခံစားရပါသည်။

သို့သော် မရည်ရွယ်ဘဲနဲ့ ဆရာ ရွှေဒါးမောင်လေးရည်တို့ ရွှေဒါးရွာ စာကြည့်တိုက်ဖွင့်ပွဲက အပြန်တွင် ရန်ကုန်သို့တန်းမပြန်ဘဲ ဇာတိမြို့ကလေးဘက်က လှည့်ပြန်ဖြစ်သည်။ သူလည်း ကျွန်တော်နှင့်အတူ ပါလာခဲ့သည်။ ကြိုတင်မှာထားသဖြင့် အမေကလည်း မြို့ကလေးက လာစောင့်နေရှာသည်။ တစ်ညအိပ်ပြီး နောက်နေ့မနက် ရန်ကုန်ပြန်ခါနီးမှ ပါလာသမျှ ငွေပိုလေး ကျပ်နှစ်သောင်းနှင့် အမေ့ကို ထိုင်ကန်တော့ဖြစ်တော့၊ သူကပါ ငွေကျပ် သုံးသောင်းနှင့် အမေ့ကို ထိုင်ကန်တော့ပါသည်။ သူ၏ အလိုက်သိတတ်မှုကြောင့် ကျွန်တော့်ရင်ထဲ ကျပ်သုံးသိန်းမကအောင် ပီတိတွေ ခံစားလိုက်ရပါသည်။

တကယ်တော့ ရမည်းသင်းမြို့နယ်၊ ရွှေဒါးရွာတွင် ပြုလုပ်သော ငွေလရောင် စာကြည့်တိုက်ဖွင့်ပွဲ အထိမ်းအမှတ် စာပေဟောပြောပွဲ စီစဉ်ရာတွင် သူ့နာမည် မပါဝင်ခဲ့ပါ။ မူလစီစဉ်သူများထဲတွင် ရွာခံစာရေးဆရာ ရွှေဒါးမောင်လေးရည်ရယ်၊ မင်းချမ်းမွန်ရယ် ကျွန်တော်ရယ်နှင့် အခြား စာရေးဆရာ တစ်ဦးဖြစ်၏။

ခရီးပြော

သို့ရာတွင် အခြားစာရေးဆရာ တစ်ဦးကို ကျွန်တော် မကြိုက်ပါ။ ထိုသူသည် အရက်အလွန်ကြိုက်ပြီး ဟောပြောခွင်ပေါ်အထိ မူးတတ်လို့ ဖြစ်သည်။ ဒါ့ကြောင့် ထိုစာရေးဆရာအစား ညီမင်းညိုကိုခေါ်ဖို့ ဖွတ် မဲဆွယ်ခဲ့တာ ဖြစ်သည်။

ဟောပြောပွဲပြီးတော့ ကျွန်တော် ညီမင်းညိုကို ခေါ်ခဲ့တာ မှန်ကန် ကြောင်း ပွဲက သက်သေထူပါသည်။ ထိုပွဲတွင် ညီမင်းညိုသည် အကောင်း ဆုံး ဟောပြောနိုင်သူ ဖြစ်ရုံမျှမက ဘာအရက်တစ်စက်မျှ မသောက်ရဘဲ နှင့် ပွဲအပြီး ရေနွေးကြမ်းနှင့် မြေပဲလှော်စားကာ ပွဲသိမ်းလှခဲ့လို့ ဖြစ်ပါ သည်။ သူသည် သောက်စရာရှိလျှင် လျှာမရွေးဘဲ ကြိုက်တတ်သလောက်၊ သောက်စရာ မရှိလျှင်လည်း နေတတ်သူ ဖြစ်သည်။

ပြောရမည်ဆိုလျှင် ထိုစာပေဟောပြောပွဲသည် ညီမင်းညို၏ စာပေ ဟောပြောပွဲ ရာဇဝင်တွင် ဓာတာစန်းတက်မည့် နိမိတ်ဟုဆိုလျှင် မမှား နိုင်ပါ။ ဘာ့ကြောင့်ဆိုသော် အဲဒီနောက်ပိုင်းတွင် ဓာဂနာနှင့် တွဲဟောသည့် အခွေတွေ တိုင်းပြည်နှင့်အဝန်း ကျယ်ပြန့်သွားရာက ဟောပြောပွဲ နားဆင် သည့် ဝါသနာရှင်တို့၏ ပါးစပ်များ "ညီမင်းညို" တွင် သွားလို့ပဲ ဖြစ်ပါသည်။

အထူးသဖြင့် ၂၀၁၂ နှင့် ၂၀၁၃ နှစ်များ၏ ဟောပြောပွဲရာသီ စစ်တမ်းတွင် ညီမင်းညိုသည် ထိပ်တန်းရောက် ဟောပြောသူစာရင်းတွင် ရှေ့တန်းက ပါဝင်ခဲ့သည်။ ၂၀၁၂ ခုနှစ် တစ်နှစ်တည်းအတွင်း ဟောဖြစ် သည့် ပွဲပေါင်းကို မဆိုထားနှင့် ပွဲရက်တွေတိုက်လို့ ငြင်းခဲ့ရသည့် ပွဲပေါင်း သည်ပင် ပွဲ (၈၀) ကျော်သည်ဟု ဆိုပါသည်။ ကျွန်တော် သိသမျှ သူ့ စာပေဟောပြောပွဲဘဝ တစ်နှစ်ကျော်ကျော် ရန်းကန်အောင်မြင်မှုသည် သုံးလေးနှစ်စာ သူ့ကျောပေါ်ပိနေသည့် ဒုက္ခဝန်ထုပ်ကြီးကို တမဟုတ်ခြင်း ဖယ်ရှားပစ်နိုင်ခဲ့လို့ ဖြစ်ပါသည်။

အချိန်တိုကာလအတွင်း ဟောပြောပွဲ ရာဇဝင်တွင် သူဘာ့ကြောင့် ဒီလောက် အောင်မြင်ခဲ့ပါသနည်း။ ရှင်းပါသည်။ သူသည် ရိုးသားသည်။

ကြိုးစားသည်။ စာသင်ကောင်းသည်။ စာဖတ်အားကောင်းသည်။ နေ့စဉ်နှင့် အမျှ ထွက်သမျှ ဂျာနယ်သတင်းစာ အကုန်ဖတ်သည်။ အကုန်မှတ်သည်။ ကဗျာကို ချစ်သော စာကိုချစ်သော ကဗျာရေးသူ စာရေးသူလည်း ဖြစ်သည်။ ပြီးတော့ လူငယ်ကို လူငယ်လို ပေါင်းတတ်သည်။ လူကြီးကိုလည်း လူကြီးလို နေရာပေးသည်။ လေးစားရိုကျိုးသည်။ နားလည်သိတတ်သည်။ ဂါရဝအရာတွင်လည်း လုံ့လအားကောင်းသည်။ ဒါ့ကြောင့် ဟောပြောပွဲ စူပါစာရေးဆရာကြီးငယ်မဟူတို့က သူ့ကိုလိုလားစွာ တွဲချင်သည်။ တွဲကြသည်။

ပြီးတော့ သူ့ဟောပြောပွဲ ရည်ရွယ်ချက်က လေးနက်သည်။ ရရှိသည့် ဉာဏ်ပူဇော်ခတွေကို ကိုယ်ကျိုးချည်း သူမသုံး။ အကျိုးရှိရှိ သုံးချင်သည်။ စုနိုင်သမျှ စုမည်။ ပရဟိတစိတ်ဖြင့် လှူစရာရှိတာ လှူမည်။ ပညာရေးရန်ပုံငွေ ထူထောင်မည်။ နာမကျန်း ကဗျာဆရာ စာရေးဆရာတွေကို ကူညီမည်။ အဲဒီလို သူတစ်ပါးအတွက် အမြဲတမ်း အသင့်ဖြစ်နေခြင်းက သူ၏ စေတနာဖြစ်သလို သူ၏နှလုံးသားအလှလည်း ဖြစ်ပါသည်။

ထိုစိတ် ထိုစေတနာကြောင့်ပဲ သူလုပ်သမျှ သူ့ကို အကျိုးပေးသည်ဟု ကျွန်တော် ယုံသည်။ ထို့ကြောင့်ပဲ ဟောပြောပွဲရာသီ မရောက်သေးပါဘဲနှင့် မိုးတွေ ဖြိုင်ဖြိုင်ရွာသော ဇူလိုင်လနှင့် ဩဂုတ်လများတွင် သူသည် ဟောပြောပွဲလိုက်နေရပြီး လာမည့်ဟောပြောရက်တွေအတွက် ရက်ချိန်းတွေ ပေးနေရပါပြီ။

စင်စစ် မထင်မှတ်သော ဟောပြောပွဲစင်ပေါ်က လူရွယ်ကဗျာဆရာတစ်ယောက်၏ အောင်မြင်မှုမှတ်တိုင်သည် သမိုင်းပေး တာဝန်တစ်ရပ်၏ ပြဋ္ဌာန်းချက်တစ်ခု ဖြစ်သည်ဆိုလျှင်လည်း မှားမည်မထင်ပါပေ။

* * *

ညီမင်းညိုအကြောင်း ပြောလျှင် ချန်ထားလို့ မဖြစ်သော ပေရယ်ဘွန်းအကြောင်းလည်း ထည့်ပြောမှ ပြည့်စုံမည် ထင်ပါသည်။ ပေဖူးလွှာထွက်စဉ်

က နှစ်တစ်ဝက်ကျော်ကျော်အထိ ဧပရယ်ဘွန်းအမည်ဖြင့် စာဖတ်သူများနှင့် ငြင်းခုံခြင်းကို တာဝန်ယူရေးခဲ့သူမှာ ဆရာမောင်ရင့်မာ (ကျောင်းကုန်း) ဖြစ်သည်။ သည့်နောက် ကျွန်တော် ပေဖူးလွှာတွင် တာဝန်ယူရမည့် ကာလတစ်ခု အရောက်တွင် ဆရာမောင်ရင့်မာက အလုပ်တာဝန်တွေ ပိသဖြင့် ဧပရယ်ဘွန်းကို ဆက်ရေးဖို့ အခက်ကြုံတော့သည်။

ကျွန်တော်လည်း ရေးဖို့ အချိန်မရပါ။ ရေးဖို့ရန် မသင့်ဘူး ယူဆလို့ မရေးချင်ပါ။ တာဝန်ခံ အယ်ဒီတာ တစ်ယောက်အနေဖြင့် လက်လျှင်သော ဘုန်းကြီး ကျောင်းသားလို နေရာတကာ စားပွဲပေါ်က ဟင်းခွက်ကို ငါ့ဟင်းခွက်ဟု သဘောထားသူထဲ ကျွန်တော် မပါချင်ပါ။

သို့သော် မဂ္ဂဇင်းတွင် အရှိန်ရနေသော ကဏ္ဍလည်းဖြစ်၊ ပရိသတ်လည်း စိတ်ဝင်စားသောကဏ္ဍဖြစ်သဖြင့် ရပ်ပစ်လို့လည်း မဖြစ်ပါ။ တော်ရုံစာဖတ်အားနှင့်လည်း မဖြစ်ပါ။ ဖတ်အားလည်း ကောင်းမှ၊ ခံစားမှု အမြင်လည်း စူးစူးရှရှမှ၊ ဝေဖန်ရေး သဘောထားလည်း ရင့်ကျက်ဦးမှ ကောင်းကျိုးဆိုးပြစ်ကို သတ္တိရှိရှိ လက်ညှိုးထိုးရဲသူလည်း ဖြစ်ပါဦးမှ။ ဖတ်ညွှန်းဆိုပြီး ကိုယ်နှင့် ပလဲနံပသင့်တဲ့ မဂ္ဂဇင်းထဲက ကြိုက်တဲ့လူရဲ့ စာတစ်ပုဒ်ထဲ ကောက်ရေးလို့ ဖြစ်တာမျိုးမဟုတ်။ ကျွန်တော်နှင့် ဆရာမောင်ရင့်မာတို့ အကြိုတ်အနယ် ခေါင်းချင်းဆိုင်အပြီးတွင် စာဖတ်အားကောင်းသော စာမှတ်အားကောင်းသော ကျွန်တော်၏ အတွင်းသိ အစင်းသိလည်းဖြစ်သော ညီမင်းညိုကို ဆက်၍ တာဝန်ပေးရန် အဆိုပြုရာက အတည်ဖြစ်ခဲ့ပါသည်။ ညီမင်းညိုကလည်း ရဲရဲတာဝန်ယူခဲ့သည်။ တာဝန်ကျေခဲ့သည်။

ပထမ တစ်လ နှစ်လတွင် မောင်ရင့်မာကတွဲ၍ တည်းခြင်းဖြတ်ခြင်းတို့ လုပ်ခဲ့ရသော်လည်း နောက်ပိုင်းတွင် တည်းစရာ ဖြတ်စရာ မလိုသည့် ဧပရယ်ဘွန်း ဖြစ်သွားခဲ့ပါသည်။ တိကျအောင် ပြောရလျှင် ကျွန်တော် တာဝန်ခံအဖြစ် တာဝန်ယူခဲ့သော ကာလတစ်လျှောက် ညီမင်းညို ဧပရယ်ဘွန်း ဖြစ်ခဲ့သည်မှာ ယနေ့အထိ ဖြစ်သည်။

ဤနေရာတွင် ဧပရယ်ဘွန်းကို ဧပရယ်ဘွန်းအဖြစ် ကြိုက်နှစ်သက်

သူတွေကတော့ ကြိုက်နေကြဆဲ ဖြစ်ပါ၏။ သို့ရာတွင် လူတို့သဘောက အတော်ခက်သည်။ ပေရယ်ဘွန်းကို ကြိုက်တာ စိတ်ဝင်စားတာ ရှိးရှိး မကြိုက် ရှိးရှိးစိတ်မဝင်စား။ ပေရယ်ဘွန်း ဘယ်သူလဲဟု တစ်ဆင့်တက်လာသည်။ ကျွန်တော်လည်း သိသင့်တာကို သိစေချင်သဖြင့် အမှန်အတိုင်း ပြောပြမိသည်။ လူ့သဘာဝ ကျေနပ်လက်ခံသူလည်း ရှိသည်။ မယုံကြည်ချင်သလို မျက်လုံးတွေ အရောင်လျှော့သွားသူများလည်း ကြုံရသည်။

မည်သို့ပင်ဖြစ်စေ ပေရယ်ဘွန်းဟူသော ကလောင်တစ်ချောင်းကို စာပေနယ်တွင် ဆက်လက်အသက်ရှင်နိုင်ရန် မောင်ရင့်မာ (ကျောင်းကုန်း) ထံမှ ညီမင်းညိုထံသို့ ဆောင်ကြဉ်းခဲ့သည့် အဓိကလက်သည်မှာ ကျွန်တော်ပင် ဖြစ်ပါလေသည်။

ဤသည်ကို အကြောင်းပြု၍ ကျွန်တော်နှင့် ညီမင်းညို၏ ဆက်ဆံရေးသည်…။

* * *

"ညီမင်းညိုရာ၊ ငါပန်းချီဆရာ ဖြစ်တာလည်း ကြာပြီ။ မဂ္ဂဇင်းပန်းချီတွေ ဆွဲနေတာလည်း ကြာပြီ။ အယ်ဒီတာတွေနဲ့ ဆက်ဆံနေတာလည်း ကြာပြီ။ ဘယ်အယ်ဒီတာရဲ့ စားပွဲကိုပဲ သွားရသွားရ ငါမဖြုံပါဘူးကွာ။ အေး… ဒါပေမဲ့ မင်းအဖေ အယ်ဒီတာရဲ့ စားပွဲကို သွားဖို့ကျတော့ ငါ အသင့်မဖြစ်ဘူးကွာ"

"ဟာ… ကိုနိုးကတော့ နောက်ပြီဗျာ။ ဘယ်သူ့ကို ပြောနေတာတုန်းဗျ"

"မင်းအဖေလေကွာ၊ မင်းစဉ်းစားပေါ့"

"စဉ်းစားမရပါဘူး ကိုနိုးရာ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ"

သည်တော့မှ မောင်နိုးက တစ်ခွန်းတည်း ဆိုသည်။

"မင်းအဖေ ဓမ္မလတ်မောင်မြင့်သူပေါ့ကွာ။ ဘယ်တော့ကြည့်ကြည့် သူ့မျက်နှာကြီးက တည်ပြီး ထန်နေတာပဲ"

ဤသည်မှာ ကျွန်တော်နှင့် ညီမင်းညို၏ ဆက်ဆံရေးကို အထိုက်အလျောက် သိသော ပန်းချီဆရာ မောင်နိုး၏ သုံးသပ်ချက် ဖြစ်သည်။ ကျွန်တော် လက်ခံပါသည်။

မောင်နိုး ပြောတာလည်း မမှားပါ။ ညီမင်းညို ကိုယ်တိုင်ကပင်လျှင် ဘီယာစားပွဲ၌ဖြစ်စေ၊ လက်ဖက်ရည်စားပွဲ ဖြစ်စေ၊ စကားကြာကြာပြောဖြစ်ကြသည့် အခါတိုင်း ကျွန်တော့်အား အဖေအရွယ် ဖြစ်၍လည်းကောင်း၊ သူ့အဖေကိုယ်တိုင်ကလည်း အသက် ၅၃ နှစ်အရွယ်တွင် ကွယ်လွန်သွားသည်ဖြစ်၍ လည်းကောင်း အဖေကိုယ်စား အဖေလို သဘောထားကြောင်း မကြာခဏ ဖွင့်ဟာစမြဲ ဖြစ်ပါ၏။

ထို့အတူ ကျွန်တော့်အပေါ် အမြင်မကြည်သူ အချို့နှင့် ညီမင်းညို အပေါ် အစာမကြေသူ အချို့ကျတော့ ကျွန်တော်နှင့် ညီမင်းညို၏ ဆက်ဆံရေးကို အကြောင်းပြု၍ သူတို့စကားထဲတွင် "ဒီသားအဖ" ဟု မလိုတမာ ဆိုကြပြန်ပါသေး၏။

ရှိစေတော့။ ပန်းချီမောင်နိုး၏ "မင်းအဖေ" သည်လည်းကောင်း။ အချို့သော သူတို့၏ "ဒီသားအဖ" သည်လည်းကောင်း အနက်အဓိပ္ပာယ် မတူ ကွဲသော်လည်း ကျွန်တော်နှင့် ညီမင်းညို၏ ဆက်ဆံရေးအပေါ် ပို၍ ခိုင်မြဲအောင် နှောင်တွဲလိုက်သလိုတော့ ဖြစ်သွားတာ သေချာပါသည်။

တစ်ခုပဲ ပြောချင်သည်။ ညီမင်းညိုသည် ကျွန်တော့်မယားက မွေးသောသား မဟုတ်ပါ။ ညီမင်းညိုကို မွေးသော သူ့အမေကလည်း ကျွန်တော်နှင့် ဘာမျှ မတော်စပ်ပါ။ သို့သော် ကျွန်တော်တို့ နှစ်ယောက်အား သားအဖဟု ဆိုလာခြင်းအပေါ်၌ ငြင်းဆန်ရန် အကြောင်းမရှိခဲ့သည်မှာ ရယ်စရာကောင်းသော လောကစံကြောင့်ပဲ ဖြစ်ပါသည်။

တကယ်တော့ ညီမင်းညိုဆိုသည်မှာ ကဗျာတောင်ပံနှင့် ကောင်းကင်ထဲ ဝဲပျံနေသည့် ငှက်တစ်ကောင် သို့မဟုတ် စကားပြောကောင်းတဲ့ စက်ကလေးလို့သာ ဆိုလိုက်ချင်ပါသည်။

ပေဖူးလွှာမဂ္ဂဇင်း
၂၀၁၄၊ ဇန်နဝါရီ

□

# ငယ်နာမည် ရွှေသိုက်

[သို့မဟုတ်]

# ကျွန်တော့်ထွေးလေး ဦးဝိမလ

“အေးကွ . . .
ဆရာသမားအပေါ် အသိပိုတာလည်း
သူများထက် သာတယ်။
တပည့်သားအပေါ် စေတနာပိုတာလည်း
သူများထက် သာတယ်။
ဒါပေမဲ့ ဗုဒ္ဓဟူးသားပီပီ
ထစ်ခနဲဆို ရှူးရှူးရှားရှား ဖြစ်တယ်။
အရိုက်ကြမ်းတယ်။
ဒီတော့ သူကောင်းတာ လူမသိတော့ဘဲ
သူဆိုးတာပဲ လူသိတော့တယ်။
ဒါကြောင့် သူ့မှာ ဘယ်တော့မှ တပည့်မမြဲဘူး”

## ငယ်နာမည် ရွှေသိုက်

[သို့မဟုတ်]

## ကျွန်တော့်ထွေးလေး ဦးဝိမလ

လောက၌ လူတို့ ပြုနိုင်ခဲ့သည့် အခက်သုံးခု ရှိ၏။

သူ့ကျေးဇူးကို မသိခြင်းသည် ပထမအခက်။ ကျေးဇူးရှိကြောင်း ထုတ်ဖော်ဖွင့်ဟမှု မရှိခြင်းသည် ဒုတိယအခက်။ တတိယအခက်ကား ကျေးဇူးလည်းသိ၊ ကျေးဇူးရှိကြောင်းလည်း ထုတ်ဖော်ဖွင့်ဟခြင်း ပြုပါလျက်နှင့် ထိုကျေးဇူးကို ဆပ်ဖို့ ခက်နေခြင်းပင်တည်း။

ကျွန်တော်သည် မိမိ အိတ်ကပ်ထဲက ဘာတစ်ခုမျှ စိုက်ထုတ်ခြင်း မပြုရသော ပထမအခက်နှင့် ဒုတိယအခက်တို့ကို အလွယ်တကူပင် ကျော်လွှားနိုင်ခဲ့ပါသည်။

သို့သော်…။ တတိယအခက်ကိုမူ…။

ကျေးဇူးရှင်အများဆုံး လူသားစာရင်း ကောက်လျှင် ကျွန်တော်သည် ပထမ မဟုတ်တောင်မှ နံပါတ် ၁၀ အတွင်း ပါဝင်လိမ့်မည် ထင်ပါသည်။ ကျွန်တော့်ဘဝတွင် အဖေနှင့် အမေ့အပြင် ကျေးဇူးရှင်တွေ တကယ်လည်း များပြားခဲ့ပါ၏။ ထိုအထဲတွင် ကျွန်တော့် ထွေးလေးဖြစ်သူ ဦးပဥ္စင်း ဦးဝိမလသည်လည်း ရှေ့ဆုံးတန်းက အပါအဝင် ဖြစ်ပါသည်။

ကျေးဇူးရှင် များပြားခြင်းနှင့် ပတ်သက်၍ တခြားသူတွေတော့ ဘယ်လို ခံစားကြမည်၊ ယူဆကြမည်မသိပါ။ ကျွန်တော်ကတော့ မိဘ၏

စီးပွားရေး အခြေအနေ အဆင်မပြေလို့ ဒီလို ကျေးဇူးရှင်တွေ များရတာဟု မအောက်မေ့သလို စိတ်မကောင်းလည်း မဖြစ်မိပါ။ ဒီမိဘကမွေးလို့ ဒီလို အဆွေအမျိုးတွေနဲ့ တွေ့ရတာ၊ မိမိ၏ ရေးကံကြောင့်သာ မိဘတင်မက အဆွေအမျိုးတို့၏ မေတ္တာနှင့် စောင့်ရှောက်မှုကို ရတာဟု နှလုံးသွင်း ဂုဏ်ယူခဲ့စမြဲ ဖြစ်ပါသည်။ ကြည်နူးဝမ်းသာခဲ့စမြဲ ဖြစ်ပါသည်။

ဒါကြောင့်ပင် မနက်တစ်ခါ ညတစ်ခါ ဘုရားရှိခိုးရာတွင် အနန္တ ငါးပါးကိုသာ အစဉ်အမြဲ ဦးထိပ်ထား၍ ကန်တော့ခြင်းမျိုး မဟုတ်ဘဲ ကျေးဇူးရှင်အပေါင်းကိုလည်း တစ်ပါးအဖြစ် နေရာပေးကာ အနန္တခြောက်ပါး အဖြစ် ရှိခိုးကန်တော့ခဲ့တာ ကြာပါပြီ။

ဤသို့လျှင် ကျေးဇူးအောက်မေ့ ကြာရေတွေ့ အလှကို တစ်စစီဆွဲ လှပ်လိုက်သောအခါ ...။ ကျွန်တော်နှင့် ဆရာတော် ဦးဝိမလ လောင်းလျာ ဦးပဥ္စင်းလေး ဝိမလတို့၏ ရေစက်ဘဝ ကနဦးအစသည်...။

* * *

'ဝိမလ' နှင့် ပတ်သက်၍ ကျွန်တော့်ခေါင်းထဲ သံမှိုလိုစွဲနေသော အကြောင်းအရာတစ်ခု ရှိပါသည်။ အရှင်ဃောသိတ ပြုစုသည့် မိုးကုတ် ဆရာတော်ဘုရားကြီး၏ တစ်ဘဝသာသနာ၊ စာမျက်နှာ ၁၉ မှ ဖြစ်ပါသည်။

'ဝိ' ဆိုတာက 'မရှိ' လို့ အဓိပ္ပာယ်ရတယ်။

'မလ' ဆိုတာက 'အညစ်အကြေး'

၂ ပုဒ်ပေါင်းလိုက်တော့ 'မရှိ+အညစ်အကြေး'

'အညစ်အကြေး + မရှိ' လို့ အဓိပ္ပာယ်ရတယ်။

'အကုသိုလ် အညစ်အကြေး မရှိ' လို့ ဆိုလိုတာပေါ့။ အညစ်အကြေး မရှိ ဆိုတာကို အဖြောင့်ပြောရရင် 'ဖြူစင်သန့်ရှင်းတာပေါ့ကွယ်' ဟု မိုးကုတ်ဆရာတော်လောင်းလျာ ကိုရင်လေး ဝိမလကို သက်နံ့ဝတ်ပေးပြီး၊ ဘွဲ့အမည်တပ်ရင်း ရှင်းပြသည့် ငွေးပင်တောရကျောင်း ဆရာတော်ကြီး ၏ စကားပဲဖြစ်ပါသည်။

**ခရမ်းပြာ**

ကျွန်တော့်ထွေးလေး ဦးဝိမလနှင့် ဘယ်လောက် တိုက်ဆိုင်မည်လဲ တော့ မပြောတတ်ပါ။ ဦးပဥ္စင်းနှင့် ပတ်သက်ပြီး ပထမဦးဆုံး မှတ်မိနေ တာတစ်ခုပဲ ရှိပါသည်။ ကျွန်တော် ၇ နှစ်သားလောက်က ဖြစ်၏။ ကျွန်တော့်အိမ်၏ ဘုရားစင်အောက်တွင် သံမှိုနှင့် တရိုတသေ ချိတ်ဆွဲ ထားသော ဘိုကေနှင့် နက်ကတိုင်နှင့် ကုပ်အင်္ကျီဝတ်ထားသော လူပုံ ချောချော ဓာတ်ပုံတစ်ပုံကြောင့် ဖြစ်ပါသည်။ အမေ့ကို မေးကြည့်တော့ 'မင်းတို့အဖေ့ညီ၊ ဦးဇင်းရွှေသိုက်ပေါ့ကွဲ့' ဟု ဆိုပါသည်။

ထိုခေတ် ထိုအခါက မောင်ပဥ္စင်းငယ်တို့၏ စိတ်ကူးယဉ်ခေတ်စား မှုလား။ ပဥ္စင်းဘောင်မတက်ခင် ကိုရင်ကြီးဘဝနဲ့ အမှတ်တရ ရိုက်ကူး ထားသည့် ဓာတ်ပုံလား ကျွန်တော် မကွဲပြားပါ။ မခွဲခြားနိုင်ပါ။ သေချာ သည်ကတော့ ဦးပဥ္စင်း ရွှေသိုက်ဆိုသည်မှာ ငယ်နာမည် 'ရွှေသိုက်' ကို အစွဲပြုထားသော အမေပေးသည့် နာမည်သာ ဖြစ်ပါသည်။ ဆိုရသော် ဦးဇင်းရွှေသိုက် ရဟန်းဘွဲ့တော်မှာ ဦးဝိမလ၊ မြေလတ်သား လေသံနှင့် ပြောရလျှင် ထွေးလေးရွှေသိုက် သို့မဟုတ် ထွေးလေးတော် ဦးဝိမလဟု ပြောရမည် ထင်ပါသည်။

ဦးဝိမလနှင့် ပတ်သက်၍ ဒုတိယအကြိမ် မှတ်မိပုံက ဆာပါကျောင်း မှာ ဖြစ်ပါသည်။ ဆရာတော် ဦးကလျာဏထံတွင် စာသင်သားအဖြစ်နှင့် နေစဉ်က ဖြစ်ပုံရပါသည်။ ကျွန်တော်က ဘုန်းကြီးကျောင်းသားပေါက်စ။ ပညာကနှစ်တန်း။ အတန်းစာကိုတော့ ရွာထောင် ပန်းပဲတန်းရပ်က ဆရာ မကြီး ဒေါ်ခင်နွဲ့ မူလတန်းကျောင်းမှာ တက်ရသည်။ မနက်စာစားတိုင်း ဦးဝိမလက သူ ဆွမ်းဘုန်းပေးပြီးသည်နှင့် ထမင်းပန်းကန်တွင် ထမင်းရော ဟင်းပါပုံကာ သီးသန့်ကျွေးပါသည်။ ဆွမ်းစားကျောင်းတွင် ပန်းကန်တွေ သိမ်းသည့် စတိုခန်းလေးထဲမှာ စားရပါသည်။ ညဘုရားရှိခိုးသည့် အခါ တိုင်း ကျောင်းသားကြီးတွေက ကျွန်တော့်ခေါင်းကို ခေါက်၍ နောက်ကြ စကြသည်မှာလည်း ထိုအခါကပဲ ဖြစ်ပါသည်။

သည့်နောက်တော့ အမေနှင့် အဖေတို့၏ ဘဝခြေချ ကာလ

အလျောက် ရွာထောင်ခြေလျှင်တပ်ရင်း (၅) ထဲက မူလတန်းကျောင်းလေးကို ရောက်။ ပြီးတော့ အမေ့ဇာတိစာရပေ အနောက်စုရွာက ဆရာကြီး ဦးဘမြိုင်၏ မူလတန်းကျောင်းလေးကိုရောက်။ နောက်ပြီးတော့ ဦးလေးရွှေခေါ်ဆောင်ရာ တောင်တွင်းကြီးမြို့နယ်၊ ချောင်းနက်အရှေ့စုရွာက ဆရာမကြီး ဒေါ်ဖွားချစ်၏ မူလတန်းကျောင်းလေးကိုရောက်။ ထိုမှတစ်ဖန် အောင်လံမြို့က ဒွေးလေးခင်စောနှင့် ဦးလေးအောင်မြင့်တို့ အိမ်ကို ရောက်နှင့်ကျွန်တော်၏ ဟိုရောက် သည်ရောက် ဘဝသည် အောင်လံမြို့လေးတွင် တစ်ထောက်နားသည် ထင်ပါ၏။

နောက်ဆုံး ရွာထောင်ရွာ ဆာပါကျောင်း ဆရာတော် ဦးကလျာဏထံသို့ ၈ တန်း ကျောင်းသားဘဝနှင့် ဒုတိယအကြိမ် ဘုန်းကြီးကျောင်းသားဖြစ်ရသောကာလတွင် ဦးဝိမလလည်း ရန်ကုန်မြို့ ဗားကရာလမ်းက ဇရပ်ကြီး ကျောင်းတိုက်ခေါ် နေနတ်သား စာသင်တိုက်သို့ ရောက်နေပြီ ဖြစ်ပါသည်။ ထိုအချိန်မှစ၍ ကျွန်တော့် ကျောင်းစရိတ်ကို အပေးကနေပြီး ထောက်ပံ့နေသူမှာလည်း ဦးဝိမလပဲ ဖြစ်ခဲ့ပါသည်။

ဦးဝိမလနှင့် ပတ်သက်၍ မှတ်မိနေတာတစ်ခု ရှိပါသေးသည်။ ကျွန်တော် ၃ တန်း ကျောင်းသားဘဝ၊ ဇာတိရွာ ပြန်ရောက်စဉ်က ဖြစ်သည်။ ကျွန်တော့်အဖေသည် တောင်သူလုပ်နေရာက မင်းကိုဂါ ဆေးမြစ်တွေ တူးပြီး ရန်ကုန်သွားရောင်းစဉ်က ဖြစ်သည်။ ဇရပ်ကြီးကျောင်းမှာ တည်းကြပါသည်။ တစ်နေ့တွင် ဦးပဥ္စင်းက ကျွန်တော့်အား 'မင်းကြည်ကြည်ဌေးနဲ့ တွေ့ရအောင်လိုက်ခဲ့' ခေါ်၍ သူဆွမ်းခံကြွရာသို့ လိုက်ခဲ့ပါသည်။ တကယ်ပဲ ရုပ်ရှင်မင်းသမီး ကြည်ကြည်ဌေးကို သူ့အိမ်တွင် တွေ့ခဲ့ရပါသည်။ အိမ်အပြင်ဘက်မှာ ဖြစ်သည်။ ဧည့်ခန်းထဲမှာ ထိုင်ကြတော့ ဦးပဥ္စင်းက "မင်း အဲဒီနားမှာထိုင်" ဟု ညွှန်ပြပါသည်။ သူညွှန်ပြသည့် နေရာတွင် ထမင်းစားပွဲခုံတစ်လုံး ချထားတာ တွေ့ရသဖြင့် ကျွန်တော်က နားကြားလွဲကာ စားပွဲခုံပေါ် တက်ထိုင်လိုက်ပါသည်။ ဒီတော့မှ ဦးပဥ္စင်းက "ဟာ...ဒီကောင် တောသားတော့ ခက်တော့တာပဲ။ မင်းကို

အဲဒီပေါ် တက်ထိုင်ခိုင်းတာ မဟုတ်ဘူး။ အဲဒီနားထိုင်ခိုင်းတာ" ဆိုသဖြင့် ကျွန်တော့်မှာ ရှက်ကိုးရှက်ကန်း ကပျာကယာ အောက်ဆင်းထိုင်လိုက်ရပါသည်။ အိမ်ထဲဝင်သွားသည့် ဆွမ်းလောင်းမည့် ကြည်ကြည်ဌေးရဲ့ အစ်မကြီး မမြင်သေးလို့ တော်ပါသေးရဲ့။ ကြွားချင်လို့ ခေါ်သွားသည့် ဦးလေးနှင့် အကြောင်းကြောင်း တူတော်မောင်တို့၏ ဟာသတစ်ကွက်ကို ခုမှပြန်တွေးပြီး ပြုံးမိပါသည်။

ကျွန်တော့်ဘဝတွင် ရန်ကုန်မြေကို ကျွန်တော်၏ ပဝတ္တိဖြစ်အောင် လုပ်ပေးခဲ့သူမှာလည်း ဦးဝိမလပင် ဖြစ်ပါသည်။ ၁၉၆၇ ခုနှစ်တွင် ကျွန်တော် ဟိုက်စကူးဖိုင်နယ် ဖြေသည်။ ကိုးတန်းဘဝ နှစ်နှစ်ဖြစ်သလို ဟိုက်စကူးဖိုင်နယ် နောက်ဆုံးနှစ်လည်း ဖြစ်ပါ၏။ စာမေးပွဲဖြေအပြီး ရွာမှာ မိဘအလုပ်ကူလုပ်ရင်း ပန်းချီဆွဲရင်း ယောင်ချာချာဖြစ်နေသည့် ကျွန်တော့်ကို ပန်းချီကျောင်းတက်ဖို့ ခေါ်လာခဲ့တာလည်း ဦးဝိမလပင် ဖြစ်ပါသည်။ အဲသည်ကစလို့ ကျွန်တော့်ဘဝလည်း ရန်ကုန်နေနတ်သား စာသင်တိုက်မှာ သောင်တင်ပါတော့သည်။

ကျွန်တော် ရန်ကုန်ရောက်လို့ ဘာမှမကြာလိုက်ပါ။ ဦးဝိမလ စာရပေရွာ အနောက်စုကျောင်းမှာ ကျောင်းထိုင်ဖို့ ဖန်လာပါတော့သည်။ ရွာဘုန်းကြီး ဦးကောသလ္လ ပျံလွန်တော်မူပြီး အပြီးမသတ်ခဲ့သော ရွာဦးကျောင်း ၂ ထပ်တိုက် ကျောင်းကြီးကို အပြီးသတ်ရန် ဖြစ်ပါသည်။

တကယ်ပါပဲ။ သူ့လက်ထက်တွင် မထင်မှတ်ပါဘဲနှင့် ၂ ထပ်ကျောင်းလည်း အပြီးသတ်သွား၏။ ကျောင်းရှေ့မုခ်ဦးနှင့် မဟာတံတိုင်းများလည်း ပြီးသွား၏။ ကျောင်းဝိုင်းထဲမှာလည်း သနပ်ခါးတောကြီး ဖြစ်သွား၏။ ဦးဝိမလရွာကျောင်းမှာ ကျောင်းထိုင်စဥ်က အောင်လံရွာထောင်ရွာဆာပါကျောင်းနှင့် ရန်ကုန်နေနတ်သား စာသင်တိုက်တို့တွင် ရာသီစာပြောင်းဖူး၊ ဩဇာသီးတို့အပြင် ငရုတ်သီးကြော် ပြတ်သည်မရှိ။ ဆရာသမားတို့ထံ ဒုက္ခခံ၍ ရောက်အောင်ပေးပို့သော သူ့အသိမှာ သာမန်အသိမျိုးတော့ မဟုတ်တန်ရာပါ။ သာမန်စိတ်စေတနာမျိုးတော့ မဟုတ်တန်ရာပါပေ။

**ခရမ်းပြာ**

သို့သော် ဦးဝိမလခမျာ မိမိရွာမှာ ကြာရှည်ကြာမြင့် ကျောင်းထိုင်ခွင့် မရရှာလိုက်ပါ။ ကံကြမ္မာက တစ်မျိုးဖန်လာပြန်ပါသည်။ ဦးဝိမလနှင့် ပတ်သက်သော အဖေ့မှတ်ချက်ကတော့ သတိမူစရာပါ။

"အေးကွ… ဆရာသမားအပေါ် အသိပိုတာလည်း သူများထက်သာတယ်။ တပည့်သားအပေါ် စေတနာပိုတာလည်း သူများထက်သာတယ်။ ဒါပေမယ့် ဗုဒ္ဓဟူးသားပီပီ ထစ်ခနဲဆို ရှူးရှူးရှားရှား ဖြစ်တယ်။ အရိုက်ကြမ်းတယ်။ ဒီတော့ သူကောင်းတာ လူမသိတော့ဘဲ သူဆိုးတာပဲ လူသိတော့တယ်။ ဒါကြောင့် သူ့မှာ ဘယ်တော့မှ တပည့်မမြဲဘူး"

ဘယ်တော့မှ တပည့်မမြဲဘူးဆိုသော အဖေ့ကောက်ချက်က တော်တော်မှန်ပါသည်။ ဦးဝိမလ မွေးကျွေးပြုစုခဲ့သမျှ တပည့်များစွာထဲတွင် ယနေ့အထိ ဦးဝိမလအပေါ် အနွံတာခံတာဆိုလို့ ဘုန်းကြီးတစ်ပါးနှင့် ကျောင်းသားတစ်ယောက်ပဲ ရှိသည် ထင်ပါသည်။ ဘုန်းကြီးတစ်ပါးက ယခု ရွာကျောင်းထိုင် ဆရာတော် ဦးနန္ဒမာလာဖြစ်၍ ကျောင်းသားတစ်ယောက်ကတော့ မောင်ဇော်သက်ပဲ ဖြစ်သည်။ ဒါတောင် မောင်ဇော်သက် ပြောပြသည့် ဦးဝိမလအကြောင်းက ရယ်စရာလိုလို ဘာလိုလို။

"လေးလေးရေ… လေးလေးတို့ ဘုန်းကြီးကတော့ အခုထိ ဒေါသက မလျှော့သေးဘူး။ ကျွန်တော့်ဗျာ တစ်နေ့သား အဝေးပြေးကားဂိတ်မှာ လာကြိုလှည့်ဆိုလို့ သွားကြိုတာ၊ နေရာမှားပြီး နောက်ကျသွားတယ်။ အဲဒါ နောက်ကျကောင်းလားဆိုပြီး လူတွေရှေ့မှာ ကျွန်တော့်ကို ထီးနဲ့ လိုက်ရိုက်လို့ လူတွေကြားထဲ ကွေ့ပတ်ပြေးနေရတာ လိုက်တမ်းပြေးတမ်း ကစားတာ ကျနေတာပဲ။ နောက်မှ စိတ်ပြေသွားပြီး သူတည်းမယ့် ကျောင်းကို တက္ကစီငှားပြီး လိုက်ပို့ခဲ့ရတယ်"

တရှူးထိုး ဒေါသကြီးတတ်တာ မှန်သော်လည်း တာရှည်အမှတ်မထားတတ်ပါ။ ဒေါသလည်းပြေ စိတ်လည်းပြေ။ စိတ်ပြေသွားတဲ့အခါကျ သူမဟုတ်တော့သလိုပင်။ သူကပြောပြီး မေ့သွားပေမယ့် အချို့ အပြောခံရသူတွေက မမေ့နိုင်ဘဲ အထင်လွဲသွားတာမျိုးတွေလည်း ကြုံခဲ့ရမှာ အမှန်ပဲဖြစ်ပါသည်။

**ခရမ်းပြာ**

သို့သော် သူများအပေါ် ထားသည့် သူ့စေတနာမှန်လို့ပဲလား မသိ။ သူ့ကုသိုလ်ကံက ကောင်းပါသည်။ ရွာမှာ မနေချင်တော့လို့ ထွက်လာသည့် သူ့ကို ဆရာတော်ကြီး ဦးဝါယာမိန္ဒာဘိဝံသက ဆာပါကျောင်းမှာကျောင်းထိုင်ခိုင်းပါတော့သည်။ ယခင် ဦးကလျာဏနေရာကို ဝင်၍ တာဝန်ယူရခြင်း ဖြစ်ပါသည်။

ဆာပါကျောင်းတွင် ပရိယတ္တိစာပေများ ပို့ချရင်း၊ တစ်ဘက်ကလည်း ကျောင်းကို မဟာရံ အုတ်တံတိုင်း တည်ဆောက်သည်။ မုခ်ဦးများ တည်ဆောက်သည်။ ကျောင်းဝိုင်းကိုလည်း တိုးချဲ့သည်။ တရားစခန်းများလည်း ဖွင့်ခဲ့သည်။ ဇာတိကျေးရွာတွင် ရွာလယ်အချက်အချာ၌ ခေတ်မီဓမ္မာရုံတစ်ခုလည်း ဆောက်လုပ်လှူဒါန်းခဲ့သည်။ သူ့ဓမ္မာရုံရှေ့၌ စိုက်ထူထားသော 'မြေလတ်မောင်မြင့်သူ စာကြည့်တိုက်' ဆိုင်းဘုတ်လေးမှာလည်း အလိုလိုနေရင်း စိန်နားကပ်အရောင်နှင့် ပါးပြောင်နေတာကိုလည်း တွေ့နိုင်ပါသည်။

သူ့ဘဝ တစ်လျှောက်လုံး ဝါသနာတစ်ခုလို လုပ်ဆောင်ခဲ့သည်မှာ ကျေးလက်က လူငယ်များစွာကို ရန်ကုန်က ဒကာလုပ်ငန်းရှင်များထံတွင် အလုပ်သွင်းပေးခြင်းနှင့် ရန်ကုန်မရောက်ဖူးသော တောသူတောင်သားများကို ဒုက္ခခံခေါ်ပြီး ရွှေတိဂုံကို ဖူးမျှော်ကြည်ညိုစေခြင်းပဲ ဖြစ်ပါသည်။ အဲဒီလို ဒုက္ခမျိုးကို မညည်းမညူတတ်သလို အဲဒီလို လူမှုရေး ပရဟိတမျိုးကိုလည်း အတော်မွေ့လျော်ပုံ ရပါသည်။

သူသည် သူတစ်ပါးကို အလင်းရောင်ပေးချင်သလို လမ်းဖောက်ပေးချင်သူလည်း ဖြစ်၏။ ဒါ့ကြောင့် သူ့ဘဝတွင် အမှောင်ဟူသမျှ ကွယ်ခဲ့သည်။ သွားချင်သမျှ ရောက်ခဲ့သည်။ စိန်ရတုသက်တမ်းနား နီးတာတောင် ပြည်ပသာသနာခရီးကို ရေအိုးနှင့်ရေမှုတ်လို ဘယ်နှစ်ခေါက် ရောက်ခဲ့ပြီးပြီလဲမသိ။ သူ့စေတနာက သူ့ကို ဖြည့်စွမ်းပေးတာပဲ ဖြစ်ပါသည်။ စေတနာ၏ တူသော အကျိုးကား ကျွန်တော့်ရှေ့တွင် မျက်ဝါးထင်ထင်။

ကျွန်တော်တို့ ယူတတ်ကြမည်ဆိုလျှင် ...။

* * *

ခရမ်းပြာ

ကျွန်တော်သည် ကျွန်တော်နှင့် မကင်းရာမကင်းကြောင်း ကျေးဇူးရှင်များ အကြောင်းကို စာစပ်စာစီ ပြုခဲ့သည်မှာ မနည်းတော့ပါ။ တတ်လို့မဟုတ်ပါ။ ကျေးဇူးဆပ်ချင်လို့သာ ဖြစ်ပါသည်။ သို့သော် ထွေးလေးအရင်းခေါက်ခေါက် အကြောင်းကိုမူ ဘယ်လိုစာစပ်၍ ဘယ်လို ကျေးဇူးဆပ်ရမလဲဟု အစဖော်မရနိုင်အောင် ဖြစ်နေရပါသည်။

ကျွန်တော်သည်…။ ဦးဝိမလသည်…။ စသည်ဖြင့် ကျွန်တော်၏ ဝါကျများ ရှေ့ဆက်လို့ မရအောင် ဖြစ်နေသော နေ့တစ်နေ့တွင် ကျွန်တော့်ထွေးလေး ဦးဝိမလသည် တပည့်တစ်ယောက်နှင့်အတူ တကယ်ပဲ ကျွန်တော့်အိမ်သို့ ရောက်ချလာပါတော့သည်။ အထုပ်အပိုးတွေလည်း တိုးလို့တွဲလောင်းနှင့်။

ဘာတွေလဲဟု အထုပ်အပိုးတွေကို ဖွင့်ကြည့်လိုက်တော့ ဒေသထွက် ပြောင်းဖူးများ၊ မျှစ်ပြုတ်များ၊ ကိုဝမအေးကြည် တံဆိပ်နှင့် အောင်လံပင်ရင်းထွက် လက်ဖက်များ၊ အကြော်စုံများ ပဲကြီးလှော်များ ဖြစ်ပါသည်။ ဒါတွေက ခုမှ အဆန်းလုပ်ပြီး ယူလာတာ မဟုတ်ပါ။ ကျွန်တော့်ထံလာတိုင်း ပါလာစမြဲဖြစ်သည့် ဒေသထွက် လက်ဆောင်များ ဖြစ်ပါသည်။

တကယ်တော့ ဦးဝိမလ ကြွရောက်လာသည်မှာ ရည်ရွယ်ချက်နှင့် ဖြစ်ပါသည်။ ဆာပါကျောင်းဘုရားရှိခိုးမှု စာအုပ်လေးလုပ်ချင်လို့ လာတိုင်ပင်တာ ဖြစ်သည်။ ရိုးရိုးလာလည်း ရပါလျက်နှင့် ဒေသထွက်လက်ဆောင်တွေ ယူလာတာက သူ့ဝါသနာ သူ့စေတနာ ဖြစ်ပါသည်။ အသက် ၇၅ နှစ်နားနီးနေသည့် ထွေးလေးဘုန်းကြီးတစ်ပါးက အသက် ၆၀ ကျော် တူသားအပေါ်ထားမြဲဖြစ်သော စေတနာသတ္တိကို အံ့မခန်းဖြစ်နေမိတာ ဖြစ်ပါသည်။

ကျွန်တော် နားလည်လိုက်သည်မှာ စုန်ရေတို့၏ မေတ္တာသဘောသည် အိုခြင်းမရှိပါကလား။ အသက်ရှင်နေသမျှ ပျိုမြစ်ခြင်းနှင့် ထာဝရလှနေသည်မှာ စုန်ရေ၏ သဘာဝက ဖန်တီးထားသော လောကလက်ဆောင်ပဲ ဖြစ်တန်ရာသည်။ ထိုလက်ဆောင်၏ တန်ဖိုးကို အကဲဖြတ်ရာ၌လည်း စုန်ရေချစ်သူတို့၏ နှလုံးသား၌သာ မူတည်လိမ့်မည် ထင်သည်။

**ခရမ်းပြာ**

ခုတော့ဖြင့် ကျွန်တော်သည် ကျွန်တော်နှင့်ထွေးလေး ဦးဝိမလ၏ ကျေးဇူးဆပ်စာစုကို ကလနားသပ်ရန် အတွေးစရသွားခဲ့ပါပြီ။ ကျွန်တော်၏ ဤစာစုသည် ဦးပဥ္စင်း ဦးဝိမလ၏ ကျေးဇူးမြင့်မိုရ်နှင့်စာလျှင် သဲတစ်ပွင့်မျှသာ ရှိပါလိမ့်မည်။ ထို့အတူ ဦးပဥ္စင်း ဦးဝိမလ၏ ကျေးဇူးပင်လယ်နှင့်စာလျှင် ရေတစ်စက်မျှသာ ရှိပါလိမ့်မည်။

သို့သော်…။ ကျွန်တော် ကျေနပ်ပါသည်။

**Health for All မဂ္ဂဇင်း**

❒

# အမှတ်တရ အယ်ဒီတာ (၄)

[သို့မဟုတ်]

# သူစွမ်းသူ့အင်နဲ့ ကြခင်းစိုးလွင်

“ ဆရာက ပါလာသည့် အသစ်ကဗျာကို
ချက်ချင်း အမြည်းသဘောမျိုး ဖတ်ပါသည်။
ဆရာကဗျာဖတ်ပုံက ထူးခြားသည်။
ခဲတံလေးကို သူ့စားပွဲစောင်းနှင့်
စည်းဝါးလိုခေါက်ပြီးမှ
ကဗျာကို တိုးတိုးလေး
သီချင်းညည်းသလို ညည်းသည်။
သည်လို ကဗျာဖတ်ပုံမျိုးက
ဆရာ့တစ်ယောက်တည်းမှာပဲ ရှိပုံရသည်။ ”

## အမှတ်တရ အယ်ဒီတာ (၄)

[သို့မဟုတ်]

## သူစွမ်းသူ့အင်နဲ့ ကြံခင်းစိုးလွင်

(၁)

ကျွန်တော်၏ စာပေဘဝ ဖြတ်သန်းမှု ရုပ်ပုံလွှာများအကြောင်း ရေးလျှင် ငွေတာရီမဂ္ဂဇင်း မပါလို့မဖြစ်။ ငွေတာရီမဂ္ဂဇင်းပါမှ ဖြစ်မည်။ ငွေတာရီမဂ္ဂဇင်းအကြောင်း ရေးပြန်လျှင်လည်း ဆရာဦးလေးမြိုင်အကြောင်း ချန်ထားလို့မရ။ ဆရာဦးလေးမြိုင်အကြောင်း ဆက်စပ်မိပြန်တော့လည်း ဆရာကြံခင်းစိုးလွင်အကြောင်းကို မေ့ထားလို့မရပြန်။ ငွေတာရီမဂ္ဂဇင်း ဆရာဦးလေးမြိုင်နှင့် ဆရာ ကြံခင်းစိုးလွင်တို့သည် ခွဲခွာ၍မရသော ပုံရိပ်များ ဖြစ်၏။

ကျွန်တော်သည် ကျွန်တော်၏ စာပေဘဝများအကြောင်း ဆက်စပ်မိတိုင်း ငွေတာရီမဂ္ဂဇင်းအကြောင်း ရေးခဲ့ဖူး၏။ ငွေတာရီမဂ္ဂဇင်း၏ ကျေးဇူးကို တတ်နိုင်သမျှ ဖော်ကျူးခဲ့၏။ ဆရာဦးလေးမြိုင် အကြောင်းကိုလည်း အမှတ်တရ အယ်ဒီတာ (၃) တွင် ရုပ်ပုံလွှာဖွဲ့၍ ရေးခဲ့၏။ ဆရာကြံခင်းစိုးလွင် အကြောင်းကိုမူ တစ်လောက ရေးဖြစ်သော စာပေဆောင်းပါး တစ်ပုဒ်တွင် အနည်းငယ်မျှသာ တို့ထိခဲ့ဖူးသည်။ ဆရာ့အကြောင်း တစ်ခုတ်တရဟူ၍ မရေးဖြစ်ခဲ့။

အခုတော့ ကျွန်တော် အမှတ်တရ ရေးချင်သည့် အယ်ဒီတာ စာရင်းတွင် အမှတ်တရ အယ်ဒီတာ (၄) အဖြစ် ရေးခွင့်ကြုံခဲ့ရပြီ။ သို့ဖြင့် ကျွန်တော်နှင့် ဆရာကြုံခင်းစိုးလွင်သည်...။

(၂)

မှတ်မှတ်ရရ ၁၉၇၂/၇၃ ခုနှစ်က ဖြစ်၏။ ကျွန်တော်သည် လုပ်သားကောလိပ် ကျောင်းသားဘဝနှင့် စာပေလောကထဲ ခြေလှမ်း ရှူးနှမ်းစ ဖြစ်၏။ နေရသည်က ဘုန်းကြီးကျောင်း။ စမ်းချောင်း ဗားကရာ လမ်းပေါ်က နေနတ်သား စာသင်တိုက် ဖြစ်၏။ အလုပ်က အောက်တန်း စာရေး။ ဝါသနာက စာပေဖတ်ရှုခြင်း။ ဖြစ်ချင်တာက စာရေးဆရာ ကဗျာ ဆရာ။

မြဝတီ ငွေတာရီနှင့် ရှုမဝမဂ္ဂဇင်းတွေကို သဲကြီးမဲကြီးဖတ်ရင်း စာတိုပေစတွေ ရေးနေသော ကာလ။ ရေးလို့သာ ရေးသော်လည်း ကိုယ် ရေးသည့်စာကို ဝတ္ထုမှန်းမသိ။ ဆောင်းပါးမှန်းမသိ။ ကဗျာကတော့ မရေး တတ်သေး။ သို့သော် ကြိုက်သည့် ကဗျာတွေကိုတော့ ကတ်ထူစာအုပ်ထဲမှာ ကူးထားတာ တော်တော်များနေပြီ။

ဤသို့ဖြင့် ဥယျာဉ်တိုက် လေသာကျောင်းကြီးတွင်နေသော တောင်သာ သား ကိုထိန်ဝင်းနှင့် ရထားစီးရင်း ခင်သွားသည်။ သူက မြဝတီ မဂ္ဂဇင်းတိုက်တွင် စာစီသမားဖြစ်၏။ သူ့ဆီကတစ်ဆင့် နှစ်ကျပ်တန် မဂ္ဂဇင်း တစ်အုပ်ကို တစ်ကျပ်ပြားခြောက်ဆယ်နှင့် ဝယ်ခွင့်ရသည်။ ကျွန်တော်က လစဉ် ငွေတာရီမဂ္ဂဇင်းနှင့် ရှုမဝမဂ္ဂဇင်းကို ပုံမှန်ဝယ်ဖတ်သည်။ တစ်ခါ တစ်ရံ မြဝတီတို့ စန္ဒာမဂ္ဂဇင်းတို့ကိုပါ အဆစ်ဝယ်သည်။ ဖတ်သည်။

ထိုသို့ မဂ္ဂဇင်းတွေ လစဉ်ဝယ်ဖတ်နေသော ကျွန်တော့်ကို သူငယ်ချင်း ကိုထိန်ဝင်းက စကားတစ်ခွန်းမေးသည်။ "ဒီလောက်တောင် စာအုပ်တွေ ဝယ်ဖတ်နေတာ။ ကိုယ့်လူက စာရေးဆရာ ဖြစ်ချင်လို့လား" တဲ့။ ကျွန်တော်ကလည်း မဆိုင်းမတွ ဖြေလိုက်ပါသည်။ "ဖြစ်ချင်တာပေါ့ဗျာ၊

ဒါပေမဲ့ ခက်နေတာက ကိုယ်ရေးတဲ့စာကို ဝတ္ထုလား ဆောင်းပါးလားဆိုတာ ဘာမှ မသိလို့ဗျ။ လမ်းညွှန်ပေးမယ့်သူရှိရင် မိတ်ဆက်ပေးစမ်းပါဗျာ”

ဤသို့ဖြင့် မြဝတီမဂ္ဂဇင်းတွင် အဖွဲ့ဝင် အယ်ဒီတာ လုပ်နေသော ဝတ္ထုရေးဆရာ ပေါင်းတည် မောင်မြတ်နွယ်နှင့် ကျွန်တော့်ကို အရင် မိတ်ဆက်ပေးသည်။ ပေါင်းတည်မောင်မြတ်နွယ်က ကျွန်တော့် ဝတ္ထုတွေကို ဖတ်ကြည့်ပြီး စကားပြေရေးသားပုံ၊ ဒိုင်ယာလော့ကို ဘယ်လိုထားပုံ စသည်ဖြင့် ဝတ္ထုရေးနည်း သင်ပေးသည်။ ပေါင်းတည် မောင်မြတ်နွယ်၏ အားပေးမှု သွန်သင်မှုဖြင့် ဝတ္ထုတိုရှစ်ပုဒ်ခန့် ရေးဖြစ်သည်။ မြဝတီမဂ္ဂဇင်းသို့ ပို့သည်။

အဖွဲ့ဝင် အယ်ဒီတာ၊ အမှုဆောင် အယ်ဒီတာ၊ တာဝန်ခံ အယ်ဒီတာ တွေအထိ အဆင့်ဆင့် ဖြတ်ကျော်နိုင်ခဲ့ပါသည်။ အယ်ဒီတာချုပ်ဆီ ရောက်မှ အပယ်ခံရသည်။ ဝတ္ထုတို ရှစ်ပုဒ်စလုံး ထိုနည်းလည်းကောင်းပဲ ဖြစ်ခဲ့ရသည်။ ကျွန်တော် စဉ်းစားသည်။ သည်ပုံနှင့်တော့ မဖြစ်နိုင်သေး။ ဝတ္ထုရေးနည်းကို တစ်ကပြန်စဦးမှ ထင်ပါရဲ့ဟု တွေးကာ ဝတ္ထုရေးခြင်းကို ခဏ ဖြတ်သည်။ ဝတ္ထုတွေကိုသာ စနစ်တကျ လေ့လာပြီး ဖတ်နေမိသည်။

ထိုသို့ ဝတ္ထုတွေဖတ်ရင်း မသိမသာ ကဗျာတွေကိုတော့ စမ်းသပ်ပြီး ရေးနေမိပါသည်။ စမ်းသပ်ရေးရင်း ငွေတာရီမဂ္ဂဇင်းသို့ စမ်းပို့ကြည့်ရာ ၁၉၇၃ ခု၊ မတ်လထုတ် ငွေတာရီမဂ္ဂဇင်းကဗျာ ကြေညာချက်တွင် ကဗျာ ရွေးထားကြောင်း တွေ့လိုက်ရပါသည်။ ထိုနေ့က ကဗျာရွေးစာရင်းပါ ငွေတာရီမဂ္ဂဇင်း စာအုပ်ကို လှန်ရင်း ၃၂ လမ်းပေါ် လျှောက်နေသော ကျွန်တော့် ခြေထောက်များကို မြေကြီးနှင့်မှ ထိရဲ့လားဟု ကျွန်တော် သံသယပွားသည်ထိ ခံစားခဲ့ရပါသည်။

ထိုကဗျာသည် နွေစေတနာကဗျာဖြစ်ပြီး ၁၉၇၃ ခု ဧပြီလထုတ် ငွေတာရီမဂ္ဂဇင်းတွင် ပါလာပါသည်။ ထိုကဗျာကို အကြောင်းပြု၍ လည်းကောင်း သူငယ်ချင်း ကိုထိန်ဝင်း၏ မိတ်ဆက်ပေးမှုအရ လည်းကောင်း ကျွန်တော်နှင့် ဆရာကြဲခင်းစိုးလွင်တို့ စတင်ရင်းနှီးခွင့်ရခဲ့ခြင်း ဖြစ်သည်။

ဆရာ့ပုံစံက အသားဖြူဖြူ ဝိန်ပိန်ပါးပါးနှင့် လူပုံက ခပ်နွဲ့နွဲ့ ဖြစ်သည်။ သပ်သပ်ရပ်ရပ် ဝတ်စားပြီး ရှပ်ကော်လံနှင့် အင်္ကျီကြယ်သီးကို လည်ပင်းအထိ တပ်လေ့ရှိသည်။ ဆရာက ရှပ်လက်တိုဝတ်လေ့ မရှိ။ ရှပ်လက်ရှည်ကို လက်စက ခေါက်ထားလေ့ ရှိသည်။ အများအားဖြင့်တော့ တိုက်ပုံကိုပဲ ဝတ်ထားလေ့ ရှိသည်။ ဆံပင်ကိုတော့ အမြဲသပ်သပ်ရပ်ရပ် နောက်လှန်ဖြီးထား၏။ အဝတ်အစားရိုးသလို အနေရိုးသည်။ အစားရိုးသည်။ စကားရိုးသည်။ စကားနည်းသည်။ ဆရာ ဟက်ဟက်ပက်ပက် ရယ်တာမျိုး မတွေ့ဖူးပါ။ သွားကလေး အနည်းငယ်ပေါ်ရုံ ပြုံးတာမျိုးပဲ တွေ့ဖူးပါသည်။

ဆရာက ကျွန်တော့်ကဗျာတွေကို ဖတ်ပြီး ကျွန်တော့်ကို စကားတစ်ခွန်း မေးပါသည်။ "ကဗျာရေးဖို့ မောင်မြင့်သူ ဘယ်စာအုပ်တွေ ဖတ်ဖူးသလဲ" တဲ့။ "ကျွန်တော် ကျမ်းကြီးကျမ်းငယ်တွေ မဖတ်ဖူးပါဘူး ဆရာ။ ငွေတာရီ ကဗျာရေးချင်ရင် ငွေတာရီမှာပါတဲ့ ကဗျာတွေကို နာနာ ဖတ်ရမယ်ဆိုတဲ့ အသိနဲ့။ ငွေတာရီမဂ္ဂဇင်း ကဗျာတွေပဲ များများ ဖတ်ဖူးပါတယ်" ဟု ပြန်ဖြေခဲ့သည်။

ဆရာက ဘာမျှပြန်မပြောတော့ပါ။ ခပ်ပြုံးပြုံးလေးလုပ်ပြီး ခေါင်းပဲ တဆတ်ဆတ် ညိတ်နေပါသည်။ သည်လိုနှင့် ကျွန်တော် ကဗျာတွေ ဆက်တိုက် ရေးဖြစ်ခဲ့သည်။ ရေးပြီးသမျှကိုလည်း ငွေတာရီမဂ္ဂဇင်းကိုပဲ ပို့သည်။ ကျွန်တော်က ဆရာ့ထံ တစ်လ နှစ်ခေါက် မှန်မှန်သွားပါသည်။ လစဉ်လဆန်း ၁၅ ရက်နေ့ တစ်ခါသွားသည်။ လကုန်သည့် နေ့တစ်ခါ သွားသည်။ တစ်ခါသွားလျှင် အနည်းဆုံး ကဗျာအသစ် နှစ်ပုဒ်ပါအောင် ယူသွားသည်။

ဆရာက ပါလာသည့် အသစ်ကဗျာကို ချက်ချင်း အမြည်းသဘော မျိုး ဖတ်ပါသည်။ ဆရာ ကဗျာဖတ်ပုံက ထူးခြားသည်။ ခဲတံလေးကို သူ့စားပွဲစောင်းနှင့် စည်းဝါးလိုခေါက်ပြီးမှ ကဗျာကို တိုးတိုးလေး သီချင်း ညည်းသလို ညည်းသည်။ သည်လို ကဗျာဖတ်ပုံမျိုးက ဆရာ့တစ်ယောက်

တည်းမှာပဲ ရှိပုံရသည်။ ကဗျာထဲက ကာရန်ကို အသံနှင့်တွဲဖတ်ခြင်း ဖြစ်မည်ထင်သည်။ ဒါကြောင့် ငွေတာရီမဂ္ဂဇင်းပါ ကဗျာများသည် ကာရန် မှန်ရုံမက အသံလည်းမှန်သည်။ အသံလည်းသာသည်။ အတွေးလည်း လှသည်။ မြန်မာမှုလည်း ဆန်သည်။

ဆရာက ကဗျာကို အဲသည်လိုဖတ်ပြီး ယူထားလိုက်သည်။ ကြိုက်ခြင်း၊ မကြိုက်ခြင်းကို ချက်ချင်းမပြော။ ယခင်တစ်ခေါက်က ပေးထား ခဲ့သည့် ကဗျာလေး အဆင်ပြေလျှင်တော့ ဘယ်ကဗျာလေး အဆင်ပြေတယ် နော်ဟု တစ်ခွန်းပဲ ပြောတတ်သည်။ နောက်ထပ် အပိုမပြော။ လောကွတ် စကားဟူသည် ဆရာ့အဘိဓာန်တွင် မရှိ။ ဆရာ့စေတနာက ပကတိ ရိုးရှင်း သည်။

သို့သော် ဆရာ့ထံက တစ်လ နှစ်ခါ ကဗျာအဖြေသိရသည့် တန်ဖိုး က ဘာနှင့်မျှ မလဲနိုင်ပါ။ ကျွန်တော် ကဗျာဆက်ရေးဖို့အတွက် တကယ့် အားဆေးကြီး ဖြစ်သည်။ ထိုအခွင့်အရေးက ရတောင့်ရခဲ အခွင့်အရေး ဖြစ်၏။ ထိုအခွင့်အရေး၏ ကျေးဇူးကြောင့် ကျွန်တော် ကဗျာတွေ ပိုရေးဖြစ် ခဲ့သည်။

ထိုခေတ်က မြဝတီမဂ္ဂဇင်းတိုက်တွင် ငွေတာရီမဂ္ဂဇင်း၊ မြဝတီ မဂ္ဂဇင်း၊ တို့ကျောင်းသားစာစောင်၊ လူငယ်ဂျာနယ်နှင့် တေဇရုပ်စုံ ဟူ၍ စာစောင်မဂ္ဂဇင်း ငါးမျိုးရှိသည်။ ထိုစာစောင်မဂ္ဂဇင်း ငါးမျိုးထဲတွင် ကျွန်တော့် ကဗျာအများဆုံး ပါဝင်သည်မှာ ငွေတာရီ ဖြစ်သည်။ အခြား မဂ္ဂဇင်း စာစောင်တွင်ပါသော ကျွန်တော့်ကဗျာဟူသမျှသည် ငွေတာရီ မဂ္ဂဇင်းက ပယ်၍ ပြုကာပြင်ကာလုပ်ပြီး ပေးပို့ခဲ့တာချည်း ဖြစ်သည်။

ပြီးတော့ ကျွန်တော်က ငွေတာရီမဂ္ဂဇင်းနှင့် ကံလိုက်သည်ဟု ပြောရ မည်လား မသိ။ ကဗျာသုံးလေးပုဒ်ပဲ ရေးရသေးသည်။ ငွေတာရီမဂ္ဂဇင်းမှာ အဖွင့်ကဗျာ ဖော်ပြခံရသည်။ ထိုခေတ်က ငွေတာရီမဂ္ဂဇင်းမှာ အဖွင့်ကဗျာ ဖော်ပြခံရဖို့ဆိုသည်မှာ အတော်မလွယ်ကူသောကိစ္စ ဖြစ်သည်။ ဒါကြောင့်ပဲ ထင်သည်။ မြဝတီမဂ္ဂဇင်းမှာသာ ကဗျာဖော်ပြခံရပြီး ငွေတာရီမဂ္ဂဇင်းမှာ

တစ်ခါမှ ဖော်ပြခြင်းမခံရသည့် ထားဝယ်သား ကဗျာဆရာတစ်ယောက်က ကျွန်တော့်ကို မေးဖူးသည်။ ငွေတာရီမှာပါအောင် ကဗျာဘယ်လိုရေးရမလဲ ဗျာဟူ၍ ဖြစ်၏။ သူ့ခမျာ ငွေတာရီမှာ ကဗျာအတော်ပါချင်ပုံ ရသည်။ ထိုစဉ်က ကျွန်တော်ကလည်း နုသေးသူဖြစ်၍ ထိုကဗျာဆရာကို မှန်ကန်အောင် အဖြေမပေးနိုင်ခဲ့ပါ။ အမှန်ကန်ဆုံး အဖြေပေးရလျှင်မူ ဆရာကြဲခင်းစိုးလွင် ကြိုက်အောင် မရေးနိုင်လို့ပဲ ဖြစ်ပါလိမ့်မည်။

(၃)

စကားနည်းသော ဆရာ့ထံမှ ကျွန်တော်နှင့် ပတ်သက်သော စကားတစ်ခွန်းကိုတော့ ယနေ့တိုင် မမေ့နိုင်ပါ။ မူကြိုအမှတ် (၂) ကျောင်းအတွက်၊ ကျောင်းသုံးကဗျာစာအုပ်ထုတ်ရာတွင် ကျွန်တော့်ကလေးကဗျာတစ်ပုဒ် အရွေးခံရစဉ်က ဖြစ်သည်။ ထိုစာအုပ်အတွက် ကဗျာရွေးချယ်သော ဘုတ်အဖွဲ့ဝင်များမှာ ပညာရေးဌာနမှ ပညာရှင်အချို့နှင့် မြဝတီအယ်ဒီတာအချို့ ဖြစ်သည်။ ဆရာ့စကားက ရိုးရိုးလေးနှင့် လှသည်။

"မောင်မြင့်သူရှေ့မှာ ကလေးကဗျာတွေ အများကြီး ရေးခဲ့ကြတဲ့ ကဗျာဆရာတွေ ဘယ်နည်းလိမ့်မလဲ။ ဒါပေမဲ့ ကဗျာဆရာတိုင်း အရွေးမခံရဘူး။ ကိုယ်က နည်းနည်းလေးပဲ ရေးရသေးတယ်။ ခုလို အရွေးခံရတော့ ဂုဏ်ယူစရာကောင်းတာပေါ့" တဲ့။

ထိုစဉ်က တေဇစာစောင်မှာ ကျွန်တော့် ကလေးကဗျာ သုံးလေးပုဒ်ပဲ ပါဖူးသေးသည်။ အခု ထိုသုံးလေးပုဒ်ထဲက ရွေးလိုက်တာ ဖြစ်သည်။ ဆရာကြဲခင်းစိုးလွင်ကလည်း ဒါကိုပဲ ရည်ရွယ်ပြောတာ ဖြစ်သည်။

နောက်ထပ် ဆရာနှင့် ပတ်သက်သည့် မှတ်မှတ်ရရ တစ်ခုကို ထပ်ပြောရလျှင် ကျွန်တော်၏ ပထမဆုံး အဖွင့်ကဗျာသည် ငွေတာရီမှာ ဖြစ်သည်။ ကျွန်တော်၏ ပထမဆုံး စာပဒေသာခေါ် အက်ဆေးငယ်သည်လည်း ငွေတာရီမှာပဲ ဖြစ်သည်။ ကျွန်တော်၏ ပထမဦးဆုံး ဝတ္ထုတိုသည်လည်း ငွေတာရီမဂ္ဂဇင်းမှာပဲ ဖြစ်သည်။ ကျွန်တော် ထင်ပါသည်။ ထို

အမှတ်တရ၏ ကျေးဇူးရှင်သည် ဆရာကြဲခင်းစိုးလွင်မှလွဲ၍ တခြားသူ မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုစဉ်က ငွေတာရီမဂ္ဂဇင်းတွင် အရေးပါသော အောက်ခြေအယ်ဒီတာဆို၍ ဆရာကြဲခင်းစိုးလွင် တစ်ယောက်ပဲ ရှိလို့ ဖြစ်ပါသည်။

ဆရာသည် စကားနည်းသလို အနေအေးသူဖြစ်၍ ကဗျာဆရာ စာရေးဆရာတို့နှင့် ရောရောထွေးထွေး မနေပါ။ အားလုံးကို ခပ်ကင်းကင်း နေလေ့ ရှိပါသည်။ ဆရာနှင့် ကျွန်တော့် ဆက်ဆံရေးတွင် ယုတ်စွအဆုံး လက်ဖက်ရည်တစ်ခွက်မျှပင်လျှင် အတူ မသောက်ဖူးခဲ့ပါ။ ဆရာက ရုံးတွေ ဘဏ်တွေနှင့် မဆက်ဆံချင်သူမို့ ဆရာ့မီတာဘီလ်ကိစ္စနှင့် ဘဏ်ကိစ္စ တစ်ခုတလေကိုတော့ ကျွန်တော် ဆောင်ရွက်ပေးခဲ့ဖူးပါသည်။

သည့်နောက် ဆရာ အငြိမ်းစားယူသွားချိန်နှင့် ကျွန်တော်လည်း ဌာနဆိုင်ရာ အလုပ်ရှုပ်ချိန်တို့ တိုက်ဆိုင်သွားသဖြင့် ကျွန်တော်တို့ချင်း အလှမ်းကွာသွားခဲ့ကြသည်။ နောက်မှ စုံစမ်းကြည့်တော့ ဆရာ ဟံသာဝတီ စာအုပ်တိုက်တွင် အယ်ဒီတာ ဝင်လုပ်နေကြောင်း သိရသဖြင့် သွားတွေ့သည်။ ဆရာ့ကိုလည်း ကျွန်တော် ရေးထားသည့် ကဗျာစီးရီး အသစ် ကလေးတွေ ပြချင်လို့ဖြစ်သည်။ ဆရာက ကျွန်တော့် ကလေးကဗျာ အသစ်လေးတွေကို ဖတ်ပြီး "ကောင်းသားပဲ၊ ဘယ်မဂ္ဂဇင်းစာစောင်မှ မပို့ဘူးလား" ဟု ပြောသည်။ "မပို့တော့ဘူး ဆရာ၊ ကျွန်တော် ဒီနှစ် ကလေးကဗျာပေါင်းချုပ် ထုတ်မယ်။ အဲဒီ စာအုပ်ထဲမှာ ထည့်သုံးမယ်။ ကျွန်တော် ဂုဏ်ဖဲသဘောမျိုး အောင်းထားပါ ဆရာ။ ဘာပြုလို့လဲဆိုတော့ ကလေးကဗျာက တစ်ယောက်နဲ့တစ်ယောက် ပုံတူကူးချတာ မြန်တယ် ဆရာ။ ကိုယ်က မဂ္ဂဇင်းပို့လိုက်တော့ အကြံကြီးတဲ့လူက ချက်ချင်း အတု ခိုးပြီး လိုက်ရေးရော။ ပြီးတော့ သူက ဦးအောင် စာအုပ်လုံးချင်းထုတ်ရော။ မသိတဲ့ လူကြီးတွေက သူ့လက်ရာပဲဆိုပြီး အမှတ်တွေ စွတ်ပေးရော။ ကလေးကဗျာလောကမှာ အဲဒီလို မရိုးသားမှုတွေနဲ့ ပန်းပန်နေတဲ့ လူတွေ တစ်ပုံကြီးမို့လို့ပါ ဆရာ"

ခရမ်းပြာ

ဆရာက ထုံးစံအတိုင်း ခေါင်းလေး တဆတ်ဆတ် ညိတ်ပြီး ပြုံးနေပါသည်။

ထိုတွေ့ဆုံမှုသည် ကျွန်တော်နှင့် ဆရာ၏ နောက်ဆုံး တွေ့ဆုံမှုပဲ ဖြစ်ခဲ့သည်။ သည့်နောက် ဆရာနှင့် ကျွန်တော် အဆက်ပြတ်သွားလိုက်သည်မှာ ဆရာ ဘယ်နှေ့ဘယ်ရက် ဆုံးသွားမှန်းပင် မသိလိုက်။ ဆရာ့နောက်ဆုံးခရီးလည်း မပို့လိုက်ရ။ ကျေးဇူးရှင်ဆရာကို တွေးမိတိုင်း တသသ ဖြစ်နေမိပါသည်။

(၄)

သေသောသူ ကြာလျှင်မေ့ဟု ဆိုရိုးစကားရှိသော်လည်း မသေဘဲရှင်နေလို့ မေ့ချင်သူတွေများသော ခေတ်ကြီးတွင် သေပြီးမှ တသသသတိရသူတွေ မနည်းမနော ရှိနေပါသေးသည်။ ထိုအထဲတွင် ဆရာကြဲခင်းစိုးလွင် တစ်ယောက် အပါအဝင် ဖြစ်သည်။ ဆရာ့ရိုးဂုဏ်နှင့် သမာဓိဂုဏ်ကြောင့်လည်း ဖြစ်နိုင်ပါသည်။

တကယ်တော့ ဆရာကြဲခင်းစိုးလွင်သည် အယ်ဒီတာစစ်စစ် ဖြစ်သလို ကဗျာဆရာစစ်စစ်လည်း ဖြစ်သည်။ ကဗျာ အရေးနည်းသော်လည်း ရေးခဲ့သမျှ ကဗျာက စံမီထောက်မီကဗျာ ဖြစ်သည်။ ပြောရလျှင် ဆရာ့ကလောင်နာမည်ကို ကျွန်တော် ကဗျာဆရာဖြစ်မှ သိရခြင်း မဟုတ်ပါ။ ဆယ်တန်းကျောင်းသား ဘဝကတည်းက သိပြီးဖြစ်၏။

အထက်တန်းကဗျာ လက်ရွေးစင် ကဗျာစာအုပ်ထဲတွင် ကြဲခင်းစိုးလွင် ပါသည်။ ထိုစာအုပ်သည် ကျောင်းသုံးစာအုပ် ဖြစ်၏။ ပြီးတော့ မြဝတီစာပေတိုက်က ထုတ်ပြီး ဝင်းဖေပြန်ဆိုသည့် ခေတ်ပေါ်မြန်မာကဗျာ MODERN BURMESE POETRY စာအုပ်တွင်လည်း ဆရာ့ကဗျာ ပါသည်။ ထိုစာအုပ်သည် ကဗျာများကို မြန်မာဘာသာမှ အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုထားသည့် ရှားရှားပါးပါးစာအုပ် ဖြစ်သည်။

ဆရာ သက်ရှိထင်ရှား မရှိတော့သော်လည်း ဆရာ့ကလောင် နာမည်

မသေပါ။ ဆရာ့ကဗျာ မသေပါ။ ထို့ကြောင့် ကျွန်တော့် နှလုံးသားတွင် ကြံ့ခိုင်စိုးလွင် ကလောင်လည်း ရှင်သန်ဆဲ။ သူ့စွမ်းသူ့အင်ကဗျာလည်း ရှင်သန်ဆဲ။

ပိတောက်ပွင့်သစ်မဂ္ဂဇင်း
၂၀၁၅၊ ဇန်နဝါရီ

❐

**လမင်းတစ်ရာ အလင်းရှင်...**

[ သို့မဟုတ် ]

**ဆရာကြည်အောင်**

66 ဆရာကြည်အောင်ကို
တချို့က ဝိရကဗျာဆရာဟု
သမုတ်ကြပါသည်။ ဂုဏ်ပြုကြပါသည်။
တကယ်လည်း ဆရာ့ကဗျာတွေကို
စူးစူးနစ်နစ် လေ့လာကြည့်လျှင်
အငေ့မေတ္တာထဲမှာလည်း
ဆရာ့အားတွေကို တွေ့ရသည်။
အချစ်အလွမ်းထဲမှာလည်း
ဆရာ့ အားမာန်တွေကို မြင်ရသည်။
အလှအပ ခံစားမှုတွေထဲမှာလည်း
ဆရာ့သတ္တိတွေကို တွေ့ရသည်။
ယဉ်ကျေးမှုနှင့်
ဘာဝဒဿနတွေထဲမှာလည်း
ဆရာ့လက်သီးဆုပ်တွေကို
မြင်ယောင်သည်။ 99

## လမင်းတစ်ရာ အလင်းရှင်...

[သို့မဟုတ်]

## ဆရာကြည်အောင်

### အချစ်

အဘိုးအိုလျှောင်
ညောင်ညိုရိပ်အောက်
ပုဆိန်မြှောက်ကာ
ထင်းပေါက်ခွဲပြီး
ချွေးဖြာစီး၏။
အဘွားအိုက
ရေချိုတစ်ခွက်
လက်ကမ်းဆက်သည်
ဩော်... သက်ရွယ်ခါးကုန်း
သွားကြွေပြုန်းလည်း
ချစ်တုန်းခင်တုန်းပါတကား။ ။

(၁၉၆၃၊ ငွေတာရီမဂ္ဂဇင်း)

အခြားသူများအဖို့တော့ မည်သို့ရှိမည် မသိပါ။ ကျွန်တော့်အဖို့တော့

**ခရမ်းပြာ**

ကြည်အောင်လို့ ဆိုလိုက်သည်နှင့် ဤကဗျာကိုသာ ဦးစွာ အမှတ်ရလေ့ရှိပါသည်။ ပြီးတော့ ရှားရှားပါးပါး ကျွန်တော် အလွတ်ရသည့် ကဗျာလေးငါးပုဒ်ထဲက တစ်ပုဒ် အပါအဝင်လည်း ဖြစ်သည်။

ကဗျာက ရွတ်ဆို၍ လွယ်သလို ကဗျာကပေးသော အနက်ကိုလည်း နှစ်သက်မိသည်။ ကြိုက်သည်။ အချစ်ဟုဆိုရာ၌ ပေါ့တန်သည့် အချစ်မျိုး မဟုတ်။ လေးနက်သည့်အချစ် ဖြစ်သည်။ တန်ဖိုးကြီးသည့်အချစ် ဖြစ်သည်။ ယနေ့ကာလလို တစ်ပင်မလဲမှုဘဲ နှစ်ပင်သုံးပင် ထူနေကြသည့် ခေတ်ထဲတွင် ဆရာ့အချစ်က ဂန္ထဝင်ဖြစ်သလို စံတင်ရမည့် အချစ်လည်း ဖြစ်သည်။

ဒါ့ကြောင့်ပင် မောင်စွမ်းရည်နှင့် နှစ်ယောက် ပေါင်းထုတ် ဖြစ်ကြသည့် 'စိတြ' ကဗျာစာအုပ်တွင် ဆရာတင်မိုးက အောက်ပါအတိုင်း ဆိုခဲ့ခြင်း ဖြစ်သည်။

'ကြည်အောင်ဟာ ကောင်းကင်နဲ့ လောကမြေပြင်အကြား တက်တုံ့သက်တုံ့ ပျံသန်းနေသောငှက်နှင့် တူယောင်သည်။ တစ်ခါတစ်ရံ သူသည် အလွမ်းနှင့် အမိန်းအမောတို့တွင် နစ်မြောနေလေ့ ရှိသည်။ ထိုမှတစ်ပါး ကြည်အောင်သည် လူ့ဇာတိစိတ်ကို မြတ်နိုးခင်မင်တတ်သူဟု ကျွန်တော် မှတ်ယူပါသည်။ လူသားတို့အပေါ်တွင် ကရုဏာ စီးယိုတတ်သည် ဖြစ်၍ လူ့ဇာတိကိုလည်း ခင်တွယ်သူဟု ဆိုချင်ပါသည်။ မည်သို့ပင်ဖြစ်စေ ကြည်အောင်သည် သူ့အမြင်သူ့အတွေးကို အကြင်နာသံနှော၍ ပြောနိုင်ခဲ့လေသည်'။

* * *

ဆရာကြည်အောင်နှင့် ပတ်သက်၍ ဒုတိယ အလွတ်ရသည့် ကဗျာတစ်ပုဒ် ရှိသေးသည်။ ထိုကဗျာကို ခေါင်းစဉ်ပေး၍ ကဗျာစာအုပ် ထုတ်ခဲ့သည်။ ကဗျာထုတ်ဝေနှစ်မှာ ၁၉၈၅၊ ဖေဖော်ဝါရီလ။ စာအုပ်အမည်က မိခင်မာရသွန်။

**ခရမ်းပြာ**

မိခင်မာရသွန်

သားသယ့်အမေ
မိုင်ရှည့်တာဝေး
အပြေးသမား။
သားသမီးအချစ်
သက်လုံဖြစ်အောင်
ပြောင်းပစ်သလား။ ။

(ရှမဝ၊ ၈၁၊ ဒီဇင်ဘာ)

စာပေနှင့် ပတ်သက်သော အုပ်စုထဲတွင် အရေးပေါ်ကဗျာ ရွတ်ပါဟု ဆိုလျှင် ကျွန်တော့်ကဗျာကို ကျွန်တော် ဘယ်ဟာမျှ အလွတ်မရတတ်ပါ။ သည်ကဗျာကိုသာ အလွတ်ရ၍ သည်ကဗျာကိုသာ ရွတ်ပြလေ့ ရှိပါသည်။ အမေ့ကိုချစ်လို့ အမေ့မေတ္တာကို တန်ဖိုးထား၍လည်း ဖြစ်ပါသည်။ အထူးသဖြင့် သားတွေသမီးတွေအတွက် ဘဝကို ရုန်းကန်နေရသော အမေ့ရဲ့ မေတ္တာအဖြစ် ရိုကျိုးမြတ်နိုးမိ၍လည်း ဖြစ်ပါသည်။

သို့သော် မိခင်မာရသွန်ကဗျာကို အချို့ကလည်း တစ်မျိုးမြင်၍ တစ်မျိုး ဖွင့်ဆိုကြပါသည်။ သာမန် မိခင်တစ်ယောက်အား ဂုဏ်ပြုဖွဲ့ ဆိုသော ကဗျာသက်သက် မဟုတ်။ ထိုခေတ် ထိုအခါက ဆရာပါဝင် လှုပ်ရှားခဲ့ဖူးသော အဖွဲ့အစည်းကြီးတစ်ခုကို ကိုယ်စားပြု ညွှန်းဆိုသော ကဗျာဟု ဆိုပါသည်။ အချို့ကလည်း ဤကဗျာနှင့် ပတ်သက်၍ ဆရာ ကိုယ်တိုင် ပြည်သူ့တော်လှန်ရေးတပ်ဦးက ချီတက်ရင်း တာဝေးပြေးရင်း သက်လုံအဖြစ် ပြောင်းပစ်နေတယ် ထင်ပါရဲ့ဟု ညွှန်းလိုသူက ညွှန်းပါ သည်။

သည့်အတွက် ကျွန်တော် စောဒက မတက်လိုပါ။ ကဗျာကောင်းတို့ မည်သည်မှာ ဖတ်သူက ဦးနှောက်တစ်ဆင့်မြှင့်၍ ဖတ်ရသလို ခံစားသူ ကလည်း နှလုံးသားကို တစ်ဆင့်မြှင့်ပြီး ခံစားရတာမျိုး ဖြစ်သည်။ အမြင်

အတွေး မတူနိုင်ပါ။ ထိုသို့ မတူခြင်းက ပြဿနာ မဟုတ်ပါ။ ကဗျာ၏ အရသာလို့ပဲ မှတ်ယူပါသည်။ မတူတဲ့ အရသာပဲ ဖြစ်သည်။

ထိုသို့ မတူကွဲပြားသည့်အထဲကမှ ကျွန်တော်ကတော့ မိခင် မာရသွန် ကဗျာစာအုပ်တွင် အမှာစာရေးသည့် ဆရာ တက္ကသိုလ် မောင်စောလွင်၏ အယူအဆကို သဘောကျမိပါသည်။ အမှာစာ တစ်နေရာတွင်-

ကြည်အောင်ဟာ အမေကို မြတ်နိုးရမှန်း သိသူ၊ အမေကို ကျေးဇူး ရှိသေကိုင်းရှိုင်းသူ၊ မိခင်မေတ္တာ အတိမ်အနက်ကိုသိသူအဖြစ် ဂုဏ်ယူရမှာ ဖြစ်ပါတယ်။

သမိုင်းခေတ်ဦး ပကတူးအစက စပြီး အမေကို ဂုဏ်ပြုခဲ့ကြ၊ ကိုးကွယ်ခဲ့ကြ၊ မြတ်နိုးခဲ့ကြပါတယ်။ ကြည်အောင်ကလည်း သူ့ အပတ်အကုတ် ကြိုးပမ်းအားထုတ်ထားတဲ့ ကဗျာတွေနဲ့ အမေကို ရည်ညွှန်းပူဇော်ပြီး 'မိခင်မာရသွန်' အမည်နဲ့ ကဗျာစာအုပ် ထုတ်ဝေတာဟာ သင့်မြတ်တယ်လို့ ဆိုရပါမယ်ဟု ရေးခဲ့လို့ ဖြစ်ပါသည်။

**သစ္စာတိုင်**

ဒီတောင်ရိုး
ကျားဆိုးပေါ်ရဲ့။
မောင့်အချစ်
မျှစ်ချိုးလိုက်ခဲ့။ ။

**(ရုပ်ရှင်တေးကဗျာ၊ ၉၁၊ ဇန်နဝါရီ)**

ဒွေးချိုး ကဗျာဟန်နှင့် ရေးထားတာ ဖြစ်ပါသည်။ တကယ် အသံထွက် ဖတ်ကြည့်သောအခါ ခေတ်ပေါ်ကဗျာဟန် ပေါက်နေသည်ဟု ကျွန်တော် ခံစားရသည်။ ပန်းပွင့်တစ်ဖက် ဓားတစ်ဖက်လား။ မေတ္တာထဲက ဝီရရသလား။ ဝီရထဲက မေတ္တာရသလား။ သို့မဟုတ် ဂန္ထဝင်ဟန်ထဲက နိုင်ငံတကာ ခေတ်ပေါ်ပုံရိပ်လား။

**ခရမ်းပြာ**

ဝိညာဉ်ထဲကအား

ပင်လယ်ဟာ စမ်းချောင်းငယ်ရဲ့သား။
စကားပြေဟာ
ကဗျာရဲ့မယား။
ဝေါဟာရက
ဘာသာဗေဒရဲ့ဆား။
တော်လှန်ရေးဟာ
အတွေးအခေါ်ရဲ့ဓား။
ပြည်သူရဲ့နှလုံးဝိညာဉ်ထဲမှာ
ကဗျာဆရာရဲ့ 'အား' တည်ရှိတယ်။

(၁၉၈၀၊ စက်တင်ဘာ-၂၇)

ဆရာကြည်အောင်ကို တချို့က ဝီရကဗျာဆရာဟု သမုတ်ကြပါသည်။ ဂုဏ်ပြုကြပါသည်။ တကယ်လည်း ဆရာ့ကဗျာတွေကို စူးစူးနစ်နစ်လေ့လာကြည့်လျှင် အမေ့မေတ္တာထဲမှာလည်း ဆရာ့အားတွေကို တွေ့ရသည်။ အချစ်အလွမ်းထဲမှာလည်း ဆရာ့ အားမာန်တွေကို မြင်ရသည်။ အလှအပ ခံစားမှုတွေထဲမှာလည်း ဆရာ့သတ္တိတွေကို တွေ့ရသည်။ ယဉ်ကျေးမှုနှင့် ဘဝဒဿနတွေထဲမှာလည်း ဆရာ့လက်သီးဆုပ်တွေကို မြင်ယောင်သည်။

ဒါ့ကြောင့် ဒုဋ္ဌဝတီမှ ဧရာဝတီသို့ ကဗျာစာအုပ်တွင် ဆရာဦးဝင်းတင် (ကြေးမုံ)က အမှာစာဖြင့် ဤသို့ ဆိုခဲ့သည်။ 'နယ်ချဲ့ဖောက်ပြန်ရေး အင်အားစုများ၏ ကျူးကျော်ရန်စမှု မိုက်မဲစူးရဲနေချိန်တွင် ကြည်အောင်၏ ဤကဗျာစုသည် နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားရေး၊ ဆိုရှယ်လစ်ရေး၊ လူတန်းစားရေး တိုက်ပွဲအတွက် ချွန်မြစူးထက်သော လက်နက်ကောင်းများပင် ဖြစ်သည်ဟု ကျွန်တော်တို့ ယူဆသည်' ဟု ဆို၏။

လမင်းတစ်ရာ ကဗျာစာအုပ်တွင် လူထုဒေါ်အမာကလည်း ဆရာကြည်အောင်နှင့် ပတ်သက်၍-

ဤသူငယ်လေးများသည် ဇော်ဂျီ မင်းသုဝဏ်ကပေးသည့် ဖွဲ့ဟန်ကို ကိုင်စွဲလာကြသော်လည်း ဇော်ဂျီ မင်းသုဝဏ်တို့ထက် သူတို့က ပို၍ တွေးရဲလာကြသည်။ သူတို့ အတွေးအခေါ်နှင့် သူတို့ အဘိဓမ္မာသည် သူတို့ဆရာများထက် တိုးတက်လာကြသည်' ဟု ရဲရဲရေးခဲ့ဟန်တူပါသည်။

ဤနေရာတွင် ဆရာမောင်စွမ်းရည်၏ အမေ့ခေါ်သံ ကဗျာစာအုပ်၌ ရှေ့ပြေးစကား ရေးခဲ့သော ဆရာကြည်အောင်၏ စကားတစ်ခွန်းကို အမှတ်တရ ညွှန်းချင်ပါသည်။ ဆရာက 'ကဗျာဆရာဆိုတာ ကိုယ့်ကိုယ်ကိုယ် ထူထောင်ရတာမျိုး' ဟု ဆိုပါသည်။ ဆရာ့စကားအတိုင်း ဆရာသည် သူ့ကိုသူ ကြည်အောင်ဖြစ်အောင် ထူထောင်ခဲ့တာ သေချာပါသည်။ ဆရာ့ကဗျာတွေက သက်သေပဲ ဖြစ်သည်။

* * *

ဆရာ့ကဗျာတွေအကြောင်း ကြိုက်သမျှ ရေးပြရ၊ ခံစားဖွဲ့နွဲ့ပြရလျှင် ဆုံးအံ့မထင်ပါ။ သည်အထဲကမှ ဆရာ့ကို ကျေးလက်ချစ်တဲ့ ကဗျာအဖြစ် ထုဆစ်ပြချင်ပါသေးသည်။ ဆရာသည် မင်းနေပြည် အင်းဝသားဆိုသော်ငြား၊ ဆရာတို့ခေတ်တွင် အင်းဝက ကျေးလက်အခြေအနေအဆင့် ဖြစ်နေလို့လား မသိ။ ဆရာ့ကဗျာများတွင် ဝီရကဗျာ အများစုမှလွဲလျှင် မြို့ပြကဗျာထက် ကျေးလက်ရနံ့ သင်းထုံနေသော ကဗျာများကို တွေ့ရသည်။

ကျွန်တော်ကိုယ်တိုင်က တောသားမို့ တောနံ့တောင်နံ့ ရွာနံ့ယာနံ့ရသည့် တောရနံ့ကဗျာတွေကို ပိုကြိုက်မိတာလည်း ဖြစ်နိုင်ပါသည်။ ပြီးတော့ စစ်ကဗျာ၊ အချစ်ကဗျာ၊ ငြိမ်းချမ်းရေးကဗျာ၊ ရောဝတီကဗျာ၊ လက်ပံတောင်းကဗျာတွေကို အများသူငါ ဖွဲ့ဆိုနိုင်မည် ဖြစ်သော်လည်း တကယ့် ကျေးလက်ဘဝခံစားမှုကဗျာမျိုးကတော့ ရေးဖွဲ့သူ ရှားမည်ထင်သည်။ ဒါကြောင့် ဆရာ့ ကဗျာနှစ်ပုဒ်လောက်တော့ ထုတ်ပြလိုက်ချင်ပါသည်။

၁။ လက်ချုပ်အင်္ကျီ

သူခိုင်းတာကြာလှပြီ
ဖျင်အင်္ကျီလက်ချုပ်။
ပြီးလွယ်အောင် အပ်ချုပ်ရိုးကို
'ဝက်သိုးထိုး' ချုပ် (ပါတဲ့)။
မောင်ကြီးမို့ စေတနာလှိုင်
ခိုင်နိုင်အောင်ချုပ်။
လက်ရာဝင် ရက်ချိန်စားတဲ့
'ကင်းခြေသွား' ချုပ်။ ။

၂။ အိမ်ထရံ

ပျို့တို့အိမ်ထရံကွက်
'ပရွက်ကြောင်း' ရက်။
မောင်တို့အိမ် ထရံကွက်
'ခရပတ်' လျက်။
အိုးခွဲချက် ပျို့နဲ့မောင်
အိမ်ထောင်တော့ သားမွေး။
ထရံဆင် ဘယ်ပုံရက်မယ်
'ဒေါင်းကွက်' လား မေး။ ။

(ရှမဝ၊ ၈၁၊ ဩဂုတ်)

စက်မှုခေတ် ထွန်းကားမှု ပါးလျားသော မြန်မာကျေးတောနေတို့၏ ဓလေ့ဘဝကို ဆရာ့ကဗျာတွင် တွေ့ရသည်။ မြန်မာကျေးလက် အမျိုးသမီးတို့၏ အိမ်တွင်းမှုလုပ်ငန်းတစ်ခု ဖြစ်သည့် အချုပ်အလုပ်ပညာနှင့် မြန်မာကျေးလက် တောသားကြီးတို့၏ လက်မှုပညာသရုပ်ကို ထင်းခနဲ မြင်ရသည်။ ဤသို့ ထင်းခနဲ မြင်ခွင့်ရသည်မှာ ကဗျာဆရာ၏ ဘဝကို

ထဲထဲဝင်ဝင် မြင်တတ်မှု ကြည့်တတ်မှုကြောင့်ပင် ဖြစ်သည်။ ကဗျာဆရာ၏ ရင်းချာမှုလို့လည်း ပြောလို့ရမည် ထင်သည်။

မြန်မာမှု အပ်ချုပ်ပညာ (လက်ချုပ်) တွင် ဝက်သိုးထိုးချုပ်နည်း ကင်းခြေသွားချုပ်နည်းဟု ရှိပါသည်။ ထိုအတူ ထရံရက်ရာတွင်လည်း ပရွက်ကြောင်းတို့ ခရုပတ်တို့ဆိုသည်မှာ ထရံကို အကွက်လှအောင် ပုံဖော်သည့် လက်မှုပညာ ဖြစ်သည်။ သည်အထဲကမှ 'ဒေါင်းကွက်' ကိုတော့ အကြိုက်ဆုံးဖြစ်သည်။ ခုနေများ ဒေါင်းကွက်ဖော်ပြီး ထရံရက် ပေးမည့်သူရှိလျှင် ဆင်ပေါင်ဝဲမြို့နယ်၊ စာရပေ အနောက်စုရွာက အမေ့ အိမ်ကို ဒေါင်းကွက်ထရံတွေချည်း ကာပေးလိုက်ချင်ပါသည်။

* * *

ဆရာကြည်အောင်ကို လူကြီးကဗျာရေးသူအဖြစ် လူသိများပါသည်။ ကလေးကဗျာရေးခဲ့သူအဖြစ်တော့ လူသိနည်းမည် ထင်ပါသည်။

**ကြေးပလွေနဲ့ ဝါးပလွေ**

ပြတိုက်ထဲက ကြေးပလွေ
မှိုစိမ်းတက်လို့နေ။
ကြေးပလွေ တေးစကား
မဆိုတော့ပါလား။
နွားကျောင်းသားရဲ့ ဝါးပလွေ
ချွေးဆီလူးလို့နေ။
ပျိုလေးမေ တေးစကား
နားဆင်နေပေါ့ဗျား။ ။

**(သဘင်၊ ၈၄၊ ဖေဖော်ဝါရီ)**

မိခင်မာရသွန် ကဗျာစာအုပ်ထဲက ရှားရှားပါးပါး ကလေးကဗျာလေး

ဖြစ်သည်။ အလားတူပင် မူကြိုကျောင်းအမှတ် (၂) ကလေးကဗျာပေါင်းချုပ် စာအုပ်ထဲတွင်လည်း ကြည်အောင်အမည်နှင့် ကလေးကဗျာတစ်ပုဒ် ဖတ်ဖူးသည်။ ခဲတံလေးဟူသည့် ကလေးကဗျာ ဖြစ်၏။

ကျွန်တော်ကတော့ ထိုကဗျာပိုင်ရှင်မှာ အခြား ကြည်အောင် မဖြစ်နိုင်။ ငယ်နာမည် ကြည်လင်ခေါ် အင်းဝသား ဆရာကြည်အောင်လို့ပဲ ယူဆသည်။ အကြောင်းမှာ ဆရာ့သူငယ်ချင်း အရင်းအချာများ ဖြစ်သော ဆရာတင်မိုးနှင့် ဆရာမောင်စွမ်းရည်တို့ကလည်း ကလေးကဗျာတွေ ရေးဖွဲ့ခဲ့သူများဖြစ်လို့ပဲ ဖြစ်ပါ၏။

ထိုကလေးကဗျာလေးကို နှစ်သက်တာက တစ်ကြောင်း၊ ဆရာ့ကိုလေးစားတာက တစ်ကြောင်းတို့ကြောင့် ဆရာ့ 'ခဲတံလေး' ကဗျာကို မှီ၍ ကျွန်တော်က ကလေးကဗျာ အသစ်တစ်မျိုးထွင်၍ ရေးဖွဲ့ထားပါသည်။ ဆရာ့အပေါ် ကျွန်တော် လက်လှမ်းမီသလောက် ဂုဏ်ပြုလို၍လည်း ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ဤစာစုနှင့်အတူ ဤကလေးကဗျာလေးသည် ကျွန်တော် မသိလိုက်ရ မမီလိုက်ရသော ဆရာ့စာပေ ကျေးဇူးအပေါ် ကျွန်တော် ဉာဏ်မီသမျှ ကျေးဇူးဆပ်လက်ာ သို့မဟုတ် ရိုကျိုးလေးမြတ်မှု အနုပညာလည်း ဖြစ်ပါသည်။

**အင်းဝသားရဲ့ခဲတံလေး**

ကျောင်းနေဖက် ချစ်ဖော်ထွေး
ညီညီ့ခဲတံလေး။
ခဲတံလေး ပျောက်သွားရာ
ညီညီလိုက်လို့ရှာ။
တွေ့ပါပြီဗျာ သူ့ကိုယ်စား
ဝလုံးကလေးများ'တဲ့။
အင်းဝသားရဲ့ ရွှေလက်ဆောင်

ကလောင်အမည်က ကြည်အောင်၊
ပညာဉာဏ်ရောင် အလင်းပေး
ကလေးကဗျာ ရေးတယ်လေး။ ။

ဆရာကြည်အောင် အမှတ်တရ

❐

ဒွေးလေးမေမေ

“ကျွန်တော့်ရင်ထဲမှာ
"ဗျာ" ဟု တလိုက်မိပါသည်။
ကျွန်တော် မကြားဖူးသည့်စကား။
ကျွန်တော် ကြားချင်သည့်စကား။
ကျွန်တော် ကြားလိုက်ရသည့်စကား။
ကျွန်တော့်ကို သားလို့ ပြောသွားတာလား။
ကျွန်တော် ငယ်ငယ်လေးကတည်းက
မမျှော်လင့်ရဲခဲ့တဲ့ ဆန္ဒပါ
ဒွေးလေးရယ်”

## ဒွေးလေးမေမေ

(၁)

အမေတစ်ခု သားတစ်ခု ဟူသော ဝေါဟာရသည် မြန်မာမိသားစု နယ်ပယ်၌ ရင်းနှီးကျွမ်းဝင်ပြီးသား ဖြစ်ပါသည်။ အမေတစ်ခုဆိုသည်မှာ တစ်ယောက်တည်းသော အမေကို ညွှန်း၍ သားတစ်ခု ဆိုသည်မှာ တစ်ယောက်တည်းသော သားကို ညွှန်းကြောင်း အထူးရှင်းပြစရာ လိုမည် မဟုတ်ပေ။

ထိုအမေတစ်ခု သားတစ်ခုကို အကြောင်းပြု၍ အမေတစ်ခု သား နှစ်ခုသည် လည်းကောင်း၊ အမေတစ်ခု သားသုံးခုသည် လည်းကောင်း၊ အမေတစ်ခု သားလေးငါးခုသည် လည်းကောင်း အကြောင်းမရွေး ဖြစ်နိုင် ပါသည်။

သို့သော် အမေနှစ်ခု သားတစ်ခုဟူသော အဖြစ်မျိုးကား အတန်ငယ် ရှားပါးလိမ့်မည် ထင်သည်။

(၂)

ကျွန်တော့် ငယ်ဘဝအကြောင်းကို တစ်စုံတစ်ရာ ပုံရိပ်ဖော်လျှင် ဒွေးလေးခင်စော၏ ပုံရိပ်အချို့ကလည်း မကြာခဏ ပေါ်လာတတ်သည်မှာ သဘာဝတော့ ကျပါသည်။ အမည်ရင်းက ဒေါ်ခင်စော။ ကျွန်တော့်အမေ ဒေါ်အေးနှင့် ညီအစ်မတစ်ဝမ်းကွဲ တော်၏။ ဖအေညီအစ်ကိုအရင်းက

မွေးလာကြသူတွေ ဖြစ်၏။ ကျွန်တော့်အမေက သုံးလေးနှစ်ခန့် ကြီး၏။ ထို့ကြောင့် ကျွန်တော်နှင့် ဒွေးလေး တော်စပ်၏။

မှတ်မှတ်ရရ မိုးတွေ သဲကြီးမဲကြီး ရွာတတ်သော သြဂုတ်လလယ်၏ တစ်ခုသောရက်တွင် ဒွေးလေးခင်စောနှင့် ကျွန်တော် စတင် ဆုံစည်းရခြင်း ဖြစ်သည်။ ဒွေးလေးခင်စောက အောင်လံမြို့မှာနေပြီး ဈေးရောင်းသည့်ဈေးသည်။ ထိုစဉ်က "ကိုအောင်မြင့် မခင်စော မုန့်ဆိုင်" ဟူသော ဆိုင်းဘုတ်ကြီးနှင့် အောင်လံမြို့ဈေးကြီး၏ မြောက်ဘက်ပေါက် အဝင်ဝ ဘယ်ဘက်တွင် ဆိုင်ကြီးက ဟီးလို့။ ကျွန်တော်က လေးတန်းအောင်ပြီး ကျောင်းဆက်မနေဖြစ်ဘဲ စာရပေအနောက်စုရွာကနေ ဈေးလာဝယ်သည့် တောသား။

ဈေးသည်ဆိုတော့ ဒွေးလေးခင်စောက အကင်းပါးသည်။ လေးတန်းအောင်ပြီး ကျောင်းဆက်မနေဖြစ်တာကို သိသွားသည်။ နှုတ်သွက်လျှာသွက်ပဲ ကျောင်းထားပေးလျှင် နေမလား မေးသည်။ ကျွန်တော် ခေါင်းညိတ်လိုက်တာကို သည်ထက် ပိုမြန်လေမည်လားတောင် မပြောတတ်။ ဘာစာချုပ်မျှ မချုပ်လိုက်ရဘဲ တစ်ခါတည်း ကိစ္စပြတ်သွားသည်။

ဈေးကူရောင်းရမည်၊ ထမင်းချက်ရမည်၊ ကလေးထိန်းရမည်၊ အဝတ်လျှော်ရမည်၊ ကိစ္စမရှိ ဘာပဲလုပ်ရလုပ်ရ။ ကျောင်းနေရလျှင်ပြီးရော။ ကိစ္စမရှိ။ တောင်တွင်းကြီးမြို့နယ် ချောင်းနက် အရှေ့စုရွာက ဦးလေးရွှေ၏ အိမ်တွင် လေးတန်းကျောင်းနေစဉ်ကပင် ကျောင်းပိတ်ရက်၌ ရွာစဉ်လည်၍ မုန့်ဟင်းခါးတောင်းလေး ထမ်းကာ ဈေးရောင်းခဲ့ဖူးသည်။ ညနေ ကျောင်းဆင်းတိုင်း မြင်းလည်းကျောင်းဖူးသည်။ ပြီးတော့ မီးရထားလမ်း နံဘေးက ကျွန်းတုံးတွေမှ အခွံတွေကို ထင်းအဖြစ် အခါခါ ခွာခဲ့ရဖူးသည်။ အလုပ်က ကျွန်တော့်အတွက် ပြဿနာမဟုတ်။ ကျောင်းမနေနိုင်ခြင်းကသာ ပြဿနာ။

သည်လိုနှင့် ဒွေးလေးခင်စောအိမ်တွင် နေဖြစ်ခဲ့၏။ ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်း။ သုံးနှစ်သုံးမိုး ကြာ၏။ ကျွန်တော်၏ တစ်နေ့တာ တာဝန်က နံနက် ခြောက်နာရီမထိုးခင် အိပ်ရာထရသည်။ ဈေးကို ပြေးရ

သည်။ ဆိုင်ဖွင့်ရသည်။ ဆိုင်ဖွင့်ပြီးလို့ ဦးလေး သို့မဟုတ် ဒွေးလေး တစ်ယောက်ယောက်လာမှ မုန့်ဖိုး ဆယ့်ငါးပြားယူ၍ အိမ်ပြန်ရသည်။ ကျောင်းလွယ်အိတ် ဝင်ယူ။ ကျောင်းဆက်တက်။ မနက် ကျောင်းဆင်းလျှင် အိမ်မှာ ထမင်းတစ်အိုးချက်။ ပြီးလျှင် ဦးလေးနှင့်ဝိုင်းကူ၍ ဟင်းချက်။ ဦးလေး အချိန်မီ ရောက်မလာပါက ကိုယ်တိုင်ဈေးပြေးပြီး ဟင်းချက်စရာ သွားယူရသေး၏။ ဦးလေးပြန်လာလျှင် အဆင်သင့်ဖြစ်အောင် ထောင်းတန် တာထောင်း၊ နွှာတန်တာနွှာ၊ အစစ ကြိုလုပ်ထားရ၏။

ဦးလေးနှင့် ဝိုင်းလုပ်ပြီးမှ နေ့ကျောင်းပြန်တက်ရ၏။ ထမင်းဟင်း ကျက်လျှင် စားသွား။ အချိန်မီမကျက်လျှင် နေ့လယ်မုန့်စားကျောင်း လွှတ်မှ မနက်စာ ပြန်စားရ၏။ ညနေကျောင်းဆင်းလျှင် အိမ်မှာ ညစာထမင်းအိုး ချက်ရသည်။ ချက်ပြီးမှ ဈေးသို့လိုက်သွား၍ ဆိုင်ကူသိမ်းရသည်။ ဆိုင်သိမ်း ပြီးလျှင် ကလေးတစ်ယောက်ကို ခါးတွင်ချီ၍ ငါးဆင့်ချိုင့် ထမင်းချိုင့်ကို ဆွဲကာ အိမ်ပြန်ရသည်။ အိမ်ရောက်သည်နှင့် ဟင်းအိုးတွေနွှေး။ ကလေး အငယ်ကို ရေချိုး အဝတ်အစားလဲပေး။ ကလေးအားလုံးကို ထမင်းခူးကျွေး၊ ကလေးတွေ ကျွေးပြီးမှ ဒွေးလေးတို့ လင်မယားနှင့်အတူ ထမင်းအတူတူ ဝင်စားရ၏။ အားလုံး အိမ်မှုကိစ္စတွေပြီးတော့ ညကိုးနာရီ ကျော်ပြီ။

ဒွေးလေးခင်စောအိမ်တွင် နေစဉ်ခိုက် ကျောင်းပိတ်ရက်မှာ ရွာပြန် ရသည့်ရက် နည်းခြင်းနှင့် ဒွေးလေးရဲ့သား ကျွန်တော့်ထက် လပိုင်းမျှသာ ငယ်သည့် ညီတော်သူက ညီအစ်ကိုစိတ်မထားဘဲ မကြာခဏ ဗိုလ်ကျ တတ်သည်မှအပ အားလုံး အဆင်ပြေခဲ့ပါသည်။ သေချာတာကတော့ ကောင်းကောင်းဝတ်၊ ကောင်းကောင်းစားပြီး ကျောင်းထားပေးခြင်းပဲ ဖြစ်သည်။

ဦးလေးဖြစ်သူ ဦးလေးအောင်မြင့်ကလည်း သဘောကောင်းသည်။ "ငါ့တူ စာကြိုးစား၊ အလုပ်လည်းကြိုးစား။ ငါ့တူ ဆယ်တန်းအောင်ရင် ဦးလေးက မင်းကို ဆိုင်တစ်ဆိုင်ခွဲပေးမယ် ကြားလား" ဟု မကြာခဏ ပြောတတ်ပါသည်။

ဒွေးလေးခင်စောအဲသည်လို ပြောဖော်မရပေမယ့် ဒွေးလေးကို ကျေးဇူးတင်စရာတွေ ရှိသည်။ ဒွေးလေးခင်စောက စာဖတ်ဝါသနာပါသည်။ သူ့ကြောင့် စာအုပ်တွေ ဖတ်ခွင့်ရသည်။ မဂ္ဂဇင်းတွေ ကြည့်ခွင့်ရသည်။ မြင့်ကျော်၊ မြင့်နီ၊ ကရမက်၊ ရောင်နီ၊ အောင်လင်း၊ တက္ကသိုလ် ဟန်ဝင်းအောင်တို့၏ အမည်တွေနှင့် ရင်းနှီးရသည်။ ရုပ်ရှင်မဂ္ဂဇင်းအချို့နှင့် လှိုင်းဂှက်သည်းဖိုမဂ္ဂဇင်းကိုလည်း ဖတ်ခွင့်ရသည်။ ပြီးတော့ လစဉ်ထုတ်မဂ္ဂဇင်း စာစောင်တွေထဲက ကြိုက်ရာ တစ်အုပ်ကိုပါ ဝယ်ခွင့်ပြုသည်။ ကျွန်တော့်မှာ အဲသည့်အချိန်ကတည်းက စာပိုးဝင်နေခဲ့သည်မှာ ဒွေးလေးခင်စော၏ ကျေးဇူးဖြစ်သည်။ ဒွေးလေးခင်စောက ရုပ်ရှင်လည်း ကြိုက်တော့ ကျွန်တော်နှင့်အံကိုက်ပဲ ဖြစ်သည်။ ကျွန်တော် ရွှေဘကိုကြိုက်တာ၊ ကျော်ဆွေကိုကြိုက်တာ ဒွေးလေးစနက်မကင်းဟု ဆိုနိုင်သည်။

ဒွေးလေးခင်စောသည် ဈေးရောင်းခြင်းနှင့် စာဖတ်ခြင်းကိုသာ ဝါသနာပါသော်လည်း အိမ်မှုကိစ္စလုပ်ဖို့ကျတော့ လုံးဝ ဝါသနာမပါပေ။ ထို့ကြောင့် သူလိမ်းဖို့ သနပ်ခါးကိုလည်း သွေးပေးရသည်။ သူ့ချွေးခံအင်္ကျီကိုလည်း လျှော်ဖွတ်ပေးရသည်။ တစ်ခါတစ်ရံ ညဘက် နင်းခိုင်းတာကိုတော့ ကျွန်တော် စိတ်ပျက်သည်။ ကျွန်တော်က နင်းကောင်းကောင်းနှင့်နင်းနေစဉ် သူက အသံမထွက်ဘဲ အိပ်မောကျသွားတတ်လို့ ဖြစ်၏။

ဦးလေးအောင်မြင့် ပြည်မြို့သို့ ကုန်ဝယ်သွားလျှင် အိမ်မှာ စားဖိုမှူးက ကျွန်တော်ပဲ ဖြစ်သည်။ တစ်ခါသား ကျွန်တော့်အား ဆိတ်သားနှင့် အာလူးချက်ခိုင်းရာ နားကြားလွဲပြီး အာလူးတွေကို နာနာလုံးပြီးမှ ဆိတ်သားကိုထည့်ချက်ရာ ဆိတ်သားတွေ မနူးခင် အာလူးတွေ ကြေကုန်တော့သည်။ ဒါပေမဲ့ ဒွေးလေးခင်စောက အပြစ်မပြော။ သူ မလုပ်ရလျှင် ပြီးရော။ ဖြစ်သလို စားနိုင်တာကိုတော့ အံ့သြသည်။

ခုနစ်တန်းဖြေပြီးလို့ ရွာမပြန်ရသော ကျောင်းပိတ်ရက် တစ်နေ့မှာတော့ သူ့သားနှင့် ရန်ဖြစ်၍ ထိုးကြိတ်လိုက်မိသဖြင့် ကျွန်တော့်ကို ဆူလိုက်ပြောလိုက်တာ တစ်နေကုန်ပါသည်။ သူ့သားကို အဲသည်လို လုပ်တာသည်

ကျွန်တော့်အဖေ အောင်ချစ်တူလို့ လုပ်တာ။ အောင်ချစ်နှင့်တူလို့ မိုက်ရိုင်းတာဟု တွင်တွင် သုံးပါလေတော့သည်။ မကြာပါချေ။ ကျွန်တော့်ကို တောပြန်ပို့လိုက်ပါသည်။ ဒွေးလေးခင်စောအိမ်မှာ သုံးနှစ်သုံးမိုး နေခဲ့သမျှ ဤအဖြစ်ဆိုးနှင့် နိဂုံးချုပ်ခဲ့ရသည်။

(၃)

ဒွေးလေးအိမ်မှ ခွာခဲ့ရပြီး အောင်လံမြို့မှ နှစ်မိုင်သာသာ ဝေးသော ရွာတောင်ရွာဆာပါ ဘုန်းကြီးကျောင်းသို့ ဘဝတစ်ချိုး ပြောင်းခဲ့ရပြန်ပါသည်။ အမေကတော့ ဘယ်သူ့ကိုမျှ အပြစ်မတင်ပါ။

"ဖြစ်လာမှတော့ ဘယ်တတ်နိုင်မလဲ သားရယ်။ မင်းဒွေးလေးခင်စောကိုလည်း အပြစ်မတင်နဲ့။ သူ့ကျေးဇူးတွေ မင်းအပေါ်မှာ အများကြီးရှိတယ်။ ကျောင်းပိတ်လို့ ရွာပြန်လာရင် သူ့ကို ဝင်နှုတ်ဆက်ပြီး ကန်တော့ခဲ့။ ရွာကနေ မြို့ကျောင်းပြန်ရတဲ့အခါလည်း သူ့ဆီ ဝင်နှုတ်ဆက်ကန်တော့။ ပြီးမှ ဘုန်းကြီးကျောင်းကိုသွား"

အမေပြောသည့် မှာသည့်အတိုင်း ကျွန်တော် လိုက်နာခဲ့၏။ ထို့ကြောင့် ဒွေးလေးခင်စောနှင့် ကျွန်တော့်ကြားတွင် မေတ္တာမပျက်ခဲ့။ အချစ်မပြယ်ခဲ့။ ဒွေးလေးခင်စော ဆိုင်ကိုလည်း ဝင်မြဲထွက်မြဲ။ ရွာထောင် ဆာပါကျောင်းမှာ သုံးနှစ်နေပြီးတော့ ဘဝတစ်မျိုး ပြောင်းပြန်ပါသည်။ (၁၉၆၇) ခုနှစ် ဟိုက်စကူးဖိုင်နယ် နောက်ဆုံးနှစ်ဖြေအပြီးတွင် ရန်ကုန်သို့ ရွက်လွှင့်ခဲ့ရပြန်ပါသည်။

ရန်ကုန်မြို့ နေနတ်သား စာသင်တိုက်တွင် ဘုန်းကြီးကျောင်းသားဘဝနှင့် လောကထဲ ရဲခဲ့ရပြန်သည်။ လောကဓံက မျက်နှာသာမပေးခဲ့။ ဘုန်းကြီးကျောင်းသားဘဝတွင် ရသတွေက ခါးသီးလှ၏။ အလုပ်မရသေးခင် ရရာဝင်လုပ်ရ၏။ အမှတ် (၁) သစ်စက်တွင် ညနေပိုင်း အချိန်ပိုနေ့စားဝန်ထမ်းအဖြစ် သစ်ဝင်ထမ်းရ၏။ ထိုညနေပိုင်းလေး နေ့စားအလုပ်ရဖို့ မနက်ပိုင်းသစ်စက်မှာ တုံကင်သွားယူရသည်။ တုံကင်ပြားလေး ရဖို့

ကိုယ့်လောက် စာမတတ်တဲ့ တုံကင်ပေးသည့် စာရေးကို အစ်ကို အကြိမ်ကြိမ် ခေါ်ပြီး ကိုယ့်နာမည်ကိုပါ အခါခါ အော်ပြောရသည်။ ဒါမှ သူမှတ်မိမည်။ သူ မှတ်မိမှ တုံကင်ပြားရမည်။

ပထမဦးဆုံး သစ်ထမ်းလို့ရသော သုံးကျပ်ဆယ့်ငါးပြားငွေကို သုံးကျပ်ဖိုး ဝတ္ထုစာအုပ်ဝယ်၍ ငါးပြားဖိုး ရေခဲချောင်းစားကာ လိုင်းကားဆယ်ပြားပေး၍ ဘုန်းကြီးကျောင်း ပြန်ခဲ့၏။ သည့်နောက်တော့ ဘုန်းကြီးကျောင်းမှာ အတူနေသည့် ဖျဉ်းမနားသား လူပျိုကြီး ကိုခင်မောင် ပြောပေးလို့ လျှပ်စစ်အဖွဲ့တွင် အလုပ်ရသည်။ မြေအောက်ဓာတ်ကြိုးဌာနတွင် မြေကြီးပေါက်ရသည်။ မြေကြီးသုံးလခန့် ပေါက်နေရချိန်တွင် ဟိုက်စကူးဖိုင်နယ်အောင်၍ ကျွန်တော့်ကို ရုံးဌာနသို့ ပို့လိုက်သည်။ လျှပ်စစ်ငွေစာရင်းဌာနတွင် ရှန်းကန်ရင်း ဆယ်တန်းကို သုံးနှစ် ဖြေရ၏။

ဆယ်တန်းအောင်ပြီး ကောလိပ်တက်ခွင့်မရဘဲ တစ်နှစ် နားရ၏။ ဝါသနာပါသော စာပေကဗျာတွေ တစ်ဝဖတ်ပစ်လိုက်သည်။ လုပ်သားကောလိပ် ဒုတိယနှစ်ရောက်တော့ ကျွန်တော် ကဗျာတွေ စာတွေ ရေးနေပြီ။ ငွေတာရီမဂ္ဂဇင်းတွင် ကဗျာတွေ ပါနေပြီ။ လျှပ်စစ်ရုံး၊ စာရေး၊ ကဗျာဆရာ၊ ဘုန်းကြီးကျောင်းသားဘဝဖြင့် ရေဆန်လေဆန်ကို မနည်း လှော်ခတ်ခဲ့ရသည်။ သို့ဖြင့် ဘွဲ့မရမီ တစ်နှစ်အလိုတွင် ကျွန်တော် အိမ်ထောင်ကျခဲ့သည်။

အိမ်ထောင်ကျသွားပြီဆိုတော့ ဘဝတစ်ခု အနည်ထိုင်သွားသလို ကြွေရသွားသည်။ ကျွန်တော် မိန်းမရ ကံကောင်းတာလည်း ဖြစ်နိုင်သည်။ ကျွန်တော့် ဇနီးသည်က စီးပွားရှာတတ်တော့ ကျွန်တော်စာတွေ ကဗျာတွေ ပိုရေးနိုင်သည်။ တစ်သက်လုံး ကျောင်းဝအောင် မနေခဲ့ရသော ကျွန်တော်၊ စာဝအောင် မသင်ခဲ့ရသော ကျွန်တော်သည် စာရေးဆရာ၊ ကဗျာဆရာဖြစ်မှ ရည်ရွယ်ချက်ကြီးကြီးထားကာ ကြိုးစားခဲ့သည်။ စာပေနယ်တွင် ဆယ့်ငါးနှစ်ကြာတော့ ကျွန်တော့် မျှော်မှန်းချက် အထမြောက်ခဲ့ပြီ။ ကျွန်တော် အမျိုးသားစာပေဆု ရခဲ့ပြီ။

ကျွန်တော် ခုလိုအောင်မြင်မှုရတော့ အဖေနှင့်တန်းတူ ဝမ်းသာသူ

ထဲမှာ ဒွေးလေးခင်စော ဖြစ်ပါသည်။ ထိုအချိန်က ဒွေးလေးခင်စော မွေးထားသည့် သားသမီးထဲတွင် ဘွဲ့ရသူပင် မရှိသေး။ သည်တော့ ဒွေးလေးခင်စောက ကျွန်တော့်အတွက် ဂုဏ်ယူသည်။ သူ့အိမ်မှာ တစ်ခါ တုန်းက ကျောင်းထားပေးရသည့် ကောင်လေးလို့ မမြင်တော့။ ဘွဲ့ရ ပညာတတ် တိုင်းသိပြည်သိ စာရေးဆရာတစ်ယောက်လို တလေးတစား ဆက်ဆံလာသည်။

ကျွန်တော် အောင်လံမြို့လေးသို့ ပြန်လာချိန်ဆိုလျှင် ကျွန်တော့်အား ညှော်ကောင်းစောင်ကောင်းလို စည့်ခံရုံမျှမက သူ့ဆိုင်နားနီးချင်းတွေကိုလည်း စာရေးဆရာ၊ ကဗျာဆရာလို့ ညွှန်းရပြောရ ဂုဏ်ဖော်ရတာ မမောနိုင်ပါပေ။

အဲသည်လိုဖြင့် ဒွေးလေးခင်စောနှင့် ကျွန်တော့်အကြား ပို၍ ရင်းချာ လာသည်။ ကျွန်တော် အမေ့ရွာပြန်လာလို့ အောင်လံမြို့မှာ ဝင်နားခိုတိုင်း ဒွေးလေးက အသွားရောအပြန်ပါ သူ့အိမ်ဝင်မှ ကြိုက်သည်။ သူ့အိမ်မှာ စားမှ ကြိုက်သည်။ ဒွေးလေး ကျေနပ်အောင် ကျွန်တော်ကလည်း အသွား အပြန် နှုတ်ဆက်သည်။ စားသောက်ပြီးမှ ကျွန်တော့် ညီအရင်းအိမ်သို့ ပြန်အိပ်သည်။

ဝင်ပါထွက်ပါ များလာသည်နှင့် ဘယ်သားက ဘယ်လို၊ ဘယ် သမီးက ဘယ်သို့ စသည်ဖြင့် ကျွန်တော့်ထံ ရင်ဖွင့်လာသည်။ သူ ရင်ဖွင့်ပုံက သားကြီးအရင်းအချာကို ရင်ဖွင့်ပုံမျိုး ဖြစ်သည်။ လောကဓံ အလှည့်အပြောင်းတွင် သူ့သားသမီးတွေ လူလားမမြောက်ခင်က သူတို့၏ အခက်အခဲတချို့ကို ကျွန်တော် တုံ့ပြန်ကူညီခဲ့ဖူးတာနှင့် ဦးလေးအောင်မြင့် ရန်ကုန်ဆေးလာကုခိုက် ကျွန်တော့်အိမ်တွင် မိဘအရင်းသဖွယ် ကျွန်တော့် မိသားစုက လိုလေသေးမရှိ ဂရုစိုက်တာတွေက ပို၍ သွေးနီးခဲ့သည် ထင်ပါသည်။

ယမန်နှစ်ကတော့ဖြင့် အောင်လံမြို့ကလေးက ကျွန်တော့်ကို ဟောပြောပွဲ ဖိတ်သည်။ ညပိုင်း ဟောပြောပွဲပြီးတော့ ညီရဲ့အိမ်မှာ ပြန်အိပ် သည်။ မနက်မိုးလင်းတော့ ရွာတန်းသွားသည်။ အချိန်မရတာနှင့် ဒွေးလေး

ခင်စောအိမ်သို့ ကျွန်တော် မဝင်ဖြစ်ခဲ့။ ရွာကပြန်လာပြီးမှ သူ့အိမ် ဝင်နှုတ်ဆက်ရသည်။

ကျွန်တော့်ကို ဘွားခနဲ တွေ့လိုက်ရတော့ အံ့သြဝမ်းသာဖြစ်ကာ အပြေးကလေး လာဖက်ပါသည်။ ပြီးတော့ နှုတ်ကလည်း တဖွဖွဖြင့် ''မင်းပြန်သွားပြီဆိုပြီး မတွေ့လိုက်ရလို့ ရင်ထဲမှာ ဟာကျန်ခဲ့ပြီး နေမကောင်းဖြစ်ချင်နေတာ။ ခုတော့ နေကောင်းသွားပြီ'' ဟုဆိုကာ ကျွန်တော့်ကို ဧည့်ခန်းထဲ ဆွဲခေါ်သွားသည်။

တကယ့် အမေတစ်ယောက်လို စိတ်လွတ်ကိုယ်လွတ် လုပ်လိုက်တာဖြစ်ကြောင်း ကျွန်တော့်နှလုံးသားက နားလည်ပြီးသား ဖြစ်သည်။ တကယ်တော့ အသက်ငါးဆယ်အရွယ်နှင့် ဆုံးပါးသွားရှာသော သူ့သားကြီးရှိမည်ဆိုလျှင်လည်း ကျွန်တော်နှင့် ရွယ်တူပေါ့။ ရှိတဲ့ သားငယ်တွေကလည်း အရွယ်အိုအဘွားကြီးနား ကပ်ရကောင်းမှန်း မသိကြ။ သည်အထဲ သူမျှော်လင့်တဲ့ သားကြီးကလည်း ဆုံးပါးသွားခဲ့ပြီ ဖြစ်သလို ယမန်နှစ်ကမှ ဒွေးလေးရဲ့အဖော် ဦးလေးအောင်မြင့်က တစ်သက်စာ မျက်နှာလွှဲသွားခဲ့ပြန်သည်။ ရွှေဆိုင်ပိုင်ရှင် သမီးတွေကလည်း အိမ်ပြန်ရောက်လို့မှ အမေနေကောင်းရဲ့လား။ အမေ စားကောင်းရဲ့လားလို့ မေးဖော်မရကြ။ အထီးကျန်ဘဝကို အဖော်ပြုနေရသူမို့ ကျွန်တော့်ကိုမြင်တော့ အရာရာ ကိုယ်စားအားရှိသွားပုံရသည်။ တိုးတိုးဖော်အဖြစ်လည်း ယုံကြည်သွားပုံရသည်။

ထိုနေ့မှာပင် ဒွေးလေးခင်စောကို နှုတ်ဆက်ပြီး ညကားဖြင့်ကျွန်တော် ရန်ကုန်ပြန်ခဲ့သည်။ တစ်လမ်းလုံး ကျွန်တော် တွေးလာခဲ့၏။ အတူနေသမီးတွေ၏ ချမ်းသာသော အရိပ်က အရွယ်အို အမေ့တစ်ယောက်စာကိုမျှ အေးချမ်းအောင် မစွမ်းနိုင်ချေတကား။

(၄)

အတိတ်နိမိတ်ဆိုသည်ကို ဘယ်သူတွေ ဘယ်လို ယုံကြည် မယုံကြည်ကိုတော့ ကျွန်တော် မသိပါ။ ကျွန်တော်ကတော့ ယုံသည်။ ယုံရသည့်

အကြောင်းကလည်း ရှိသည်။ ဆိုပါစို့။ ကျွန်တော့်အဖို့ ကောင်းတာတွေ ကြားရမည်။ ကောင်းတာတွေ ကြုံရမည်ဆိုလျှင် ကျွန်တော့် ညာဘက် လက်မောင်းသားတွေက တဆတ်ဆတ် လှုပ်သည်။ မကောင်းတာတွေ ကြားရ ကြုံရတော့မည်ဆိုလျှင်မူ ဘယ်ဘက် လက်မောင်းသားတွေက တဆတ်ဆတ် လှုပ်တော့သည်။

ပြောရမည်ဆိုလျှင် ထိုနေ့က တနင်္ဂနွေနေ့ ဖြစ်သည်။ ထုံးစံအတိုင်း သူငယ်ချင်းနှစ်ယောက်နှင့် လက်ဖက်ရည်ဆိုင်မှာ ထိုင်ကြသည်။ ဟို အကြောင်း သည်အကြောင်းတွေ ပြောရင်း အဖေ၊ အမေ အကြောင်းတွေ ရောက်သွားသည်။ ထိုစဉ်မှာပင် ကျွန်တော့်နှုတ်က "ကျွန်တော့်မှာတော့ အဖေလည်း သေပြီး အမေလည်း သေပြီဗျ" ဟု လွှတ်ခနဲ ထွက်သွား သည်။ ပြီးမှ ရှာက အမှန်ကို သတိရသွားပြီ "ဟာ… ဘွာတေးဗျာ၊ ဘွာတေး ဖွဟဲ့လွဲပါစေ ဖယ်ပါစေ။ အမေက ရှိသေးတယ်ဗျ။ ရှာမှာ အလန်းကြီး" ဟု ကပျာကယာ ပြင်ပြောလိုက်မိသည်။

နှုတ်က အလန့်တကြား ပြင်ပြောလိုက်ပေမယ့် ထိုခဏမှာပင် တဆတ်ဆတ် လှုပ်နေသော ဘယ်ဖက် လက်မောင်းသားတွေကြောင့် ကျွန်တော့်ရင်ထဲ ဘုရားတနေမိသည်။ ဘုရား ဘုရား မကြားသင့်တာတွေ မကြားပါရစေနဲ့။ သို့သော် ဆုတောင်းမပြည့်ခဲ့ပါ။ ညနေမိုးချုပ်တော့ အောင်လံက ဖုန်းလာသည်။

ဒွေးလေးခင်စော ဆုံးပြီတဲ့။

(၅)

မိုးလင်းတော့ အောင်လံ ဒဂုံမနက်ကားဖြင့် လိုက်သွားခဲ့သည်။ အောင်လံသို့ ညနေရောက်၏။ ကားဂိတ်လာကြိုသည့် ညီဖြင့် အဝတ်အိတ် ကို သူ့အိမ် ပို့ထားလိုက်သည်။ ကျွန်တော် ကိုယ်တိုင်ကမူ ဒွေးလေးခင်စော အိမ်သို့ အသော့နှင်ခဲ့၏။

ကျွန်တော် ရောက်သွားတော့ အိမ်ထဲမှာရော အိမ်အပြင် ခြံဝင်းထဲ

မှာပါ လူတွေ စုံနေသည်။ စာရပေရှာက ဆွေမျိုးတွေကိုလည်း တွေ့ရသည်။ ချင်းစုရွာက ဆွေမျိုးတွေကိုလည်း တွေ့ရသည်။ ဒွေးလေးခင်စောကတော့ ညှော်ခန်းအလယ်က မှန်သေတ္တာထဲတွင် တည်ငြိမ်အေးချမ်းစွာ တစ်သက်စာ လဲလျောင်းနေလေပြီ။ ဆွေမျိုးတွေက သူ့အေးပတ်ပတ်လည်မှာ ဝိုင်းလျက်။

ကျွန်တော် ဒွေးလေးခင်စောကို ကန်တော့ပြီးလို့ ခဏ အမောဖြေနေစဉ် ဦးလေးဘုန်းကြီးက အပေါ်ထပ်လာခဲ့ဆို၍ ဆွေမျိုးများကို နှုတ်ဆက်ကာ အိမ်အပေါ်ထပ်သို့ တက်ခဲ့၏။ ဦးလေးဘုန်းကြီးနှင့် တူတော်မောင် ဦးပဥ္စင်းငယ်တို့က ရောက်နှင့်နေပြီ။ ဦးလေးဘုန်းကြီးရှေ့တွင် ယောဂီဝတ် အဘွားအို တစ်သိုက်ကိုပါ တွေ့ရ၏။

"ဟော… ရောက်လာပါပြီဗျာ။ အဲဒါ ဒေါ်ခင်စော ပြောပြောနေတဲ့ စာရေးဆရာပေါ့"

ဦးလေးဘုန်းကြီးက အဘွားအိုတစ်သိုက်နှင့် ကျွန်တော့်ကို မိတ်ဆက်ပေး၏။ ထိုစဉ် ယောဂီဝတ်စုံနှင့် အငြိမ်းစား ကျောင်းဆရာမကြီးတစ်ဦးက ကျွန်တော့်အနီးသို့ တိုးလာသည်။ ပြီးတော့ ဖော်ရွေစွာပြုံးရင်း ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်ပြီး ညင်သာစွာ စကားဆိုသည်။

"အဘွားက ဒေါ်ခင်စောနဲ့ ဘုရားသွားကျောင်းတက် ဥပုသ်အတူတူစောင့်တဲ့ ဓမ္မမိတ်ဆွေပါ။ ဒီက စာရေးဆရာကြီးကို ခုမှ တွေ့ဖူးပေမယ့် စာရေးဆရာကြီး အကြောင်းကိုတော့ ဒေါ်ခင်စော ပြောပြလို့ ရင်းနှီးနေပါပြီ။ ဒေါ်ခင်စော မကွယ်လွန်ခင်က အဘွားကို ခဏခဏ ပြောပါတယ်။ သူ့မှာ သားတစ်ယောက် ရှိသေးတယ်တဲ့။ ရန်ကုန်မှာနေပြီး အယ်ဒီတာလုပ်ရင်း စာတွေ ကဗျာတွေ ရေးနေတဲ့ စာရေးဆရာတဲ့"

ကျွန်တော့်ရင်ထဲမှာ "ဗျာ" ဟု တလိုက်မိပါသည်။ ကျွန်တော် မကြားဖူးသည့်စကား။ ကျွန်တော် ကြားချင်သည့် စကား။ ကျွန်တော် ကြားလိုက်ရသည့်စကား။ ကျွန်တော့်ကို သားလို့ ပြောသွားတာလား။ ကျွန်တော် ငယ်ငယ်လေးကတည်းက မမျှော်လင့်ရဲခဲ့တဲ့ ဆန္ဒပါ ဒွေးလေး

ရယ်။ မျက်ဝန်းပေါ် ဝေ့ဝဲလာသော မျက်ရည်တို့ကို ဣန္ဒြေဖြင့် ဘယ်လိုပင် တားဆီးနိုင်ပေမယ့် ရင်ထဲမှာတော့ ကမ်းတွေပြိုခဲ့ပါပြီ။

(၆)

လောကဌ် အမေတစ်ခု သားတစ်ခုဟူသော စကားကိုသာ နားယဉ်ခဲ့ဖူးသည်။ အခု ကျွန်တော့်မှာ အမေနှစ်ခု သားတစ်ခုဘဝ ကြုံရပြီ။ ဒွေးလေးခင်စောသည် ဘယ်အချိန်က ကျွန်တော့်အမေ ဖြစ်ခဲ့ပါသလဲ ကျွန်တော် မသိ။ ကျွန်တော့်ကို သူ့သားလို့ ကျွန်တော် သိရချိန်တွင် ဒွေးလေးခင်စောက တစ်ဘဝစာ ငြိမ်းချမ်းရာသို့ ထွက်ခွာသွားခဲ့ပြီ။

ကျွန်တော် ကျေနပ်ပါသည်။ ကျွန်တော့်မှာလည်း တစ်ဘဝစာမျှ ပြည့်စုံသွားလို့ ဖြစ်သည်။ တမလွန်ဘဝက ဒွေးလေးခင်စော တစ်ယောက် ကြားနိုင်ဦးမည်ဆိုလျှင် ပြောလိုက်ချင်ပါသေးသည်။ သည်ဘဝမှာ သည်မျှနှင့် ကြုံရပေမယ့် နောင်ဘဝကျလျှင်တော့ ကျွန်တော်တို့ နှစ်ယောက် အမရင်းသားရင်း ဘဝမျိုးနှင့်ပဲ ဆုံခွင့်ရချင်ပါသည်။

သည့်အတွက် စာရပေအနောက်စုရွာက ကျွန်တော့်အမေ ဒေါ်အေးက နားလည်ခွင့်လွှတ်နေမှာ အသေအချာပဲဟု ယုံကြည်ပါသည်။

(၈-၈-၂၀၁၄)

**Family မဂ္ဂဇင်း**

မြေလတ်မောင်မြင့်သူ

❐

**ဆရာမကြီးဒေါ်နုယဉ်**

(သို့မဟုတ်)

**ကျွန်တော်နှင့်ကဗျာအမေ**

“

ညနေ အလုပ်မှအိမ်ပြန်ရောက်တော့
ထူးဆန်းသော စာအိတ်ထူကြီးတစ်အိတ်
ရောက်နေတာတွေ့ရသည်။
ထူးဆန်းသည်က စာအိတ်ပေါ် ရေးထားသည့်
ကျွန်တော့် နာမည်ဖြစ်သည်။
ရေးထားပုံက 'ဆရာကြီးမြေလတ် မောင်မြင့်သူ' တဲ့။
ဘယ်လိုရေးလိုက်တာလဲ။
ဘယ်သူရေးလိုက်တာလဲ။
ခေါင်းစားသွားသည်။
အံ့ဩသွားသည်။
စာအိတ်ကို ဖွင့်ဖောက်လိုက်တော့မှ
စာတစ်စောင်နှင့် ဓာတ်ပုံတွေ ထွက်ကျလာသည်။

”

## ဆရာမကြီး ဒေါ်နုယဉ် သို့မဟုတ် ကျွန်တော်နှင့် ကဗျာအမေ

(၁)

လောက၌ သွေးမတော်သားမစပ်ပါဘဲလျက် တစ်စုံတစ်ယောက်က တစ်စုံတစ်ယောက်ကို သားလိုချစ်ခဲ့၏။ တစ်စုံတစ်ယောက်ကလည်း ထို တစ်စုံ တစ်ယောက်ကို အမေလို မြတ်နိုးခဲ့၏။ ဤအဖြစ်ဤမေတ္တာမျိုးသည် ရှားပါးလှစွာတကယ်ဖြစ်ခဲ့ ရှိခဲ့သည်ဆိုလျှင် ....

ထိုအမေသည် ကဗျာဆရာမကြီး ဒေါ်နုယဉ်ဖြစ်၍ ထိုသားသည်လည်း အခြားတစ်ပါးသောသူ မဟုတ်မူဘဲ ကဗျာဆရာစင်စစ် ကျွန်တော်ပဲ ဖြစ်ခဲ့ပါလေသည်။

(၂)

ကျွန်တော်နှင့် ဆရာမကြီးဒေါ်နုယဉ်တို့ ဆုံရကြုံရပုံမှာ ကဗျာ မဆန်လှသော်လည်း ကဗျာနှင့်အကြောင်းခံသည်ဟု ဆိုရမည်ထင်သည်။

တစ်နေ့တွင် မထင်မှတ်ဘဲ မြေလတ်သားကဗျာဆရာ တက်လူကို အကြောင်းပြု၍ ဆရာမကြီးအိမ်သို့ ကျွန်တော်ရောက်ခွင့်ကြုံသွားပါသည်။ ဆရာမကြီးကို မတွေ့ရခင် ဆရာမကြီး၏ ခင်ပွန်းဖြစ်သူ ဆရာကြီးတက်တိုးကို အရင်တွေ့ရပါသည်။ ကျွန်တော်တို့ကိုတွေ့သည်နှင့် ဆရာကြီးက နွေးထွေး ပျူငှာ လှိုက်လှဲစွာကြိုဆိုပါသည်။

ပြီးတော့မှအိမ်ထဲသို့လှမ်းငေးကာ "မနုရေ… မင့်အမျိုးတွေ လာတယ်ဟေ့" ဟု အသံပြုပါသည်။ သည်တော့မှ ဆရာမကြီးက အိမ်ရှေ့သို့ထွက်လာပြီး နှစ်လိုဖွယ်အပြုံးနှင့် "အော် …မောင်တက်လူတို့ ပါလား အေး ထိုင်ကြကွယ် ထိုင်ကြဦး" ဟုဆိုကာ အိမ်ထဲခဏပြန်ဝင်သွားသည်။ ပြန်ထွက်လာတော့ ဆရာမကြီးကိုင်လာသည့် လင်ပန်းငယ်လေးထဲတွင် လိမ္မော်ရည်နှစ်ခွက်ပါလာသည်။ အေးအေးဆေးဆေးသောက်ကြဟုဆိုကာ ကျွန်တော်တို့ရှေ့သို့ တစ်ခွက်စီချပေးသည်။

သည်တော့မှ ကဗျာဆရာတက်လူကကျွန်တော့်ကို ဆရာကြီး ဆရာမကြီးတို့ မောင်နှံနှင့်မိတ်ဆက်ပေးသည်။ ဆရာကြီးက မကျေးသား ကျွန်တော်ကလည်းမကျေးတိုင်း ဆင်ပေါင်ဝဲနယ်သားဆိုတော့ ပို၍နွေးထွေးသွားသည်။ သည်တွင် ဆရာမကြီးက "မောင်မြင့်သူရဲ့ ကဗျာတွေ ငွေတာရီ မြဝတီ တို့ကျောင်းသားနဲ့တေဇတွေမှာ တွေ့နေရပါတယ်။ ကြိုးစားကွဲ့ … တို့ကတော့ ကဗျာဆရာဆိုရင် အမျိုးတော်ပြီးသားကွ" ဟု ရင်းရင်း ချာချာ အားပေးပါသည်။

လက်တွေ့မှာလည်း ဆရာကြီးတို့မောင်နှံနှင့် စကားစမြည်ပြောရသည်မှာ တကယ့်ဆွေလိုမျိုးလိုခံစားရသည်။ နှစ်ဦးစလုံးကလည်း ပွင့်လင်းသည်။ ဖော်ရွေသည်။ အေးဆေးသည်။ တည်ငြိမ်သည်။ ရိုးသားသည်။ ကျွန်တော်တို့ နှုတ်ဆက်ပြီးပြန်ကာနီးတော့ ဆရာမကြီး၏ စကားတစ်ခွန်းကြောင့် အလွန်ဝမ်းသာသွားသည်။

"အေးကွယ်ဆရာမကြီးရဲ့ ဒီတစ်ခါမွေးနေ့ကျရင် မောင်မြင့်သူကိုလည်း အမှတ်တရဖိတ်ရမယ်။ တို့က ကဗျာဆရာ ကဗျာဆရာမ အမျိုးတွေချည်း ဆုံကြတဲ့ပွဲကွဲ့"

ကျွန်တော့်ရင်ထဲမှာထီပေါက်သလို ဝမ်းသာသွားပါသည်။ ကျွန်တော်ကဗျာဆရာဖြစ်သည့် သုံးလေးနှစ်အတွင်း ထိုသတင်းကိုကြားရုံသာ ကြားဖူးသည်။ တစ်ခါမျှတော့အဖိတ်မခံရပါ။ ဖိတ်စာရ၍ လာလာပြ

သည့် ကဗျာဆရာတက်လူတို့ ယောနကဖိုးထောင်တို့၏ ဖိတ်စာတွေကို မြင်ရတော့ ကျွန်တော့်မှာ တစ်မျိုးကြီးခံစားရသည်။

ဒါ့ကြောင့် ဒီနှစ်တော့ သေချာပြီ။

ကျွန်တော် မျှော်လင့်စောင့်စားနေမိသော ဆရာမကြီး ဒေါ်နုယဉ်၏ မွေးနေ့ပွဲကားတစစနီးလာပါပြီ။ ဖိတ်စာတွေလည်း ဝေနေပြီ။ ဖိတ်စာရတဲ့ သူတွေလည်းရကုန်ပြီ။ ကျွန်တော့်ဆီကိုတော့ သည်နေ့ထိ ဘာဖိတ်စာမျှရောက် မလာပါ။ ကျင်းပမည့်ရက်ကလည်း တစ်ပတ်ကျော်ကျော်ပဲလိုတော့၏။ ကျွန်တော်သည် ကောက်ကာငင်ကာပင် ကဗျာတစ်ပုဒ်ရေးထုတ်လိုက်၏။ လေးဆစ်အချိုးကဗျာလေး။

'မျှော်တော်ယောင်'

ရွှေဖိတ်စာ လာမလားရယ်လို့
စောင့်စားမိ တမျှော်မျှော်။
ကဗျာဆရာတွေ စုံညီပွဲပေမို့
လွဲချော်မှာ စိတ်မအေး
တွေးလို့ မပျော်။
ဖိတ်စာက မလာသော်
ခြေချော်လို့ ဘယ်ဆီသွား။
ကဗျာရှင် အလုပ်မအားတာကြောင့်
ကိုယ့်လိပ်စာ ရှာမတွေ့
မေ့လို့များလား။

အဆိုပါကဗျာကိုသေချာကူး၊ ကျွန်တော့်လိပ်စာကိုလည်း သေချာ ရေး၍ စာတိုက်သို့အမြန်ပြေးပို့လိုက်ပါသည်။ ကျွန်တော် ကံကောင်းသွားပါ သည်။ ကဗျာရေးရကျိုးလည်းနပ်သွားပါသည်။ သုံးလေးရက်အကြာတွင်

ကျွန်တော့်ထံသို့ ဆရာမကြီးဒေါ်နုယဉ်၏ မွေးနေ့ပွဲဖိတ်စာက ဆိုက်ဆိုက် မြိုက်မြိုက် ရောက်ရှိလာ၍ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ကျွန်တော်နှင့်ဆရာမကြီးတို့မိသားစုတို့၏ သံယောဇဉ်ခရီးအစလည်းဖြစ်သည်ဟု ကျွန်တော်မှတ်ယူပါသည်။ ဆရာမကြီးတို့မိသားစုဆို၍ များများစားစားမဟုတ်ပါ။ ဆရာမကြီးရယ် ဆရာကြီးတက်တိုးရယ် ကိုဒွေးခေါ်သားတက်တိုးရယ်နှင့် ကွယ်လွန်သွားသူ ဆရာသိပ္ပံမင်းကြည်ရယ်ပဲဖြစ်ပါသည်။

အဲသည်ကစ၍ ဆရာမကြီးအိမ်သို့ အဝင်အထွက်များလာခဲ့ ပါသည်။ အများအားဖြင့်တော့ သီတင်းကျွတ်လပြည့်နေ့တိုင်းတွင် စိတ်တူသူ ဂန္ထဝင်ဟန် မြန်မာကဗျာဆရာများစုပေါင်း၍ ဆရာကြီးနှင့် ဆရာမကြီးတို့ထံ သွားရောက်ကန်တော့ကြခြင်းဖြစ်သည်။ သို့သော် ထူးခြားသည်မှာ ဆရာကြီး ဆရာမကြီးတို့သည် လာကန်တော့သူ ကျွန်တော် တို့ကို မေတ္တာတုံ့ပြန်ဆုပေးရုံ ဧည့်ခံရုံမျှမက ဗလာမရှိ ကံစမ်းမဲဖောက်၍ လက်ဆောင်ပြန်ပေးခြင်းပဲဖြစ်ပါသည်။

တစ်ခါတော့ဖြင့် အုပ်စုကွဲ၍ အချိန်းအချက်လွဲကာ ကျွန်တော်က နောက်ကျပြီးမှရောက်သွားပါသည်။ ထုံးစံအတိုင်းကျွန်တော့်ကို မဲနှိုက်ခိုင်း ပါသည်။ ပုဆိုးတစ်ထည်မဲပေါက်သည်။ ဆရာမကြီးက မဲပေါက်သည့်ပုဆိုး ကို လှမ်းပေးရင်း အထုပ်ထဲက အင်္ကျီတစ်ထည်ကိုပါဆွဲယူလိုက်ပြီး "ထူးပါဘူးကွယ် ဒီနေ့အဖို့လာကန်တော့တာမင်းနောက်ဆုံးပဲ နောက်ထပ် လာမယ့်သူလည်းမရှိတော့ပါဘူး၊ ဒါ့ကြောင့် ဒီအင်္ကျီလည်း မင်းပဲယူသွား တော့" ဟု ဆိုကာထပ်ပေးလိုက်ပါသည်။ စဉ်းစားကြည့်တော့ ကျွန်တော် ကန်တော့တာထက် ကျွန်တော့်အားပြန်ဆုချလိုက်သည့်တန်ဖိုးကပင် ပိုများမည်ထင်ပါသည်။ ကျွန်တော်တစ်ခုသတိထားလိုက်မိပါသည်။

ကန်တော့ခံဆရာကြီးမောင်နုံက အသက်ခုနစ်ဆယ်ဝန်းကျင်အရွယ်။ လာကန်တော့တဲ့ကျွန်တော်တို့က အသက်ငါးဆယ်ဝန်းကျင်တွေပါ။

ပြီးတော့ ဆရာမကြီးတို့မောင်နှံနှင့် ကျွန်တော်တို့က သင်ဆရာ သင်တပည့်တွေလည်း မဟုတ်ပါ။ သို့သော် ဆရာမကြီးတို့မောင်နှံ ကျွန်တော်တို့အပေါ် တုံ့ပြန်သည့် မေတ္တာက မူလတန်းကျောင်းအုပ်ဆရာကြီး ဆရာမကြီးက မူလတန်းကျောင်းသား တပည့်လေးတွေအပေါ်ထားသည့် မေတ္တာအတိုင်းပဲဟု ကျွန်တော်ခံစားရပါသည်။

ဩော် … ဆရာစစ်စစ်တို့၏ နှလုံးသားဟူသည်အမိအဖသို့နှယ် မခြားပါတကား။

× × × × ×

တစ်ဦးမေတ္တာ … တစ်ဦးမှာ … ထူးကဲဆက်ဆံ … တုံ့ပြန်ပါသည် … အမှန်ပင်မလွဲ … ကေန်ပဲအတည် … ဆိုတဲ့ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်၏ သီချင်းလိုပါပဲ တစ်ဦးနှင့်တစ်ဦး ကူးလူးဆက်ဆံမှုများလာတော့သမုဒယကလည်း တိုးလို့နှောင်ဖွဲ့လာပါသည်။

မှတ်မှတ်ရရ မမေ့နိုင်အောင်ရှိရသည်မှာ ကျွန်တော်စာပေဆုရ၍ အိမ်တွင် အလှူလုပ်သည့်အခါတိုင်းမှာဖြစ်သည်။ ဆရာမကြီးရော ဆရာကြီးပါကြွရောက်လာစမြဲဖြစ်ပါသည်။ တစ်ခါတစ်ရံ ဆရာကြီးခများတုတ်ကောက်ထောက်ပြီးလာရတတ်ပါသည်။ သည်အခါမျိုးတွင် မိဘတွေစိတ်တိုင်းကျ ပါရမီဖြည့်ရသူကတော့ ကားမောင်းပို့သည့် ဆရာသိပ္ပံမင်းကြည်ပဲ ဖြစ်သည်။ သူကိုယ်တိုင် ကျွန်တော့်ကို ညီတစ်ယောက်လို လေးစားချစ်ခင်တာလည်းပါပါသည်။ နောက်ပိုင်းဆရာမကြီးတို့ အိမ်သွားလို့ အတွေ့များတာကကိုဒွေးဖြစ်သည်။ အမေ့ထံလာသမျှကဗျာအစ်ကိုတော်တွေကို မညည်းမညူ ညှော်ခံရသူဖြစ်သည်။ မိဘကိုပါရမီဖြည့်တဲ့သားလိမ္မာတွေ …။

တစ်ခါကအမှတ်တရ တစ်ခုအကြောင်းလည်းပြောချင်ပါသေးသည်။ ကျွန်တော် ပခုက္ကူဦးအုံးဖေစာပေဆု ဒုတိယအကြိမ် ကဗျာပထမဆုရစဉ်ကဖြစ်သည်။ ဆုကြေညာပြီးတစ်ရက်နှစ်ရက်ပဲရှိသေးသည်။ ညနေအလုပ်မှအိမ်ပြန်ရောက်တော့ ထူးဆန်းသောစာအိတ်ထူကြီးတစ်အိတ်ရောက်

နေတာတွေ့ရသည်။ ထူးဆန်းသည်ကစာအိတ်ပေါ်ရေးထားသည့် ကျွန်တော့် နာမည်ဖြစ်သည်။ ရေးထားပုံက "ဆရာကြီးမြေလတ် မောင်မြင့်သူ" တဲ့။ ဘယ်လိုရေးလိုက်တာလဲ။ ဘယ်သူရေးလိုက်တာလဲ။ ခေါင်းစားသွား သည်။ အံ့ဩသွားသည်။ စာအိတ်ကိုဖွင့်ဖောက်လိုက်တော့မှ စာတစ်စောင်နှင့် ဓာတ်ပုံတွေထွက်ကျလာသည်။ လက်စသပ်တော့ ဆရာမကြီးဒေါ်နုယဉ်ရေး လိုက်သည့် စာနှင့်ယခင်စာပေဆုရ၍ အလှူကျွေးမွေးစဉ်က ဆရာသိပ္ပံ မင်းကြည်ရိုက်ပေးထားသည့် ဓာတ်ပုံတွေဖြစ်သည်။

စာကိုဖတ်ကြည့်လိုက်တော့ စာပေဗိမာန်ကဗျာဆုနှင့်ပခုက္ကူ ဦးအုံးဖေကဗျာဆုတွေ ပထမဆုလေးကြိမ်မြောက်ရသည့်အတွက် ဝမ်းသာ ကြောင်း ရေးသားထားသည့် မုဒိတာစာလွှာဖြစ်ပါသည်။ ကျွန်တော့်မှာ စာကိုဖတ်ရ၍ ပီတိဖြစ်ရသည်ထက် စာအိတ်ပေါ်က ဆရာကြီးဟူသည့် အသုံးအနှုန်းကိုတွေးလိုက်မိတိုင်း ကြက်သီးမွေးညှင်းထကာ ဆံပင်တွေပင် ထိုးထိုးထောင်ထောင်ဖြစ်လာသည်ဟု ခံစားရပါသည်။

ပြန်တွေးကြည့်မိတိုင်း ကျွန်တော်၏စာပေအောင်မြင်မှုအပေါ်အလေး ထားသည့် ဆရာမကြီး၏မုဒိတာမှာ အင်မတန်အံ့ဩစရာကောင်းသလို အမှန်ပင် လေးစားစရာကောင်းလှပါသည်။

ဒါတင်မကပါ။ ဆရာမကြီးသည် ကျွန်တော့်အပေါ်တွင် စာပေကိစ္စ သာမက ကျွန်တော့်မိသားစု၏လူမှုရေးကိစ္စအထိပါတွေးတောပူပင်ပေးသူဖြစ် ပါသည်။ အထူးသဖြင့်ကျွန်တော့်နေရေးကိစ္စဖြစ်၏။ ထိုစဉ်ကကျွန်တော်နေ ထိုင်သည့်ရပ်ကွက်သည် မြန်မာအများစုနေထိုင်သည့်ရပ်ကွက်မျိုးမဟုတ်ဘဲ မဆလာနံ့ဒံပေါက်နံ့ပြင်းရှသည့် ရပ်ကွက်ဖြစ်နေ၍ပဲဖြစ်ပါသည်။

"မင်းအခုနေတဲ့ရပ်ကွက်က မင်းလိုစာပေသမားနဲ့မကိုက်ပါဘူးကွာ ပြီးတော့ မင်းမွေးထားတာက သမီးအချောလေးတွေကွဲ့ ဒီလိုနေရာမျိုးမှာ ရေရှည်ဘယ်သင့်တော်ပါ့မလဲ ဒကုံပြောင်းမယ်ဆိုလည်း မြန်မြန်ပြောင်းဖြစ် အောင်ကြိုးစားကွာ"

နောက်ပိုင်းတွင် ကျွန်တော်နှင့်တွေ့တိုင်း ဆရာမကြီး၏ ပြောနေကျ စကားဖြစ်သလို ဆရာကြီးတက်တိုး၏ ပြောနေကျစကားပါဖြစ်လို့လာပါ သည်။ ပြောရလျှင် ဒီကနေ့ မြောက်ဒဂုံ ၃၂ ရပ်ကွက်တွင် ခြံနှင့်ဝင်းနှင့် မိသားစုအေးအေးချမ်းချမ်းနေသားကျသွားသည်မှာ ဆရာမကြီးဆရာကြီးတို့ ၏ တိုက်တွန်းစေ့ဆော်မှုကျေးဇူးကြောင့်ဟုဆိုလျှင် မှားမည်မထင်ပါ။

(၄)

ဆရာမကြီး ဒေါ်နုယဉ်နှင့်ပတ်သက်သည့်အမှတ်တရတွေကများ လှပါသည်။ သည်အထဲကမှ နင့်နင့်သီးသီးအမှတ်တရတစ်ခုကလည်း ယနေ့တိုင်မမေ့နိုင်ဖြစ်ရပါသည်။

ထိုစဉ်ကကျွန်တော်သည် လျှပ်စစ်ဌာနမှ အငြိမ်းစားယူပြီး တိုင်းရင်းဆေးဆရာ သမားတော်ဦးစည်သူ၏နရသုခိသုခချမ်းသာ မဂ္ဂဇင်း တွင် အယ်ဒီတာဝင်လုပ်နေစဉ်ဖြစ်သည်။ အယ်ဒီတာဆို၍ အထင်မကြီးပါ နှင့်။ စားပွဲမရှိ။ ကုလားထိုင်မရှိ။ ဘီရိုမရှိ။ မဂ္ဂဇင်းရုံးခန်းဟူ၍သီးသန့်မရှိ။ နေ့လယ်နှစ်နာရီနောက်ပိုင်းတွင် ဆရာဆေးခန်းထိုင်ချိန်နှင့်တွဲလုပ်ရတာ ဖြစ်သည်။ ဆေးကုမည့်လူနာမလာလျှင် မဂ္ဂဇင်းရုံးခန်းဖြစ်၏။ ဆေးကုမည့် လူနာများလာလျှင် ဆေးခန်းအနီးကပလက်ဖောင်းလက်ဖက်ရည်ဆိုင်လေး တွင် သွားနေရ၏။ ညနေငါးနာရီကျော်ဆေးခန်းပိတ်မှ အိမ်ပြန်ရသည်။ သည်လိုနှင့် စာမူလေးကူဖတ်လိုက် ပရုလေးဖတ်လိုက် ပန်းချီဆရာ မောင်မောင်သိုက်ထံ ပုံသွားအပ်လိုက် ပြီးတော့တစ်လတစ်ခါ ဒီဇိုင်နာထံ ဒမ်မီသွားပေးလိုက်နှင့်သံသရာလည်နေချိန်ဖြစ်ပါသည်။

ထိုအချိန်တွင် ဆရာမကြီးထံက စာမူတစ်ပုဒ် တောင်းလာခဲ့ပါသည်။ ဆရာမကြီးကလည်း ယုံကြည်စွာဖြင့် မဆိုင်းမတွပဲ ပေးလိုက်ပါသည်။ ချက်ချင်းသုံးရန်စာစီသမားကိုပေးလိုက်သည်။ စာစီသူကအခြားမဟုတ်။ ဆရာဦးစည်သူ၏မိတ်ဆွေစာရေးဆရာ တစ်ဦး၏ စာစီလုပ်ငန်းတွင်ဖြစ်၏။ ကိုယ်တိုင်သွားပေးခဲ့ခြင်းဖြစ်၏။

ကံဆိုးချင်တော့ မထင်မှတ်ဘဲမဂ္ဂဇင်းကရပ်နားသွားသည်။ ကျွန်တော်လည်း အယ်ဒီတာပြုတ်ဖြစ်သွားသည်။ ဆရာမကြီးထံမှ တောင်းစာမူဆောင်းပါးလေးလည်းပါခွင့်မရလိုက်တော့ပါ။ ဖြစ်ချင်တော့ဆရာမကြီးနှင့်လည်း အဆက်အသွယ်ပြတ်သွားပြန်ပါသည်။ နောက်မဂ္ဂဇင်းတစ်ခု ရယ်စရာမဂ္ဂဇင်းတွင် ဆရာမောင်မောင်စနေက ဖွတ်ခေါ်သဖြင့်အယ်ဒီတာဝင်လုပ်နေ၍လည်းဖြစ်ပါသည်။

သည့်လိုနှင့် တစ်ခုသောမနက်ခင်းတွင်ကျင်းပသည့် စာရေးဆရာများ သက်ကြီးကန်တော့ပွဲရှိရာမြို့တော်ခန်းမသို့ ရောက်သွားပါသည်။ ဆရာဦးလေးမြိုင်ကိုသွားကန်တော့ပါသည်။ ဆရာကြီးတက်တိုးကို သွားကန်တော့ပါသည်။ ပြီးမှဆရာမကြီးဒေါ်နုယဉ်ကို သွားကန်တော့ပါသည်။ သည့်တွင်ဆရာမကြီးက သူ့ဆောင်းပါးစာမူအကြောင်း မေးပါလေတော့သည်။ ကျွန်တော်က မဂ္ဂဇင်းရပ်သွား၍ မသုံးဖြစ်လိုက်ကြောင်းပြောပြရာ ဆရာမကြီး မျက်နှာအနည်းငယ်ပျက်သွားသည်ကို သတိထားလိုက်မိပါသည်။

"အဲဒီလိုပြောလို့ ဘယ်ဖြစ်မလဲကွဲ့ လာတောင်းတုန်းက မင်းလာတောင်းတာလေ တောင်းစာမူဆိုတာ အကြောင်းမညီလို့ မသုံးဖြစ်ရင်တောင် စာမူရှင်ကိုပြန်ပေးရတယ်"

မင်္ဂလာနံနက်ခင်းမှာ မထင်မှတ်ဘဲ ကြုံလိုက်ရသဖြင့် ဆရာမကြီးရဲ့ မျက်နှာကိုပြန်မကြည့်ရဲလောက်အောင်ရှက်သွားမိပါသည်။ ဆရာမကြီးဒေါ်သကြောင့်ပြောသည်ဆိုလျှင်ပင် ကျွန်တော်အပြစ်မမြင်ပါ။ အပြစ်လည်း မတင်ရက်ပါ။ အတွေ့အကြုံမရှိတဲ့ မအူမလည်အယ်ဒီတာဘဝကိုသာ စိတ်မကောင်းရုံကလွဲ၍ ဘာမျှမတတ်နိုင်ပါ။ အမြတ်တော့ရလိုက်ပါ၏။ တောင်းစာမူအပေါ်ထားရှိရမည့် အယ်ဒီတာကျင့်ဝတ်ပဲဖြစ်၏။

ထို့အတူ အယ်ဒီတာတစ်ယောက်၏ စာမူအပေါ်ထားရှိရမည့် တာဝန်ဝတ္တရားကိုပါ နားလည်သလိုရှိသွားပါသည်။

"ဟုတ်ကဲ့ပါဆရာမကြီးရယ် ကျွန်တော်နားမလည်လို့ဖြစ်သွား

ရတာပါ ကျွန်တော် တောင်းပန်ပါတယ် စာမူကိုရအောင်ရှာပြီး ကျွန်တော် ကိုယ်တိုင် လာပေးပါ့မယ်''

ဆရာမကြီးကို ရိုသေစွာ ဦးချကန်တော့ပြီး ထိုနေရာမှ အမြန်ဆုံး ပြေးထွက်လာခဲ့ပါသည်။ ကျွန်တော်မပျော်နိုင်တော့ပါ။ အပြစ်ကျူးလွန်မိသူ တစ်ဦးကဲ့သို့ တနုံ့နုံ့ခံစားနေမိပါသည်။

ကျွန်တော့်မှာ စာမူချပေးထားသည့်မှတ်တမ်းအရ စာရေးဆရာ၏ ကွန်ပျူတာဆိုင်ခန်းသို့ အကျိုးအကြောင်းပြောပြပါသည်။ တွင်တွင်သာ ခေါင်းခါလွှတ်ပါသည်။ ဘာစာရင်းဇယားမျှမကြည့် မရှာ။ ကွန်ပျူတာလည်း ဖွင့်မကြည့်ဘဲ ဘူးတစ်လုံးဆောင်လွှတ်၍ လက်လျှော့ပြန်ခဲ့ရပါသည်။ ဆရာမကြီးထံကိုလည်းအကျိုးအကြောင်းပြန်မပြောရဲတော့ပါ။ အဲသည်လို ဖြင့် ဆရာမကြီးထံမျက်နှာမပြရဲတော့ဘဲ တစစကွာဝေးသွားပါတော့သည်။ ကျွန်တော်စိတ်မကောင်းနိုင်တော့ပါ။

ပို၍စိတ်မကောင်းသည်ကဆရာမကြီးနေမကောင်း၍ ဆေးရုံ တက်နေမှန်းသိသိကြီးနှင့် လူနာသွားမမေးရဲခြင်းပဲဖြစ်သည်။ ကျွန်တော့်ကို မြင်လိုက်သဖြင့် စိတ်မကောင်းဖြစ်သွားမည်ကိုစိုးရိမ်၍ဖြစ်သည်။ ကျွန်တော့် မှာ အမှားကျူးလွန်ထားတဲ့သားက အမေ့စိတ်ကိုသိ၍ သွားချင်လျက် မသွားရက်ဖြစ်ကာ ခံစားနေရပါသည်။ ကျွန်တော်လုံးဝမရည်ရွယ်ဘဲ ဖြစ်ခဲ့ရတဲ့အမှားပါကျွန်တော်အယ်ဒီတာပါးမဝတာရယ် မျက်နှာလွှဲခဲပစ်လုပ် သွားကြသည့် တာဝန်မဲ့လုပ်ဖော်ကိုင်ဘက်တွေရယ်ကြောင့် ဒီလိုဖြစ်ရတာပါ ဟု ခြေသလုံးဖက်ကာတောင်းပန်လိုက်ချင်စမ်းပါဘိသည်။ လက်တွေ့တွင် ကျွန်တော်မသွားရဲခဲ့ပါ။ မသွားဖြစ်ပါ။

စိတ်မကောင်းခြင်းကြီးစွာ ပြောရလျှင် ကျွန်တော့်အဖြစ်က ဆရာမကြီးကွယ်လွန်တော့မှပဲ သွားဖြစ်ခဲ့ပါသည်။ သည်တော့မှပဲ ဆရာမ ကြီး၏ သက်မဲ့ခန္ဓာကိုဦးချကန်တော့ရင်း စိတ်ထဲကအကြိမ်ကြိမ် တောင်းပန် နေမိပါတော့သည်။ ကျွန်တော်တို့သားအမိမှ ဒီအဖြစ်မျိုးကြုံရပလေတယ် ဆရာမကြီးရယ်။

**ချမ်းပြာ**

(၅)

ဆရာမကြီး ဒေါ်နုယဉ် ကွယ်လွန်ခဲ့သည်မှာ နှစ်ကာလအားဖြင့် အတန်ငယ်ကြာမြင့်ခဲ့ပါပြီ။ သေသောသူ ကြာလျှင်မေ့ဟု ဆိုရိုးစကားရှိသော်လည်း ယနေ့တိုင် စာမူတွေနှင့်ထွေးလုံးရစ်ပတ်နေရသော အယ်ဒီတာဘဝတွင် မကြာခဏ သတိရတတ်သည်မှာ ဘာမျှမဆန်းဟုထင်ပါသည်။

သို့သော် အစွဲအလမ်းကြီးသူပီပီ ဆရာမကြီးအပေါ် တွယ်ငြိခဲ့သော ကဗျာအမေနှင့် ကဗျာသားတစ်ဦး၏ ရှားပါးသောမေတ္တာဖွဲ့နှောင်မှုကတော့ တကယ့်အဆန်းတကြယ်တစ်ခုပါဟု ပြောလျှင် ငြင်းဖွယ်မမြင်ပါ။

ဤစိတ်ဤ စေတနာဖြင့် ဆရာမကြီး၏ ကဗျာဂုဏ်စာဂုဏ်ကို လေးစားမြတ်နိုး တန်ဖိုးထားသောအားဖြင့် အောက်ပါရှိုးကဗျာကို ဖွဲ့ဆိုသီကုံးကာ ဂုဏ်ပြုလိုက်ပါသည်။

**"ဖိုးလသော်တာနဲ့ ဖန်တီးရှင်"**

ဖိုးလသော်တာ ကြယ်အများနဲ့
အရှေ့ဖျားက ထွက်လို့လာ။
ရွှေ့ကာရွှေ့ကာ သူလျှောက်သွားတော့
ဝါးရုံပင်နား ရောက်လို့လာ။
ဖိုးလသော်တာ ဘယ်သူရေးလို့
အမွေပေးဖို့ ကလောင်စွာ။
ဒေါ်နုယဉ်ခေါ် ဆရာမကြီးက
ကဗျာဖန်တီးရေးခဲ့တာ။
လမင်းဆီမှာ မံ မံ တောင်းဖို့
ကဗျာတစ်ကြောင်းရေးကြည့်ပါ
ရေးမှာ ရေးမှာ။

(ဆရာမကြီး ဒေါ်နုယဉ် သို့ အမှတ်တရ)
ငွေတာရီမဂ္ဂဇင်း
၂၀၁၈၊ ခု၊

**ချမ်းပြာ**

# ကဗျာအစ်ကိုကြီး

(သို့မဟုတ်)

## မောင်စိမ်းနီ

“

မှတ်မှတ်ရရ ဆရာနှင့်ဒုတိယအကြိမ်

ပြန်ဆုံရသည်က

တကယ့် မှတ်မှတ်ရရပဲဖြစ်ပါသည်။

ပြောရလျှင်သမိုင်းဝင် (၈–၈–၈၈) ရှစ်လေးလုံး

အရေးတော်ပုံမှာဖြစ်သည်။

တစ်ပြည်လုံး အုံကြွသည့်

ရှစ်လေးလုံး အရေးတော်ပုံတွင်

အခုမှဘယ်အခန်းကပါခဲ့သည်

ညာအခန်းကပါခဲ့သည်ဆိုတာမျိုး

ကျွန်တော့်တွင် ပြောစရာမရှိပါ။

”

## ကဗျာအစ်ကိုကြီး (သို့မဟုတ်) မောင်စိမ်းနီ

သစ်ပင်စိုက်တဲ့ ဥတုမှာ
သစ်ရွက်ကြွေတာများတယ်
မုန်းစရာ ကောင်းလိုက်တာ
လက်စားချေဖို့ဆိုရင်
လက်ဖျားကြေမှာ ကြောက်လို့မဖြစ်ဘူး
မိုက်ဖူးတယ်ရှိတာပေါ့။ ။

မောင်စိမ်းနီ

ဆရာမောင်စိမ်းနီရဲ့ ကဗျာများစွာထဲက ကျွန်တော်ကြိုက်မိတဲ့ကဗျာ တစ်ပုဒ်ပါ။ ကဗျာက ခေါင်းစဉ်မပါပါ။ ပီတောက်ပွင့်သစ်မဂ္ဂဇင်း လူထု အရေးတော်ပုံ အမှတ်တရစာအုပ် မျက်နှာဖုံးပေါ်က ကဗျာဖြစ်သည်။ ပုံနှိပ်မှတ်တမ်းနှင့်မာတိကာတွင် အမှတ်စဉ်မပါ။ ခုနှစ်မပါ။ လမပါ။ ကျွန်တော့်ကို လက်မှတ်ထိုးပေးသောနေ့စွဲ ကို ကြည့်လိုက်တော့ ၈.၈.၂၀၁၁ ဟု တွေ့ရသည်။ စာအုပ်မျက်နှာဖုံးက ပုံနှိပ်အစစ်မဟုတ်။ စာအုပ်ကုန်သွား၍ လက်ဆောင်ပေးနိုင်ရန် ဖန်တီးထား တာဖြစ်နိုင်သည်။ ဒါသည်ပင်အမှတ်တရ ဟုဆိုရမည်ထင်သည်။

ခင်မျိုးပြ

မည်သို့ပင်ဖြစ်စေ ဆရာမောင်စိမ်းနီအကြောင်း စာတစ်စောင်ပေတစ်ဖွဲ့ရေးဖြစ်လျှင် အထက်ပါကဗျာနှင့်ဖွင့်မည်ဟု ကျွန်တော်တေးမှတ်ထားခဲ့၏။ ကျွန်တော်၏ စိတ်ကိုရေးတဲ့ ပန်းချီကားရုပ်ပုံလွှာ စာအုပ်တွင် ဆရာ့အကြောင်းကိုပါထည့်ရေးမည်စိတ်ကူးခဲ့၏။ စာအုပ်ထွက်သည်အထိ မရေးဖြစ်ခဲ့။

ဆရာ့အကြောင်းကို ဆရာသက်ရှိထင်ရှားရှိစဉ်ကတည်းက ရေးဖို့ကြိုးစားခဲ့သောကျွန်တော်သည် ဆရာကွယ်လွန်ပြီးမှ တစ်ခုသောအမှတ်တရအဖြစ်ရေးဖြစ်တော့၏။ သေမှလွမ်းပြတဲ့အထဲတွင်ကျွန်တော်မပါချင်ပါ။ ဆရာနှင့် ကျွန်တော့်အကြားထားရှိခဲ့ကြသော သံယောဇဉ်သည် ဘယ်၍ဘယ်မျှအဖြူထည်ဖြစ်ကြောင်း ကျွန်တော်တို့နှစ်ဦးစလုံး၏ ရင်ထဲတွင် အလိုလိုကိန်းအောင်းပြီးသားဆိုတာ ယုံမှားသံသယရှိစရာမလိုတော့လို့ပဲ ဖြစ်ပါသည်။

× × × × ×

ဆရာ့ကိုချစ်စနိုးနဲ့အချို့က ကိုကြီးစိမ်းဟုခေါ်၏။ လေးစားသူအချို့က ဆရာစိမ်းဟုခေါ်၏။ ကဗျာညီနောင်အချို့က ကဗျာအစ်ကိုကြီးဟုခေါ်၏။ ခပ်လောင်လောင်အချို့ကမူ ကွယ်ရာတွင် ဘဲခေါင်းစိမ်းဟု အမည်သညာပြု၏။ အဲသည်လူတွေပဲ သူ့ရှေ့ရောက်တော့ ဆရာစိမ်းဖြစ်သွားကြပါ၏။

ကျွန်တော်နှင့်ဆရာစိမ်းတို့ စတင်တွေ့ဆုံပုံက ကဗျာမဆန်ပါ။ ဆရာမင်္ဂလာတောင်ညွန့်ရှိ စည်ပင်နှင့်ဆိုင်သော မော်တော်ယာဉ်ဌာနတစ်ခုတွင် တာဝန်ထမ်းဆောင်စဉ်ကဖြစ်၏။ ထိုစဉ်ကတည်းက ဆရာ့သတင်းကိုကြားဖူးနားဝရှိပြီးဖြစ်ပါသည်။ ဆရာက ကဗျာဆရာ စာရေးဆရာတွေအပေါ် သံယောဇဉ်ကြီးကြောင်းနှင့် တတ်နိုင်သမျှကိုလည်းအကူအညီပေးတတ်ကြောင်းပဲဖြစ်၏။ ဒါကြောင့်မို့ ဆရာ့ထံကိုလည်း ကဗျာဆရာ စာရေးဆရာတွေ ဝင်ထွက်မစဲတသဲသဲပါပဲ။ ကျွန်တော်လည်း မိတ်ဆွေ ကဗျာဆရာတစ်ယောက်က ခေါ်သွားပြီး မိတ်ဆက်ပေးခြင်းဖြစ်၏။ ထိုစဉ်က ကျွန်တော့်အပေါ် တွေ့စဉ်ခဏတုံ့ပြန်နှုတ်ဆက်ရုံထက်မပိုခဲ့တာကို ကျွန်တော်သတိပြုမိခဲ့ပါသည်။

အကြောင်းမှာ ကျွန်တော်ကိုယ်တိုင်က ငွေတာရီ၊ မြဝတီ၊ ရှုမဝ၊ စန္ဒာ၊ သပြေ စသည်တို့၌သာ မြန်ကဗျာလေးလုံးစပ်တွေပဲ ရေးနေတာကြောင့် လည်းဖြစ်နိုင်ပါသည်။ သည့်ထက်မပိုခဲ့ပါ။ သည့်နောက်မှာလည်း ဆရာနှင့် တွေ့ခွင့်ကြုံခွင့်မဆုံခဲ့ပါ။

× × × × ×

မှတ်မှတ်ရရ ဆရာနှင့်ဒုတိယအကြိမ်ပြန်ဆုံရသည်က တကယ့် မှတ်မှတ်ရရပဲဖြစ်ပါသည်။ ပြောရလျှင်သမိုင်းဝင် (၈-၈-၈၈) ရှစ်လေးလုံး အရေးတော်ပုံမှာဖြစ်သည်။ တစ်ပြည်လုံးအုံကြွသည့် ရှစ်လေးလုံး အရေးတော်ပုံတွင် အခုမှဘယ်အခန်းကပါခဲ့သည် ညာအခန်းကပါခဲ့သည် ဆိုတာ မျိုးကျွန်တော့်တွင်ပြောစရာမရှိပါ။ အများသူငါလိုပါပဲ။ ကျွန်တော် က အစိုးရဝန်ထမ်း။ တစ်ဖက်က ကဗျာဆရာ။ ရန်ကုန်မြို့တွင်း ချီတက် ပွဲတွေစကတည်းက ပါဝင်ခဲ့သည်။ ဌာနဆိုင်ရာအဖွဲ့နှင့် တစ်ရက်လိုက်၍ ကဗျာဆရာများအဖွဲ့နှင့်တစ်ရက်လိုက်သည်။ ကဗျာဆရာများအဖွဲ့နှင့် စတင်ချီတက်သည့်နေ့တွင် ဆရာမောင်စိမ်းနီနှင့် စတင်ဆုံရခြင်းဖြစ်သည်။

"အေးကွ မင်းရောက်လာတာဝမ်းသာတယ်၊ ကဗျာဆရာပဲကွ၊ လာရမှာပေါ့"ဟု ဆရာက ဝမ်းသာအဲလဲဆီးကြိုသည်။ စကားများများမပြော ပါ။ သို့သော် ဆရာ့မျက်လုံးအကြည့်ထဲတွင် ကျွန်တော့်ကိုအသိအမှတ်ပြုသည့် အရိပ်အရောင်က ထင်ရှားနေပါသည်။ အဲသည်ကတည်းက ကျွန်တော်တို့ နှစ်ယောက်သား ဆရာစိမ်းနှင့်မောင်မြင့်သူ ဖြစ်သွားကြပါသည်။

သည့်နောက် ကဗျာအချိုးအကွေ့တစ်ခုက ကျွန်တော်နှင့်ဆရာစိမ်း ကို ပို၍အမှတ်ရစေသည်ဟု ထင်ပါသည်။ မြန်မာ့ရိုးရာကဗျာတွေရေးရင်း ကဗျာခြေလှမ်းတွေချဲ့ထွင်ခဲ့ခြင်းကအစဟုလည်း ပြောနိုင်ပါသည်။ ရုပ်ရှင် အောင်လံ ရွှေအောင်လံတွင် Free verse ကဗျာတွေရေးသားဖြစ်ရာက ခေတ်ပေါ်ကဗျာကို ကြိုက်တတ်လာခဲ့ပါသည်။

မှန်ရာကိုပြောရလျှင် မိုးဝေကဗျာမှတစ်ဆင့် ဟန်သစ်ကဗျာ၊

သရဖူကဗျာတွေကို ကိုယ့်စိတ်နှင့်ကြိုက်မိသမျှတွေကို ဗလာစာအုပ်ထဲ ကူးရေးနေခဲ့ပါပြီ။ ရှုမဝစင်ထွက်ဖြစ်သော အောင်ဝေး၊ မင်းထက်မောင်၊ သစ္စာနီတို့ ၏ ကဗျာမှ အစပြု၍ ဟန်သစ်တစ်ခေတ်တွင် ထင်ရှားလာသော လှသန်း၊ ဝင်းမောင်၊ နေမျိုး၊ ကျော်ထူးတို့ကို သိသိသာသာသတိပြုမိနေပါပြီ။

အဲသည်မှာ ကျွန်တော့်လိုလူက ဒီလိုကဗျာမျိုးတွေကြိုက်တယ်ဆိုတာကို နားနှင့်ဆတ်ဆတ်ကြားသည့် ကဗျာဆရာဝင်းမောင်ကမျက်လုံးကြီးလှန်ကြည့်ပြီး အံ့ဩဘနန်းဖြစ်သွားရာက လူချင်းပါ ရင်းနှီးသွားခဲ့ပါသည်။ သို့ဖြင့် ကျွန်တော်နှင့် သူငယ်ချင်းတစ်ယောက် စိတ်တူကိုယ်တူ ပူးပေါင်းကာ ခေတ်ပေါ်ကဗျာပင်လယ်ထဲသို့ ရဲရဲခုန်ချခဲ့ကြပါသည်။ ခေတ်ပေါ်ကဗျာချစ်စိတ်နှင့် သောကြာညနေရုံးဆင်းတိုင်း လက်ဖက်ရည်ဆိုင် ထိုင်ဖြစ်ကြပါသည်။ ကျွန်တော်တို့နှင့်အတူ ကဗျာဆရာဝင်းမောင်ပါသည်။ ကာလအတန်ကြာအောင် ထိုင်ဖြစ်ခဲ့ကြတာကိုတော့ မမေ့နိုင်အောင်အမှတ် ရနေဆဲဖြစ်ပါသည်။

သည့်နောက် ခေတ်ပေါ်ကဗျာနှင့်ပတ်သက်၍ ထဲထဲဝင်ဝင် ခင်မင်ကျွမ်းဝင်သွားသူက ကဗျာဆရာခိုင်မြဲကျော်စွာဖြစ်သည်။ ဒဂုံမြောက်ပိုင်းတွင် နေကြသူချင်းဖြစ်၍ ကျွန်တော်နှင့် တနင်္ဂနွေနေ့ ညနေတိုင်း တစ်ဆိုင်ဆိုင်မှာ ထိုင်ဖြစ်ကြသည်။ ခေတ်ပေါ်ကဗျာနှင့်ပတ်သက်၍ အများဆုံးဆွေးနွေးဖြစ်သည်။ ကဗျာဆရာခိုင်မြဲကျော်စွာနှင့်ပတ်သက်၍ ကဗျာဆရာခရမ်းပြာထက်လူ၊ ကဗျာဆရာမောင်ဖီလာတို့နှင့်ပါ ရင်းနှီးချစ်ခင်ခဲ့ကြပါသည်။ ကျွန်တော်တို့ ခေတ်ပေါ်ကဗျာရေးတာကိုလည်း တကယ်အားပေးခဲ့သူတွေဖြစ်သည်။ ထို့အတူကျွန်တော်တို့ ခုလိုခေတ်ပေါ်ကဗျာရေးတာနှင့်ပတ်သက်၍ ဒီလူကြီးတွေက ခုမှဘာလာလုပ်တာလဲ ဘာလာရှုပ် တာလဲဟု အမနာပပြောသူတွေလည်းရှိပါသည်။ သူတို့တစ်တွေ ဘယ်လိုစိတ်နှင့် ကဗျာရေးနေကြသလဲ။ အံ့ဩမိပါသည်။

အဲသည်မှာ ဆရာစိမ်းနှင့်ပတ်သက်သည့်အယူအဆသို့မဟုတ်

သူ့ကဗျာစိတ်အလှ ကဗျာနှလုံးသားအလှကိုတွေ့မြင်လိုက်ရ၍ဖြစ်ပါသည်။ သည်လိုနှင့်ဆရာစိမ်း၏ပြည်သူချစ်လှျှင်ကမ္ဘည်းတင်မည်…ဆိုတဲ့ပိတောက်ပွင့်သစ်မှာ ကဗျာတွေဝင်ရေးဖြစ်ခဲ့ပါသည်။ ဒီကိစ္စနှင့်ပတ်သက်၍ ဆရာစိမ်းအနားကပ်နေသည့်ပြောမနာဆိုမနာကဗျာဆရာအချို့က ဆရာစိမ်းကို ဝေဖန်ကြသည်ဟု ဆိုပါသည်။ ပိတောက်ပွင့်သစ်မှာပါသည့် ကျွန်တော့်ကဗျာတွေ ကြောင့်ပါပဲ။

ဆရာစိမ်း ပြန်ပြောသည့်စကားကရှင်းပါသည်။

"ဟ … ကဗျာကမ်းကို ဟိုဘက်နေပြီး ငါတို့ဘက်ကမ်းကို ကူးလာတာ၊ ပြောင်းလာတာပဲ ငါတို့ကကြိုရမှာပေါ့၊ သူတို့ရောက်လည်း ရောက်နေပြီပဲကွ …" ဟု

ဆရာစိမ်း၏လက်တွဲဖော်တစ်ဦးက ပြန်ပြောပြ၍ သိခွင့်ရလိုက်ပါသည်။

ဆရာစိမ်းလိုပင် ကျွန်တော့်ခေတ်ပေါ်ကဗျာအချို့နှင့်ပတ်သက်၍ အမှတ်ထင်ထင်အသိအမှတ်ပြုသူတစ်ဦးရှိပါသည်။ ဆရာအောင်ဝေးဖြစ်သည်။ ဆရာ၏ ကဗျာအလုပ်ရုံကလေးကို ကဗျာဆရာတိုင်းသိပါသည်။ ထိုကဗျာအလုပ်ရုံကလေးကဏ္ဍတွင် ကျွန်တော်မမီလိုက်ပါ။ ထိုကဏ္ဍရပ်နားသွားတော့ ကဗျာယဉ်ကျေးမှုအမည်ဖြင့် ခေတ်ပေါ်ကဗျာတွေအကြောင်း ဆက်ရေးပါသည်။ ယနေ့ကဗျာယဉ်ကျေးမှု ကဏ္ဍဖြစ်သည်။ ထိုကဏ္ဍကျမှ ကျွန်တော့်ခေတ်ပေါ်ကဗျာသုံးပုဒ်ကို ဆရာအောင်ဝေး၏ကဗျာဆိုင်ရာမှတ်ချက်ဖြင့် ပထမဆုံးမှတ်တမ်းတင်ခံရခြင်းဖြစ်သည်။

× × × × ×

ဆရာစိမ်းနှင့်ကျွန်တော့်အကြား လွဲမှားခဲ့ဖူးသည့် အလွဲတစ်ခုကလည်း အမှတ်တရပဲဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်က ပန်းအလင်္ကာမဂ္ဂဇင်းမှ အလုပ်ထွက်လာသည့်အယ်ဒီတာပြုတ်။ ဆရာစိမ်းက ဘယ်နှကြိမ်မြောက်မှန်းမသိ ပိတောက်ပွင့်သစ်ကို အလှဆင်နေသည့်ကာလ။ အဲသည်မှာ ဆရာစိမ်းက အယ်ဒီတာပြုတ်ချင်းအတူတူ အယ်ဒီတာချုပ်လုပ်ခဲ့သည့်

ကျွန်တော့်သူငယ်ချင်းဆီက စာမူတောင်းပြီး ကျွန်တော့်ကျတော့ စာမူမတောင်းရကောင်းလားဟု ကလိချင်စိတ်ပေါက်လာပြီး ကဗျာတစ်ပုဒ်ရေးလိုက်ပါသည်။

*မဂ္ဂဇင်းတွေမှာလည်း*
*မာတိကာအသေတွေပဲ မိုးကောင်းနေတယ်*
*ဘယ်စာမျက်နှာကြည့်ကြည့်*
*သူ့အုပ်စုနဲ့သူ ကိုယ့်အုပ်စုနဲ့ကိုယ်*
*ငါ့ကဗျာ ပေးရင်ယူတယ်*
*မေးရင်သုံးမှာပါလို့ပြောတယ် တကယ်ကျ မပါဘူး*
*ငါက လည်း အဲဒီလိုအယ်ဒီတာမျိုးကို*
*မယားငယ်မယားမြှောင် မျက်နှာပေးနဲ့*
*ချော့မပေါင်းတတ်တဲ့ကောင် မှောင်တယ်*
*ကံတရားမိုးခေါင်ချင်တော့ ကွာလတီမဂ္ဂဇင်းတစ်ခုမှာ*
*အယ်ဒီတာချုပ်သူငယ်ချင်းက တစ်နှစ်ပဲခံတယ်*
*ငါ အယ်ဒီတာဝင်လုပ်တော့ခြောက်လမခံဘူး*
*ငါတို့ဘဝမှာ*
*အယ်ဒီတာဇာတာ မပါဘူးကွာ*
*ဒီကြားထဲမှာ ငါကြိုက်တဲ့မဂ္ဂဇင်းတစ်ခုက*
*အယ်ဒီတာချုပ် ကဗျာအစ်ကိုကြီးကလည်း*
*အယ်ဒီတာချုပ်လုပ်ဖူးတဲ့သူငယ်ချင်းကိုပဲ*
*ကဗျာတောင်းတယ်*
*အယ်ဒီတာမဟုတ်တော့တဲ့ငါ့ကို ကဗျာမတောင်းဘူး*
*ကိစ္စမရှိပါဘူးဗျာ*
*ပင်လယ်ကို မဖြတ်သန်းရတော့လည်း*
*သမုဒ္ဒရာကို လက်ပစ်ကူးရုံပေါ့*

**အချမ်းပြ**

*ကိုလူအိမ်ပြောသလို*
*ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ်*
*ကဗျာချစ်တဲ့ အသက်နဲ့ ငါကဗျာဆက်ရေးမယ်*
*ကဗျာဆိုတာ ရှုံးမှာမကြောက်သူတွေရဲ့ ခေတ်စာ။ ။*

အဲဒီကဗျာကိုဆရာစိမ်းဖတ်ပြီး ကျွန်တော့်သူငယ်ချင်းကိုပြောသည်။ ''ဟော့ကောင် မင့်ကောင်ကလည်း ဘာတွေရေးတာလဲကွာ…''ဟု တစ်ခွန်းပဲ ဆိုရှာပါသည်။ တကယ်အမျက် မသိုပါ။ စိတ်လည်းမကွက်ပါ။ ကျွန်တော်ကလည်းရေးစရာရှိလို့ရေးလိုက်သော်လည်း ဆရာစိမ်းအပေါ် မေတ္တာမပျက်ပါ။ စေတနာမပျက်ပါ။ ဘယ်နေရာတွေတွေအရှိအသေပြုမြဲ နှုတ်ဆက်မြဲဖြစ်၏။

ကြတော့ တစ်ဦးမေတ္တာတစ်ဦးမှာဆိုသည့်သဘောပဲထင်ပါရဲ့။ ဆရာစိမ်းနှင့်ကျွန်တော့်အကြား ရင်းနှီးမှုပိုလာသည်။ လေးစားမှုပိုလာသည်။ ဆရာစိမ်း၏ပိတောက်ပွင့်သစ်တွင် ပင်လယ်ကိုစတင်ဖြတ်သန်းခွင့်ရခဲ့သည်။ သည့်နောက်ကဗျာ။ သည့်နောက်အက်ဆေး။ သည့်နောက်ဝတ္ထုစသည် စသည် …။

သည်လိုဖြင့် ဆရာစိမ်းဦးဆောင်သည့်ကဗျာဆရာသမဂ္ဂတွင် ကျွန်တော်ပါအမှုဆောင်အဖွဲ့ဝင်ဖြစ်ခဲ့သည်။ ကဗျာဆရာသမဂ္ဂသက်တမ်းတစ်လျှောက်တွင် ဆရာစိမ်းသည် အရှည်ကြာဆုံးဥက္ကဋ္ဌဖြစ်ခဲ့တာတော့ ဘယ်သူမျှငြင်းဖွယ်မမြင်ပါ။ သို့သော် နေရာဆိုတာဘယ်သူတွေထာဝရမြဲသလဲ။ မမြဲခြင်းကသာထာဝရမြဲသောလောကတွင် ဆရာစိမ်းလည်းဥက္ကဋ္ဌနေရာမှဖယ်ပေးရသည့်အလှည့်ဆိုက်ခဲ့ပါ၏။

ဤတွင်တစ်ခုသောကဗျာဆရာ သမဂ္ဂအဖွဲ့သစ် အစည်းအဝေးတစ်ခု၌ ဆရာစိမ်းစကားပြောလှည့်ကြုံပါသည်။ အခမ်းအနားမှူးက ဆရာစိမ်းအား ကဗျာဆရာသမဂ္ဂဥက္ကဋ္ဌဟု သုံးနှုန်းမိသွားသည်။ ဆရာစိမ်းကလည်း သူပြောစရာရှိတာပြော၍ စကားကိုလက်စသပ်သွားပါသည်။ သို့သော်

လက်စမသပ်နိုင်သူက ကဗျာဆရာသမဂ္ဂဥက္ကဋ္ဌသစ်ဖြစ်၏။ ဆရာစိမ်းအား ဥက္ကဋ္ဌဟူသောအသုံး အနှုန်းကိုရှောင်ရှားရန်နှင့် တစ်စုံတစ်ယောက်က ကဗျာ အစည်းအဝေးတွင် ဥက္ကဋ္ဌဟု မှားယွင်းသုံးစွဲလာလျှင်လည်း လက်ခံခြင်းမပြုရန် လူလယ်ခေါင်တွင် ထ၍ ပြောဆိုကန့်ကွက်ပါလေသည်။

ထိုအစည်းအဝေးပြီးတော့ ဆရာစိမ်းစိတ်မကောင်းခြင်းကြီးစွာဖြစ်သွားသည်ကို ကျွန်တော်ရိပ်မိလိုက်ပါသည်။ လောက၌ ကဗျာဆရာစာရေးဆရာဖြစ်ရုံနှင့်အားမရနိုင်ဘဲ ဥက္ကဋ္ဌပဲ အတွင်းရေးမှူးပဲဆိုသည့် ရာထူးပါဝါရူးတွေလည်း မနည်းပါကလားဟု သံဝေဂရသွားမိပါသည်။ ဒါ့ကြောင့် ပုထုဇနော ဥမ္မတ္တကောဟုပြောခဲ့ကြခြင်းဖြစ်ပါသည်။

ကျွန်တော်သည် ဆရာစိမ်းအားနှစ်သိမ့်နိုင်ရန်ဆိပ်ကမ်းသာလမ်းရှိ ဆရာထိုင်နေကျ မြသဇင်လက်ဖက်ရည်ဆိုင်သို့ခေါ်လာခဲ့သည်။

"ဖြစ်ရလေမောင်မြင့်သူရာ၊ ငါမှားတာလည်းမဟုတ်ဘူးကွာ၊ အခမ်းအနားမှူးကသူ့ဖာသာသူ ငါ့ကိုဥက္ကဋ္ဌလို့မှားခေါ်တာကွာ၊ အဲဒါကိုပဲ မျက်စိပျက်မျက်နှာပျက် ထကန့်ကွက်ရတယ်လို့။"

ဆရာစိမ်းစိတ်မကောင်းပါ။ သူအထင်ကြီးခဲ့ဖူးသောလူတွေကို စိတ်ပျက်သွားပုံလည်းရပါသည်။ ကျွန်တော်ကတော့ စာပေလောကမှာလည်း အမှိုက်တွေ ဗလပွပါလားဟု စိတ်ပျက်သွားမိပါသည်။

ဆရာစိမ်း ကဗျာသမဂ္ဂဥက္ကဋ္ဌဘဝက ကင်းလွတ်ပြီးသည့်နောက်ပိုင်းတွင် ကျွန်တော်နှင့်မကြာခဏဆုံဖြစ်ကြပါသည်။ သူစကားပြောချင်သည့်အခါတိုင်းလှမ်း၍ချိန်းလေ့ရှိသည်။ ပိတောက်ပွင့်သစ်အတွက် စာမူပေးဖို့နောက်ကျနေလျှင်လည်း စောင့်တောင်းလေ့ရှိပါသည်။ ပြီးတော့ပြောလိုက်သေး၏။

"မင်းပေးတဲ့စာမူဆိုပြီးရော၊ မင်းဟာမင်းဘယ်မှာသုံးပြီးသားဖြစ်ဖြစ်၊ မင်းစာမူဖြစ်ဖို့ပဲ၊ ငါကတော့ သုံးမှာပဲ" အဲသည်လိုလည်းပွင့်ပွင့်လင်းလင်း ပြောတတ်ပါသေး၏။ ပြောသည့်အတိုင်းလည်း စာမူကို

လစဉ်သုံးပေး၏။ သို့ကလိုအယ်ဒီတာမျိုးနှင့် စာရေးခွင့်ရသည့် စာရေးဆရာတစ်ယောက်အဖို့ ဘယ်လောက်များ ကံကောင်းလိုက်ပါသနည်း။

ကျွန်တော့်သူငယ်ချင်းတစ်ယောက်၏ ကဗျာနှင့်ပတ်သက်သည့် စကားတစ်ခွန်းကလည်း မှတ်သားစရာကောင်းသည်။ ကျွန်တော်ကတစ်ဆင့်ပိတောက်ပွင့်သစ်သို့ပေးသောကဗျာကိစ္စ။

"မောင်မြင့်သူရေ မင်းသူငယ်ချင်းရဲ့ ကဗျာက တို့ကဗျာလိုင်းနဲ့ အံမဝင်ဘူးကွာ၊ တို့လိုချင်တဲ့အထဲ မရောက်ဘူးကွ၊ ငါလူကိုမုန်းစရာမရှိပါဘူးကွာ၊ ကဗျာကြောင့်ပါ။ မင်းသူငယ်ချင်းနားလည်စေချင်လို့ပါ၊ မင်းရှင်းပြမလား၊ ငါရှင်းပြရမလား"

"နေပါစေအစ်ကို ကျွန်တော်သူနားလည်အောင် ရှင်းပြလိုက်ပါ့မယ်။"

ဆရာစိမ်းသည် အဲသည်လို အယ်ဒီတာမျိုးဖြစ်ပါသည်။

× × × × ×

ချစ်ခင်သူတို့ကား အသက်တိုကြကုန်၏။ မချစ်မခင်နိုင်သောသူတို့ကား အသက်ရှည်ကြကုန်၏။ ထို့အတူကျွန်တော်၏ကံကောင်းသောရက်တို့သည်လည်း တိုတောင်းလှစွာ၏ဟုဆိုရချေမည်လားမသိ။

ဆရာစိမ်း ကျွန်တော်တို့ကိုခွဲခွာသွားခဲ့သည်မှာ ကာလအတန်ကြာပါပြီ။ မကြာခဏဆိုသလိုသတိရမိတာလည်းအမှန်ပဲဖြစ်ပါသည်။ အထူးသဖြင့် ဆရာစိမ်းကြိုက်တတ်မည့်စာမူကောင်းလေးများရေးဖြစ်လျှင် ပို၍သတိရလေ့ရှိပါသည်။

သူ မကွယ်လွန်မီ အယ်ဒီတာဘဝတစ်နှစ်ခွဲခန့် တောင်းသမျှစာမူကို ကျေပွန်အောင် ကျွန်တော်ပေးနိုင်ခဲ့သော်လည်း ကျွန်တော်၏အယ်ဒီတာသက်တမ်းတစ်လျှောက် တောင်းခဲ့သမျှစာမူ သူ့ထံမှတစ်ခါမျှမရခဲ့ဖူးပါ။ မည်သို့ပင်ဖြစ်စေ ဆရာစိမ်း ကျွန်တော့်အပေါ် စိမ်းကားလို့မဟုတ်တာတော့သေချာပါသည်။ ။

FACES မဂ္ဂဇင်း
၂၀၁၈၊ ခု

ချမ်းမြ

**မောင်ညီဖြိုင်း (ဇင်းကျိုက်)**

သို့မဟုတ်

**စကြဝဠာ တည်စေသတည်း**

“

ဒေါ်သူပုန်ထနေသည့်

အယ်ဒီတာကို တစ်ချက်စိုက်ကြည့်လိုက်၏။

ပြီးမှ အယ်ဒီတာ၏ စားပွဲရှေ့ တည့်တည့်က

ထိုင်ခုံမှာ မျက်နှာကို ပစ်စောင်းပေး၍

ဟန်ပါပါထိုင်လိုက်၏။

တိုက်ပုံကို တစ်ချက်ဆွဲစေ့လိုက်သေး၏။

သည့်နောက် အယ်ဒီတာစားပွဲပေါ် ဘယ်လက်ဖြင့်

တစ်စောင်းထောက်ကာ ညာလက်ညှိုးဖြင့်

အယ်ဒီတာ့မျက်နှာကို ဟန်ပါပါထိုး၍

ရုပ်ရှင်မင်းသား မြတ်လေး၏

အကာယ်ဒမီအိုက်တင်ဖြင့်

”

**မောင်ညိုမှိုင်း (ဖင်းကျိုက်)**

သို့မဟုတ်

**စကြဝဠာတည်စေသတည်း**

သူ့အကြောင်းပြောလျှင် သူ့ကိုယ်ရေးကိုယ်တာ ဘဝအကြောင်းတွေထက် သူ့စာ သူ့ကဗျာနှင့်ဝတ္ထုစကားပြေရေးဟန်အကြောင်းက အဓိကဖြစ်လိမ့်မည်ထင်သည်။ သူ့ စကားပြေရေးဟန်နှင့် ပတ်သက်ပြီး စာရေးဆရာနိုင်မြင့်ကတော့ **"သူ့စကားပြေဖတ်ရတာ နိုင်ငံခြားဝတ္ထုကောင်းတစ်ပုဒ်ကိုဖတ်ရသလို ခံစားရတယ်ဗျာ။ မြန်မာဝတ္ထုပေမယ့် ဒူးရင်းခြံတွေနဲ့ မြင်းစီးခန်းတွေ ရေးပြတာဟာ ဘယ်သူ့ဆီမှာမှ မတွေ့ရတဲ့ အရေးအဖွဲ့မျိုးတွေဗျ"** ဟု ပြောတာကို ကျွန်တော်နားနှင့် ဆတ်ဆတ်ကြားဖူးသည်။ ကျွန်တော့်အမြင်နှင့် တော်တော်နီးစပ်သည်ထင်ပါသည်။ ကျွန်တော့်အမြင်မှာလည်း သူ့ဝတ္ထုတွေကို ဖတ်ရသည့်အရသာသည် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားကောင်းတစ်ကားကို ကြည့်နေရသည့် အရသာနှင့်ထပ်တူကျသည်ဟုထင်သည်။

ပြောရလျှင် သူ့စကားပြေအဖွဲ့အနွဲ့သည် လွန်ခဲ့သော နှစ်လေးဆယ်ကျော် ငါးဆယ်ခန့်ကတည်းကခေတ်မီသည်။ ခေတ်ပေါ်ဆန်သည်။ မော်ဒန်အဖွဲ့အနွဲ့ဘက်ပါသည်ကို သတိမူမိသည်။ ဒါ့ကြောင့်ပဲထင်သည်။ ထို

ခေတ်က မဂ္ဂဇင်း တစ်ခုနှင့်တစ်ခု လိုင်းမတူဘဲနှင့် မောင်ညိုမှိုင်း(ဇင်းကျိုက်) ၏ စာမူဆိုလျှင် အားလုံးက လိုလိုလားလားဖော်ပြခဲ့ကြသည်။ ဥပမာ ပြောရလျှင် သူ့စာမူကို ငွေတာရီ၊ မြဝတီကလည်းထည့်သည်။ မိုးဝေ၊ သွေးသောက်ကလည်း ထည့်သည်။

ထိုခေတ် ထိုအခါက မဂ္ဂဇင်းလိုင်းစုံတွင် ထင်ပေါ်စွာရေးသားပါဝင်ခွင့်ရသည့် လူငယ်စာရေးဆရာဟူ၍ ရှားရှားပါးပါး သူပဲဖြစ်လိမ့်မည်ထင်သည်။ သူသည် မဂ္ဂဇင်းမျိုးစုံတွင် ရေးသားခွင့်ရသူ ရေးသားနိုင်သူဖြစ်ရုံသာမက ဝတ္ထုလည်းရေးသည်။ ကဗျာလည်းရေးသည်။ သူ့ဂန္ထဝင်ကဗျာများကို ငွေတာရီမှာလည်း တွေ့ရသည်။ ရှုမဝမှာလည်းတွေ့ရသည်။ ထိုခေတ်ထိုအခါက ငွေတာရီနှင့် ရှုမဝမဂ္ဂဇင်းတို့တွင် ကဗျာပါဖို့ဆိုတာ အတော်မလွယ်ကူသော ဒုလ္လဘဖြစ်သည်။

ဝတ္ထုဆရာရေးသော သူ့ကဗျာလက်သည် အခုခေတ်ဂန္ထဝင်ကဗျာငါးဆရာဟု ထင်တစ်လုံးရှိနေတတ်သော ဆုရဂန္ထဝင်အစွန်းရောက်ကဗျာဆရာအချို့ထက်သာသည်။ အဆင့်မြင့်သည်။ မြန်မာကဗျာကိုကာရန်မှန်ပြီးရော၊ လေးသုံးနှစ်ဖြစ် ဟုတ်ရောဆိုတာမျိုးမဟုတ်။ ကာရန်ကိုနားလည်သည်။ အသံကိုနားလည်သည်။ အတွေးအခေါ်လည်းပါသည်။ အလှတတ်လည်းပါသည်။ ခေတ်ပေါ်ဟန်စကားပြေအဖွဲ့အနွဲ့ ကောင်းသောသူသည် မြန်မာ ကဗျာလေးချိုးကိုလည်း ကောင်းကောင်းရေးတတ်သည်မှာထူးခြားသည်။

ငွေတာရီမဂ္ဂဇင်းတွင် ရေးသားခဲ့သော မြန်မာကဗျာ လေးချိုးတစ်ပုဒ်ကို ကျွန်တော်ခုထိမှတ်မိနေသည်။

ကောက်ရင်ပန်း
*ရွာစရိုက်ပေမို့။*
*အလိုက်ကယ် တစ်ဘာသာပေါ့*

**အမျိုးပြော**

*တို့ရွာပြင် ကောက်ရင်ပန်းတွေက*
*လျှမ်းပပ ဝေဆာဆာ။*
*ပျိုးငင်နုတ်ပါလို့*
*မိုးချုပ်လျှင် အိမ်ပြန်ခဲ့*
*အချိန်တန် စိုက်လယ်ကွင်းဆီက*
*သီချင်း သံပြိုင်သီကြ*
*ဘဲ ကျားညီ မှုန်ခြယ်ပါးရယ်နဲ့*
*အားတက်မှုရာ။*
*မြေဩဇာ ဓာတ်တန်ခိုးတွေကြောင့်*
*နှစ်ဆတိုး ဝေလို့ဖြာ*
*တို့လယ်ယာ တစ်ဝှမ်း။*
*ပန်လိုက်စမ်းပါကွယ့်*
*ပြည့်ဝမ်းစာ အောင်နိမိတ်ရယ်နဲ့*
*အောင်စိတ်ကယ် ရည်မျှော်လို့*
*အောင်ပြည်တော်တစ်ဆင့်ကူးမယ်တဲ့*
*ကြည်နူးဖွယ် ဆွတ်ပျံ့သင်းတယ်*
*ညင်းလေနှင့်ဖျန်း။ ။*

၁၉၇၁ ခုနှစ်၊ အောက်တိုဘာလထုတ် ငွေတာရီမဂ္ဂဇင်းအဖွင့်ကဗျာဖြစ်သည်။ ကျွန်တော်ကဗျာဆရာမဖြစ်ခင် စာရူး ပေရူးဘဝက ဝယ်ယူစုဆောင်းခဲ့သော ငွေတာရီမဂ္ဂဇင်းဖြစ်ပါသည်။

၁၉၈၀ ပြည့်နှစ် အလွန်ကာလများသည် မောင်ညိုမှိုင်း(ဇင်းကျိုက်)၏ ရွှေရောင်နှစ်ကာလများဖြစ်သည်။ ဝတ္ထုစကားပြေတွေ မဂ္ဂဇင်းများတွင် မကြာခဏပါနေသည့်ကြားက ရှုမဝမဂ္ဂဇင်းတွင် ယခုလို အတွင်းကဗျာမျိုးပါရသည်ကိုလည်း တခုတ်တရ ဂုဏ်ယူတတ်သူဖြစ်သည်။ ထိုခေတ်

ရှုမဝမဂ္ဂဇင်းကလည်း ဣန္ဒြေကြီးသည်။ အရှိန်ကြီးသည်။ ကဗျာရှေ့တန်းအဖွင့်ပါဖို့ စိတ်ကူးမယဉ်ရဲ။ ဆရာကြီးတွေနှင့် ပြည့်နေတတ်သည်။ သို့သော် ရှုမဝဟူသည့် ဂုဏ်ပုဒ်ကြောင့် ကဗျာဆရာတို့ အဖို့မှာမူ အတွင်းကဗျာပါခွင့်ရသည်ကပင် နည်းနည်းနောနောအခွင့်အရေးမဟုတ်။ တစ်လတစ်လ ကဗျာရွေးစာရင်းပါခွင့်ရသည်ကိုပင် ဂုဏ်ယူနေရသောကာလတွေ ဘဝတွေဖြစ်သည်။ ထိုအချိန်မျိုးတွင် မောင်ညိုမှိုင်း(ဇင်းကျိုက်)၏ **'နွေငှက်တစ်ကောင်'** ကဗျာကို ရှုမဝအတွင်းစာမျက်နှာတွင် တွေ့လိုက်ရခြင်းဖြစ်သည်။

*တန်ခူးလေလည်း*
*မချွေ၏သို့ ချွေ၏သို့။*
*ပင်အောက်မှည့်ကြွေ၊ သစ်သီး ရွှေလည်း*
*မဝေ၏သို့ ဝေ၏သို့။*
*သစ်သီးကောက်ငှက်*
*ပျံတက်၍သာ၊ ပျံဆင်းကာတည့်*
*ပျာခနဲလျှင်၊ ကျွန်ုပ်မြင်သည်*
*ထိုစဉ် ဝေးလှမကြားရ။ ။*

(ရှုမဝ ၁၉၈၂၊ မတ်လ)

ထိုစဉ်ကာလကတည်းက သူနှင့်ကျွန်တော်သည် တပူးတွဲတွဲ လက်ချင်းမြဲခဲ့ကြ၏။ တစ်ယောက် အနုပညာကို တစ်ယောက်ကလေးစားရာက စိတ်ချင်းပါတူကြ၍ လက်တွဲညီခဲ့ခြင်းဖြစ်နိုင်ပါသည်။ ညနေတိုင်း လိုလိုပင် လေးနာရီမခွဲခင်ကတည်းက သူသည် ကျွန်တော့်ထံကြိုရောက်လာလေ့ရှိ၏။ ကျွန်တော်ရုံးဆင်းတော့မှ နှစ်ယောက်သားမြို့တော်၏ ညနေခင်းကို ကွင်းဆင်းလေ့လာကြသည်။

ကုန်သည်လမ်းမှ ပန်းဆိုးတန်းလမ်းကိုဖြတ်သည်။ ဆူးလေအနီး မီးသတ်ဘေးက ဒေါ်ရိပ်ကြီးဆိုင်တွင် လက်ဖက်ရည်၊ ကော်ဖီ သို့မဟုတ်

ချင်းသုတ်၊ လက်ဖက်သုပ်တစ်ခုခု စားရင်း နာရီဝက်ခန့်နားကာ စာပေ အကြောင်း ကဗျာအကြောင်းတွေ ပြောကြသည်။

ထိုမှတစ်ဖန် အနော်ရထာလမ်းအတိုင်းဆက်လျှောက်သည်။ နှစ်ဆယ့်ခုနစ်လမ်းရောက်သော် ညာချိုးကာ ဗိုလ်ချုပ်ဈေးဘက်ချီတက် သည်။ ဗိုလ်ချုပ်ဈေးမှတစ်ဆင့် ဗိုလ်ချုပ်လမ်းအတိုင်းဆက်၍ ချီတက်ကာ စိန်ပေါမှတ်တိုင်သို့လျှောက်ကြသည်။ စိန်ပေါမှတ်တိုင်ရောက်မှ လူချင်း ခွဲကာ ကိုယ့်အိမ်ရှိရာသို့ ကားစီးပြန်ကြသည်။

တစ်နေ့တစ်ရက် မဟုတ်ပါ။ ရုံးတက်သည့် နေ့/ည နေတိုင်းလိုလို ဖြစ်ပါသည်။ တစ်ခါသော် သူ့ဇာတိ ဇင်းကျိုက်သို့ အလည်လိုက်ခဲ့ရန်ခေါ် သဖြင့် လိုက်သွားခဲ့ဖူးသည်။ ထိုအချိန်က မဆလခေတ်ဖြစ်၍ မှောင်ခိုတွေ ခေတ်စားနေသောကာလဖြစ်သည်။ မော်လမြိုင်ရထားသည် မှောင်ခိုရထား ဖြစ်၏။ မှောင်ခိုရထားပေါ်က ကြားရသည့်စကား တစ်ခွန်းကလည်း ထူးဆန်းလှ၏။ မင်းရွှေသိန်း တစ်ခေါင်းလျှင် ကျပ်တစ်သိန်းဟူသတတ်။ ထိုခေတ်တစ်သိန်းက တန်ဖိုးကြီး၏။

မင်းရွှေသိန်းဆိုသူမှာ ပေါင်မြို့နယ် ပြည်သူ့ကောင်စီအတွင်းရေးမှူး မှောင်ခိုဖမ်းရာတွင် နာမည်ကြီးသူဖြစ်၏။ မင်းရွှေသိန်းကား မောင်ညိုမှိုင်း (ဇင်းကျိုက်)နှင့် ညီအစ်ကိုတော်သည်။ မောင်ညိုမှိုင်း (ဇင်းကျိုက်)၏ အမည်ရင်းကလည်း မင်းရွှေလှော်ဖြစ်သည်။ မွန်အမျိုးသားဖြစ်၏။

မည်သို့ဆိုစေ မင်းရွှေသိန်းသည် ထိုခေတ်က နာမည်တစ်လုံးနှင့် လူဖြစ်၍ အစစအရာရာ ဧည့်ဝတ်ကျေပါသည်။ ဂျစ်ကားတစ်စီး၊ သေနတ် နှစ်လက်နှင့်အတူ ဇင်းကျိုက်တောင်၊ ဇင်းကျိုက်ရေတံခွန်၊ ပေါင်မြို့နယ် တစ်ဝိုက်အထိ လည်ပတ်ခွင့်ရခဲ့သည်။ အတူပါလာသည့် စာရေးဆရာ ငှက်တောင်ပျံ (ဇင်းကျိုက်)က လည်း ဖော်ရွေသည်။ ပွင့်လင်းသည်။ လိုသမျှ ကူညီသည်။ ခင်စရာကောင်းသည်။

ဝန်ထမ်းဘဝတွင် ရန်ကုန်မှလွဲ၍ ဘယ်အရပ်ဒေသမျှ မရောက်ဖူး

သော ကျွန်တော်သည် မောင်ညိုမှိုင်း (ဇင်းကျိုက်) ကျေးဇူးကြောင့် ဇင်းကျိုက်၊ အပေါင်၊ မွန်ပြည်နယ်ကို ပထမဆုံးရောက်ဖူးခြင်းဖြစ်သလို ကျွန်တော်၏ ချစ်လှစွာသော မွန်မိတ်ဆွေထဲတွင်လည်း မောင်ညိုမှိုင်း (ဇင်းကျိုက်)သည် ပထမဦးဆုံးသော မွန်မိတ်ဆွေဖြစ်ပါသည်။

မောင်ညိုမှိုင်း (ဇင်းကျိုက်)သည် အနေအအေး၏။ စကားနည်း၏။ အနေအထိုင် သေသပ်၏။ တိကျ၏။ အရပ်ခပ်ပျပ်ပျပ်နှင့် ပုသယောင်ရှိ၏။ အညားညို၏။ နဖူးကျယ်၏။ မျက်လုံးတို့က စွန်တစ်ကောင်လို စူးရဲ တောက်ပ၏။ အမြဲဝတ်ဆင်လေ့ရှိသည်မှာ လည်ကတုံးအဖြူ၊ တိုက်ပုံနှင့် ပုဆိုးကိုသာ နှစ်သက်ပုံရ၏။ အဝတ်အစားနှင့်ပတ်သက်၍ သူပြောဖူးတဲ့ စကားတစ်ခွန်းကိုလည်း ယနေ့တိုင်မှတ်မိနေဆဲဖြစ်၏။

"ကိုမြင့်သူကို ပြောထားရဦးမယ်။ သွေးသောက်မှာ ကဗျာပါလို့ စာမူခသွားထုတ်ရင် ဖြစ်သလိုမသွားနဲ့ဗျ။ သေသေသပ်သပ်နဲ့ ဝတ်စားသွား။ ဖြစ်နိုင်ရင် တိုက်ပုံတွေဘာတွေ ဝတ်သွား။ အဲဒါမှ စာမူခတန်းရမှာ။ မဟုတ်ရင် ခင်ဗျားကို နောက်နေ့ ချိန်းလိမ့်မယ်"

သူပြောသည့်အတိုင်း ကျင့်သုံးခဲ့လို့လား မသိ။ သွေးသောက်တွင် ပါခဲ့သမျှ စာမူခ အဆင်ပြေခဲ့သည်ချည်းဖြစ်သည်။

သူနှင့်ပတ်သက်သမျှ ပြောရလျှင် မပါလျှင်မပြည့်စုံသည့်အကြောင်း တစ်ရပ်ရှိပါသေးသည်။ တခြားမဟုတ်ပါ။ ကျွန်တော်နှင့်ပါ သက်ဆိုင်သော စာပေကိစ္စတစ်ရပ် ဖြစ်သည်။ သူသည်ကျွန်တော်၏ ကဗျာတွေ ဝတ္ထုတွေကို သေချာဖတ်၏။ ခံစား၏။ သူမြင်သမျှလည်း ပွင့်လင်းစွာပြောလေ့ရှိ၏။

"ဟေ့လူ ခင်ဗျားကဗျာအချို့က ငွေတာရီမြဝတီမှာပါပေမယ့် မိုးဝေရနံ့ရတယ်ဗျ။ ဒီလိုလုပ်ဗျာ အကြိုက်ဆုံး ကဗျာသုံးပုဒ်လောက်ကူးခဲ့။ ကျွန်တော်နဲ့ မိုးဝေသွားပေးကြမယ်"

သူပြောသည့်အတိုင်း မိုးဝေနှင့်လိုက်မယ်ထင်သည့် ကဗျာသုံးပုဒ် ကူးပြီး တစ်ညနေတွင် နှစ်ယောက်သား မိုးဝေတိုက်သို့ ချီတက်ခဲ့ကြပါသည်။ ထိုစဉ်က မိုးဝေမဂ္ဂဇင်းတိုက်သည် ဗိုလ်ချုပ်လမ်းပေါ်က တိုက်ခန်းကျဉ်းကျဉ်း

ပထမထပ်တွင် ဖြစ်မည်ထင်ပါသည်။ တိုက်ပေါ်ရောက်တော့ မဂ္ဂဇင်းစားပွဲတွင် အရပ်ပုပု အသားညိုညိုနှင့် အယ်ဒီတာတစ်ဦးကို အဆင်သင့်ပဲတွေ့လိုက်ရပါသည်။ သို့သော် ရာသီဥတုက မကောင်းပါ။ မောင်ညိုမှိုင်းကို မြင်သည်နှင့်အယ်ဒီတာက ညိုသောအသားနှင့် မလိုက်ဖက်စွာ မျက်နှာကြီး မည်းသွားပြီး။

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျ။ ဒီမှာ ကျုပ်တို့က ခင်ဗျား ဝတ္ထုတိုကိုသုံးဖို့ ပုံအပ်ထားတာ။ အခု ဒီဝတ္ထုတိုက သွေးသောက်မှာ ဝတ္ထုရှည်ဆိုပြီးပါလာပြီလေ။ ဘယ်လိုလုပ်မလဲ"

ဒေါသနှင့်ပြောဆိုကာ သူ့လက်ထဲက စာမူနှင့်တွဲထားသည့် ပန်းချီသရုပ်ဖော်ပုံကိုပါ စားပွဲပေါ်ပစ်ချလိုက်ပါသည်။

မောင်ညိုမှိုင်း(ဇင်းကျိုက်)သည် ဒေါသူပုန်ထနေသည့် အယ်ဒီတာကို တစ်ချက်စိုက်ကြည့်လိုက်၏။ ပြီးမှ အယ်ဒီတာ၏ စားပွဲရှေ့တည့်တည့်က ထိုင်ခုံမှာ မျက်နှာကို တစ်စောင်းပေး၍ ဟန်ပါပါထိုင်လိုက်၏။ တိုက်ပုံကို တစ်ချက်ဆွဲစေ့လိုက်သေး၏။ သည့်နောက် အယ်ဒီတာစားပွဲပေါ် ဘယ်လက်ဖြင့် တစ်စောင်းထောက်ကာ ညာလက်ညှိုးဖြင့် အယ်ဒီတာ့မျက်နှာကို ဟန်ပါပါထိုး၍ ရုပ်ရှင်မင်းသား မြတ်လေး၏ အကယ်ဒမီအိုက်တင်ဖြင့် စကားလုံးတွေကို တစ်လုံးချင်းပစ်ပေါက်လိုက်၏။

"ဒီမှာ ကိုယ့်လူ ဒါအနုပညာကိစ္စဗျ။ ခုမှ ဒါမျိုးရှိတာမဟုတ်ဘူး။ ဟိုးအရင် ဆရာနတ်နွယ်ရဲ့ မိုးဝေခေတ်၊ ဆရာနတ်လက်ထက်မှာကတည်းက ဒါတွေရှိခဲ့တယ်။ ခင်ဗျားမသုံးချင်ရင် စာမူပြန်ပေးလိုက်။ ဒါပဲ"

ပြောပြောဆိုဆို ထိုင်ခုံမှ ဆတ်ခနဲထ၍ စာမူကိုဖျပ်ခနဲကောက်ယူလိုက်၏။ အယ်ဒီတာကို ချာခနဲကျောခိုင်းလိုက်ကာ "လာ ကိုမြင့်သူ သွားကြမယ်"

တိုက်ပေါ်မှ ရင်ကော့၍ ဆင်းလာခဲ့၏။ ဟန်အပြည့်၊ မာန်အပြည့် ရှားမှရှားတဲ့ စာပေသတ္တိဟု ပြောရမည်လားမသိပါ။

လမ်းပေါ်ရောက်မှ ဒီစာမူ ခင်ဗျားသိမ်းထားလိုက်ဗျာဆိုပြီး ပေး၏။ စာမူအမည်ကိုကြည့်လိုက်တော့ "စကြဝဠာတည်စေသသည်း" တဲ့။

ဤသို့ဖြင့် ကျွန်တော့်ကဗျာလေးတွေလည်း မပေးဖြစ်ခဲ့တော့ပါ။ မိုးဝေမဂ္ဂဇင်းနှင့် ကျွန်တော် ကံမပါဘူးထင်သည်။ သို့တစေ ကျွန်တော် စိတ်မကောင်းခြင်း အလျှင်းမဖြစ်ခဲ့။

အကြောင်းမှာ မောင်ညိုမှိုင်း (ဇင်းကျိုက်) စစ်စစ်ကို သူ၏စာပေသတ္တိစစ်စစ်ဖြင့် တွေ့ခွင့်ရလိုက်လို့ ဖြစ်ပါသည်။

သုံးလေးနှစ်ခန့် တပူးတွဲတွဲရှိခဲ့သော မောင်ညိုမှိုင်း(ဇင်းကျိုက်) နှင့် ကျွန်တော်တို့၏ ဘဝတွေကို ကံဇာတ်ဆရာက ဘယ်လိုဖန်တီးလိုက်သည် မသိပါ။ ကျွန်တော်က ဌာနဆိုင်ရာနှင့် ကုမ္ပဏီကြား အလုပ်များနေချိန် သူကလည်း သူ့ဇာတိမြို့လေးသို့ အပြီးပြန်သွားချိန်နှင့် တိုက်ဆိုင်နေပါလေသည်။ တစ်ခုသတိထားမိသည်မှာ သူကျန်းမာရေး သိပ်မကောင်းလို့ စာရေးကျဲသွားချိန်တွင် ကျွန်တော်က ဝတ္ထုတွေရော၊ ကဗျာတွေပါ ရေးအားကောင်းနေချိန်ဖြစ်သည်။

ကွဲကွာသွားကြပြီးမှ လေးငါးနှစ်အကြာတွင် သူ ရန်ကုန်တစ်ခေါက်ရောက်လာသေး၏။ အရေးတကြီးပါပဲ။ အရေးကြီးသည့်ကြားက ကျွန်တော့်ကို တကူးတက လာတွေ့ခြင်းဖြစ်၏။ မှတ်မှတ်ရရ ထိုလက မြဝတီမဂ္ဂဇင်းတွင် သူ့ဝတ္ထုလည်းပါ၏။ ကျွန်တော့်ဝတ္ထုလည်းပါ၏။ ကျွန်တော့်ဝတ္ထုသရုပ်ဖော်ပုံက ပန်းချီ သောင်းဟန်လက်ရာဖြင့် ခွဖောင်ဖြစ်၏။ သူ့ဝတ္ထုသရုပ်ဖော်ပုံက နာမည်မရှိသည့် ပန်းချီဆရာ၏လက်ရာဖြစ်ပြီး တစ်မျက်နှာပုံတွင် စာဝင်ထားသေး၏။

"အေးပေါ့ဗျာ ခင်ဗျားတို့က ရွှေမြို့တော်က ပေါက်ရောက်တဲ့ စာရေးဆရာဆိုတော့ သောင်းဟန်ရဲ့ ခွဖောင်ကြီးနဲ့ပေါ့။ ကျုပ်တို့လို မပေါက်ရောက်တဲ့ နယ်စာရေးဆရာဆိုတော့ တစ်မျက်နှာတောင် ပုံအပြည့် မပါဘူး"

သူသည် ထိုစကားကို ပေါ့ပေါ့တန်တန်ပြောနေတာမဟုတ်ကြောင်း ကျွန်တော်ကောင်းကောင်းကြီး နားလည်ပါသည်။ စာနာပါသည်။ စိတ်မကောင်းလည်းဖြစ်မိပါသည်။ သို့လင့်ကစား အယ်ဒီတာနှင့် စာရေးသူကြား ခြားထားသည့် နံရံပါးပါးလေးကလည်း နားလည်မှုထားရမည့် ပါးပါးလေးဖြစ်သည်။ ကံကိုပုံချရုံမှတစ်ပါး အခြားမရှိတော့ပြီဟု ဆိုရမလိုပင်။

ထိုနေ့က တွေ့ဆုံမှုသည် မောင်ညိုမှိုင်း(ဇင်းကျိုက်)နှင့် ကျွန်တော့်အဖို့ နောက်ဆုံးတွေ့ဆုံမှုပဲဖြစ်ပါသည်။ သည့်နောက် သူ့ကျန်းမာရေး မကောင်းကြောင်း ကြားရ၏။ သည့်နောက် သူအခန်းအောင်းပြီး ဘယ်သူ့ကိုမျှ အတွေ့မခံတော့ဘဲ မရဏာနုဿတိရှုနေပါကြောင်းကြားရ၏။ သည့်နောက်။ သည့်နောက်။ သည့်နောက်။

ကြာတော့လည်း ကြာခဲ့ပါပြီ။

ကျွန်တော်၏ စာမူဖိုင်များကို တစ်စုံတစ်ရာကြောင့် မွှေနှောက်လှန်လှောမိတိုင်း အကျွမ်းတဝင်ရှိခဲ့ဖူးသည့် လက်ရေးဝိုင်းဝိုင်း စာမူကလေး တစ်ခုကို မကြာခဏတွေ့ရလေ့ရှိပါသည်။ တွေ့မိလေတိုင်းလည်း နှုတ်က တဖွဖွလေး ရွတ်ဆိုမိသည်ချည်း ဖြစ်ပါ၏။

မောင်ညိုမှိုင်း(ဇင်းကျိုက်)သို့မဟုတ် စကြဝဠာတည်စေသတည်း။

ကျေးရွှေတမာ စာပေမဂ္ဂဇင်း
၂၀၁၈၊ ခု၊ ဖေဖော်ဝါရီလ

□

# ချိုတေးသံထပ်ခိုးခန်းလေးထဲကမိုးဝေအယ်ဒီတာ

သို့မဟုတ်

# စာရေးဆရာ ကဗျာဆရာ

# ညီုသစ်

“

လူတို့၏

အလေ့ဝသီအရ

လူပုံစိတ်တိုဟု ဆိုကြစေကာမူ

လူပုံလျက် စိတ်ရှည်

သည်းခံတတ်သော

လူတစ်ယောက် အကြောင်းကိုတော့

ပြန်ပြောပြချင်ပါသည်။

လူတစ်ယောက် ဆိုတာထက်

စာရေးဆရာ၊ ကဗျာဆရာ

အယ်ဒီတာတစ်ယောက် ဟုဆိုက

ပိုရှိ မှန်မည်ထင်ပါသည်။

”

## ချိုတေးသံထပ်ဒိုးခန်းလေးထဲက မိုးဝေအယ်ဒီတာ
## သို့မဟုတ်
## စာရေးဆရာ ကဗျာဆရာ
## ညိုသစ်

(၁)

'လူပုစိတ်တို' ဟု လူတို့ပြောလေ့ရှိပါသည်။ တကယ်ပဲ အရပ်ပုတဲ့ လူတိုင်း စိတ်တိုတတ်ကြပါသလား။ အရပ်ရှည်ပြီး စိတ်တိုတတ်တဲ့ လူရောမရှိဘူးလား။ ထို့အတူ အရပ်ပုပြီးစိတ်ရှည်တဲ့လူရောမရှိဘူးလား။ ပုသည်ဖြစ်စေ၊ ရှည်သည်ဖြစ်စေ လူ့စိတ်နှင့်ပဲဆိုင်သည်။ လူ့စိတ်သာ ပဓာန။ လူ့စိတ်သာ အခရာကျသည်။ လူတို့၏ အလေ့ဝသီအရ လူပု စိတ်တိုဟု မည်သို့ပင်ဆိုကြစေကာမူ လူပုလျက် စိတ်ရှည်သည်းခံတတ်သော လူတစ်ယောက်အကြောင်းကိုတော့ ပြန်ပြောပြချင်ပါသည်။ လူတစ်ယောက် ဆိုတာထက် စာရေးဆရာ၊ ကဗျာဆရာ၊ အယ်ဒီတာတစ်ယောက်ဟုဆိုက ပို၍မှန်မည်ထင်ပါသည်။ ထိုသူကား အခြားမဟုတ်။ မိုးဝေအယ်ဒီတာ ညိုသစ် ခေါ် ကိုညိုသစ်ပဲဖြစ်ပါသည်။

ခရမ်းပြာ

(၂)

ကိုညိုသစ်၊ သို့မဟုတ် ညိုသစ်ဟုဆိုလိုက်သည်နှင့် မိုးဝေ အယ်ဒီတာမှန်း စာပေသမားတိုင်း သိကြပြီးဖြစ်ပါသည်။ ဝတ္ထုတိုလည်း ရေး၏။ ဝတ္ထုရှည်လည်းရေး၏။ နိုင်ငံတကာကဗျာအချို့ကိုလည်း ဘာသာပြန်ခဲ့၏။ အထူးသဖြင့် မိုးဝေကဗျာခေတ်ကို ပန့်ကက်ချခဲ့သူတစ်ဦးလည်း ဖြစ်သည်။ ၁၉၇၀ ပြည့်နှစ်အလွန် ကျွန်တော်တို့စာပေလောကခြေချစက စာပေကျောင်းတော်ကြီးနှစ်ခု ပေါ်ပေါက်ခဲ့သည်ဟုကြားဖူးမှတ်ဖူးပါသည်။ မိုးဝေစာပေကျောင်းတော်နှင့် ရှုမဝစာပေကျောင်းတော်တို့ပဲဖြစ်သည်။ ဆရာညိုသစ်သည် ထိုစဉ်က မိုးဝေစာပေကျောင်းတော်၏ ပွဲကိုင်သူတစ်ဦး ဆိုက မှားမည်မထင်ပါ။

ဆရာညိုသစ်ကို ၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်တွင် အဘ ဦးမောင်တင်၊ အမိဒေါ်တင်ရွှေတို့က မွေး၏။ ဇာတိမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒါးပိန်မြို့ဖြစ်၏။ အမည်ရင်းမှာ ဦးမြင့်သိန်း။ ငယ်စဉ်က ဒါးပိန်မြို့ အခြေခံပညာကျောင်းများတွင် ပညာသင်ခဲ့၏။

၁၉၆၃-၆၄ ခုနှစ်ကာလတွင် ရန်ကုန်မြို့ အမှတ်(၁)အစိုးရ အထက်တန်းကျောင်း (ကျောက်မြောင်း)တွင် တက္ကသိုလ်ဝင်တန်းတက်ခဲ့သည်။ သူသည် ကျောင်းသားဘဝမှာပင် ကဗျာများစတင်ရေးသားခဲ့၏။ ပြဇာတ်မင်းသား လူငယ်ကြည်ခိုင်ခေါ် ကဗျာဆရာကြည်နိုင်နှင့်တွဲ၍ မောင်သက္ကာကလောင်အမည်ဖြင့် 'သစ္စာကဗျာများ' စာအုပ်ကို ထုတ်ဝေခဲ့သည်။ မောင်သက္ကာအမည်နှင့်ပင် အခြားစုပေါင်းကဗျာစာအုပ်များ၌ ပါဝင်ရေးသားခဲ့သည်။

၁၉၇၅ မှ ၁၉၈၀ ပြည့်နှစ်ကာလတွင် ညိုသစ်အမည်ခံယူကာ မိုးဝေစာပေမဂ္ဂဇင်းအယ်ဒီတာချုပ် အောင်ကျော်လက်ထက်မှစ၍ အောင်မော်၊ သန်းအုန်းတို့နှင့်အတူ အယ်ဒီတာအဖွဲ့တွင် ပါဝင်ဆောင်ရွက်ခဲ့၏။ ၁၉၈၀ ပြည့်နှစ်တွင် ပထမဆုံးလုံးချင်းဝတ္ထုဖြစ်သည့် 'နွေမီးလျှံ'

နှင့် ၁၉၈၁ ခုနှစ်တွင် 'ပန်းရိုင်းမြေ' လုံးချင်းဝတ္ထုရှည်တို့ကို ထုတ်ဝေခဲ့သည်။ ၁၉၉၀ ပြည့်နှစ်တွင် ပန်းရိုင်းမြေစာအုပ်တိုက်ကိုတည်ထောင်၍ စာအုပ်များထုတ်ဝေခဲ့သည်။ ၁၉၉၀ ပြည့်လွန်နှစ်များတွင် စာများပြန်လည်ရေးသား၍ ရိန်းဘောက် (Rainbolt)၏ ကဗျာများထဲမှ 'အရက်မူးတဲ့လေ' ဘာသာပြန်ကဗျာများကို စာအုပ်အဖြစ် ရေးသားထုတ်ဝေခဲ့သည်။ ထို့နောက် 'ရင်ဘတ်မပါသောဗန်ဂိုး' နှင့် 'ရာဇဝင်မှာ ရွှေဦးကျန်ခဲ့တယ်' လုံးချင်းစာအုပ်များလည်း ရေးသားထုတ်ဝေခဲ့သည်။ ထို့အတူ ကိုညို၊ ဦးချိန်မြင့် ကလောင်ခွဲများဖြင့်လည်း လစဉ်ထုတ်မဂ္ဂဇင်းများတွင် ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ အက်ဆေးများကို ရေးသားခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် မိုးဝေကဗျာစာအုပ်ကိုပါ ကောက်နွယ် (ကနောင်)နှင့်တွဲ၍ စီစဉ်ထုတ်ဝေခဲ့ပါသေးသည်။

အယ်ဒီတာညိုသစ်၏ မိုးဝေစာပေမဂ္ဂဇင်းတွင်ကျွန်တော်ကဗျာဝင်မရေးဖြစ်ပါ။ ဆရာညိုသစ်တို့နောက်ပိုင်း ဆရာနတ်နွယ်နှင့် ဆရာမောင်သွေးသစ်တို့ကိုင်သော မိုးဝေစာပေမဂ္ဂဇင်းကျမှ ကဗျာရေးဖြစ်သည်။ ကဗျာပါဖြစ်သည်။ ဆယ်စုနှစ်တွေ နှစ်ခု၊ သုံးခုကျော်လွန်ပြီးနောက် မိတ်ဆွေအက်ဆေးဆရာအကြံပေးအယ်ဒီတာလုပ်နေသည့်ပေဖူးလွှာမဂ္ဂဇင်းတွင် ကျွန်တော်တာဝန်ခံအယ်ဒီတာ ဝင်လုပ်ဖြစ်တော့ ကိုညိုသစ်ဆီက ကျွန်တော်စာမူတောင်းသည်။ လေးလေးစားစားတောင်းမှန်းသိ၍ လေးလေးစားစား လာပေးပါသည်။ သူ့စာမူထည့်ဖို့စီစဉ်ပြီးမှ ပေဖူးလွှာရပ်နားသွားခဲ့သည်။ ကိုညိုသစ်စာမူလေးလည်း မသုံးဖြစ်တော့။ သူ့လက်ထဲ အမှတ်တရပြန်ပေးဖြစ်ပါသည်။ သည့်နောက် ကိုညိုသစ်နှင့် ကျွန်တော်တို့ဆုံမှတ်ချင်းဝေးကွာသွားခဲ့ကြပါသည်။ စိတ်သွားတိုင်း ကိုယ်မပါနိုင်ကြသော ဇရာဒုဗ္ဗလအရွယ်တို့၏ ကံစီမံရာအတိုင်း လိုက်နာနေကြရခြင်းပဲ ဖြစ်ပါသည်။

သည်လိုနှင့် ဆရာညိုသစ်တစ်ယောက် ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်တွင် ကမောက်ကမလောကကို နောက်လှည့်မကြည့်စတမ်း

ထွက်ခွာသွားခဲ့ပါလေပြီ။ သေသောသူကြာလျှင်မေ့ဟု ဘယ်လိုပင်ဆိုကြစေ ကာမူ မမေ့မီစပ်ကြားမှတ်မှတ်သားသားအမှတ်တရလေးများက မကြာခဏ ပေါ်လို့လာတတ်ပါသည်။

(၃)

၉-၈-၂၀၁၈ ရက်ထုတ် မြန်မာတိုင်းမ်သတင်းစာတွင် ဆရာမ ရွှေကူမေနှင်း၏ "သည်းခံသောကိုညိုသစ်" ဆောင်းပါးကိုဖတ်လိုက်ရတော့ ကျွန်တော်ကြုံတွေ့ခဲ့ရဖူးသော ကိုညိုသစ်အကြောင်းက ခေါင်းထဲပေါ်လာ သည်။ တစ်ဆက်တည်းပင် ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် ကျေးရွှေ တမာစာပေမဂ္ဂဇင်းတွင် ကျွန်တော်ရေးခဲ့သောမောင်ညိုမှိုင်း (ဇင်းကျိုက်)၏ ရုပ်ပုံလွှာအဖွဲ့ထဲက စာသားအချို့ကိုလည်း သတိရလိုက်မိပါသည်။

(၄)

"ဟေ့လူ ခင်ဗျားကဗျာအချို့က ငွေတာရီ၊ မြဝတီမှာပါပေမယ့် မိုးဝေရန့်တယ်ဗျ၊ ဒီလိုလုပ်ဗျာ၊ အကြိုက်ဆုံးကဗျာသုံးပုဒ်လောက်ကူးခဲ့၊ ကျွန်တော်နဲ့မိုးဝေသွားပေးကြမယ်"

ထိုသို့ပြောသူက မောင်ညိုမှိုင်း (ဇင်းကျိုက်)။ သူပြောသည့်အတိုင်း မိုးဝေနှင့်လိုက်မယ်ထင်သည့်ကဗျာသုံးပုဒ်ကူးပြီး တစ်ညနေတွင် နှစ်ယောက်သားမိုးဝေတိုက်သို့ချီတက်ခဲ့ကြပါသည်။ ထိုစဉ်က မိုးဝေမဂ္ဂဇင်း တိုက်သည် ဗိုလ်ချုပ်လမ်းပေါ်က တိုက်ခန်းကျဉ်းကျဉ်း ပထမထပ်တွင် ဖြစ်မည်ထင်ပါသည်။ တိုက်ပေါ်ရောက်တော့ မဂ္ဂဇင်းစားပွဲတွင်အရပ်ပုပု အသားညိုညိုနှင့် အယ်ဒီတာတစ်ဦးကို အဆင်သင့်ပဲတွေ့လိုက်ရပါသည်။ သို့သော် ရာသီဥတုကမကောင်းပါ။ မောင်ညိုမှိုင်းကိုမြင်သည်နှင့် အယ်ဒီတာက ညိုသောအသားနှင့် မလိုက်ဖက်စွာမျက်နှာကြီးမည်းသွား ပြီး ...

"ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲဗျ၊ ဒီမှာ ကျုပ်တို့က ခင်ဗျား

ဝတ္ထုတိုကိုသုံးဖို့ ပုံအပ်ထားတာ၊ အခုဒီဝတ္ထုတိုက သွေးသောက်မှာ ဝတ္ထုရှည်ဆိုပြီး ပါလာပြီလေ၊ ဘယ်လိုလုပ်မှာလဲ''

ဒေါသနှင့်ပြောဆိုကာ လှူလက်ထဲကစာမူနှင့်တွဲထားသည့် ပန်းချီ သရုပ်ဖော်ပုံကိုပါ စားပွဲပေါ်ပစ်ချလိုက်ပါသည်။ မောင်ညိုမှိုင်း (ဇင်းကျိုက်) သည် ဒေါသူပုန်ထနေပုံရသည့် အယ်ဒီတာကို တစ်ချက်စိုက်ကြည့်လိုက်၏။ ပြီးမှ အယ်ဒီတာစားပွဲရှေ့တည့်တည့်ကထိုင်ခုံမှာ မျက်နှာကိုတစောင်း ပေး၍ ဟန်ပါပါထိုင်လိုက်၏။ တိုက်ပုံကိုတစ်ချက်ဆွဲဆေ့လိုက်သေး၏။ သည့်နောက်အယ်ဒီတာစားပွဲပေါ် ဘယ်လက်ဖြင့် တစောင်းထောက်ကာ ညာလက်ညှိုးဖြင့် အယ်ဒီတာ့မျက်နှာကို ဟန်ပါပါထိုး၍ ရုပ်ရှင်မင်းသားမြတ်လေး၏ အကယ်ဒမီအိုက်တင်မျိုးနှင့် စကားလုံးတွေကို တစ်လုံးချင်း ပစ်ပေါက်လိုက်၏။

''ဒီမှာ ကိုယ့်လူ၊ ဒါ အနုပညာကိစ္စဗျ၊ ခုမှ ဒါမျိုးရှိတာမဟုတ်ဘူး၊ ဟိုးအရင် ဆရာနတ်နွယ်ရဲ့ မိုးဝေခေတ် ဆရာနတ်လက်ထက်မှာကတည်းက ဒါတွေရှိခဲ့တယ်၊ ခင်ဗျားမသုံးချင်ရင် စာမူပြန်ပေးလိုက် ဒါပဲ''

ပြောပြောဆိုဆို ထိုင်ခုံမှဆတ်ခနဲထ၍ စာမူကိုဖျတ်ခနဲကောက်ယူလိုက်၏။ အယ်ဒီတာကို ချာခနဲကျောခိုင်းလိုက်ကာ ''လာ ကိုမြင့်သူ သွားကြမယ်'' ဟု ခေါ်ပြီး တိုက်ပေါ်မှ ရင်ကော့၍ ဆင်းလာခဲ့၏။ ဟန် အပြည့်။ မာန်အပြည့်။ ရှာမှရှားတဲ့ စာပေသတ္တိဟုပြောရမည်လားမသိပါ။

လမ်းပေါ်ရောက်မှ ''ဒီစာမူ ခင်ဗျားသိမ်းထားလိုက်ဗျာ'' ဆိုပြီး ပေး၏။ စာမူအမည်ကြည့်လိုက်တော့ 'စကြဝဠာတည်စေသတည်း' တဲ့။ ဤသို့ဖြင့် ကျွန်တော့်ရဲ့ ကဗျာလေးတွေလည်း မပေးဖြစ်ခဲ့တော့ပါ။ မိုးဝေ မဂ္ဂဇင်းနှင့် ကျွန်တော် ကံမပါဘူးထင်သည်။ သို့တစေ ကျွန်တော် စိတ်မကောင်းခြင်းအလျှင်းမဖြစ်ခဲ့။

အကြောင်းမှာ မောင်ညိုမှိုင်း (ဇင်းကျိုက်) စစ်စစ်ကို သူ၏ စာပေ သတ္တိစစ်စစ်ဖြင့် တွေ့ခွင့်ရလိုက်လို့ ဖြစ်ပါသည်။

**အရှင်းပြ**

(၅)

အထက်ပါအတိုင်း ကျွန်တော်ရေးခဲ့သည်။ ထိုရုပ်ပုံလွှာထဲက မိုးဝေအယ်ဒီတာဆိုသူမှာ တခြားမဟုတ်။ အယ်ဒီတာကိုညိုသစ်ပဲဖြစ်ပါသည်။ အဆိုပါ မောင်ညိုမှိုင်း(ဇင်းကျိုက်)၏ ရုပ်ပုံလွှာထဲတွင် ထိုခေတ်ထိုအခါက မဂ္ဂဇင်းလောကတွင် နာမည်တစ်လုံးနှင့်ရပ်တည်နေသော မိုးဝေမဂ္ဂဇင်းနှင့် မိုးဝေအယ်ဒီတာတစ်ဦးကို လက်ညှိုးထိုး၍ ပြောရဲသော မောင်ညိုမှိုင်း၏ စာပေမာန်၊ စာပေသတ္တိကိုသာ စာဖတ်သူမြင်အောင် ပြခဲ့၏။ သူ့ကိုသာ မောင်ညိုမှိုင်းစစ်စစ်ဟု ဝိဂြိုဟ်ပြုခဲ့၏။

ယခုအခါ ကိုယ်တိုင်အယ်ဒီတာစိတ်နှင့် ကိုညိုသစ်နေရာကနေ ဝင်၍ ခံစားကြည့်လိုက်သောအခါ ရုတ်တရက် ဒေါသထွက်မိခြင်းအပေါ် အပြစ်ဟု မမြင်မိတော့ပါ။ အဘယ်ကြောင့်ဆိုသော် သူ့ဘက်က မှားယွင်းတာမရှိ။ အယ်ဒီတာ တာဝန်ကျေခဲ့သည်။ စာရေးသူဘက်က ကြည့်တော့လည်း အနုပညာအရ အမှားမဟုတ်သော်လည်း အတိုပါပြီးမှ အရှည်ပါလျှင် ပိုပြီးမသင့်ပေဘူးလားဟု စဉ်းစားမည်ဆိုလည်း စဉ်းစားသင့်သည်ဟု ယူဆမိပါသည်။

ရှိစေတော့။ ထိုခေတ်ထိုအခါက မိုးဝေမဂ္ဂဇင်းသည်နာမည်တစ်လုံးနှင့်ဖြစ်သလို မိုးဝေအယ်ဒီတာညိုသစ်ဆိုတာကလည်း အင်္ဂလိပ်စာတတ်၊ စာရေးဆရာ၊ ကဗျာဆရာ အယ်ဒီတာဆိုတဲ့သိပ်ခေသူတော့ဖြင့် မဟုတ်လင့်ကစား မောင်ညိုမှိုင်းပြောသမျှကို ဘာတစ်ခွန်းမှ မတုံ့ပြန်ဘဲ ဆိတ်ဆိတ်ငြိမ်ခံနေလိုက်သည့် သူ့သတ္တိကိုကား မလေးစားဘဲ မနေနိုင်ပါ။ မိမိတိုက်၊ မိမိမဂ္ဂဇင်းတွင် အလေးထားရေးနေသည့် စာရေးသူတစ်ဦးအပေါ်ထားသည့် လေးမြတ်မှု၊ သည်းခံမှု၊ တန်ဖိုးထားမှုတို့၏ ပြယုဂ်ပင်ဖြစ်၏။

ထိုရှားပါးသည့် သည်းခံခြင်းတရားနှင့်အတူ အယ်ဒီတာညိုသစ်၊ သို့မဟုတ် ကိုညိုသစ်စစ်စစ်ကိုပါ တွေ့ခွင့်ကြုံခွင့်ရလိုက်သဖြင့် ကျေနပ်မိပါသည်။

**အရှမ်းပြာ**

တကယ်တော့ စာရေးဆရာ မောင်ညိုမှိုင်း (ဇင်းကျိုက်)က၊ မောင်ညိုမှိုင်း (ဇင်းကျိုက်) စစ်စစ်ဖြစ်ကြောင်း ပြသခဲ့သလို၊ အယ်ဒီတာ ညိုသစ်ကလည်း အယ်ဒီတာညိုသစ် စစ်စစ်ဖြစ်ကြောင်း မျက်ဝါးထင်ထင် တွေ့လိုက်ရခြင်းဖြစ်ပါသည်။

လောက၌ လူတို့သည် အရုပ်ပုသူများကို လူပုစိတ်တိုဟု အလွယ် သမုတ်လေ့ရှိကြ၏။ သရော်စကားလည်းဖြစ်နိုင်၏၊ အပျော်စကားလည်း ဖြစ်နိုင်၏၊ ကျီစယ်စကားလည်းဖြစ်နိုင်၏။ အပြောခံရသည့်အထဲတွင် ကျွန်တော်လည်းပါ၏။

ဤသို့အပြောခံရတိုင်း အရုပ်ပုပေမယ့်စိတ်မတိုတတ်သော၊ သို့မဟုတ် စေတနာဒေါသအရဖြစ်ပေါ်လာသော စိတ်ဆိုးကို စိတ်ကောင်း ဖြစ်အောင်ပြောင်း၍ ဆိတ်ဆိတ်နေခြင်းဖြင့် သည်းခံခြင်းသတ္တိကိုပြသွားခဲ့ သည့် အယ်ဒီတာဆရာညိုသစ်ကိုသာ သတိတရမြင်ယောင်နေမိပါတော့ သည်။

ခုတော့ ကိုညိုသစ်မရှိတော့ပါပြီ။ ဖေ့စ်ဘွတ်ခ်ပေါ်တွင် တွေ့လိုက် ရသော သူ့နောက်ဆုံးခရီးရုပ်ပုံလွှာလေးမှာ မမြင်ရက်စရာ။ ကြမ်းပြင်ထက် အိပ်ရာပေါ်မှာ တစောင်းလေး။ ခွေခွေလေး။ ခုတင်နှင့်မဟုတ်။ မွေ့ရာနှင့် မဟုတ်။ တကယ့်ရိုးရိုး ရှင်းရှင်းလေး။ ရိုးရှင်းတဲ့သေခြင်းတရားများလား။

သူ့နောက်ဆုံးခရီးကို လိုက်ပါပို့ဆောင်သင့်လျက် ကျွန်တော်လိုက် မပို့ဖြစ်ခဲ့။ အကြောင်းမျိုးစုံထဲ၌အသွားကျပ်၊ အလာကျပ်၊ ကားကျပ်၊ လမ်းကျပ်စသည့်အကျပ်တကာတွေကြောင့်လည်းဖြစ်သည်။ 'သူသေ ငါပို့၊ ငါသေ သူပို့' ဟူသော လောကကြီးမှာ ခုတော့ဖြင့် 'သူသေလို့လည်း ငါမပို့နိုင်ပြီ။ ငါသေလို့လည်း သူမပို့နိုင်ပြီ' ဟု တွေးရင်း စိတ်မကောင်းဖြစ် နေမိပါတော့သည်။ ။

မြဝတီရသစုံမဂ္ဂဇင်း
၂၀၁၈၊ နိုဝင်ဘာလ။

□

**ခရမ်းပြာ**